


www.burmeseclassic.com
IDEA
စိတ်ကူးသစ်စာပေ
မောင်ညိုမှိုင်း (သန်လျင်)
ရင်ကွဲနေ
( ဒုတိယပိုင်း )
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ◻ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ◻ ၂၀၁၆၊ မေလ
အုပ်ရေ ◻ ၅၀၀
မျက်နှာဖုံး ◻ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ◻ *Maw Maw (New Idea)*
အတွင်းဖလင် ◻ *Eagle*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
(ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ) (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။


■

တန်ဖိုး − ၂၀၀၀ ကျပ်

၈၉၅ ◦ ၈၃

ညိုမှိုင်း၊မောင်(သန်လျင်)
ရင်ကွဲနေ(ဒုတိယပိုင်း)/ မောင်ညိုမှိုင်း(သန်လျင်)။ −ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၆။
၂၃၆−စာ ၊ ၁၃ စင်တီ × ၂၀. ၅ စင်တီ။
(၁) ရင်ကွဲနေ(ဒုတိယပိုင်း)

BURMESE CLASSIC




www.burmeseclassic.com

www.burmeseclassic.com




[၂၄]

❑

ဝမ်းသာခြင်းလှိုင်းတံပိုးတွေ အဟုန်ကြီးစွာ ထလိမ့်မည်ဟု ကျွန်တော် မျှော်လင့်ခဲ့။

မျက်ရည်မြစ်တွေ ရေစီးသန်လိမ့်မယ်လို့လည်း မထင်မှတ်ခဲ့။ သို့သော် ကြားမှာရဲ့ ဆန်းပြားမှုကိုတော့ ကျွန်တော် ဦးညွှတ်ခဲ့ပြီဗျာ။

ကျွန်တော်နဲ့ ညီမလေး ရှင်မီးတောက်တို့ဟာ ထွက်ကုန်ပစ္စည်းတွေကို ဒုံသနွဲ့ချောင်းရေဆိပ်မှာ ရောင်းချဖို့ အရုဏ်တက်ကတည်းက ထွက်ခဲ့ကြတယ်။

ကျွန်တော်လည်း တစ်နိုင်ထမ်း။

ရှင်မီးတောက်ကလည်း တစ်နိုင်ရွက်။

မနိုင်တဲ့ ဖရုံသီးနဲ့ မျောက်ဥတွေကိုတော့ လှူငှားနဲ့ ထမ်းခိုင်းပေါ့။ ကျွန်တော်တို့လိုပဲ ရွာထဲက ယာသမားတွေလည်း အထမ်း၊ အရွက်တွေနဲ့ အတူလာခဲ့ကြတယ်။

မိုးလင်းတော့ ဒုံသနွဲ့ချောင်းရေဆိပ်ကို ရောက်ခဲ့ကြပြီး ကိုယ့်ရောင်းကုန်ပစ္စည်းတွေ ကိုယ် ပုံကြပေါ့။

www.burmeseclassic.com



ဘွားမြကြီးငွေ(အမေငွေ)ကိုတော့ ကုန်စိမ်းတွေ ရောင်းချပြီးရင် ချမ်းသာကြီးရွာကိုသွားပြီး အိမ်အတွက် လိုချင်တဲ့ပစ္စည်းနဲ့ လိုအပ်တဲ့ပစ္စည်းတွေ သွားဝယ်မယ်လို့ ပြောခဲ့တယ်။ ဘွားငွေကတော့ အစကနဦးမှာ တားရှာတယ်။ မသွားပါနဲ့လားတဲ့။ ကုန်သည်၊ လေ့သမ္မန်တွေ လာရောင်းတဲ့ ပစ္စည်းတွေထဲက အသုံးတည့်မည့်ပစ္စည်း ဝယ်ပြန်ခဲ့ကြပါလားတဲ့။

ကျွန်တော်က ချမ်းသာကြီးရွာကို ရောက်ဖူးချင်တယ်။

ချမ်းသာကြီးရွာမှာ ကုန်စုံဆိုင်တွေ အများကြီးပဲတဲ့။

စားသောက်ဆိုင်တွေလည်း လက်ညှိုးထိုးမလွဲဘဲတဲ့။

အထည်ဆိုင်တွေမှာ ရောင်စုံ အင်္ကျီ၊ တဘီ၊ ပုဆိုး အစုံရှိသတဲ့။

ဖိနပ်ဆိုင်တွေမှာဆိုလည်း သားရေဖိနပ်လှလှလေးတွေ လိုချင်စရာတဲ့ဗျား။ ပြီး နာရီတွေလည်း ရောင်းတယ်။ လက်ဆွဲမီးအိမ်တွေလည်း ရောင်းတယ်။

ဖျာတွေဆိုလည်း သင်ဖြူးဖျာ၊ သပေါ့ဖျာ၊ နီးကြမ်းဖျာ၊ အကြီးအသေး အရွယ်စုံ ရောင်းသတဲ့။ မျက်နှာသုတ်ပဝါ အဆင်ဆန်းတွေလည်း ရှိဆိုပဲဗျာ။

ကျွန်တော် သွားကြည့်ချင်တယ်။

ရှင်မီးတောက်နှင့် လိုက်ဖက်မည့် ထဘီ၊ အင်္ကျီ၊ အဆင်လှလှလေးတွေ ဝယ်ပေးချင်တယ်။ ဖိနပ်လည်း ဝယ်ပေးချင်တယ်ဗျာ။

ရှင်မီးတောက်လေး လှပြီးသား ချောပြီးသားပါဗျာ။

လှလှပပ ဆင်လိုက်ရင်၊ ဝတ်လိုက်ရင် အလှရဲ့တန်ဖိုးက ပိုကြွသွားမယ်ဗျာ။ ပြီး မြို့ပေါ်က သွားရေစာတွေထဲက ညီမလေးရှင်မီးတောက် စားချင်တာလေး ဝယ်ကျွေးမယ်ဗျာ။

ဘွားကြီးငွေတို့အတွက်လည်း ကြာရှည်ခံ သွားရေစာတွေ ဝယ်ချင်တယ်။ ထဘီအသစ် ဝယ်ပေးချင်တယ်။ မျက်နှာသုတ်ပဝါအသစ် ဝယ်ပေးချင်တယ်။

ညီမလေးရှင်မီးတောက်က သရက်သားခုံဖိနပ်ကြီးနဲ့ ရွာထဲအနှံ့ သွားနေတာ။ သူ့အလှနဲ့ ခုံဖိနပ်နဲ့ မလိုက်ဘူးဗျာ။

ဘွားကြီးငွေက ချမ်းသာကြီးရွာကို မသွားစေချင်ဘူး။

ညီမလေးရှင်မီးတောက်လည်း မရောက်ဖူးဘူး။

ဘွားကြီးငွေ ဘာလို့ ချမ်းသာကြီးရွာကို မသွားစေချင်ရတာလဲလို့ မေးတော့ ...

"ချမ်းသာကြီးရွာမှာ ပြူစားတဲ့သူတွေရှိတယ်"

"စုန်းလား ... ဘွားကြီးငွေ"

"ကဝေ ... ဆယ့်နှစ်ကြိုးကဝေ ရှိတယ်"





"မိန်းမလား၊ ယောက်ျားလားဗျာ ဟင် ... ကြီးငွေ"

"မိန်းမတွေကို ယောက်ျားကဝေဖမ်းစားပြီး ယောက်ျားတွေကို မိန်းမကဝေ ဖမ်းစားတယ်"

"ဟုတ်ရဲ့လား"

"ဟုတ်တယ်"

"မယုံဘူး ... ကျွန်တော်တို့က လိုချင်တဲ့ပစ္စည်း သွားဝယ်မှာပါ။ ရောက်ဖူးချင်လို့ပါ ... ဘွားငွေ။ ရေဆိပ်ကို လာရောင်းတဲ့ ကုန်သည်၊ လေ့သမ္မန်တွေက ဈေးတင်လွန်းအားကြီးတယ် ... ဘွားငွေရ"

ရှင်မီးတောက်ကလည်း သူ့မွေးစားအမေကို ပူစာလွန်းတော့ နောက်ဆုံး ခွင့်ပြုလိုက်တယ်။ အချိန်သိပ်မလင့်စေနဲ့တဲ့။ လိုချင်တာဝယ်ပြီး မြန်မြန်ပြန်ခဲ့တဲ့။ အဘွားကြီးငွေလည်း စိုးရိမ်ကြီးရှာပေ့ါ။

အင်းပေါ့လေ ... သူတို့နဲ့ ရုပ်ရည်ကွဲပြားတဲ့ သမီးချောလေးတစ်ယောက် ကံထူးပြီး ရထားခဲ့တာ။ နှောင်ဖွဲ့ထားတဲ့ သံယောဇဉ်က ကြီးရှည်နေပြီကိုး။

ကျွန်တော်တို့နှစ်ဦးကို ကြည့်ပြီး ဘွားမြကြီးငွေက မေးတယ်။ သူ့မျက်နှာပေါ်က သောကသစ်ပင် လေတိုးနေတာ ကျွန်တော် မြင်ရတယ်။

"မောင်မိုးကျရွှေကိုယ် ..."

"ခင်ဗျာ ... ဘွားငွေ"

"မင်းတို့ ချမ်းသာရွာကြီးကို အတူသွားကြမှာနော်"

"ဟုတ်ကဲ့ပါ ... ဘွားငွေ၊ ဘာဖြစ်လို့လဲဟင်"

"ဟိုလေ ... ဟို ... အဲ ... အဲ ..."

"ဘွားငွေ ... ဘာပြောချင်လို့လဲ ... ပြောလေ ... ပြော ... ပြော"

"မင်းတို့ ရွာကို ပြန်လာကြမှာလား ဟင်"

"ဗျာ ..."

"ရှင် ..."

"အမေ ... အမေ ... စိတ်ထဲ ထင့်သလိုရှိလို့ မေးရတာပါကွယ်"

"မေကြီးငွေ ..."

"သ ... မီး ... ရှင်မီးတောက် ..."

"သမီးတို့ ပြန်လာမှာပါ ... အမေကြီးငွေရဲ့၊ အမေကြီးငွေအနား သမီးတို့ ရှိနေမှာပါ။ စိတ်မချရင် အမေကြီးငွေ လိုက်ခဲ့ပါလားဟင် ... ဟင်လို့"

"ယုံပါတယ် ... သမီးရယ်၊ အမေကြီးငွေ မလိုက်ပါဘူး။ [illegible] ဟိုးဘဝဟောင်းက အမေ့ရဲ့သမီးပါ။ အမေကို ချစ်တဲ့သမီးမှန်း အမေ [illegible] လူလေး မောင်မိုးကျရွှေကိုယ်လည်း အမေ့ရဲ့ ... အို ... အမေသွား [illegible]

www.burmeseclassic.com



ပြောနေမိပါလိမ့်ကွယ် . . . သွားကြ . . . သွားကြ . . . အမေ ရွာဝကနေ မျှော်နေမယ်နော် . . . သမီးတို့"

"ဟုတ်ကဲ့ပါရှင်"

ဘွားမြကြီးငွေကို ကျွန်တော် သနားတယ်ဗျာ။

သူ စိုးရိမ်နေရှာတယ်။ အရင်တုန်းက ဒီသမီးရှင်မီးတောက်တစ်ယောက်တည်း မိုးပေါ်ကကျလာပြီး သမီးအဖြစ် ရှိနေတာ။ အတိတ်ကို ပြန်သတိမရတဲ့ မိန်းကလေးကို လေးငါးနှစ်တိုင်တိုင် သမီးအရင်းလို ပြုစုစောင့်ရှောက်ခဲ့တာလေ။

သို့သော် နောက်ထပ် လေဆင်နှာမောင်းကြောင့် မိုးကျရွှေကိုယ်လေး တစ်ဦး ထပ်ရောက်လာတယ်။ သားလိုချစ်ရှာတယ်၊ စောင့်ရှောက်တယ်။

ဒီသားသမီးနှစ်ဦး သူ့ရင်ခွင်ရိပ်ကို ပြန်မလာမှာ စိုးရိမ်ရှာတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ရှင်မီးတောက်နဲ့ ကျွန်တော်က အသွေးတူ မွေးတူ လူငယ်ဖိုနဲ့မလေ။ တစ်နေ့မဟုတ်တစ်နေ့ ဒီရွာဒီအရိပ်က ထွက်သွားမှာကို အမေမြကြီးငွေ စိုးရိမ်ရှာတာပေါ့။

ရှင်မီးတောက်ကတော့ ဒီမွေးစားအမေ ကျေးဇူးရှင်ကို ဖြန်းစားကြီး ခွဲသွားမယ်မထင်ဘူး။ သူကလည်း အမေတော်ပြီး အေးမြတဲ့အမေရိပ်မှာ မေတ္တာရေသောက်ပြီး ဒီရွာသူဖြစ်နေတာ။

ကျွန်တော်လည်း မေကြီးငွေတို့၊ ညီမလေး ရှင်မီးတောက်တို့ကို ခွဲမသွားနိုင်ပါဘူးဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နှစ်ဦးက ပြီးခဲ့တဲ့အတိတ်ကို စဉ်းစားလို့မရတဲ့ သူတွေလေ။

ဘယ်ကိုသွားရမှာလဲ။

အမေနဲ့အဖေက ဘယ်မြို့မှာတုံး။

သူတို့ကရော ကျွန်တော့်ကို သေဆုံးသွားပြီလို့ ယူဆနေကြရောလား။ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရမည့် အဖြစ်ကြောင့် ကျွန်တော် ရှင်မီးတောက်အပါးက ထွက်ခွာသွားနိုင်မှာ မဟုတ်ပါဘူးဗျာ။

ဒီလိုနဲ့ ကျွန်တော်တို့ ရောင်းကုန်တွေနဲ့ ရေဆိပ်မှာ စောင့်နေကြတယ်။ ကြာကြာမစောင့်လိုက်ရပါဘူးဗျာ။

ဒုံသန္တဲ့ချောင်းထဲကို ကုန်ဝယ်လှေသမ္ဗန်တွေ တစ်စီးပြီးတစ်စီး ရောက်လာကြတယ်။

တိုက်ရိုက်လာဝယ်ကောက်တဲ့ ကုန်သည်လည်းပါသလို၊ တစ်ဆင့်ပြန်ရောင်းချမည့် ဈေးသည်လည်း ပါတယ်။

ငွေတတ်နိုင်တဲ့ပွဲစားက စုချုပ်ဝယ်တာလည်း ရှိတယ်။ မြစ်ကမ်းနံဘေးမှာ ရောမဖရုံသီးတွေက ဆင့်ကာထပ်ကာ ရှိနေတာ အားရစရာပါဗျာ။





မျောက်ဥမည်းမည်းတွေကလည်း အပုံလိုက်။

ခရမ်းသီး တစ်လုံးတစ်လုံး တစ်တောင်ခန့်ရှည်တယ်။ အလုံးက လူကြီးလက်ဖျံထက် ကြီးသေးဗျာ။ ချဉ်ပေါင်ရွက် ဖားဖားကြီးတွေ၊ ဟင်းနုနယ်အပုံကြီးတွေ၊ ဘူးသီးပိန်ရှည်တွေ၊ အလုံးတွေ၊ ကျောက်ဖရုံသီးတွေ၊ အာဒါလွတ်ဥကြီးတွေ၊ ခဝဲသီး၊ ရုံးပတီသီးတွေကလည်း အပုံလိုက် ရှိနေကြရဲ့ခင်ဗျ။

မာလကာသီးတောင်းတွေထဲမှာ ဝင်းမှည့်နေတဲ့မာလကာသီး၊ ဝင်းမှည့်မာလကာသီးတွေဆို တစ်လုံးတစ်လုံး လူကြီးလက်သီးဆုပ်မက ကြီးတာဗျာ။ မြေခံကောင်းတဲ့ ရွာဆိုတာ မြင်ရုံနဲ့ သိသာနေတာပဲ။

ဘဲဥလိုချင်လား၊ ကြက်ဥလိုချင်လား . . .

နွားနို့လိုချင်လား၊ ဒိန်ချဉ်လိုချင်လား . . .

ကြက်အရှင်လိုချင်လား၊ ဘဲအရှင်လိုချင်လား . . .

တောထဲက ရှာဖွေလို့ရလာတဲ့ သစ်ဥသစ်ဖု ဆေးဥတွေ လိုချင်လား—

အစုံ ရေဆိပ်ကုန်စိမ်းတန်းမှာ အသင့်ရှိတယ်ဗျာ။

ကုန်ဝယ်လှေတွေ တစ်စီးပြီးတစ်စီးဆိုက်လာကြပြီး အဝယ်တော်တွေက ကုန်ပစ္စည်းတွေကို လိုက်ကြည့်၊ ဈေးမေး၊ ဈေးစစ်။ ရောင်းသူနဲ့ ဝယ်သူ သဘောတူ ဆင့်မြတ်သွားတော့ အရောင်းအဝယ် ဖြစ်သွားကြတယ်။

ရွာသူရွာသားတွေက ငွေကို ကိုင်မထားချင်ကြဘူး။

ဟိုရှေ့မှာ ကုန်သည်သမ္ဗန်တွေရှိတယ်။ သူတို့လှေသမ္ဗန်ကြီးတွေပေါ်မှာ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်၊ ပဲအမျိုးမျိုး၊ ငရုတ်သီး၊ ကြက်သွန်၊ မန်ကျည်းသီး ရောင်းကုန် အစုံပါကြတယ်။

အချို့လှေကျတော့ အင်္ကျီ၊ ပုဆိုး၊ စောင်၊ လက်ကိုင်ပဝါ၊ ဆံညှပ်၊ ကလစ်၊ ကြိမ်ခွေခြင်းအမျိုးမျိုး၊ ဓားမ၊ ဓားရှည်၊ ဓားတိုရောင်းတဲ့ ကုန်ရောင်းသမ္ဗန်တွေလည်း လာကြတယ်ဗျ။

ရွာကလူတွေက ဆန်၊ ဆား၊ ငါးပိ၊ ငါးခြောက်၊ ပဲ စတာတွေကို အဓိက ဝယ်သွားကြတယ်။ မိန်းကလေးတွေက အထည်ဆန်းလေးတွေ ဝယ်ကြတယ်။

ရောင်စုံပုတီးလုံးလေးတွေ၊ ရောင်စုံလက်ကိုင်ပဝါလေးတွေ စတာတွေကို သဘောကျလို့ ဝယ်ကြတယ်။

ငွေလက်စွပ်၊ ကြေးလက်စွပ်၊ ရွှေရည်စိမ်လက်ကောက်၊ ဆံထိုးကြီးတွေ၊ သနပ်ခါးတုံး၊ သနားခါးမှုန့်၊ သနပ်ခါးခဲ၊ ခေါင်းအုပ်ပိုက်၊ စက္ကူရောင်စုံပန်းလေးတွေ ရောင်းတဲ့ ဈေးသည်လှေရှိရာမှာ မိန်းမသားတွေ တရုန်းရုန်းပဲ။

လက်ဝတ်ရတနာ အတု၊ အစစ်တွေကလွဲရင် ကျန်လိုချင်တာလေးတွေကို ဝယ်ကြတယ်။ အုန်းသားဘီး၊ လိပ်ခွံဘီး . . . မဝယ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အကြိုက်ဆုံးက သနပ်ခါးမှုန့်။

မှန်။ မှန်ထဲမှာပေါ်နေတဲ့ သူတို့မျက်နှာကို ကြည့်ပြီး သူတို့ချင်း ရယ်ကြ၊ ပြောင်ကြ။

ရွာကလူတွေလည်း လိုချင်တာဝယ်ပြီး ထုပ်ပိုးလို့ ပြန်ချင်ပြန်ကြ။ ကုန်ဝယ်လှေတွေကလည်း သစ်သီးဝလံတွေကို လှေသမ္ဗန်ပေါ် ထမ်းတင်ကြ။

ပစ္စည်းစုံတဲ့လှေက အရင်ထွက်သွားကြ။

ဒုံသန္တဲ့ချောင်းထဲက လာနေတဲ့လှေတွေနဲ့ ပြန်သွားတဲ့လှေတွေကို မြင်ရတာ အားရကြည်နူးစရာပါပဲဗျာ။

အလှအပနဲ့ အထည်ရောင်းတဲ့ ဈေးသည်တွေက ရှင်မီးတောက်ကိုကြည့်ပြီး အံ့အံ့သြသြ ဖြစ်နေကြတယ်ခင်ဗျ။

ဒီရွာကို ရုပ်ဆိုးမိန်းမတွေနေတဲ့ ရွာလို့ပဲ သိထားကြတာကိုး။ ဘယ်မိန်းမကိုကြည့်ကြည့် ခေါင်းတုံးတွေနဲ့လေ။ ဘီး၊ ဆံညှပ်၊ ကလစ်၊ ဘီးကုပ်တွေကို လုံးဝ မရောင်းရ။

ပြီး ... နားရွက်ရှည်၊ နားပေါက်ကျယ်တွေနဲ့။

နှာခေါင်းပြား၊ နှာခေါင်းချွန်၊ ရှေ့သွားကြီး၊ နဖူးမောက်၊ နဖူးပိန်လိမ်တဲ့ အကြည့်တန်၊ အရုပ်ဆိုးတဲ့ မိန်းမတွေပေါတဲ့ ရွာရေဆိပ်မှာ ...

ဖွေးဖွေးညူညူ၊ ဖုဖုထစ်ထစ်၊ ခါးသေးရင်ချီ၊ ကြွေရုပ် ရွှေရုပ်လို ချောချောနုနု မိန်းကလေးတစ်ဦး မြင်လိုက်ရတော့ အံ့အားသင့်နေတာပေ့ါဗျာ။

"ဟဲ့ ... သူကလေးက ဘယ်သူတုံးဟဲ့"

"ချောလိုက်တာလေးရယ်"

"ဒီရွာမှာ ဒီလိုအချောအလှရှိတာ ခုမှပဲ သိတော့တယ်ဟေ့။ ပြဇာတ်မင်းသမီးလုပ်ဖို့ ကောင်းတယ်ဟေ့"

"ဟဲ့ ... မိန်းကလေး ..."

"ရှင် ... ရှင် ..."

"ညည်းက ဒီစွယ်စုံရွာကပဲလားဟင်"

"ဟုတ်ကဲ့ရှင့်"

"ဘယ်သူ့သမီးတုံး ... ငါ့တူမကြီးရယ်"

"အမေမြကြီးငွေ သမီးပါရှင့်"

"မြကြီးငွေသမီး ..."

"ဟုတ် ... ရှင့် ..."

"မြကြီးငွေနဲ့ တခြားစီပါတော်။ လှလိုက်တာနှယ် ချွေးမတောင် တော်ချင်လာပြီဟယ်"





ဒီမှာ ကုန်သည်တစ်ဦးက ချွေးမတော်ချင်တဲ့ မိန်းမကြီးကို လှမ်းပြောတယ်။

"ဗျို့ ... ဒေါ်ရွှေမှုန်"

"ဘာတုံးဟဲ့ ... ငပလွေရဲ့၊ ကိုယ့်ဘာသာ မှုတ်မနေဘဲ စိန်ကောင်းကျောက်ကောင်း ပြောနေရင် ဝင်ပါလာပြီ"

"ကျုပ်ကို ငပလွေ ... ငပလွေ ... မခေါ်ပါနဲ့ ... ဒေါ်ရွှေမှုန်ရ"

"ဟဲ့ ... နင် နေ့ရော၊ ညရော မှုတ်နေလို့ ခေါ်တာပေ့ါဟဲ့ ... ကြည့်ပါလား ... နှုတ်ခမ်းကို လန် ထူနေတာ"

"ဖွီး ... အတော်ညစ်ပတ်တဲ့ မိန်းမကြီးဗျာ။ ဒီမှာ ခင်ဗျားသားက ဒီကြွေရုပ်လေးနဲ့ မတန်ဘူးဗျ။ ခင်ဗျားသားနဲ့ တန်တာရှိတယ်ဗျ"

"ဒါဆို ... ပြော ... ဘယ်သူတုံး ... အနာကျ ... ငမှုတ်ရဲ့"

"စောစောက မှန်ဝယ်သွားတဲ့ နားတစ်ထွာကျော်ရှည်ပြီး နဖူးမှာ ဘုကြီးပါတဲ့ ... မိန်းမဗျ ... မိန်းမ"

"ဟဲ့ ... အနာကျကောင် ... ငမှုတ်ကြီးရဲ့ ... အဲဒီ နားပေါက်ကျယ်ဘုကြီးကို ငါ့သားနဲ့ မပေးစားနဲ့ နင့်အဖေနဲ့ ပေးစားဟဲ့။ နင့်မိထွေးကို အခုလိုက်ခေါ် ... သွားခေါ်"

"ဟား ဟား ဟား ဟား ... ဟီး ဟီး ဟီး ဟီး ... ဒေါ်ရွှေမှုန်ရာ ခင်ဗျားတောင် အိုးဖင်လို မည်းတူးနေတာ ခင်ဗျားသားဆိုရင် သပိတ်ကွဲကတောင် ဆရာတင်အောင် မည်းတာဥစ္စာ။ မီးသွေးပုံပေါ် ရွှေဥဒေါင်း မနားပါစေနဲ့ဗျား လင်းတနားတာပဲ နေနဲ့မီးလို လိုက်ဖက်ပါတယ်ဗျ ... မှုန် ... မှုန်လေးရ"

"ဟဲ့ ... အနာကျကောင်ရဲ့ ... နင့်အပေါ်မှာသာ လင်းတတို့ ငှက်ဆိုးတို့ နားခိုင်းဟဲ့ ... ငမှုတ်ရဲ့ ... ငပလွေမှုတ်ရဲ့"

"ဟား ဟား ဟား ဟား"

"ခုမှ ပွဲက စိုသွားတာဟေ့"

ပြောရရင်တော့ဗျာ ... ကုန်သည်လှေသမ္ဗန်တွေက ဈေးသည်တွေက ရှင်မီးတောက်ကိုကြည့်ပြီး လှလိုက်တာ၊ ချောလိုက်တာ။ ချစ်စရာလေးနဲ့ ခေါ်ကြ [illegible]ကြ မိတ်ဆက်ကြ။

"ဒါနဲ့ တူမကြီးတို့က ရွာမပြန်သေးဘူးလား"

"မပြန်သေးဘူးရှင့် ... သွားစရာရှိလို့ပါရှင်"

"ဟုတ်လား ... ဘယ်သွားမလို့တုံးကွယ်"

"ချွန်းသာကြီးရွာကို သွားမလို့ပါရှင့်"

"ချွန်းသာကြီးရွာ ... ဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ရှင့်"

"အို ... ဒါဆို လမ်းကြုံတာပေါ့။ ဒေါ်ဒေါ်တို့ကုန်သမ္ဗန်နဲ့ လိုက်ခဲ့။ ချမ်းသာကြီးက ဒေါ်ဒေါ်တို့ရွာကြီးလေ ... ဒါနဲ့ ငါ့တူမနာမည်က ဘယ်သူ .."

"မရှင်မီးတောက်လို့ ခေါ်ပါတယ် ... ဒေါ်ဒေါ်"

"ရှင်မီးတောက် ... နာမည်က တစ်မျိုးလေးပဲနော်။ ခဏနေရင် ဒေါ်ဒေါ်တို့ရွာကို ပြန်ကြမှာ။ လိုက်ချင် လိုက်ခဲ့။ အဖော်ပါသေးလား ... တူမကြီး"

"ပါတယ်ရှင့်"

"ဘယ်မှာတုံး"

"ဒါ ကျွန်မ မောင်ကြီးပါရှင်"

"ဩော် ... အစ်ကိုပေါ့ ... ဟုတ်လား"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"ငါ့တူကလည်း အချောလေးပဲ။ မောင်နှမ ပီသပါ့ကွယ်။ ဒါနဲ့ နာမည်ကရော ဘယ်လိုတဲ့"

"မိုးကျရွှေကိုယ်လို့ ခေါ်ပါတယ်ခင်ဗျ"

"ဟေ ... ကျားသားမိုးကြိုး ... မိုးကျရွှေကိုယ် ... အမယ်လေး ... ထူးဆန်းလိုက်တဲ့ နာမည်တွေတော်။ တစ်ယောက်က ... ဘာတဲ့ ... ရှင်မီးတောက် ... ခုတစ်ယောက်က ... မိုးကျရွှေကိုယ် ... အဲ ... အဲ ... မင်းတို့မှာ ညီမတို့၊ ညီတို့ ရှိသေးလားဟင် ... ဟင်"

"ရှိပါတယ်ခင်ဗျာ"

"အဲ ... အဲ ... သူ့ ... သူ့နာမည်ကရော ... ရောဟင်"

"မိရွှင်ဖုန်းမိုတဲ့ခင်ဗျ"

"အမယ်လေးလေး ... မိဖုန်း။ အဲ ... အဲ ... မိရှင်ဖုန်းမိုဆိုတော့ ... ဟဲ့ ... ငပလွေမှုတ်ရေ ..."

"ကျုပ်ကို မခေါ်နဲ့။ အဲဒီ မိုးကျရွှေကိုယ်ကိုခေါ်သွားပြီး ညကျရင် ခွအိပ် ဒေါ်ရွှေမှုတ်ကြီးရေ ..."

"ဟဲ့ ... အနာကျ ... အပင်းကောင်ရဲ့ ... ငါ့နာမည် ... ရွှေမှုန် ဟဲ့ ... ရွှေမှုတ်မဟုတ်ဘူး ... ဝမ်းတော်လားရဲ့။ အဲဒီကောင်ကို ငါတော့ ခွမအိပ်ဘူး။ နင့်နှမ ... အဲလေ ... ရွာတော်ရှင်ကို ကန်တော့ပါတော် ... ကန်တော့ ... ကန်တော့ ... ဒီလို မိမစစ် ဖမစစ်သားနဲ့ ကြုံရရင် ကျွန်တော်မျိုးမရဲ့ပါးစပ်ကလည်း ထိန်းလို့မရလို့ပါ ... ရွာတော်ရှင်ကြီးရယ်။ ဟောဒီ ကုလားနွားမြွေပွေး ... ဟိုဒင်း ... အဲ ... အဲ ... တောင်းပန်ပါတယ်နော် ... ရွာတော်





ရှင်ကြီးရှင့် ... ဟင်း ... မင်းနော် ... ငါလေ ... တုတ်လိုက်ရရင်တော့လား ... ငပလွေမှုတ်ရာ ... ဟင်း ... ဟင်း ... ဟင်း"

ဈေးသည်အဒေါ်ကြီးနဲ့ ကိုပလွေမှုတ်ဆိုသူတို့ စကားနိုင်လုနေတာကို ကြည့်ပြီး ဈေးသည်လှေပေါ်ကလူတွေနဲ့ ဈေးရောင်းရွာသားတွေက ကြည့်ပြီး ရယ်ကြ၊ မြှောက်ပေးကြ။

"ဗျို့ ... ကိုပလွေ"

"ဗျာ ... ကိုရင်မောင်း"

"ဒေါ်ရွှေမှုန်ကနေ ဘာလို့ ဒေါ်ရွှေမှုတ်ဖြစ်သွားရတုံးဗျ။ လင်းစမ်းပါဦး ... ကိုမှုတ် ... အဲ ... အဲ ... ကိုပလွေရာ"

"လင်းစေဆို ရှင်းနေမှ ကောင်းတာဗျ"

"ဟုတ်ပ ... ဇာတ်ဆရာရေ ... ပလို့ ... ဂျိ"

ကိုပလွေကလည်း နဘေနဲ့ပြောတော့ ကိုမောင်းဆိုတဲ့ကုန်သည်က 'ဖလို့ ဂျိ' လို့ ဆိုင်းပတ်သံ အုပ်ပေးတယ်ခင်ဗျ။

ဒေါ်ရွှေမှုန်ဆိုတဲ့ အလှကုန်ရောင်းသူ မိန်းမကြီးက သနပ်ခါးတုံးတစ်တုံးကို ကိုင်ပြီး ကိုပလွေကို မျက်စောင်းခဲလို့ ကြည့်နေတာ။

"ဆက်ပါဦး ... ဆရာပလွေရေ"

"ရွှေမှုန်ကို မြေတုန်အောင်ကြိတ်တာက ကိုတုတ်ကြီးဆိုတဲ့ အိမ်ဦးနတ်ပါပဲခင်ဗျ"

"ပလွေ ... နင် တိတ်နော်၊ မတိတ်ရင် ငါ သနပ်ခါးတုံးနဲ့ ပစ်လိုက်မယ်"

"တုတ်ကြီးကလည်း တစ်ရွာပတ် ခရီးကြာအောင် တရစပ်တီးလိုက်တာ"

"သေဟ ... အနာကျကောင်"

"ဗိုး ..."

"ဟ ... ဟ ... ငုံ့ ... ငုံ့ ... ပလွေ ငုံ့"

"ဘုန်း ..."

"အမေရဲ့ ... ကျောကွဲပါပြီဗျ"

ဒေါ်ရွှေမှုန် သနပ်ခါးတုံးနဲ့ပစ်လိုက်တာ ကိုပလွေ ကျောကုန်းကို ထိပြီး အသံပြကြီးနဲ့ အော်ပါရော။

"ဒေါ်ရွှေမှုန် ... ကျောက်ပျဉ်နဲ့ ကောက်ပစ်ပါဗျ"

"ဟဲ့ ... အကုသိုလ်ကောင်ရဲ့၊ နင့်ဘာသာ ပစ်ပါလား ... ငနောကောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ရွှေမှုန် ... လှန် ... လှန် ..."

"ဟဲ့ ... ဟဲ့ ... ဟို ဝမ်းတော်လားကောင် ... နင်ကမျှား ငါ့ကို ... လှန် ... လှန် ... ဟုတ်လား။ နင်လည်း သေဟ ... ကဲဟာ"

"ဗိုး ..."

"ဒေါင် ..."

"ပလို့ ... ဂျိ"

"ဟား ဟား ဟား ဟား ... ဒေါ်ရွှေမှုန် ... အဲ ... အဲ ... ဒေါ်ရွှေမှုန် လက်တည့်လိုက်တာဗျာ။ ကြေးဖလားက ကိုရင်မောင်းရဲ့ခေါင်းကို ထိသွားတာ။ 'တိန်' လို့ မမြည်ဘဲ 'ဒေါင်' တဲ့ဗျာ။ ဒါ မောင်းလုပ်တဲ့ ကြေးစစ်လို့ ဒေါင်လို့မြည်တာဗျ ... ဟား ဟား ဟား ဟား"

သူတို့ ဈေးလေ့သမားတွေ အချင်းချင်း နောက်ပြောင်နေတုန်းမှာပဲ ကျွန်တော်နဲ့ ညီမလေး ရှင်မီးတောက်တို့က ဈေးပြန်ပဲ့ထောင်ကြီးတစ်စင်းစီး နဲ့ ဒုံသန္တိ ချောင်းရေစီးအတိုင်း လိုက်ပါခဲ့ကြတယ်ဗျာ။

✿ ✿ ✿

| ၂၅ |

❑

ဟား ... ကြီးလိုက်တဲ့ ရွာကြီးဗျာ။ မြို့ကလေးလား မှတ်ရတယ်ဗျ။ ဈေးက ရွာကြီးရဲ့အလယ်မှာ ရှိတယ်။ ဈေးပြင်မှာတော့ စားသောက်ဆိုင်တွေ အစီအရီ တွေ့ရတယ်ဗျာ။

ခေါက်ဆွဲဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်တွေဟာ လမ်းတိုင်းမှာ ရှိနေတယ်။ ဈေးထဲမှာလည်း အသားငါးတန်း၊ ကုန်စိမ်း၊ အထည်ဆိုင်တန်း၊ ကုန်ခြောက်တန်း စသည်ရှိတယ်ခင်ဗျ။

ရွာထဲက အိမ်တွေက အိမ်ကြီးအိမ်ကောင်းတွေ ရှိတာပဲကိုး။ အချို့အိမ်က ပျဉ်ကာသွပ်မိုး၊ အချို့အိမ်တွေ ထရံကာဓနိမိုး၊ အုတ်တိုက်အိမ် အချို့လည်း ရှိတယ်။





ရွာလယ်ကိုဖြတ်ပြီး အထည်ဆိုင်ဘက်ကို ရှေးဦးစွာ ဝင်ခဲ့ကြတယ်။ ပိတ်စရောင်စုံတွေ ချုပ်ပြီးသား အင်္ကျီဒီဇိုင်းမျိုးစုံတွေ၊ အဆင်လှလှထဘီဆိုင် တွေကို လိုက်ကြည့်ကြတယ်။

"ညီမလေး ... ဘာလိုချင်တုံး"

"ညီမ ... ထဘီတစ်ထည်လောက် လိုချင်တယ်။ သွားသွားလာလာရှိရင် ဝတ်ရအောင် ... မောင်ကြီးရယ်"

ဒါနဲ့ ထဘီတွေကို ရှင်မီးတောက်က ရွေးတယ်။

"မောင်ကြီး ... ဒီအရောင်လေးရော"

"တောက်လွန်းအားကြီးတယ်ကွာ"

"ဒီအပြာရောင်ရော"

"လူကြီးဆန်တယ်"

"ဒီ ပန်းနုရောင်လေးရော ဟင်"

"ကောင်းတယ် ... ကပ်ကြည့်စမ်း"

ရှင်မီးတောက်က ပန်းနုရောင် ပန်းပွင့်ဖော်ထဘီစကို ကိုယ်မှာကပ် ကြည့်တယ်။ ကျွန်တော်က လက်မထောင်ပြလိုက်တယ်။

ဒီမှာ အထည်သည် အမျိုးသမီးက ...

"အမျိုးသားက အရောင်ရွေးတတ်သားပဲ"

"ရှင် ..."

"ဗျာ ..."

"ကောင်းပါတယ် ... အခုရွေးတဲ့ အဆင်အရောင်က ညီမလို အသားဖြူတဲ့သူနဲ့ဆို ယဉ်ယဉ်လေးနဲ့ လှတယ်"

အထည်သည် အမျိုးသမီးရဲ့ စကားကြောင့် ကျွန်တော်တို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး မျက်နှာပူနေကြရော။ ဒါနဲ့ ကျွန်တော်က အထည်သည်ကို ရှင်းပြမလို့ လုပ်ရော။

"မောင်ကြီး ... ထားလိုက် ... မောင်ကြီးကြိုက်တဲ့ ထဘီလေးပဲ ယူလိုက်မယ်။ အစ်မ ဘယ်လောက်ကျလဲရှင်"

"သုံးရာ့ငါးဆယ်ကျပ်ပါ ... ညီမ ... အင်္ကျီစလေးတွေရော ကြည့်ဦး လေ"

"အမေ့အတွက် ညီမ ကြိုက်တာရွေး"

ရှင်မီးတောက်က ထဘီထည်တွေကို ရွေးရင်က ယိုးဒယားပန်းနုရောင် ထဘီတစ်ထည်ကိုယူပြီး ကျသင့်ငွေ ရှင်းလိုက်တယ်။

"မောင်ကြီးအတွက် ပုဆိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဖိုဘက်ဆိုင် သွားကြည့်ကြဦးမယ်လေ"

ရှင်မီးတောက်က ထဘီအသစ်နှစ်ထည်ကို စက္ကူအိတ်နဲ့ ထည့်ပြီး နောက်တစ်ဆိုင် ကူးခဲ့ကြတယ်။

"ညီမလေး ..."

"ရှင် ... မောင်ကြီး ... ဘာလဲဟင်"

"ညီမအတွက် ဖိုဟာ လိုသေးတယ်လေ"

"ဘာလိုတာတုံး ... မောင်ကြီးရ"

"ဟတ္တာလေကွာ ... မိန်းမသုံးလေကွာ ... အဲ ... အဲ ..."

"ပြော ... ကျွန်မတို့သုံးတဲ့ ... ဘာတုံး ..."

"တော်ပြီကွာ ... မပြောတော့ဘူး"

"မောင်ကြီး ... မောင်ကြီးပြောမှ သိမှာလေရှင့်။ သနပ်ခါးဘူးလား။ ကလစ်လား၊ ဆံညှပ်လား၊ ဖဲပြားလား"

"မဟုတ်ပါဘူးကွာ ... နေတော့ကွာ"

"ကဲ ... ရှင်းရှင်းသာပြော။ ကျွန်မအတွက် ဝယ်ဖို့က ဘာလို .. ပြော ... ပြော ..."

"အဲ ... အဲ ... အဲ ... ဟို ... ဟို ... ဘော်လီအင်္ကျီကွာ"

"ဟောတော့ ... ဟုတ်ပတော် ... မောင်ကြီးကမှ ပြောဖို့ သတိရသေးတယ်။ ငါ့နှယ် ... မေ့လိုက်တာရယ်နော"

မျက်နှာလည်း ပူရပါ့ဗျာ။

အထည်သည်ကလည်း ညီမအမျိုးသားရွေးတဲ့ အရောင်လေးနဲ့ လိုက်သတဲ့။ ကိုယ်က အားနာနေ၊ ညီမလေးက ရှက်ပြုံးလေးပြုံးပြီး ရယ်ပြ။

ခုလည်း မိန်းမဝတ် အတွင်းခံဘော်လီကိစ္စ ပြောရ။

ဘော်လီအင်္ကျီဆိုင်တော့ လိုက်ရပ်မနေတော့ သူ့မစိတ်ကြိုက် ရင်ဘတ်ကပ်ပြီး ရွေးပေတော့။ ဒါတောင် ရှင်မီးတောက်က ဘော်လီအင်္ကျီနဲ့ ကပ်ရင်းက ကျွန်တော့်ကို လှည့်ကြည့်လိုက်လို့ မျက်နှာလွှဲနေလိုက်ရတယ်။

"မောင်ကြီးအတွက် ပုဆိုးနဲ့အင်္ကျီ ဝယ်ရမယ်လေ"

"အေးပါ ... ဝယ်ပါ့မယ်"

"လာ ... လာ ... ညီမလေး ... ရွေးပေးမယ် ... လာ"

ယောကျ်ားဝတ်အထည်ဆိုင်ကို ဝင်ကြတယ်။ ပုဆိုးတွေ ရွေးကြတယ်။

"အဲဒါက ကချင်ကွက် ညီမရဲ့"

အထည်သည်က ကိုင်ကြည့်လိုက်တဲ့ ပုဆိုးအမျိုးအစားကို ပြောပြတယ်။





"ဟောဒါက အင်းလေး၊ ဒါက ဆိတ်ခွံ၊ အမျိုးသား ... အဲ .. အဲ ... မောင်ငယ်ဖို့လားဟင်"

"ဟုတ် ... ဟုတ် ..."

"အင်းလေးကတော့ ပွဲဝတ်လို့ရတာပေါ့။ ဒီအကွက်လေး ကြည့်စမ်း"

"ဟင့်အင်း ... မလိုက်ဘူး"

"ကချင်ကွက်ရော။ ဟောဒါ ကွက်စိပ်၊ ဒါက ကွက်ကျဲ၊ ဒါက အပြာခံ၊ ဟောဒါက အနက်ခံ"

ရှင်မီးတောက်က အင်းလေးပုဆိုးနဲ့ ကချင်အနက်ကွက်ကို ဖြန့်ပြီး မေးတယ်။

"မောင်ကြီး ... ဘယ်ပုဆိုး ကြိုက်လဲ"

"ညီမလေးကြိုက်တာပဲ ယူမယ်"

"ဒါလေး ယူမယ်။ စွပ်ကျယ်အင်္ကျီရှိလား အစ်မ"

"ရှိတယ် ... ညီမ၊ ချိုင်းပြတ်လား၊ လက်နဲ့လား"

"မောင်ကြီး ... ဘာယူမလဲနော့"

"လက်တိုယူမယ်"

"အစ်မ ... အားလုံး ဘယ်လောက်ကျလဲရှင့်"

အထည်သည် အစ်မကြီးက ကျသင့်ငွေတွက်ပြီး အထည်တွေကို စက္ကူအိတ်နဲ့ ထည့်ပေးလိုက်တယ်။ သည့်နောက် ရှင်မီးတောက်အတွက် ပိန်းတန်းဖိနပ်တစ်ရံဝယ်၊ ဘွားမြကြီးငွေကြိုက်တဲ့ ကတ္တတ်ယိုနဲ့ နာနတ်ယိုဝယ်ပြီး ဈေးပြင်ကို ထွက်ခဲ့ကြတယ်။

"ညီမလေး ..."

"ရှင် ... မောင်ကြီး"

"ထမင်းဆိုင်မှာ မနက်စာ စားကြမယ်လေ"

"စားလေ ... မောင်ကြီး၊ ရွာထမင်းစားနေကျမို့ ဆိုင်ထမင်း စားလို့မှ ရမလား မသိပနော်"

"စားလို့ရပါတယ်ကွာ ... လာ ..."

ကျွန်တော်တို့ ထမင်းဆိုင်ထဲကို ဝင်လာခဲ့ကြတယ်။

ထမင်းဆိုင်နာမည်က 'ပြန်ဆုံမယ်' ထမင်းဆိုင်တဲ့။

"အစ်ကိုတို့ ဘာစားမလဲခင်ဗျ။ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ ထမင်းကြော်၊ မိုးရှိုး ထမင်းဟင်း ရပါမယ်"

"ထမင်းနှစ်ပွဲလုပ်ကွာ ... ညီလေး"

"ဘာဟင်းနဲ့ စားမလဲ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာငါးဟင်းရလဲ ညီ"

"က,ကတစ်ပေါင်း၊ ငါးသလောက်ပေါင်း၊ ငါးတန်ချဉ်စပ်၊ ငါးမြွေထိုးဆီပြန်၊ ငါးရှဉ့်စပ်ကြော် ရမယ်ခင်ဗျ"

"ငါးသလောက်ပေါင်းတစ်ပွဲလုပ်။ ညီမလေးရော ဘာဟင်းနဲ့ စားမလဲ။ ကြိုက်တာမှာလေ"

"က,ကတစ်ဟင်း"

"အကြော်ကရော ... အစ်ကိုကြီး"

"အသီးအရွက်ကြော်ပေါ့"

"ဟုတ်ကဲ့ပါ ... ခဏလေး စောင့်ပါ"

စားပွဲထိုးကောင်လေး ထွက်သွားတော့ နှစ်ယောက်သားရယ်ကြတယ်။

"ညီမလေး ... ဘာရယ်တာတုံး"

"ဈေးရောင်းလို့ရတာတွေ ပြောင်မယ်နဲ့ တူတယ် ... မောင်ကြီးရေ ခစ် ... ခစ်"

"ဆန်နဲ့ပဲ၊ ကြက်သွန်၊ ကြာဆံ ဝယ်ဖို့ လုံလောက်တယ်မဟုတ်လား"

"လောက်ပါတယ် ... မောင်ကြီးရဲ့၊ ညီမလေးက နောက်တာပါ။ စားပြီးရင် ဘယ်သွားဦးမလဲ၊ စဉ်းစားဦးနော်"

"စားပြီး ပြန်ရမှာပေါ့။ တော်ကြာ ဘွားကြီးငွေ စိတ်ပူပြီး လည်တဆန့်ဆန့် ဖြစ်နေမယ် ... ညီမရေ"

စားပွဲထိုးကောင်လေးက ထမင်းနဲ့ဟင်းတွေ လာချပေးတယ်။ ညီမလေးက စားဦးစားဖျား ငါးဟင်းတစ်တုံး ဦးချတယ်။ ကျွန်တော် ငါးသလောက်တစ်တုံး ပြန်ထည့်ပေးတယ်။

ပြီးတော့ ကျွန်တော့်ပန်းကန်ထဲကို ပဲပြားနဲ့ကြော်ထားတဲ့ အသီးအရွက်ကြော်တွေ ခပ်ထည့်ပေးတယ်။

ထည့်ပေးပြီးတော့ က,ကတစ်ငါးတစ်တုံးကို အရိုးထွင်ပေးလိုက်သေးဗျာ။ ဩော် ... ချစ်စရာကောင်းတဲ့ ညီမလေး။ ဘယ်လိုရေစက်နဲ့များ ဂမ္ဘီရနယ်မြေမှာ လာဆုံရပါလိမ့်။

ကျွန်တော့်အပေါ်မှာ ခင်တွယ်မှု သံယောဇဉ်ကြီးရှာတယ်။ တစ်ခါမှ နှုတ်ဆိုးမဆိုးခဲ့၊ အငြင်းအခုံ မလုပ်ခဲ့။

ကျွန်တော်စဉ်းစားရင်း ထမင်းကိုငုံ့စားနေတုန်းမှာပဲ တစ်စုံတစ်ဦးခိုးကြည့်နေတယ်လို့ စိတ်ထဲမှာ ခံစားရလို့ မျက်နှာချင်းဆိုင်ကို လှမ်းကြည့်လိုက်ရော..

မျက်နှာကို မျက်နှာသုတ်ပဝါကြီး အုပ်ပေါင်းထားတဲ့ အမျိုးသမီးတစ်ဦးက ကျွန်တော်တို့ကို စိုက်ကြည့်နေတာကိုး။





ကျွန်တော် လှမ်းကြည့်လိုက်တော့ သူက ထမင်းကို ငုံ့စားသလို လုပ်နေတယ်။ အမျိုးသမီးရဲ့မျက်နှာကို မမြင်ရပေမင့် သူမရဲ့ ကိုယ်နေကိုယ်ထားက အလှအပရှိမှန်း သိသာတယ်။

လွယ်အိတ်ဖောင်းဖောင်းတစ်လုံးကို လွယ်ထားရင်း ထမင်းစားနေတာ။ စားရင်းက ကျွန်တော်တို့ကို မကြာခဏ ခိုးကြည့် ကြည့်နေတာ။ သုံးခါလောက် အကြည့်ချင်းဆုံသွားတော့ ကျွန်တော့်ရင်ထဲမှာ အမျိုးအမည်မသိတဲ့ စေ့ဆော်မှုတစ်ခု ဖြစ်လာတယ်ဗျာ။

"မောင်ကြီး ... ထမင်းမစားဘဲ ဘယ်သူ့ ကြည့်နေတာလဲ"

ရှင်မီးတောက်က ကျွန်တော့်လှုပ်ရှားမှုကို သတိပြုမိပြီး နောက်ကို လှည့်ကြည့်လိုက်တယ်။ အသားဖြူဖြူနဲ့ ခေါင်းပေါင်းအုပ်ထားတဲ့ မိန်းမတစ်ယောက် ပန်းကန်ထဲက ထမင်းတွေကို လက်နဲ့ဆွနေတာ မြင်ရတယ်။

"ဘယ်သူ့ကိုတွေ့လို့တုံး ... မောင်ကြီး"

"မတွေ့ပါဘူး ... ညီမရဲ့။ အပြင်ကလူတွေကို လှမ်းကြည့်မိတာပါ"

"ထမင်းကိုပဲစား၊ လူတွေ လျှောက်မကြည့်နဲ့"

"ဘာဖြစ်လို့တုံး ... ညီမ"

"အမေကြီးငွေ ပြောလိုက်တယ်လေ။ ဒီရွာကြီးမှာ ပြုစားတတ်တဲ့ မိန်းမတွေ ရှိတယ်တဲ့"

"ဩော် ... အေး ... အေး ... ဟုတ်ပါပြီဗျာ"

ကျွန်တော် ထမင်းကို ငုံ့ပြီးစားတယ်။ စားရင်းက မျက်နှာမူရာစားပွဲကို ကြည့်လိုက်တော့ ခေါင်းအုပ်ပေါင်းထားတဲ့ အမျိုးသမီးက ကျွန်တော့်ကို ငေးစိုက်ကြည့်နေတာပါလား။

ကျွန်တော် မျက်စိအာရုံထဲမှာလည်း သူမကို တစ်နေရာရာမှာ မြင်ဖူးသိကျွမ်းသလိုပဲ ခံစားနေတယ်။

သူမက ထမင်းမစားဘဲ ကျွန်တော့်ကို ကြည့်နေတာ။ ကျွန်တော်နဲ့ သူမ ဆေးသုတာ မဟုတ်ဘူးဗျာ။ ရှင်မီးတောက်ရဲ့ နောက်စားပွဲမှာ။

ကျွန်တော်လည်း ရင်ထဲမှာ လှုပ်လှုပ်ဖြစ်လာပြီး သူမကို ပြန်ငေးကြည့်တော့လည်း ကျွန်တော့်ကို ငေးကြည့်ရင်း သူမမျက်လုံးအိမ်ထဲက မျက်ရည်တွေ စီးကျလာတာကို ကျွန်တော် မြင်နေရတယ်။

မျက်ရည်လုံးတွေကို သူမ လက်ခုံနဲ့ သုတ်ပြီး နှုတ်ခမ်းနှစ်ခု တုန်နေတာကို မြင်နေရတယ်။ ဒီမှာ မျက်နှာအုပ်ပေါင်းထားတဲ့ တဘက်က ရုတ်တရက် လျှောကျလာလို့ သူမက ဘယ်လက်နဲ့ ကျလာတဲ့တဘက်ကို ပြန်တင်လိုက်လိုက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

သူမ ညာဘက်ပါးပေါ်မှာ စံပယ်တင်မှဲ့ပါလား။

စပယ်တင်မှဲ့ ... စပယ်တင်မှဲ့ ... စပယ်တင်မှဲ့ ...

သူ ကျွန်တော့်ကို ငေးကြည့်နေတာ။

မျက်ရည်လုံးတွေ တလိမ့်လိမ့်စီးကျလာနေတာ။

နှုတ်ခမ်းသားတွေ တုန်ယင်နေတာ။

စံပယ်တင်မှဲ့ ... စံပယ်တင်မှဲ့ ... စံပယ်တင်မှဲ့ ...

ကျွန်တော့်မျက်လုံးထဲမှာ ညာဘက်ပါးပြင်ပေါ်က စံပယ်တင်မှဲ့။ ဒီစံပယ်တင်မှဲ့ကို ကျွန်တော်ရင်းနှီးဖူးတယ်။ ဒီစံပယ်တင်မှဲ့ကို ကျွန်တော် တစိမ့်စိမ့် ကြည့်ခဲ့ဖူးတယ်။

ခေါင်းထဲမှာ ဝိုးတဝါးပုံရိပ်တွေ မှိန်သွားလိုက်၊ လင်းထိန်ပီပြင်သလို ရှိလာလိုက်၊ ခေါင်းထဲမှာ စူးစူးကျဉ်ကျဉ် ဖြစ်လာတယ်။ ပုံရိပ်တွေ ... ပုံရိပ်တွေ ..

လူရောင်စုံတွေ ...

တီးလုံးသံတွေ ... သီချင်းသံတွေ ...

"မောင် ... မောင် ... မောင်ရေ ... မောင် ... မောင် ..."

'မောင်' ခေါ်သံတွေ ကျွန်တော့်နားထဲမှာ ပဲ့တင်နေတယ်။ မောင် .. မောင် ... ဟုတ်တယ်။ ဒီခေါ်သံတွေ ကျွန်တော်သိတယ်။ ဒီစံပယ်တင်နဲ့ ပါးပြင်ပေါ်မှာ ကျွန်တော် အနမ်းတွေ ခွေချခဲ့ဖူးတယ်။

အာရုံထဲမှာ ပုံရိပ်တွေ ထင်ရှားလာပြီ။

မင်္ဂလာညစာခံပွဲ ...

ပြီးတော့ ... ပြီးတော့ ... အရုပ်ကြိုးပြတ်လဲကျသွားခဲ့တာ။ အဲဒါ ... လ ... ရောင် ... စို ... လရောင်စို ... လရောင်စို ...

ကျွန်တော် ထမင်းစားပွဲကနေ ဆတ်ခနဲ ထရပ်လိုက်ပြီး ခေါင်းအုပ်ပေါင်းနဲ့ ကျွန်တော့်ကိုကြည့်ပြီး မျက်ရည်တွေ တလိမ့်လိမ့်စီးကျနေတဲ့ စံပယ်တင်မှဲ့နဲ့ အမျိုးသမီးရှိရာကို အလျင်ထလို့သွားဖို့ လှမ်းလိုက်ရော ..

"ဝုန်း ..."

"ဝရော ... ဂလွမ်း ... ဂွမ်း ..."

"ဟောတော့ ... မောင်ကြီး ... မောင်ကြီး ... ဘာဖြစ်လို့တုံး ... မောင်ကြီး ... မောင်ကြီးရေ"

စားပွဲခုံအစွန်းကို ခါးစောင်းနဲ့တိုက်မိပြီး ခုံပေါ်က ပန်းကန်အချို့ ထိခတ်မှောက်ကွဲကုန်တယ်။ ကျွန်တော် ခေါင်းလည်း မူးမိုက်စူးရှဖြစ်နေပြီ။

"လ ... ရောင် ... စို ..."





"လ ရောင် စို ... လရောင်စို"

ကျွန်တော် ဝုန်းခနဲ ထရပ်ပြီးနောက် စားပွဲရှိရာကို လှမ်းလိုက်ချိန်မှာ မျက်နှာတဘက်အုပ်ပေါင်းနဲ့ မျက်ရည်ရှင် စံပယ်တင်မှဲ့မိန်းကလေး မရှိတော့ဘူး။

"လရောင်စို ... လရောင်စို ..."

"မောင်ကြီး ... မောင် ... ကြီး ..."

"လရောင်စို ... မင်း ... မင်း ... ဘယ်ရောက်သွားလဲ ... လရောင်စို ... ဟောဒီမှာလေ ... နောင်ကြီးတို့၊ ညီလေးတို့ ... ဒီ ... ဒီစားပွဲမှာ စောစောက ထမင်းစားနေတဲ့ မျက်နှာတဘက်ပေါင်းထားတဲ့ အမျိုးသမီး ဘယ်ရောက်သွားလဲဗျ။ သူ ဘယ်ရောက်သွားလဲဗျာ ... ဟင်ဟင်"

"တဘက်ကို မျက်နှာပါ ပေါင်းထားတယ်"

"ဟုတ်တယ် ... ဟုတ်တယ် ..."

"လွယ်အိတ်လွယ်ထားတဲ့ အမျိုးသမီးမဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်ဗျာ ... သူ့ ... သူ့ညာဘက်ပါးမှာ စံပယ်တင်မှဲ့ ... မှဲ့နဲ့ဗျ ... သူ ဘယ်ဘက်ကို ထွက်သွားလဲဗျ ... ဟင် ... ဟင်"

"ထမင်းဖိုးငွေထားခဲ့ပြီး မျက်ရည်တွေကျရက်နဲ့ ထွက်သွားတာပဲ။ သူ့ကြည့်ရတာ အတော်လေး စိတ်ထိခိုက်နေပုံပဲ။ ခင်ဗျားနဲ့ အသိလား"

"ဟုတ်တယ် ... ဟုတ်တယ် ... သူ ... သူ .. လရောင်စိုရေ .."

ကျွန်တော် အားလုံးကို မှတ်မိပြီ။ ဒါ .. ဒါ ... ကျွန်တော့်ချစ်သူ လရောင်စို။ ကျွန်တော့်ဇနီး လရောင်စိုဗျ။

သူ ကျွန်တော့်ကို မှတ်မိနေတယ်။

မှတ်မိလို့ ငေးကြည့်ပြီး မျက်ရည်ကျနေတာ။

ကျွန်တော်က မမှတ်မိသလို၊ မှတ်မိသလိုနဲ့ တွေးငေးကြည့်နေမိတာ။ ကျွန်တော် အားလုံးကို မှတ်မိပြီ။

ဒါ ... ကျွန်တော့်ချစ်သူ လရောင်စို။

ကျွန်တော်တို့နှစ်ဦးရဲ့ မင်္ဂလာပွဲမှာ ရုတ်တရက် နှလုံးရပ်လဲကျသွားတာ .. လရောင်စို။

သူမကို ဂူသွင်းသင်္ဂြိုဟ်ခဲ့တယ်။

သူမ ... သူမ ... မသေသဆုံးဘဲနဲ့ ဂူသွင်းသင်္ဂြိုဟ်ခံခဲ့ရတာ။ ကျွန်တော် သူ့အုတ်ဂူကို ဖောက်ပြီး သူမရဲ့အသက်ကို ကယ်ဖို့ ကြိုးစားခဲ့တာ။

ကျွန်တော် 'ပြန်ဆုံမယ်' ထမင်းဆိုင်ထဲက ပြေးထွက်ခဲ့လိုက်တယ်။ နောက်မှာ ... မောင်ကြီးရေ ... မောင်ကြီးရေ ... ဆိုတဲ့ ဆို့နင့်ကြေကွဲခေါ်သံကို ကျွန်တော် ကြားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လမ်းပေါ်မှာ တွေ့သမျှလူကို မေးပြီး အပြေးအလွှား လိုက်ရှာလိုက်တယ်။ လရောင်စို ဘာလို့ ထွက်ပြေးသွားတာလဲ ဟင်။

ကျွန်တော် မောင်ကြီးရေခေါ်သံကြောင့် အလိုလို လှမ်းကြည့်မိလိုက်တယ်။ အထုပ်တွေကိုပိုက်ပြီး ရင်ကွဲသံနဲ့ အော်ပြေးလာနေတဲ့ . . . ညီမလေး. .

အို . . . ဒါ . . . ဒါ . . . ညီမလေး ရှင်မီးတောက်ပါလား။

ကျွန်တော် ရှင်မီးတောက်ကိုလည်း သိပါတယ်ဗျာ။

"မောင်ကြီး . . . မောင်ကြီး . . . ရပ်ပါဦး . . မောင်ကြီးရဲ့ . . ဟီး . ."

"ညီမ . . . ခဏလေး . . . ခဏလေး . . . မောင်ကြီး ပြန်လာခဲ့မယ် . . . ခဏလေး . . ."

ကျွန်တော် စည်ကားနေတဲ့ ဈေးထဲကို ပြေးဝင်လာပြီး ဆိုင်ရှေ့အနှံ့ လိုက်ရှာတယ်။ မျက်နှာသုတ်ပဝါပေါင်းထားတဲ့ မိန်းမတွေရှေ့မှာ ရပ်ပြီး လရောင်စိုကို ခေါ်နေတယ်။

ရွာဈေးက ကြီးတော့ ဈေးဝယ်တွေကို တိုးဝှေ့ပြီး နေရာအနှံ့ ရှာခဲ့ပေမင့် ချစ်သူလရောင်စိုကို မတွေ့ရဘူး။

မြင်းလှည်းဂိတ်ကို ကျွန်တော် ပြေးလာခဲ့လိုက်တယ်ဗျာ။

"နောင်ကြီးတို့ . . . ဟို . . . ဟိုလေ . . . မျက်နှာကို မျက်နှာသုတ်ပဝါ အုပ်ပေါင်းထားတဲ့ အမျိုးသမီးဗျာ . . . လွယ်အိတ်တစ်လုံး လွယ်ထားတယ်။ မျက် . . . မျက် . . . နှာ . . . အဲ အဲ . . . ညာဘက်ပါးပေါ်မှာ စံပယ်တင်မှဲ့နဲ့ အမျိုးသမီးဗျာ . . . ဒီ . . . ဒီမြင်းလှည်းဂိတ်ကို လာသွားတာ မြင်ကြလားဗျာ . . . ဟင် . . . ဟင် . . . အစ်ကိုကြီးတို့ . . ."

ဒီမှာ မြင်းလှည်းမောင်းတဲ့ လူကြီးက . . .

"ဟော့ကောင်တွေ . . . ဒီလူပြောတဲ့ မိန်းကလေး မြင်းလှည်းဂိတ်ကို လာတာ မြင်ကြလားဟေ့"

"သတိမထားမိဘူးဗျ . . . ကိုလှိုင်ကြီးရ"

"ငါ့ညီ မင်းနဲ့ ဘာတော်လို့တုံး"

"ကျွန် . . . တော့် . . . ဖ . . . ဇနီးပါဗျာ . . . ဇနီးပါ"

"စိတ်ဆိုးပြီး ဆင်းသွားတာလားကွ"

"အဲ အဲ . . . ဟုတ် . . . ဟုတ်ကဲ့ပါဗျာ . . . သူ့ . . . သူ့ကို"

"ကိုလှိုင်ကြီးရေ . . ."

"ဘာတုံး . . . မောင်ပေါ်ဦး"

"လွယ်အိတ်လွယ်ထားတယ် . . . ဟုတ်လားဗျ"

"မောင်ရင် . . . မေးနေတယ်လေ"

"ဟုတ်ပါတယ်ဗျ . . . လွယ်အိတ် လွယ်ထားပါတယ်ဗျာ"





"အဲဒီအမျိုးသမီးက ငိုပြီး ပြေးလာတာဗျ"

"သူ . . . သူ . . . ဘယ်ကိုသွားတာ မြင်လို့လဲဗျာ . . . ဟင် . . ဟင်"

"ဟောဟို . . . မြို့သွားတဲ့ . . . ကားဂိတ် . . . ကားဂိတ်ကို ပြေးသွားတာဗျ။ ပြီးတော့ ထွက်စပြုနေတဲ့ ခရီးသည်တင်ကားကို တားစီးပြီး ပြေးတက်သွားတာ။ သူ့လွယ်အိတ်ထဲကနေ အင်္ကျီဟောင်းတစ်ထည် ကျကျန်ခဲ့တယ်"

"အဲဒီအင်္ကျီ ဘယ်မှာလဲဟင် . . . အစ်ကိုကြီး"

"ရော့ . . . ဒါ သူကျရစ်ခဲ့တဲ့ အင်္ကျီ။ သူ ပြန်လာရင် ပြန်ပေးမယ်ဆိုပြီး သိမ်းထားတာ"

မြင်းလှည်းဆရာက အံဝှက်ထဲကနေ မိန်းမဝတ်အင်္ကျီတစ်ထည်ကို ထုတ်ပေးတယ်။ ကျွန်တော့်အင်္ကျီကို ယူပြီး ကားဂိတ်ကို ပြေးသွားမလို့ လှစ်တုန်းမှာပဲ . . .

"ဒီမှာဟေ့လူ . . . နေဦးဗျ . . . လောလိုက်တဲ့လူဗျာ"

"ကျွန်တော် . . . သူ့ . . . သူ့နောက် . . ."

"ရော့ . . . ရော့ . . . ဒီဓာတ်ပုံက သူ့အင်္ကျီခေါက်ထဲကရတာ။ ခင်ဗျား မိန်းမ . . . ဟုတ်လား . . . ရော့"

ကျွန်တော် ပို့စကတ်ဆိုဒ် စာရွက်တစ်ဝက်ဆိုဒ် ဓာတ်ပုံလေးကို အမြန် ကြည့်လိုက်ရော . . .

"လရောင်စို . . . ဒါ . . . ဒါ . . . လရောင်စို အမှန်ပဲဗျာ။ ကျွန်တော် လိုက် . . . သွား . . . သွားပါရစေဗျာ"

ကျွန်တော် ဓာတ်ပုံနဲ့အင်္ကျီကို စုကိုင်ပြီး ကားဂိတ်ရှိရာကို အပြေးလာခဲ့လိုက်တယ်ဗျာ။

"မိန်းမ အိမ်ပေါ်က ဆင်းသွားလို့တဲ့ကွ"

"အမျိုးသမီးက ဓာတ်ပုံထဲမှာ အတော်ချောတယ်ဗျ။ ဒီလူ ရူးသွားလောက်အောင်ကို ချောတာဗျား"

နောက်မှာ အော်ကျယ်အော်ကျယ် ပြောသံတွေ ကျန်ရစ်ခဲ့တယ်။

ကျွန်တော် ထွက်ဖို့ပြင်နေတဲ့ ဘတ်(စ်)ကားပေါ် ခုန်တက်လိုက်တယ်။ တွေ့စ်ပါသေးရဲ့ အင်္ကျီအိတ်ထဲမှာ ပိုက်ဆံနည်းနည်း ရှိနေပေလို့။

"ကားဆရာ . . . ဒီကားက ဘယ်ကိုသွားတဲ့ ကားလဲဗျာ"

"မစီးဖူးလို့ မေးတာလား"

"ဟုတ်ပါတယ်ဗျာ . . . ခုမှ စီးဖူးတာပါဗျာ"

"ဒီကားက မြသေလာမြို့ကို သွားမှာ။ ကိုယ့်လူက ဘယ်မှာဆင်းမှာမို့တုံး"

"ဂိတ်ဆုံးပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ရွာကြီးရွာလေးတွေ၊ ရဲကင်းတွေ၊ ကားဂိတ်တွေ၊ မှတ်တိုင်တွေကို တစ်နာရီခန့် ဖြတ်ပြီးနောက် မြသေလာမြို့ဝင်ဂိတ်ကို ရောက်ပြီး ကားရပ်လိုက်တယ်။

ကျွန်တော်က ဖောနဲ့ပြေးလိုက်လုပ်နေတာ ညီမလေး ရှင်မီးတောက်ကို ထမင်းဆိုင်မှာ တစ်ယောက်တည်း ထားခဲ့မိပါလား။

သူ စွယ်စုံရွာကို ကျွန်တော်နဲ့အတူ ပြန်ရမှာဗျ။

အထုပ်အပိုးတွေနဲ့ ကျွန်တော့်ကို ဟစ်အော်ပြီး ကျန်ရစ်ခဲ့တာ။ အမှန်က ကျွန်တော် ညီမလေးရှင်မီးတောက်ကို အကြောင်းရင်း ပြောခဲ့ရမှာ။

သို့သော် ပြောဖို့ သတိမရတော့ဘူး။

ကျွန်တော့်မျက်စိထဲမှာ ချစ်သူလရောင်စိုရဲ့ စံပယ်တင်မွှဲ့ကို မြင်ပြီး သူမ ကျွန်တော့်ကို ငေးကြည့်နေတာကို စဉ်းစားရင်း နောက်ကြောင်းတွေကို သတိပြန်ရလိုက်တာ။

ဝမ်းသာလိုက်တာဗျာ။

ကျွန်တော် မျက်လုံးတွေ အဲဒီအချိန်တုန်းက ပြာဝေနေတာကိုး။ ပြာပြာဝေဝေတွေ လွင့်ပါးသွားလို့ ရှေ့ကစားပွဲကို ကြည့်လိုက်တော့ လရောင်စို မရှိတော့ဘူး။

ဝမ်းသာအားရ ပြေးလိုက်ရှာတာ။

အခု လရောင်စို မရှိတော့ဘူး။

ကျွန်တော် လရောင်စိုကို လိုက်ရှာနေတာ အချိန်တွေ မနည်းတော့ဘူးဗျာ။ အခု လရောင်စိုဆိုတာ သေချာတဲ့ ဓာတ်ပုံနဲ့ အင်္ကျီတစ်ထည် ကျွန်တော့်လက်ထဲမှာ ရှိနေတယ်။ သူ ဘာကြောင့် ကျွန်တော် မှန်းသိမြင်ပါရက် ထွက်ပြေးရတာလဲ မသိဘူး။

ကျွန်တော်မှန်းသိရင် ခေါ်ရမယ်လေ။

ဖြစ်နိုင်တာ နှစ်ချက်တော့ ရှိတယ်ဗျာ။

တစ်အချက် ... ကျွန်တော်နဲ့ ညီမလေး ရှင်မီးတောက် ထမင်းအတူစားနေတာကို မြင်သွားပြီး ကြေကွဲ အထင်လွဲလို့များ မခေါ်မပြောဘဲ ထွက်ပြေးသွားတာလား။

နှစ်အချက် ... ကျွန်တော့်ကို စကားမပြောနိုင်ရတဲ့ လျှို့ဝှက်ချက်ရှိနေလို့များလား။ သေချာတာကတော့ ချစ်သူလရောင်စို အသက်ရှင်လျက်ရှိနေတာ သေချာသွားပြီဗျာ။ သူ့ကို တွေ့အောင်ရှာရမှာပဲ။

ဩော် ... လရောင်စိုကို မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ ဝမ်းသာဖောနဲ့ လိုက်ခဲ့လိုက်တာ။





ညီမလေး ရှင်မီးတောက်ကို တစ်ယောက်တည်း ပစ်ထားခဲ့ရပါလား။ ညီမလေး ခုလောက်ဆို ရှိုက်ကြီးတငင် ငိုနေရော့မှာပဲ။

ကျွန်တော့်ကို အကြီးအကျယ် အထင်လွဲတော့မှာပဲ။ သူ ရွာကိုမှ ပြန်ပါ့မလား။ ရွာကိုသွားတဲ့ရေဆိပ်တော့ သူ သိမှာပါလေ။

ရွာကိုရောက်ပြီး ဘွားမြကြီးငွေတို့သာ သိသွားရင် ကျွန်တော့်ကို သစ္စာမဲ့တဲ့လူလို့ ပြောကြလေမလား။

လရောင်စိုကို မတွေ့လို့ မဖြစ်ဘူးလေ။

ကျွန်တော် တစ်ကိုယ်ကောင်းဆန်သွားခဲ့တာကို ညီမလေး ရှင်မီးတောက်နားလည်မှာ မဟုတ်ဘူး။

ဟူး ... ကျွန်တော် ရှေ့ကိုဆက်မတိုးလို့ မဖြစ်။ လူကြုံရခဲ့ရင်တော့ ညီမလေး ရှင်မီးတောက်ထံကို အကျိုးအကြောင်း စာရေးရတော့မှာပဲ။

အဘွားမြကြီးငွေရော ...

ရင်ဖုန်းမိုရော၊ ရွာကလူတွေကပါ ကျွန်တော် ရှင်မီးတောက်ကို ချမ်းသာကြီးရွာ ခေါ်သွားပြီး စွန့်ပစ်ခဲ့တယ်။ လူလိမ်လူကောက် ... ဈေးသွားဝယ်မယ်လို့ သူတို့သမီးကို ညာခေါ်သွားပြီး ဈေးထဲမှာ စွန့်ပစ်ထွက်ပြေးသွားတာ။

ပြောကြ၊ တွေးကြ၊ တောက်ခတ်ကြတော့မယ်။

အကယ်၍များ ရှင်မီးတောက် စွယ်စုံရွာကို ပြန်မရောက်ခဲ့ဘူးဆိုရင် နှစ်ယောက်ပေါင်းပြီး သစ်သီးဝလံရောင်းရတဲ့ ငွေတွေယူ၊ အတူထွက်ပြေးကြတာလို့ ထင်ကြ၊ ပြောကြတော့မယ်။

ညီမလေးရယ် ...

ငါ ... ငါ့ချစ်သူကို မြင်တော့မှ အတိတ်ကို ပြန်သတိရခဲ့တာပါ။ မင်းကို စွန့်ထားပစ်ခဲ့တာ မဟုတ်ပါဘူး။

ခုချက်ချင်း စွယ်စုံရွာကို ပြေးသွားပြီး အကြောင်းစုံ ရှင်းပြချင်ပါရဲ့။ ဒါပေမင့် ငါ တမ်းတမ်းတတ ချစ်မြတ်နိုးစွာ လိုက်ရှာနေတဲ့ဖနီးကို နောက်ထပ် အပျောက်ခံနိုင်တော့ဘူး ... ညီမလေးရယ်။

တစ်နေ့ မောင်ကြီး ဒီအကြောင်းစုံကို လာရှင်းပြပါ့မယ်။

ရှင်မီးတောက်ရေ ...

ဘွားငွေကတော့ ညီမလေးကို ပြောတော့မယ်။

မြို့ပေါ်မှာ ယောကျ်ားစုန်းကဝေ ရှိတယ်။ ပြုစားလိမ့်မယ်၊ ပြုစားခံရရင် အပျက်ရောဆိုတာ ညည်း ယုံပြီလား ... ရှင်မီးတောက်လို့ ရင်နာနာနဲ့ ပြောနေမှာပဲ ... ညီမလေး ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၆ ]

❑

ကျွန်တော် မြသေလာမြို့ကလေးအနှံ့ လိုက်ရှာတယ်။ မြို့ထဲမှာ လရောင်စိုးရဲ့ ဓာတ်ပုံကိုပြပြီး တွေ့မိကြလားလို့ အရူးလို လိုက်မေးခဲ့တယ်။

နေဝင်ကျိုးတော့ ဆိုက်ကားသမားတစ်ဦးက ကျွန်တော်ရှိရာကို လာခဲ့ပြီး ကရုဏာသက်စွာ မေးခဲ့တယ်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်တုံးဗျ ... ညွှန့်သည်"

"ကျွန်တော့်နာမည်က ... မိုးကျ ... အဲ ... အဲ ... ကိုရွှေမင်းစုန်လို့ ခေါ်ပါတယ်ဗျ"

"ခင်ဗျား အမျိုးသမီးတစ်ယောက်ကို လိုက်ရှာနေတာ ... ဟုတ်တယ်နော်"

"ဟုတ်ပါတယ် ... အစ်ကိုကြီးရေ။ ဟောဒီ ဓာတ်ပုံရှင်ပါခင်ဗျာ။ ဒီမှာ ... သူ ... သူပဲဗျာ"

ဆိုက်ကားဆရာက ကျွန်တော်ပြတဲ့ လရောင်စိုးရဲ့ ဓာတ်ပုံကို သေသေချာချာ ကြည့်နေတယ်။

"သူ ... သူ့ကို တွေ့လိုက်မိလားဗျာ ဟင်"

"ဒီဓာတ်ပုံထဲက ရုပ်တော့ မဟုတ်ဘူးဗျ"





"ဗျာ ... အခု သူ့အနေအထားက မျက်နှာနဲ့ဦးခေါင်းကို မျက်နှာသုတ်ပဝါနဲ့ အုပ်သိုင်းပေါင်းထားတယ်ဗျာ"

"မျက်နှာသုတ်ပဝါအရောင်က ဘာရောင်တုံး"

"အဖြူရောင် ..."

"အဖြူရောင်နော် ... သူ့မှာ နောက်ထပ် ဘာပစ္စည်းပါသေးလဲ ... ညွှန့်သည်"

"ဟို ... ဟိုလေ ... လွယ်အိတ်အညိုရောင်။ လွယ်အိတ်ဖောင်းဖောင်းကို လွယ်ထားတယ်ဗျာ"

"ဖိနပ်မပါဘူးမို့လား"

"ဗျာ ... ဟုတ်တယ်။ အလန့်တကြား ပြေးသွားတာ ဖိနပ်ပါမယ် မထင်ဘူးဗျာ ... သူ ... သူ ..."

"ဒီမှာညွှန့်သည် ... မျက်နှာကို မျက်နှာသုတ်ပဝါအဖြူ အုပ်သိုင်းထားတဲ့ အမျိုးသမီး၊ လွယ်အိတ်လည်း လွယ်ထားတယ်။ ခြေထောက်မှာ ဖိနပ်မပါဘူး။ အသားဖြူဖြူ ကိုယ်လုံးကိုယ်ပေါက် ပြေပြစ်တယ်။ အင်္ကျီက အဖြူပေါ်မှာ အနက်လုံးလေးနဲ့"

"ဟုတ် ... ဟုတ်ပါတယ်ဗျာ ... သူ့ ... သူ့ကို ဘယ်နားမှာ တွေ့ခဲ့တာလဲဗျာ။ အဲဒါ ... အဲဒါ ... ကျွန်တော့်ဇနီးသည်ပါဗျာ"

"အဲဒီအမျိုးသမီး ကျုပ်ဆိုက်ကားကိုစီးပြီး မော်တော်ဆိပ်ကို ပို့ခိုင်းတယ်။ ဘယ်ကလာတုံးမေးတော့ မပြောဘူး။ ဆိုက်ကားပေါ်မှာ တရှုံ့ရှုံ့ ငိုနေတာ။ မော်တော်ဆိပ်ကို ကျုပ် လိုက်ပို့ခဲ့တယ်။ သနားလို့ ကျုပ်ဆိုက်ကားခတောင် မယူဘူး။ သူ မော်တော်တစ်စင်းပေါ် တက်သွားတာ မြင်လိုက်ရတယ်။"

"မော်တော်တစ်စင်းပေါ် တက်သွားတယ်။ အဲဒီ ... မော် ... မော်တော်က ဘယ်ကိုသွားတဲ့ မော်တော်လဲဗျာ ... နောင်ကြီး ... ပြောစမ်းပါဗျာ"

"ဒီမော်တော်က ကုန်တင်မော်တော်ဗျ"

"ခရီးသည်တင် မော်တော်မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး ... ကုန်တင်ပြီး ပြန်လာတာ။ သံလွင်မြစ်ကြောင်းအတိုင်း သွားတာ များတယ်။ ဘယ်မှာဆိုက်လဲ မသိဘူး"

"သူ အဲဒီမော်တော်နဲ့ ပါသွားတာ အချိန် ဘယ်လောက်ရှိနိုင်လဲတင်"

"တစ်နာရီခွဲလောက် ရှိနိုင်တယ်"

"ကျွန်တော့်ကို မော်တော်ဆိပ် ပို့ပေးပါလားဗျာ။ ကျွန်တော် ပေးဥစ်များလည်း ပေးပါ့မယ်ဗျာ"

"လင်မယားပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဒီလိုပါပဲဗျာ . . . လင်မယား အခန့်မသင့်လို့ စကားများ စိတ်ဆိုးကြရင် အိမ်ကနေဆင်းသွားမယ်။ တော်ကြာ . . . ကွာမယ် ကွဲမယ် ဖြစ်ကြတာပါပဲ။ ယောကျ်ားလုပ်တဲ့လူက သိပ်မတင်းနဲ့ပေါ့။ ချော့ပါ။ မိန်းမဆိုတာ အချော့ကြိုက်ပဲဗျ။ ပွေ့ဖက်ချော့ပြီး ပါးကလေး မွှေးမွှေးပေးလိုက်ရင် အရည်ပျော်တာပါပဲဗျာ။ ချော့တဲ့ညများ ပိုတောင် ပျော်စရာကောင်းသေးဗျ . . . အဟီး . . ."

"မြန်မြန်နင်းပါ . . . ဆရာကြီး"

"စိတ်ချပါဗျာ . . . ဟောဒီလမ်းမှာ ကျုပ်ဆိုက်ကားကို ဒုံးပျံလို့ ခေါ်ကြတာဗျ။ တော်ရုံလူ မစီးရဲဘူး"

ဟူး . . . ဒုံးပျံပေမို့သာပါပဲဗျာ။ ဆိုက်ကားက နင်းရင်းနဲ့ တကျွိကျွိနဲ့ အသံတွေ မြည်နေတယ်။ ချိုင့်ခွက်ထဲ ဘီးကျသွားရင် လူက ယိမ်းကသလို ယိုင်ပြီး နံရိုးတွေ နာရော။

ချိုင့်ကို မကျော်နိုင်လို့ ဒုံးပျံ ဆိုက်ကားဆရာက ဆင်းတွန်းရတယ်။ ဘဲလ်တီးရင်လည်း 'ကလင် . . . ကလင်' လို့ အသံမမြည်ဘူး။ 'ဂရက် . . . ဂရက်' နဲ့ မြည်တယ်။

အဲဒါကို ဒုံးပျံလို့ အမည်ပေးသတဲ့ဗျာ။ အံ့ရော . . .။

ကိုယ်က မော်တော်ဆိုင်ကို အမြန်ရောက်ချင်နေပြီ။ သူက တနဲ့နဲ့ တနွဲ့နွဲ့ အားစိုက်နင်းရင်းက စကားတွေ ပြောနေသေးဗျာ။

"ပြီး . . . မိန်းမဆိုတာ ဆောင်းလေပမာလိုပဲဗျ။ ဆောင်းလေဆိုတာ ပုံသေမရှိဘူး။ အေးစိမ့်အောင် တိုက်ရာကနေ လေငြိမ်ရင် ငြိမ်သွားတာ။ မိန်းမလည်း ဒီလိုပဲ။ ခုတစ်မျိုး တော်ကြာတစ်မျိုးပဲ . . . ငါ့လူရ။ မိန်းမဆိုတာ မရှိမကောင်း ရှိမကောင်း၊ မပေါင်းလည်းခက်၊ ပေါင်းလည်း ခက်ပဲ။ မှတ်ထား . . . ငါ့လူ . . . မိန်းမကိုချစ်ရင် တစ်နေ့သုံးကြိမ် ရိုက်ပေးရတယ်ဗျ"

"ဗျာ . . . ဟုတ်ရဲ့လား . . ဆိုက်ကားဆရာရယ် ခင်ဗျားဟာက"

"ပုံလေးတစ်ပုံ ပြောပြမယ် . . . ကိုယ့်ဆရာ။ တစ်ခါတုန်းက သူဌေးကြီးတစ်ဦးရဲ့သား သူဌေးကလေး သူချစ်တဲ့ မိန်းမချောလေးနဲ့ အိမ်ထောင်ပြုတယ်။ ဖခင် သူဌေးကြီးက တင့်တင့်တယ်တယ် မင်္ဂလာဆောင်ပေးပြီး တိုက်အိမ်တစ်လုံး ပရိဘောဂအစုံအလင်နဲ့ လက်ဖွဲ့ပေးခဲ့တယ်။ အဟမ်း . . . မင်္ဂလာပွဲပြီးတော့ ဖခင်သူဌေးကြီးက မန္တလေးကို ပြန်တော့မှာမို့ သားသူဌေးကလေးကို တစ်နေရာခေါ်ပြီး ပြောတယ်ဗျာ"

"ဘာပြောတုံး . . . အဖေတောင် မိန်းမလိုချင်ပြီဟေ့တဲ့လား"

"အလို . . . ခင်ဗျားတောင် ဖောက်တတ်တာပဲကိုး"





ဆိုက်ကားဆရာရဲ့ ပုံပြင်ကြောင့် ကျွန်တော့်ရဲ့ ဗလောင်ဆူနေတဲ့ ရင်နည်းနည်းသက်သာသလို ရှိလာတယ်။

"ဖခင်သူဌေးက ဘာပြောလဲဆိုတော့ . . .

"ငါ့သား အဖေ မန္တလေးကို ပြန်တော့မယ်"

"ကျန်းမာရေးလည်း ဂရုစိုက်ပါနော် အဖေ"

"အေးပါ . . . ငါ့သားကို အရေးကြီးတာ ပြောမလို့ကွ"

"ပြောလေ . . . အဖေ"

"မင်းမိန်းမကို တကယ်ချစ်ရဲ့လားသား"

"ချစ်တာပေါ့ . . . အဖေရာ၊ မျိုထားမတတ် ချစ်တာဗျ"

"ဟုတ်ပြီ . . . မျိုထားပြီး မချစ်နဲ့ သားရ"

"ဘာဖြစ်လို့တုံး . . . အဖေ"

"တာနောယက္ခဘီလူးက သမုဒ္ဒသိဃ်ကို ချစ်မြတ်နိုးလွန်းလို့ ရွှေကြုတ်ကြီးထဲထည့် ရွှေကြုတ်ကို ပါးစပ်ထဲ မျိုငုံပြီး သွားလေရာ ခေါ်သွားတာ။ ချေးပါ သေးပေါက်က ကြုတ်ထဲတင် ပါချ ယိုချလို့ရတယ်။ မင်း မိန်းမကို ပါးစပ်ထဲငုံထားရင် ကြုတ်နဲ့ထည့်ထားတာ မဟုတ်တော့ ချီးတို့ သေးတို့ပါချရင် နံဟောင်နေမယ်လို့ ပြောရော . . ."

"ဟား ဟား ဟား ဟား . . . ဆိုက်ကားဆရာ . . . ခင်ဗျားက ဇာတ်ထုပ်ပျက်အောင် ပြောနေတာကိုးဗျ ဟင်"

"ရယ်စရာ ပြောတာပါ . . . ညီ့သည်ရာ။ သူဌေးကြီးက ပြောတယ်"

"ငါ့သား . . . မင်းမိန်းမကို ချစ်ရင် တစ်နေ့သုံးကြိမ် နာနာလေးရိုက်ပေးကွ"

"ဗျာ . . . အဖေ . . . ချစ်လို့ယူထားတဲ့ မယား ဘာလို့ သုံးကြိမ်ရိုက်ရမှာတုံး . . . အဖေရဲ့။ မဟုတ်တာတွေ မပြောပါနဲ့ဗျာ"

ဒါနဲ့ ဖအေသူဌေးက ပြောတယ်။

"အဖေ . . . အကြောင်းရှိလို့ ပြောတာ။ ငါလည်း မင်းအမေကို တစ်နေ့သုံးကြိမ် ရိုက်ခဲ့တာ။ သွေးဆုံးလို့ ကလေးကိုယ်ဝန်မဆောင်တော့မှ ရိုက်တာရပ်တယ် . . . လူလေး။ အဲဒီလို နေ့တိုင်း နာနာလေးရိုက်ပေးမှ မင်းမိန်းမက မင်းကို ချစ်ကြောက်ရိုသေပြီး သူ့မျက်စိထဲမှာ မင်းပဲ စွဲထင်နေမှာကွ"

"ဒါဆိုရင် အဖေပြောသလို ရိုက်ပါ့မယ် အဖေ"

"နာနာလေး ရိုက်နော်။ ပန်းနဲ့ပေါက်တာမျိုး မလုပ်နဲ့။ မိန်းမဆိုတာ အဓိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင် ချစ်တာကွ . . . သိလား"

"ဟုတ်ကဲ့ပါ အဖေ"



www.burmeseclassic.com

www.burmeseclassic.com



ဖခင် သူဌေးကြီး ပြန်သွားပြီး နောက်နေ့ကစပြီး သူဌေးသားက သူ့မယားချောကို မနက်အိပ်ရာထ တစ်ကြိမ်၊ နေ့မွန်းလွဲမှာ တစ်ကြိမ်၊ ညနေ မအိပ်ခင်မှာ တစ်ကြိမ် ဖအေမှာတဲ့အတိုင်း တစ်နေ့ သုံးကြိမ် ဝါးခြမ်းပြားနဲ့ရိုက်၊ လက်ဝါးနဲ့လည်း ရိုက်ပါရော။

''မောင် ... ရှင် ကျွန်မကို ဘာလို့ နေ့တိုင်း ရိုက်နေတာလဲ ဟင်''

''ချစ်လို့ပါ ... မိန်းမရာ''

''ကျွန်မ ရှင့်ကို ကြောက်လာပြီ ... မောင်''

''မကြောက်ပါနဲ့ ... မိန်းမရယ်၊ ချစ်လို့ရိုက်တဲ့ယောကျ်ားကို မင်းနားလည်ပါကွာ''

အဲဒါ ပထမကလေး ကိုယ်ဝန်သုံးလရတော့မှ အရိုက်ရပ်တယ်။ ဒီလိုနဲ့ ကလေး သားယောကျ်ားတစ်ဦး မွေးလာခဲ့တယ်။

မန္တလေးက အဖေသူဌေးကြီး ချွေးမမီးဖွားပြီးပြီဆိုလို့ အိမ်ရောက်ချလာတယ်တဲ့ဗျ။ ဝဝကစ်ကစ် ဖြူဖြူဖွေးဖွေး မြေးလေးကို ကြည့်ပြီး ဘိုးအေကြီး ပျော်နေတာပဲတဲ့။

နှစ်ယောက်သား စကားတွေပြောဖြစ်တော့ ဖခင်က မေးတယ်။

''ငါ့သား ... မင်းမိန်းမကို တစ်နေ့သုံးကြိမ် ရိုက်ရဲ့လား''

''ရိုက်ပါတယ် .. အဖေ၊ ကိုယ်ဝန်သုံးလရမှ အရိုက်ရပ်ပါတယ်ခင်ဗျ''

''အေး ... ကောင်းတယ်၊ ဒီလိုရိုက်ပေးလို့ကွ မင်းသားကို ကြည့်စမ်း .. မင်းမျက်နှာနဲ့ တစ်ထေရာတည်းပဲ။ ခန့်ခန့်သန့်သန့်လေးကွာ ... အဲဒါ ကလေး သူဌေးရုပ် အစစ်ကွ။ နက်ဖြန် အဖေပြန်မယ်။ တစ်နေ့သုံး ကြိမ်ရိုက်ဖို့ မမေ့နဲ့။ ကြားလား ...''

''စိတ်ချပါ ... အဖေ၊ ကျွန်တော်လည်း ရိုက်ရတာကြာတော့ လက်အရသာရှိလာတယ်ခင်ဗျ''

''အဖေ့လက်ကျကို မီအောင် ကြိုးစား ... လူလေးရ''

''အဖေ့သမီးလည်း အရိုက်ခံရတာ များလာလို့လား မသိဘူး ကျွန်တော့်မြင်တာနဲ့ ကျောကုန်း ကုန်းပေးပါရောဗျာ''

''ဟား ဟား ဟား ဟား ဟား ... ဒါကတော့ သွားလေသူ မင်းတို့အမေရဲ့ ခြေရာကို နင်းတာပဲပေါ့ ... ဟား ဟား ဟား ဟား ... ဝါးခြမ်းပြားရိုက်လို့ကျိုးရင် မန္တလေးကို သံကြိုးရိုက်လိုက်။ ပါဆယ်ထုပ်ပြီး မီးရထားနဲ့ ပို့ပေးမယ်ပေါ့ ... ဟား ဟား ဟား ဟား ဟား။ အရိုးကွဲအောင်ရိုက်၊ အသည်းစွဲအောင်ချစ်တဲ့။ ရိုက် ... အရိုက်ခံရတာ ရိုးသွားထုံသွားရင် မင်းမိန်းမက မင်းမရိုက်သေးဘူးလားလို့ မေးပြီး မျက်ရည်ကျလိမ့်မယ်မကွ ဟား ဟား ဟား ဟား''





ဒီလိုနဲ့ ပထမကလေး လမ်းလျှောက်တတ်ရော။

ဒုတိယကလေး ကိုယ်ဝန်ရှိလာတယ်။

မိန်းမကို သနားလို့ ဒုတိယသား ကိုယ်ဝန်မရခင်မှာ တစ်နေ့ နှစ်ကြိမ်ပဲ ရိုက်တယ်။ ညဘက် မရိုက်တော့ဘူး။

တစ်ကြိမ် အရိုက်လျှော့တော့ မယားက ဝမ်းသာပြီး ပျော်လို့တဲ့။ ဒီလိုနဲ့ သားယောကျ်ားလေးတစ်ဦး ထပ်မွေးခဲ့တယ်။

ဘိုးအေလုပ်သူ ကျန်းမာရေးမကောင်းလို့ မြေးလေး လာမကြည့်နိုင်ဘူး။ အဝေးကနေ စာရေးပြီး သတင်းမေးတယ်။

လင်သူဌေးက တစ်နေ့ စဉ်းစားတယ်။

ငါ့မိန်းမကို နေ့တိုင်း ငါရိုက်လာခဲ့တာ သားနှစ်ယောက်တောင် ရခဲ့ပြီ။ သနားပါတယ်။ သူ့ခမျာ ကလေးကိစ္စ၊ အိမ်ကိစ္စတွေနဲ့ အလုပ်များလှတယ်။ တစ်နေ့ နှစ်ကြိမ်ပဲရိုက်တော့ ဝမ်းသာပြီးငါ့ကို နမ်းလိုက်တာပေါ့။

နောက်ဆုံး မိန်းမကို သနားလို့ ချစ်လို့ လုံးဝမရိုက်တော့ဘူး။ မိန်းမလည်း ပျော်လွန်းလို့ ဖြူးနေတာပဲတဲ့။ အိမ်မှာ အလုပ်လုပ်တဲ့ အခိုင်းအစေတွေကို ဟိုဟာခိုင်းလိုက်၊ ဒီဟာခိုင်းလိုက်နဲ့ အသံကို စာနေတာပဲတဲ့ဗျ။

မိုးလင်းရင် လှလှပပဖီးလိမ်း အဝတ်အစားအသစ်ဝတ်ပြီး ကြော့နေအောင်နေတာ။ ကလေးလည်း သိပ်မကြည့်ပေါင်တဲ့ဗျာ။

အိမ်စေတွေ ချက်ပြုတ်ပေးတဲ့ ထမင်းဟင်းကို ဆွမ်းခံကြွတဲ့ ဦးဇင်းလောင်းတဲ့အလုပ်နဲ့၊ ရေထမ်းတဲ့ ကုလားဆာမိကို တောက်တိုမည်ရ ဩဇာပေးခိုင်းတာပဲ အလုပ်ရှိသတဲ့။

ဒီလိုနဲ့ တတိယမြောက် သားယောကျ်ားလေးတစ်ဦး ထပ်မွေးပြန်ပါရော။ သားချည်း သုံးယောက်။ ဖအေရော၊ အမေရော ဝမ်းသာကြပေါ့။ ဘိုးအေကြီးသာ မြင်လိုက်ရင် သူ့မြေးတွေကြည့်ပြီး အားရလိုက်မည့် ဖြစ်ခြင်းပေါ့။

ဘိုးအေသူဌေးကြီးလည်း အရောင်းအဝယ်ကိစ္စနဲ့ ခရီးတွေသွားနေရလို့ သားချွေးမ မြေးတွေဆီကို မရောက်နိုင်ရှာဘူး။

ဘိုးအေ(ဖခင်) သူဌေးကြီး သားလုပ်သူ အိမ်အလည်ရောက်လာတော့ မြေးသုံးဦးတောင် လမ်းလျှောက်ပြေးလွှားကစားတဲ့အရွယ် ကလေးတွေ ရောက်နေကြပြီတဲ့ဗျာ။

အဖေသူဌေးကြီးနဲ့ သားသူဌေးလေးတို့ဟာ အိမ်ရှေ့မှာ ကုလားထိုင်တွေချ၊ ရေနွေးကြမ်းနဲ့ စားစရာစားပြီး ကလေးတွေ ကစားနေတာကို ကြည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြံကျယ်တော့ အိမ်နီးနားချင်း ကလေးအချို့ပါ မြေးတွေနဲ့ ဆော့ကစားနေတာကို ဘိုးအေသူဌေးကြီးက အသေအချာ ကြည့်နေတယ်။

မြေးအကြီးဆုံးယောကျ်ားလေးက စက္ကူဖြတ်စတွေကို ကိုင်ပြီး သူဌေးဂိုက်နဲ့ အော်ပြောနေတာ။

"ဟေ့ ... မောင်ကျောက်ခဲ"

"လာပြီဟေ့ ... ဘာတုံးကွ"

"ရော့ ... ငွေတစ်သိန်း"

"စက္ကူတွေကွ ... ပိုက်ဆံမဟုတ်ဘူး"

"ဟေ့ကောင် ... ကျောက်ခဲ၊ စကားမများနဲ့။ ငါပြောတဲ့အတိုင်းလုပ်။ မလုပ်ရင် မင်း ငါ့ခြံထဲက ထွက်သွား"

ကျောက်ခဲဆိုတဲ့ ကလေးက မကစားရမှာစိုးလို့ သူဌေးသားအကြီးကောင်ကို မျက်နှာငယ်လေးနဲ့ ကြည့်နေတယ်။

"ရော့ ... ငွေတစ်သိန်း။ ငါစားဖို့ ဟိုတယ်က ကြက်ကောင်လုံးကြော်၊ ဘဲကောင်လုံးကြော်၊ ငန်းကောင်လုံးကြော်နဲ့ ရှိသမျှ ဟင်းတွေ ခုချက်ချင်းသွားဝယ်။ ရော့ ... ကားသော့"

"ဟုတ်ကဲ့ ... သူဌေးလေး"

ကလေးတွေ ကစားနေတာနော်။

သူဌေးသားကလေးက စက္ကူဖြတ်စတွေ တစ်ထပ်ကို ဟိုကောင်လေးကိုပေးပြီး စားကောင်းသောက်ဖွယ်တွေ ဝယ်ခိုင်းနေတာ။

ရော့ဟေ့ ... ဆိုပြီး သစ်သားပြားတစ်ပြားကို လှမ်းပေးတယ်။

ဟို အိမ်ရှေ့အိမ်က ကလေးကလည်း ဟုတ်ကဲ့သူဌေးလေးဆိုပြီး စက္ကူဖြတ်စ (ပိုက်ဆံ)နဲ့ ကားသော့ (သစ်သား)ကို ယူပြီး ကားမောင်းတဲ့ ဟန်နဲ့ ပါးစပ်က 'ဝူး ... ဝရော' အသံထွက်လို့ တိုက်နောက်ဘက်ကို ဝင်သွားတယ်။

ဒါကို ဘိုးအေသူဌေးကြီးက ကြည့်ပြီး သဘောကျနေတယ်။

ဒါနဲ့ သူဌေးဘိုးအေကြီးက ဒုတိယမြေးကလေး ကစားနေတဲ့ဝိုင်းကို လှမ်းကြည့်တယ်။ သူ့သားသူဌေးကလည်း သူ့အဖေသူဌေးကြီး လိုက်ကြည့်တာကိုပဲ လိုက်ကြည့်နေတယ်။

ဒုတိယ(သား)မြေးကလေး ဆော့ကစားပုံက တစ်မျိုး ထူးဆန်းနေတယ်တဲ့ဗျ။

ဒုတိယ(သား)မြေးက ပုဆိုးကို သင်းပိုင်လို ရှေ့မှာအစလိပ်ပြီး လက်နှစ်ဖက်က ဒန်ဖလားကို သပိတ်ပိုက်သလို ပိုက်ပြီး ဟင်းချက်ပြုတ်တမ်း ကစားနေတဲ့ မိန်းကလေးမလေးတွေရှေ့မှာ ရပ်ပြီး အော်လိုက်တယ်။





"ဆွမ်းတော် ..."

ကလေးမလေးတွေကလည်း ဟင်းချက်တန်းကစားရာကနေ ကပျာကယာ ထပြီး ...

"ဘုန်းကြီး ကြွလာတယ် ... ဆွမ်းလောင်းကြပါဟဲ့"

ပြောပြီး သူတို့ကစားနေတဲ့ အိုးပုတ်ခွက်ထဲက သဲတွေ၊ သစ်ရွက်လှီးပြီးသားတွေကို ဒုတိယသားရဲ့(သပိတ်) ဖလားထဲ ရိုရိုသေသေ ထည့်ပြီး လက်အုပ်လေးတွေ ချီလို့။

ဘိုးအေကြီးက ဒါကိုကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေတယ်။ ပြီးတော့ အငယ်ဆုံးမြေးသားလေး ကစားနေတဲ့ဘက်ကို လှမ်းကြည့်လိုက်တော့ ..

အငယ်ဆုံးမြေး (သူဌေးသား)လေးက နို့ဆီဘူးနှစ်ခွက်ကို ကြိုးနဲ့တုပ် (ထမ်းပိုး)မှာ ဆိုင်းချည်ထမ်းပြီး ချက်ပြုတ်တမ်း ကစားနေတဲ့ ကလေးမလေးတွေရှေ့မှာ ရပ်လို့ ...

"ရေ ယူဦးမလား"

"ယူမယ်ဟေ့ ... တစ်ထမ်း ထည့်ပေးပါ ... အစ်ကိုကြီး"

"ရော့ပါဗျ"

နို့ဆီကြိုးဆိုင်း (ပုံး)ထဲက ရေတွေကို ကောင်မလေးတွေရဲ့ မြေအိုးပုတ်ထဲ လောင်းထည့်ပြီး ပြန်ထရပ်ရင်းက ...

"ဟိုအိမ်ကရော ရေယူဦးမလား"

"မယူသေးဘူးရှင့်"

သူဌေးဘိုးအေကြီးနဲ့ သားသူဌေးတို့ ရေနွေးသောက်ရင်း သူ့မြေးသားတွေ ကစားနေတာကို ကြည့်ပြီး ပြုံးနေကြတယ်။

ဒီမှာ သူဌေးကြီးက သားသူဌေးကို မေးရောဗျ ...

"သား ..."

"ခင်ဗျာ ... အဖေ"

"မင်းမိန်းမကို နေ့တိုင်း သုံးကြိမ် ရိုက်ရဲ့လား ... လူလေး"

"ရိုက်ပါတယ် ... အဖေ ... ဘာဖြစ်လို့လဲ ဟင်"

"သားအကြီး ကိုယ်ဝန်ရတဲ့အထိ မင်းမိန်းမကို နေ့တိုင်း ရိုက်တယ် ဆို"

"ရိုက်တာပေါ့ ... အဖေရာ၊ မိန်းမက စိတ်မကောင်းဖြစ်ပြီး နေ့တိုင်း ငိုတယ်အဖေ"

"မင်းတို့အိမ်မှာ ဆွမ်းခံကြွတဲ့သံဃာ ရှိလား"

"ရှိပါတယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အသက်ကြီးကြီးလား၊ ငယ်ရွယ်ချောချောလားကွ"

"ဦးဇင်းလေးက ငယ်ငယ်ချောချောပါပဲ ... အဖေ"

"သဘောသကာယလည်း ကောင်းမဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျ"

"အငယ်ကောင် မမွေးခင်မှာရော"

"မမွေးခင်မှာတော့ တစ်နေ့နှစ်ကြိမ်ပဲရိုက်တယ် အဖေ"

"ဘာကြောင့်လဲ"

"မရိုက်ရက်ဘူး ... အဖေ။ ရှေ့မှာ ကလေးနှစ်ယောက် ရှိနေတော့ မိန်းမကို အရမ်းသနားတယ်။ ဒါကြောင့် လုံးဝ မရိုက်တော့ဘူး။ မရိုက်တော့ ကျွန်တော့်မိန်းမလည်း ဝမ်းလည်းသာ၊ ပျော်လည်း ပျော်တာပေါ့ ... အဖေရယ်"

"အေး ... အေး ... ဟုတ်ပြီပေါ့။ သနားပြီး မရိုက်ဖြစ်ဘူးပေါ့"

"ဟုတ်ကဲ့ ... အဖေ"

"လူလေး ... မင်းကို ငါ တစ်နေ့သုံးကြိမ် ရိုက်ဆိုတာ လက်ဝါးနဲ့ ပါးတွေ နားတွေကို နာကျင်အောင် ရိုက်ခိုင်းတာ မဟုတ်ဘူး"

"ဗျာ ..."

"ဝါးခြမ်းပြားတို့၊ တံမြက်စည်းတို့နဲ့ တစ်နေ့သုံးကြိမ် ရိုက်ခိုင်းတာမဟုတ်ဘူး"

"ဟင် ... ဒါ ... ဒါဆို ... အဖေပြောတဲ့ အဓိပ္ပာယ်က ..."

"အဖေပြောတဲ့ အဓိပ္ပာယ်က ကိုယ့်ဇနီးမယားကို အလိုမလိုက်နဲ့၊ တစ်နေ့သုံးကြိမ် ဖိဖိစီးစီး ပြောဆိုဆုံးမ သတိပေးလို့ ပြောတာ။ ခုတော့ မင်းက အယူအကောက်လွဲပြီး တစ်နေ့သုံးကြိမ်ကနေ နှစ်ကြိမ်၊ နှစ်ကြိမ်ကနေ လုံးဝမရိုက်ဘဲ ဒီအတိုင်းထားလိုက်တော့ ငါ့သား ... မိန်းမ၊ ဇနီး မယားဆိုတာ စိတ်ကစားတယ်၊ အာရုံပြန့်တယ်၊ အစွဲအလမ်း အမြင်ပြောင်းတတ်တယ်။

ဟိုမှာ ... ကြည့်စမ်း ... မင်းမိန်းမကို မင်း တစ်နေ့သုံးကြိမ်ရိုက်တော့ သူ့အာရုံက မင်းအပေါ်မှာပဲ စွဲထင်နေတယ်။ မင်းကိုမြင်ရင် အရိုက်ခံရတော့မယ်။ ရိုက်တာလည်း ချစ်လို့ရိုက်တာဆိုတော့ (၂၄)နာရီလုံးလုံး မင်းမှမင်းပဲ အာရုံရှိနေတာပေါ့။ မင်းကိုစွဲထင်နေတဲ့ အာရုံနဲ့ ပဋိသန္ဓေတည်ခဲ့တဲ့ မင်းသားအကြီးကောင်လေးကို ကြည့်စမ်း။ ပြောပုံဆိုပုံအော်ပုံက သူ့အဖေကိုက်အတိုင်းပဲ။ အဲဒါ မင်းအပေါ်မှာ မပြတ်အာရုံထင်ပြီး ရရှိခဲ့တဲ့ သန္ဓေစွဲစိတ်ရဲ့ အကျိုးသက်ရောက်မှုပဲ။

"ဟိုကလေး ... မင်းရဲ့ ဒုတိယသားလေးကို ကြည့်စမ်း။ မင်း ရိုက်ချက်တို့ လျှော့လိုက်တယ်။ မင်းမိန်းမ ပေါ့သွားတယ်။ နေ့စဉ် ဆွမ်းခံကြွတဲ့ ဦးဇင်း





ချောချောလေးပေါ်ကို အာရုံကျသွားခဲ့တယ်။ တဏှာစိတ်နဲ့ စွဲထင်တာမဟုတ်ဘူး။ ခင်မင်စိတ်နဲ့ အာရုံမှာ စွဲထင်သွားတာ။ စိတ်ချမ်းသာနေတာ။ ပီတိဖြစ်နေတာ။ ဒီလိုကောင်းစိတ်နဲ့ အချိန်ရသလို ပီတိဖြစ်နေတာလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် အခြားစိတ်နဲ့ အာရုံစွဲထင်နေတာလည်း ဖြစ်နိုင်တယ်။ မွေးလာတဲ့ကလေး သန္ဓေစွဲစိတ်ဖြစ်လာပြီး ဆွမ်းခံချင်တဲ့စိတ် ပါလာနေတယ်။ ရဟန်းအတော့ သိမှာမဟုတ်ဘူး။ စိတ်ရဲ့သဘာဝက သိမ်မွေ့တယ်၊ မထိန်းချုပ်နိုင်ရင် လွတ်သွားတာပဲ။ လွတ်သွားတဲ့စိတ် ဘရိတ်မမိရင် အချို့မိခင်တွေ သန္ဓေစွဲစိတ်ရင့်သန်ပြီး အာရုံကျတဲ့ ရုပ်ပွားတစ်ခု မွေးဖွားလာတာပဲ။

အချို့မိခင်တွေက မွေးလာတဲ့ကလေး သေသွားတဲ့ဘကြီးရုပ်နဲ့ တူနေတာ။ အချို့ ကလေးဖအေနဲ့လည်းမတူ၊ မအေနဲ့လည်း မတူ၊ အခြားသွေးမတော်သားမစပ်တဲ့လူနဲ့ သွားတူနေတာ။ မိခင်ရုပ်ပိုင်းဆိုင်ရာ ဖောက်ပြန်လို့မဟုတ်ဘူး။ ပဋိသန္ဓေတည်ကာနီးမှာ ဖြစ်ပေါ်ခဲ့တဲ့ အာရုံစွဲစိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ သန္ဓေစွဲစိတ်ရုပ်တူ။ ဒါကြောင့် ရှေးတုန်းက လူကြီးတွေက အိမ်ထောင်သည်ကလေးအမေတွေ မျောက်ပွဲသွားမကြည့်နဲ့နော်လို့ သတိပေးကြတယ်။ ရေနစ်ပြီး ပုပ်ပွနေတဲ့ အလောင်း သွားမကြည့်နဲ့။ ရုပ်ဆိုးပုံဆိုးတွေ စိတ်ကူးမယဉ်နဲ့။ ဒီလို သတိပေးကြတယ်။

စိတ်ထဲမှာ စွဲထင်ပြီး ပဋိသန္ဓေဖြစ်တည်ရာမှာ ပုံတူရုပ်ပွား ပါလာမှာစိုးလို့ သတိပေးကြတာ။ အိမ်ထောင်ကျရင် အိမ်မှာ ဓာတ်ပုံ၊ ရုပ်ပုံလှလှလေးတွေ ချိတ်ထား၊ ချစ်စရာကလေးပုံလေးတွေ ချိတ်ထား။ ကြည့် ပေး ... ဒီလို လမ်းညွှန်ကြတယ်။ အဖေလည်းလှ၊ လှချော။ အမေလည်းလှ၊ မိန်းမချော။ သို့သော် မွေးလာတဲ့ကလေး မျောက်ရုပ်ဖြစ်နေတယ်၊ မျက်နှာဖြူ ဘိုရုပ်လေး ဆံပင်နီကြောင်ကြောင်နဲ့ ဖြစ်နေတယ်။ ဆွေမျိုးထဲက လူမိုက်တစ်ဦးရဲ့ ရုပ်နဲ့ သွားတူနေတယ်။ ရုပ်ဖောက်ပြန်လို့ ဖြစ်သွားတာ မဟုတ်ဘူး။ စိတ်က စွဲလမ်းမှုကြီးလို့ ပုံတူပုံပွား ဖြစ်လာတာ။

အချို့က လူဝင်စားတာတဲ့ ပြောကြသေးတယ်။ ဟုတ်ချင် ဟုတ်ပါလိမ့်မယ်။ အဓိကက မိခင်ရဲ့ စိတ်အာရုံရင့်သန်စွာ စွဲထင်မှုကြောင့်ဖြစ်ရတဲ့ အကျိုးလို့ စိတ်ပညာရှင်တွေက ပြောကြတယ်။ တစ်ခါ မွေးလာတဲ့ကလေးက သိစိတ်ဝင်လာတော့ အိမ်ကို နေ့စဉ်ကြွလာတဲ့ ရဟန်းကို စိတ်ဝင်စားသွားမယ်။ အတုယူမယ်။ အဲလို ကလေးက အတုယူသွားရင် ရဟန်းလို ဆွမ်းခံကြွတဲ့ အပြုအမူပေါ်လာမှာပဲ။ ကိုယ့်အိမ်ထဲမှာ ဖဲရိုက်နေတာမျိုး ကလေးကဖြစ်ပါသွားရင်လည်း အကျင့် အတတ်သင်၊ အမြင်စွဲပြီး ကလေးကစားရင် လူကြီးလို ဖဲကစားဖို့ကစားမယ်။ တစားမှာပဲ။ ရေထမ်းတဲ့လူ အိမ်မှာ နေ့စဉ် ရေလာပို့လို့ သနားစိတ်၊ ချစ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



အခြား မျှော်လင့်စိတ်နဲ့ စွဲထင်တာအားကြီးရင် သန္ဓေစွဲစိတ်ကို အမှီပြုပြီး မွေးလာတဲ့ကလေး၊ ရုပ်တူ၊ သဏ္ဌာန်တူ ဖြစ်သွားတတ်တယ်။

အာရုံခံစားတတ်ပြုလာတဲ့ ကလေးက အရွယ်အသိလေး ရှိစပြုတော့ မြင်ပါများတဲ့လူ၊ ခင်ပါများတဲ့လူကို အာရုံကျပြီး အဲဒီလူရဲ့ အပြုအမူကို လိုက်တုတာလည်း ရှိတယ်။ ဆိုက်ကားစီးမိပြီး အိမ်ရောက်တော့ ဆိုက်ကားနင်းတမ်းတစားတာ၊ ကားမောင်းတမ်း ကစားတာ၊ သေနတ် ပစ်တမ်း ကစားတာ၊ မင်းသမီးလို သရုပ်ဆောင်ပြတာ။ မင်းသားလို့ က, ပြတာ။ လူကြမ်းလို ကြမ်းပြ လုပ်ပြတာ အဲဒါက ပတ်ဝန်းကျင်အမြင်အာရုံစွဲ၊ ကောင်းတဲ့ဝန်းကျင်အစွဲကို စွဲရင် ကောင်းတဲ့ အသိအမြင် ရတာပဲ။

ဒါပေမယ့် လူက ကိုယ့်မျိုးရိုးကိုပဲ လိုက်ဖြစ်စေချင်တာ သဘာဝပဲ။ သူဌေးတမွေး အချိန်တန်ရင် သူဌေးသားလေး ဖြစ်စေချင်တယ်။ ဆရာဝန်သမားတော်ကြီးတာ မွေးတဲ့သားသမီး ဆရာဝန်ပဲ ဖြစ်စေချင်တယ်။ ကျောင်းအုပ်ဆရာကြီးကလည်း သူ့သားသမီးကို သူလိုပဲ ပညာတတ် ဆရာဖြစ်စေချင်တယ်။ အများအားဖြင့် ဖြစ်ကြတာများတယ်။ ဖြစ်အောင် ပံ့သွင်းပေးတယ်။ စေ့ဆော်စိတ်ကို မွေးမြူပေးတယ်။ တဲ . . . သူဌေးက မွေးတဲ့ကလေး သူဌေးစကား ပြောစေချင်သလား။ ဘယာကြော်ရောင်းတဲ့ ကုလားစကား အပြုအမူ၊ ရေထမ်းရောင်းတဲ့ ရေထမ်းသမားအပြုအမူမျိုး လုပ်ပြကစားတာ ဝါသနာ သဘောကျလား . . . ပြော''

''ကလေးကစားတာပဲ အဖေ''

''ပတ်ဝန်းကျင်ကလည်း လူကို ပြုပြင်တာပဲ။ ဗီဇကလည်း လူကို ရှေ့ဆောင်စေတာပဲ။ ပတ်ဝန်းကျင်က ရိုင်းနေရင် ရိုင်းတဲ့စကား၊ အပြုအမူ ကြာတော့ ဖုံးလွှမ်းလာရော။ အဲဒီအခင့် မရောက်အောင် မိဘက ပြုပြင်ပေးရမယ်။ မုဆိုးနားနီးမုဆိုး မဖြစ်စေနဲ့။ တံငါနားနီးတံငါ မဖြစ်စေနဲ့။ မုဆိုးနားနီးရင်တောင် သားကောင်သတ်တဲ့နည်းကို အတုမယူစေနဲ့။

သတ္တဝါကို သနားတတ်အောင်၊ ကြင်နာတတ်အောင် သင်ပေး။ ဒါကြောင့် မင်းကို အဖေ ကြိုပြောခဲ့တာပေါ့။ မိန်းမကို တစ်နေ့ သုံးခါရိုက်ဆိုတာ ဗိုပိုသာသာ ပြောလိုက်တာ။ ငါပြောတာက ကိုယ့်မိန်းမကို တစ်နေ့ သုံးကြိမ်လေးကြိမ် ဆုံးမပါ၊ စိတ်မပျံ့လွင့်အောင် ထိန်းကျောင်းပါ။ စိတ်ရဲ့သဘောက ဆန်းကြယ်တယ်သား။

မိန်းမနဲ့ ယောက်ျားမှာ ကာမဂုဏ်စိတ်က များသောအားဖြင့် မိန်းမတွေက များတယ်။ ပိုခံစားတယ်။ မင်းလည်း အိမ်ထောင်သည်ပဲ မင်းမိန်းမရဲ့ ကာမဂုဏ်ဆန္ဒ မင်း ပိုသိတာပေါ့။ မလွန်အောင် မင်းက ထိန်းကျောင်းပေးရတာကို တစ်နေ့သုံးကြိမ်ရိုက်လို့ ပြောတာ။ ဝါးခြမ်းပြားနဲ့ နေ့တိုင်းရိုက်လို့ ပိုပြောလိုက်





တာ။ မင်း ကျင့်သုံးလို့ သနားလာတော့ အခု မင်းကလေးနှစ်ယောက် သူဌေးမျိုးစရိုက်နဲ့ ကင်းကွာပြုမူနေတာ မင်းအမြင်ပဲ။

ပြီးတော့ မိန်းမဆိုတဲ့သဘောက လျှာရှည်တယ်။ မင်းတို့ မင်းယောက်ျားဆိုတဲ့လူက အတောင်နှစ်ဆယ်ရှည်တဲ့ တောင်ရှည်ကိုဝတ်တာ၊ မိန်းမဆိုတာက သုံးတောင်ပဲ ဝတ်တာ။ သို့သော် သူတို့လျှာက မင်းတို့ အတောင်နှစ်ဆယ်တောင်ရှည်ထက် ပိုရှည်တယ်။ သူလျှာရှည်၊ ပေရှည်နေရင် ပြိုင်ပြီး လိုက်မရှည်နဲ့။ ဟုတ်တာပေါ့ . . . မှန်တာပေါ့။ ဒါပေါ့ကွာ . . . အဲဒီလို ဖော်လိုလိုက်ပေး။ မိန်းမမှန်ရင် အမြှောက်ကြိုက်ချည်းပဲ။ အရုပ်ဆိုးတဲ့မိန်းမ မျက်ခုံးလေးလှလိုက်တာ၊ နှာတံက ပြားပေမင့် ရှေ့ကကြည့်ရင် ကြည့်ကောင်းတယ်။ အဲလိုပြော . . . နောင်ဆို မင်းမှမင်း ဖြစ်ရော၊ မင်းကို ပိုယုံကြည်မှု ရှိလာရော။ ပြီး မိန်းမဆိုတာ စိတ်ကောင်းတဲ့နေရာမှာ ကမ္ဘာပေါ်မှာ ပြိုင်စံမရှိတဲ့မျိုးပဲကွ။ တိရစ္ဆာန်စိတ်ကောက်တာ မြင်ဖူးလား''

''မမြင်ဖူးဘူး''

''တိရစ္ဆာန်စိတ်ကောက်ရင် ခေါင်းလေးပွတ်ပြီး တစ်ခုခုကျွေးလိုက်ရင် ချက်ချင်း စိတ်ပြေသွားရောကွ။ မိန်းမ အတူးသဖြင့် ဇနီးမယားက အာကလန်ဝါကလန် ချော့လို့ စိတ်ကောက်စိတ်ဆိုးမပြေဘူးကွ။ ကောက်ကြောရှည်တယ်။ ဒီကောက်ကြောကို အမိကိုင်နိုင်မှ စိတ်ကောက်ပြေတာ။ စိတ်ကောက်ပြေသွားရင်လည်း အသဲကို စာစာနဲ့ ခါနေတာပဲ။ စိတ်ကောက်ပြေတဲ့နေ့ ညများဆိုလင်မယား တယ်ပျော်ပဲ။ မောင် . . . မောင် . . . အစ်ကို . . . အစ်ကိုနဲ့ မောင့်သဘောရှိပဲ။

ပြီး မိန်းမဆိုတာ 'မူ' တတ်တယ်။ အချို့ အမူလွန်လို့ လင်မရတဲ့ အပျိုကြီးဘဝနဲ့ ငှက်ပျောတုံးဖက်ပြီး ဘဝတုံးသွားတယ်။ 'မူ'တာနဲ့ 'မူယာမာယာ' နဲ့ မတူဘူးနော်။ 'မူ' တာက ရှက်နေတာနဲ့ ရောနေတယ်။ မူယာမာယာက ပလီတာကို ပြောတာ။ ဖျားယောင်းနေတာ၊ သွေးဆောင်နေတာ၊ အသံနဲ့ ဟန်နဲ့ မထိတထိ ကစားနေတာ။ မူယာမာယာက ကျော့ကွင်းနဲ့ ထူတယ်။ နှင်းမိရင် ကျော့ကွင်းစွပ်ပြီး သားကောင်ဖြစ်ရော။ မိန်းမဆိုတာ သူတို့ကြိုက်ကို ယောက်ျားလုပ်တဲ့လူက လိုက်ရောနေလို့ အဲဒီယောက်ျားကို သူတို့စကားနားထောင်တဲ့ ယောက်ျားဆိုပြီး ဂုဏ်ယူလက်မ ထောင်လေ့ရှိတယ်ကွ။ အဲ့ဒါက စိတ်ပဲကွ . . . စိတ်။

အဲဒီ စိတ်ကပဲ ချစ်တာ၊ မုန်းတာ၊ ဖောက်ပြန်တာ၊ ဥစ္စာ[illegible] သေရဲတာ၊ သတ်ရဲတာ။ အမှားကို အမှန်ထင်ပြီး အမှန်ကို အမှားလို့[illegible] တာ။ အိမ်ထောင်ရေး သာယာချင်ရင် စိတ်ရော၊ ရုပ်ရော မဖောက်ပြန်[illegible]



www.burmeseclassic.com

www.burmeseclassic.com



နေ့ကို ကြိုးစားရှာ။ ကျန်းမာရေးကို ဂရုစိုက်၊ မိန်းမတစ်ယောက်က ယောက်ျား တစ်ယောက်ကို အထင်လွဲသွားပြီဆိုရင် ဖြေဆေးထိုးဖို့ အတော်ခက်တယ်။

ဘာလို့လဲဆိုတော့ အစွဲစိတ်ကြီးလို့ပဲ။ ချစ်ရင်လည်း အစွမ်းကုန်ချစ် တာ မိန်းမကွ။ မုန်းရင်လည်း ကိုယ့်လင်ကိုယ်သတ်ဖို့ ဝန်မလေးတာမိန်းမပဲ။ လင်နဲ့ကလေးတွေ ထားရစ်ပြီး ထွက်သွားရဲတာလည်း မိန်းမပဲ။ မိန်းမနဲ့တူတဲ့ ယောက်ျားတွေလည်း ရှိတာပဲ။ နောက်ဆုံးပြောချင်တာက မိန်းမဆိုတာ မျိုးသိပ် တဲ့နေရာမှာ ထုထည်ကြီးတယ်။ ယောက်ျားတစ်ယောက်ကို အကဲခတ်တဲ့စိတ် ကလည်း ပါဝါအားပြင်းတယ်။ ဒါကြောင့် ကိုယ့်မိန်းမကို တစ်နေ့သုံးကြိမ် ဆုံးမပါ။ သတိပေးပါ။ ကိုယ်၌ကလည်း လင်ကောင်းတစ်ယောက်ဖြစ်အောင် စိတ်ရောကိုယ်ပါ သန့်စင်အောင် ပြုမူနေထိုင်ပါ။

မိန်းမကတောင် အထင်ကြီးသွားပြီ၊ သဘောကျသွားပြီဆိုရင် မင်းအိမ်ဦး နတ်ဖြစ်ပြီလို့သာ မှတ်။ ဒီလိုပဲ မိန်းမတစ်ယောက်က အထင်မကြီးတော့ဘူး၊ ယုံကြည်ကိုးစားမှုလည်း မရှိတော့ဘူးဆိုရင် အိမ်ဦးနတ်ဘဝက ချာန်လျှောပြီး မင်း ဂျလေဘီဘဝရောက်သွားပြီ၊ တန်ဖိုးမဲ့သွားပြီလို့ မှတ်တော့လို့ အဖေသူဌေး ကြီးက သူ့သား သူဌေးလေးကို ဆုံးမတယ်။ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္မျူလလို မိန်းမမျိုးရှားပေမင့် ရှိပါတယ်တဲ့။ မင်းတို့သာ အနော်ရထာမင်း၊ ကျန်စစ်သားမင်း၊ မင်းတုန်းမင်း၊ ကနောင်မင်းသားလို မယားတွေအများကြီး မယူသ၍ မိန်းမက မင်းကို အိမ်ဦးနတ်ရာထူး ရွှေနဖူးစည်းမှာ စိန်စီပြီး နေ့စဉ်ဆက်သ ဂါရဝပြု ချစ်မြတ်နိုး နေမှာပါကွာတဲ့။ ဒီပုံပြင်လေးက အိမ်ထောင်သည်တွေအတွက်တော့ အလေးထား ရမည့် ဆုံးမစကားတွေပဲ ... ညွှန့်သည်။ ခင်ဗျားကို အကဲခတ်ရတာလည်း ဇနီး မယားကြောင့် သောကဗျာများနေပုံပဲ ... ဟုတ်ရဲ့လား''

ဆိုက်ကားနင်းတဲ့ဆရာက မိသားစုတစ်စုရဲ့ အိမ်ထောင်ရေးဒဿနတွေ ကို ရှည်လျားစွာပြောပြီး ကျွန်တော့်ကို မေးနေတာဗျာ။ ဒီလူ တော်တော်ကြီးကို စကားပြောနိုင်တဲ့လူဗျာ။

''ဆိုက်ကားဆရာ ...''

''ပြောပါ ... ညွှန့်သည်၊ ဆွေးနွေးစမ်းပါဗျာ''

''ခင်ဗျား ပညာ ဘယ်အတန်းထိ သင်ယူခဲ့လဲဗျ''

''ကျွန်တော်လား ... တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ဖူးတယ်ဗျ''

''ဟင် ... အဲဒီလောက် ပညာတတ်ပြီးမှ ဆိုက်ကားနင်း ...''

''ကျွန်တော် စပါးဒိုင်မှာ တာလီစာရေး လုပ်ခဲ့ဖူးတယ်၊ ကုန်သွယ်ရေးမှာ စာပို့အဆင့် လုပ်ခဲ့ဖူးတယ်။ အခုတော့ ကုန်သည်တစ်ဦးရဲ့ ဂိုဒေါင်မှာ ညစောင့် လုပ်နေတယ်။ နေ့ခင်းဘက် ဆိုက်ကားနင်းပေါ့''





''ဘာလို့ အစိုးရဝန်ထမ်းအလုပ်ကို မလုပ်ရတာလဲ''

''အစိုးရအလုပ်က စေတနာထားပြီးလုပ်ကြရင် တိုင်းပြည်အကျိုး ရှိတာ ပေါ့ဗျာ။ သို့သော် ကျုပ်တွေ့ခဲ့ရတဲ့ အစိုးရဝန်ထမ်း အတော်များများက သူခိုးတွေ ချည်းပဲဗျ''

''ဗျာ ...''

''သူခိုးကြီးနဲ့ သူခိုးလေးပဲ ကွာတာ။ ကျုပ် အများမိုးခါးရေသောက်သလို ဝင်မသောက်ချင်ဘူး။ ကျွန်တော့်မိဘများလည်း ဆင်းရဲသားပဲ၊ ညီအစ်ကိုမောင်နှမ တွေလည်း လုပ်လုပ်စားစားပဲ။ ဆင်းရဲပေမင့် သိက္ခာနဲ့နေကြတယ်။ ကိုယ်ကျင့် တရားကောင်းအောင် နေထိုင်ကြတယ်။ ကျွန်တော်တို့မျိုးရိုးမှာ သူခိုးမရှိဘူး၊ ဓားပြ မရှိဘူး၊ လာဘ်စားတဲ့လူ မရှိဘူး။ ဆိုက်ကားနင်းစားတာ သူဌေးတော့ မဖြစ်ဘူးဗျ။ ဆိုက်ကားနင်းစားရင် သူဌေးဖြစ်နိုင်တယ်လို့ ပြောတာ ကျပ်မပြည့်တဲ့လူတွေ ပြော တာ။ အကြွေးများလို့ရှိရင် ထမင်းတစ်နပ်လျှော့စားလို့ ပြောတဲ့လူကလည်း ဦးနှောက်မှုမမှန်လို့ ပြောတာဗျ။ ဆိုက်ကားနင်းတာ ထမင်းစားဖို့ရတယ်။ ခရီးသည်နဲ့ အလိုက်အထိုက်ပေါင်းသင်းပြီး မိတ်ရအောင် ကြိုးစားရတယ်။ အခု ကျွန်တော့်သမီး (၁၀)တန်း ရောက်ပြီ။ သားက (၉)တန်းရောက်ပြီ။ ဆိုက်ကားသမား သား ဆိုက်ကားသမားပဲ ဖြစ်ရမယ်ဆိုတဲ့ ရှေးရိုးစွဲ အယူအဆ ကျွန်တော့်မှာ မရှိဘူး။ သူတို့ကို ဘွဲ့ရပညာတတ်ဖြစ်အောင် ဒီဆိုက်ကားနဲ့ ကြိုးစားနေတာ နှစ်မနည်း တော့ဘူး။ သို့သော် သားတွေသမီးတွေကို ဘဝမမေ့နဲ့၊ မိန်းမကိုလည်း ဘဝင်မမြင့် နဲ့လို့ တစ်နေ့ သုံးကြိမ်မက ဆုံးမသတိပေးနေတာပဲ။ ဒီဆိုက်ကားက ကျွန်တော် တို့မိသားစုရဲ့ ကျေးဇူးရှင်ဗျ။ သိန်းထီဆုကြီးပေါက်လို့ သူဌေးဘွဲ့ရရင်တောင် ဒီ ဆိုက်ကားကို အုံနာမချဘူးဗျာ။ ဆိုက်ကားကို ရွှေချပြီး သိမ်းထားမယ်ဗျာ''

သြော် ... ကိုဖုံးပုံဆိုတဲ့ ဆိုက်ကားဆရာမှာ ရည်မှန်းချက်ကောင်းတွေ ရှိနေပါလား။ သူ့စိတ်ဓာတ်က မြင့်မြတ်လှပါကလား။

''ဒါနဲ့ ခင်ဗျားနာမည်ကလည်း ဖုံးပုံပဲလားဗျ''

''ဖုံးပုံက ဆိုက်ကားနာမည်ပါဗျာ။ ကျွန်တော့်နာမည်က ကိုကွမ်းခြံတဲ့ ခင်ဗျ''

''ကိုကွမ်းခြံ ... ခင်ဗျားကို ကျွန်တော် လေးစားသွားပြီဗျာ။ ခင်ဗျားတ ည့်ရွယ်ချက်၊ ရည်မှန်းချက်နဲ့ ရုန်းကန်နေတဲ့ ဖခင်ပါလားဗျာ။ ခင်ဗျားလို လင်သား ရတဲ့ အိမ်ရှင်မလည်း ကံကောင်းလိုက်ပါဘိဗျာ။ ဒါနဲ့ ခင်ဗျား စာတွေဘာတွေ ဖတ်လားဗျ''

''သိပ်ဖတ်တာပေါ့ဗျာ။ လူမရသေးရင် စာပဲ ဖတ်တာဗျ။ ရှေ့က အိတ် ထဲမှာ စာအုပ် (၂)အုပ် အသင့်ပဲဗျ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာစာအုပ်တွေ ခင်ဗျားဖတ်တုံး"

"အစုံပါပဲဗျာ"

"ဘယ်စာရေးဆရာတွေကို ကြိုက်တုန်း ... ကိုကွမ်း"

"ဗန်းမော်တင်အောင်၊ မြသန်းတင့်၊ လူထုဦးလှ၊ လူထုဒေါ်အမာ၊ မောင်နေဝင်း၊ မောင်သာရ၊ ဒေါ်ကြန်၊ မင်းကျော်၊ တင့်ဆန်း၊ နတ်နွယ်၊ မောင်သိန်းဆိုင် အကုန်ကြိုက်တယ်။ သူတို့ရေးတဲ့စာအုပ်တွေ ရသမျှ ဖတ်တယ်ဗျာ"

"ဝယ်ဖတ်တာလား၊ ငှားဖတ်တာလား"

"ငှားဖတ်တာ များတယ်ဗျာ။ ကိုယ်ပိုင်ဝယ်ဖို့က မတတ်နိုင်သေးဘူးလေ။ ကျွန်တော်ဝယ်သိမ်းထားတဲ့ စာအုပ် (၃)အုပ် ရှိတယ်ဗျ။ ကလေးတွေကိုလည်း ပေးဖတ်တာပေါ့"

"ဘယ်သူရေးတဲ့ စာအုပ်တွေတုံး ... ကိုကွမ်း"

"ဆရာကြီးမြသန်းတင့်ရေးတဲ့ 'ခါးတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်' စာအုပ်နဲ့၊ စာအုပ်ဆရာမ စိန်စိန်ရဲ့ 'ရိုးမတောင်ကြီးသာ ဖြိုလိုက်ချင်တော့' ရယ်၊ ဆရာကြီး လူထုဦးလှရေးတဲ့ 'ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်း' ဆိုတဲ့ စာအုပ်ကတော့ ကိုယ်ပိုင်ဝယ်ထားပြီး တစ်အိမ်သားလုံး ဖတ်ကြတာပေါ့ဗျာ"

ဆိုက်ကားဆရာကိုကွမ်းခြံ ဒီလို စာဖတ်အားကောင်းပြီး ခံယူချက်မှန်ကန်လို့သာ အိမ်ထောင်ရေးရော၊ ဒသနတွေပါ ပြောနိုင်တာပါလားလို့ သဘောပေါက်ခဲ့ရတယ်။

ကိုကွမ်းခြံဖတ်တဲ့ စာအုပ်တွေက မြန်မာစာပေသမိုင်းမှာ ဂန္ထဝင်တင်ကျန်ရစ်တဲ့ စာအုပ်တွေပဲလေ။ သူကြိုက်တဲ့၊ ဖတ်တဲ့ စာရေးဆရာကြီးတွေကလည်း ရသစာပေကောင်းတွေနဲ့ အတွေးအခေါ်ကောင်းတွေကို ရေးသားကြတဲ့ ဂန္ထဝင်စာရေးဆရာကြီးတွေ ဟုတ်ပါရိုးလားဗျာ။

အင်း ... ကိုယ့်ထက်စာဖတ်တဲ့လူကို လာတွေ့နေတာကိုး။

ဒါကြောင့် ပြောပုံဆိုပုံ လေးနက်နိုင်မာပါတယ်လို့ ထင်နေတာ။ ဒီအချိန်မှာ ဒီလို လူကောင်းလူမှတ်လိုလူနဲ့ တွေ့ရတာ ကျေနပ်စရာပါပဲဗျာ။

ကိုကွမ်းခြံစကားထဲမှာ နစ်မြောခဲ့ရလို့ ချစ်သူလရောင်စိုကြောင့် ရင်ပူနေရတဲ့ သောက အခိုက်အတန့် ငြိမ်းသွားခဲ့တယ်။

"ဒါနဲ့ ... ညွှန်သည့် ခင်ဗျားနာမည်က ..."

"ကိုရွှေမင်းစုန်လို့ ခေါ်ပါတယ်ဗျာ"

"စာရေးဆရာလား"

"မဟုတ်ပါဘူးဗျာ ... စာဖတ်တာတော့ ဝါသနာပါတယ်ဗျ"





"ကိုင်း ... ကိုရွှေမင်းစုန်၊ ရှေ့ကဟာ မော်တော်ရေဆိပ်ပဲ။ ခင်ဗျား ဘာသာ စုံစမ်းပြီး လိုက်သွားတော့။ နောင် ဒီမြို့ကလေးကို ရောက်လို့ ကျွန်တော့်ကို တွေ့ချင်ရင် ဒုံးပျံဆိုက်ကား ဘယ်မှာတုံးလို့သာ ဂိတ်မှာမေးလိုက်"

"ကျေးဇူးပါပဲ ... ကိုဒုံး ... အဲ ... အဲ ... ကိုကွမ်းခင်ဗျ။ ဟောဒီ ထောင်စီးခကိုတော့ လက်ခံပါခင်ဗျာ"

ကျွန်တော် ကိုကွမ်းခြံကို နှုတ်ဆက်ပြီးနောက် မော်တော်ရေဆိပ်ရှိရာကို ဆင်းလာခဲ့လိုက်တယ်။

ရေဆိပ်မှာ မော်တော်တွေနဲ့ စက်တပ်ပဲ့ထောင်တွေလည်း တွေ့ရတယ်။ တစ်နေရာမှာတော့ စက်လှေကြီးတွေ ကုန်တင်ကုန်ချလုပ်နေကြတာကို မြင်ရတယ်။

"ဒီမှာဗျာ ... ဘယ်မော်တော် အရင်ထွက်မလဲဟင်"

"ဟောဟို ... ရွှေမြရံမော်တော် မကြာခင်ထွက်မယ်။ ခင်ဗျားက ဘယ်သွားမှာမို့လဲ"

"အဲ .. အဲ .. ဒီမော်တော်က ဘယ်အထိရောက်မှာလဲ .. နောင်ကြီး"

"ဒီမော်တော်က လှိုင်းဘွဲ့ချောင်းအတိုင်းသွားမှာ။ ဂျိုင်းမြစ်ကို ရောက်မယ်။ ကော့ဘိန်းတို့၊ မော်လမြိုင်တို့ကို ဆက်သွားလို့ရတယ်။ မြောက်ဘက်ကို သွားရင်တော့ မြိုင်ကြီးငူအထိ သွားလို့ရတယ်။ ဘယ်သွားမလို့လဲ လှုပြည့်ရှင် ထွက်တော့မယ်"

"မော်လမြိုင်ရောက်တယ်နော်"

"ကော့ဘိန်းကိုရောက်ရင် မော်လမြိုင် မဝေးတော့ဘူးလေ။ မော်လမြိုင်ကနေ တောင်ဘက်ကို ဆက်သွားရင် ကျိုက်မရောတို့၊ ကျောက်တစ်လုံးတို့ကို ရောက်တယ်။ ဆက်သွားချင်ရင် သံဖြူဇရပ်လည်း ရောက်တယ်။ ရထားလမ်းရှိတယ်။ သံဖြူဇရပ်ကနေ ဆက်သွားချင်ရင် ဝင်းကနားရောက်မယ်။ ဝင်းကနားက ဆက်သွားရင် ဘုရားသုံးဆူပဲ။ ဘုရားသုံးဆူ တောင်ကြားက ရှေ့နားတင်ပဲဗျာ"

ဒါနဲ့ ကျွန်တော်က ရေဆိပ်ရုံးကလူကို မေးကြည့်ရတာပေါ့။

"နောင်ကြီးရယ် ... စောစောလေးတုန်းက မော်တော်တစ်စီးနဲ့ မျက်နှာကို မျက်နှာသုတ်ပဝါပေါင်းထားတဲ့ အမျိုးသမီးတစ်ဦးပါသွားတာ မြင်လိုက်ရပါသလားခင်ဗျာ"

"မျက်နှာနဲ့ခေါင်းကို တဘက်တို့၊ ပုဆိုးတို့၊ ပဝါတို့နဲ့ ပေါင်းအုပ်ထားတဲ့ မိန်းမတွေက အယောက်(၁၀၀)လောက် ရှိတယ်လေဗျာ"

"ဟို ... ဟို ... လွယ်အိတ်ဖောင်းဖောင်း လွယ်ထားတဲ့ခင်ဗျား [illegible]ာက်မှာ ဖိနပ်မပါဘူး။ အသက်က (၂၅)နှစ်ခန့် ရှိမယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားကြီးက စဉ်းစားသလို လုပ်ရင်းက ...

"ရေဆိပ်အဆင်းမှာ ချော်လဲသွားတဲ့ မိန်းကလေးများလား"

"သူ ... သူ ... ပုံသဏ္ဌာန်က ကျွန်တော်ပြောတဲ့ အတိုင်းပဲလား ဟင်။ သူ့ညာဘက်ပါးပေါ်မှာ စံပယ်တင်မှဲ့တစ်လုံးရှိတယ် ... နောင်ကြီးရာ ... ဟုတ်လား ... ဟုတ်လားဗျာ"

အလျင်စလိုမေးနေတဲ့ ကျွန်တော့်ကိုကြည့်ပြီး ...

"မောင်ရင်က ရဲလား"

"မဟုတ်ပါဘူးဗျာ ... ဇ ... ဇနီးသည် အိမ်ကနေထွက်သွားလို့ လိုက်ရှာနေတာပါဗျာ။ စောစောကလဲကျတဲ့ ..."

"မှဲ့ ... ဟုတ်လား ..."

"ဟုတ်ကဲ့ ... စံပယ်တင် မှဲ့နက်လေးခင်ဗျ"

"စံပယ်တင်မှဲ့တို့၊ ကြက်ဆူပင်မှဲ့တို့တော့ ငါမသိဘူး။ မိန်းမရဲ့ မျက်နှာသုတ်ပဝါ ပြေကျသွားတော့ သူ့မျက်နှာပေါ်မှာ နဖူးနဲ့မျက်ခုံးမှာ မီးခုတ်ရာလို အမာရွတ်ကြီး အတော်ကြီးတယ်။ အမျိုးသမီးက ဆံပင်အုံ ကောင်းကောင်းရှည်ရှည်ပဲ။ ရေဆိပ်ကလူတွေ ဆွဲထူပေးကြရတယ်။ ဒူးခေါင်းလည်း အရည်လန်သွားတယ်"

"ဟို ... ဟို ... လွယ်အိတ်ကြီး ... ပါ ... ပါလားဟင်"

"ပါတယ် ... လွယ်အိတ်ထဲက မုန့်တွေနဲ့ ထဘီ၊ အင်္ကျီတွေ ထွက်ကုန်လို့ ကောက်ထည့်ပေးရတယ်။ အသားဖြူဖြူလေးပဲ"

"မှဲ့ ... မှဲ့ကို မမြင်လိုက်ဘူးလားဟင် ... နောင်ကြီး"

"မီးခုတ်ရာတွေ တော်တော်နက်ပုံရတယ်ကွ။ ဖိနပ်လည်း မပါဘူး။ ငါတို့လူတွေ ထူပေးမှ ထွက်မည့်မော်တော်ပေါ် ထော့နင်းထော့နင်းနဲ့ တက်သွားတာ တွေ့လိုက်တယ်"

"ဒီဓာတ်ပုံကို ကြည့်စမ်းပါဗျာ ... သူမနဲ့ တူလားဟင် .. နောင်ကြီး"

"အင်း ... မျက်နှာတော့ မတူဘူး။ ကိုယ်နေထားတော့ တူသလိုပဲ"

"မော်တော်အမည်ကို သိလားဟင် ... နောင်ကြီး"

"မော်တော်အမည်က သုံးပန်လှတဲ့"

"ကျေးဇူးပါပဲဗျာ ... ခွင့်ပြုပါဦးနော်"

ကျွန်တော် မော်တော်ရှိရာကို ဗောတံတားအတိုင်း ခပ်သုတ်သုတ်ဆင်းလိုက်တယ်။

"ဗျို့ ... ဆရာလေး၊ လိုက်မှာလားဗျ"

"လိုက်မယ်ဗျ ... လိုက်မယ်"





"မြန်မြန်လာ ... ထွက်တော့မယ်"

မော်တော်ပေါ်ကို အမြန်ခုန်တက်လိုက်တယ်။ မကြာခင်မှာပဲ ခရီးသည်နှင့် ကုန်ပစ္စည်းတွေပါတဲ့ မော်တော်က လှိုင်းဘွဲ့ချောင်းရေပြင်ကို ထိုးခွဲပြီး တောင်အရပ်လို့ ထင်ရတဲ့အရပ်ကို မျက်နှာမူပြီး မော်တော်က ရေဆိပ်အချို့မှာ ဆိုက်ပြီး လူဆင်းလူတက် လုပ်တယ်။ အချို့ကုန်သည် ကုန်တွေကို ချတယ်။ ဒီလိုနဲ့ ခရီးသည်တွေကို မေးမြန်းကြည့်တော့ ရှေ့ကဟာ ဒေါ်လန်း (Daw Lan) ဟိုဘက်ကတောင်တွေက ကရင်ပြည်နယ်တဲ့။

ကျွန်တော် လူစည်ကားတဲ့ရွာတွေမှာ ဆင်းပြီး ချစ်သူလရောင်စိုကို စုံစမ်းခဲ့တယ်။ ဘယ်သူမှ မသိကြဘူး။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်။

စဉ်းစားစရာက မော်တော်ဆိပ်က ဆိပ်ကမ်းအလုပ်သမားကြီး ပြောတဲ့ဆို အသားဖြူတယ်တဲ့။ လွယ်အိတ်ကြီးပါတယ်။ ဖိနပ်မပါဘူးတဲ့။

ချော်လဲတော့ မျက်နှာသုတ်ပဝါ ပေါင်းအုပ်သိုင်းထားတဲ့ မျက်နှာသုတ်ပဝါ ပြုတ်ကျသွားတယ်။ ဆံပင်ရှည်တယ်။

မျက်နှာ၊ နဖူး၊ နားထင်လို နေရာတွေမှာ မီးခုတ်ဒဏ်ရာလို ဒဏ်ရာ အမာရွတ်တွေက ရုပ်ကို ဆိုးစေတယ်တဲ့။

လရောင်စိုမှာ ဒီလို ရုပ်ဆင်းပျက်လောက်တဲ့ မီးဒဏ်ရာမျိုးမရှိပါဘူးဗျာ။ သူ့ပါးမှာ ရှိနေတာက ချစ်စရာကောင်းတဲ့ စံပယ်တင်မှဲ့လေးပါဗျာ။

သို့သော် ... ဒီဒဏ်ရာ အမာရွတ်ကလွဲရင် ကျန်တဲ့အချက်က လရောင်စိုနဲ့ တူညီတယ်။ ဆိုက်ကားဆရာ ကိုကွမ်းခြံပြောတာနဲ့ ဆိပ်ကမ်း အလုပ်သမားပြောတာ တူညီနေတယ်။

ဓာတ်ပုံကို ထုတ်ပြတော့ ဆိပ်ကမ်းလုပ်သားကြီးက စဉ်းစားသလိုလုပ်ပြီး မျက်နှာ မတူဘူးတဲ့။

ကိုယ်နေကိုယ်ထား တူပုံရသတဲ့။

ဘာကြောင့် သူမရဲ့ နူးညံ့ပါးပြင်မှာ မီးခုတ်ရာ အမာရွတ်တွေ ရှိရတာလဲဗျာ။ လုံးဝ ဖြစ်နိုင်မယ်မထင်ဘူး။

သို့သော် ကိုယ်လည်း သူ့ကို မမြင်ရဘူး။

လရောင်စိုကို မြင်ဖူးတာဆိုရင် စိန်နုပန် ဝါးခုတ်ရောင်းတဲ့ ကိုသျှောင်ကြီး(ခေါင်းတုံး)တစ်ယောက် တောထဲမှာ ဝါးခုတ်သွားရင်း မြင်ခဲ့ဖူးတာ။

အလွန်လှတဲ့ မိန်းကလေးတဲ့။

အဝတ်အစား မရှိဘူးတဲ့။

ပါးပေါ်မှာ စံပင်တင်မှဲ့တစ်လုံးကို တွေ့ခဲ့တယ်တဲ့။

မိန်းကလေး (လရောင်စို)က ကြောက်လန့်နေတာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုသျှောင်ကြီး (ခေါင်းတုံး) က သူ့ပုဆိုးတစ်ထည် လှမ်းပစ်ပေးတော့ ခန္ဓာကိုယ်မှာပတ်ပြီး တောနက်ထဲ ထွက်ပြေးသွားတာ။ ဒါ မိုးကြီးရေကြီးနဲ့ မျောပါသွားတဲ့ လရောင်စိုပဲဗျာ။

ဒီနေရာမှာသောင်တင်ပြီး အဝတ်အစားမရှိတော့ တောထဲမှာပုန်းနေတာဖြစ်မယ်။ ကျွန်တော်နဲ့ကိုသျှောင်ကြီးတို့ လိုက်ရှာတော့ ကျားခြေရာနဲ့ ကိုသျှောင်ကြီးပေးလိုက်တဲ့ ပုဆိုးပြတ်စ အပိုင်းတွေပဲ တွေ့ရတယ်။

ကျားချီသွားပြီ၊ ကျားစားသွားပြီတဲ့။

ဒါဆို လရောင်စို ကျားကိုက်လို့ အသက်မသေဘဲ ကျားကုတ်တဲ့ ဒဏ်ရာတွေနဲ့များ ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး ကျွန်တော်တို့အိမ်ကို မပြန်ဘဲ ဘဝဟောင်းကို မေ့ပစ်ပြီး ဘဝသစ်နဲ့ လျှောက်သွားနေရော့လား။

လရောင်စို ထမင်းဆိုင်မှာ ကျွန်တော့်ကိုကြည့်ပြီး မျက်ရည်ကျနေတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပြီဗျာ။

ကျွန်တော်နဲ့ရှင်မီးတောက်ကိုမြင်ပြီး အထင်လွဲထွက်ပြေးတာနဲ့တူတာပဲ။

လရောင်စို အသက်ရှင်နေတာ ကျွန်တော်သိပြီဗျာ။

လရောင်စိုကို မတွေ့တွေ့အောင် ရှာမယ်။

ကျားပဲကိုက်ကိုက်, ကုတ်ကုတ်၊ ဓားနဲ့ပဲ အမွှမ်းခံရခံရ ခန္ဓာကိုယ်ပဲနွဲ့ရင် နွဲ့ပစေဗျာ သူ့ကို ကျွန်တော် ချစ်မြဲတ်နိုးတယ်။ သူမရင်ထဲမှာလည်း ကျွန်တော့်ပုံရိပ် နိုင်ကြည်နေမယ်ဆိုတာ ကျွန်တော် ယုံကြည်တယ်။

သူနဲ့တွေ့ရင် ဒီကိစ္စတွေ ရှင်းပြမယ်ဗျာ။ ကျွန်တော့်ရဲ့ မိုးကျရွှေကိုယ်ဘဝ ...

ပြီးတော့ ရေဆုံးမြေဆုံး ကမ္ဘာကုန်ကျယ်သရွေ့ အချစ်ကြီးစွာနဲ့ လိုက်ရှာနေခဲ့ရတဲ့အကြောင်း ...

သူ မယုံကြည်ရင် စွယ်စုံရွာဆိုတဲ့ ဂမ္ဘီရရွာကိုခေါ်သွားပြီး ရှင်မီးတောက်နဲ့ တွေ့ပေးမယ်။

အို ... ရှင်မီးတောက်။

ကျွန်တော့်လိုပဲ လေဆင်နှာမောင်းနဲ့ မြို့တွေ၊ ရွာတွေ ကျော်ဖြတ်ပြီး စွယ်စုံရွာမှာ မိုးပေါ်ကကျခဲ့တဲ့၊ သူ့နောက်ကြောင်းတွေ ပြန်သတိမရတဲ့ မိန်းမချောလေး။

သူ ကျွန်တော့်ကို ခင်မင်တွယ်တာနေတာ။

သံယောဇဉ်ကြီးနေတာ။

မျက်စိအောက်က ပျောက်သွား၊ ထွက်သွားမှာကို စိုးရိမ်နေတာ။ ကျွန်တော့်ရဲ့ မနောအာရုံတွေ ပြန်ကောင်းလာပြီဗျာ။ ဒါ ချစ်သူလရောင်စိုကို မြုန်းစားကြီးမြင်လိုက်ရလို့ ပြန်ရတဲ့ နောက်ကြောင်းတွေ။





နောက်ကြောင်းတွေနဲ့အတူ ပစ္စုပ္ပန်ရဲ့ ပုံရိပ်တွေတိုပါ ကျွန်တော် မမေ့မပျောက် သတိရနေတယ်ဗျာ။

ဒါလည်း ညီမလေးရှင်မီးတောက်ရဲ့ ကျေးဇူးတွေပဲလို့ ပြောရင် မှားဘူးလေဗျာ။

ရှင်မီးတောက်လည်း အထင်လွဲခဲ့ပြီပေါ့။

ချစ်သူလရောင်စိုလည်း အထင်လွဲခဲ့ပြီပေါ့။

ကျေးဇူးရှင် စွယ်စုံရွာက အဘွား မြကြီးငွေတို့လည်း ကျွန်တော့်ကို မုန်းသွားလေရော့လား။ တစ်နေ့တော့ အဖြစ်မှန်တွေ သိကြမှာပါလေ။

ကျွန်တော် ညီမလေး ရှင်မီးတောက်ကိုလည်း အတိတ်ကို ပြန်သတိရစေချင်တယ်။ ဆရာကြီးငြိမ်းပြောတာ မှန်လိုက်တာ။ အကြောက်တရားတွေ ပြယ်တဲ့နေ့ ...

ဒါမှမဟုတ် အတိတ်ကလူတွေနဲ့ ပြန်ဆုံတွေ့မယ်ဆိုရင်လည်း အာရုံကြောတွေ ပြန်ကောင်းပြီး မှတ်ဉာဏ်တွေ ပြန်ပေါ်လာနိုင်ပါတယ်တဲ့။

ကျွန်တော့်ကိုကြည့်ပြီး မျက်ရည်ကျနေတဲ့ မိန်းကလေးပါးပြင်ပေါ်က မှဲ့ကလေးကို မမျှော်လင့်ဘဲတွေ့ရရော ဖြုန်းခနဲ အာရုံထဲမှာ မြင်သိခံစားလိုက်ရတယ်။

ဒါ လရောင်စို။

ကျွန်တော့်ချစ်သူ လရောင်စို။

မင်္ဂလာဆောင်တဲ့နေ့က မြင်ကွင်းတွေ တဖျပ်ဖျပ် အာရုံမှာပေါ်လာတယ်။ ပြီးတော့ ...

အုတ်ဂူ၊ ခေါင်းတလား။

ကြောက်လန့်တကြား ပြေးနေတဲ့ လရောင်စို။

မိုးသက်လေပြင်းများ။

တဝေါဝေါ တဝုန်းဝုန်း လှိုင်းထစီးမျော တိုက်စားနေတဲ့ ရေပြင်။ ပြီးရေထဲကို ပြုတ်ကျပြီး ရေစီးနဲ့မျောပါသွားတဲ့ ပုံရိပ်။

ကျွန်တော် ချစ်သူ၊ ရင်းနှီးသူရဲ့ မျက်နှာကို မြင်လိုက်ရတာနဲ့ အာရုံတွေနိုးကြွ ပြန်လည်ရှင်သန်လာခဲ့တယ်။

ညီမလေး ရှင်မီးတောက်။

ကျွန်တော် ဘာကြောင့် အတိတ်နဲ့ ပစ္စုပ္ပန်ကို ပြိုင်တူ မှတ်မိနိုင်တာလဲ။ ခံစားနိုင်နေရတာလဲ။ ထူးဆန်းလိုက်တာ။

ဘဝပေးကုသိုလ်ကံတရားကိုလည်း ကျေးဇူးတင်လိုက်တာ။ ကျွန်တော့်ညီမလေး ရှင်မီးတောက်လည်း အတိတ်ဘဝမှာ ပတ်သက်နွယ်ဆက်ခဲ့သူနဲ့ ပြန်တွေ့ပြီး အတိတ်ကို သတိရပါစေ။



www.burmeseclassic.com

www.burmeseclassic.com



အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်းများနဲ့ ချစ်ရသူကိုပါ ပြန်လည်ဆုံဆည်းနိုင်ပါစေ။

ကျွန်တော် ဆုံးဖြတ်ချက်နှစ်ခု ချထားတယ်ဗျ။

တစ်ခုက ချစ်သူလရောင်စိုကို မတွေ့တွေ့အောင် ရှာမယ်။

နောက်တစ်ခုက ညီမလေးရှင်မီးတောက်တို့နေတဲ့ စွယ်စုံရွာကို အရောက်ပြန်သွားမယ်။

ချစ်သူ လရောင်စိုကို ကျိန်စာပေးနတ်မင်းပူဇော်တဲ့ ကျောက်ထရံနဲ့ မြွေကြီးကို လိုက်ပြမယ်။

အမေကျောက်မှီတစ်လုံးရဲ့ ထူးဆန်းတဲ့ ဖြစ်စဉ်တွေကို လိုက်ပြမယ်။ အဘွားမြကြီးငွေတို့ရွာက ကျိန်စာသင့်နေတယ်လို့ ယူဆနေတဲ့ အကြောင်းတရားကို ချေဖျက်ပေးဖို့ သူငယ်ချင်း ဆရာဝန်တွေ၊ ကျောင်းဆရာတွေကို ခေါ်လာခဲ့မယ်ဗျာ။

✿ ✿ ✿

[၂၇]

❑

ဒါ . . . ကံတရားရဲ့ ဆန်းကြယ်ခြင်းလား။

ဒီကံတရားမှာ မမြင်ရတဲ့ ဖိအားတွေက ကြီးထွားနေတုန်းပဲလား။ ဘဝကံကြွေး အတိတ်ဘဝမှာ ရှိခဲ့ရင်လည်း ကျေဖို့ အချိန်မနီးသေးဘူးလား။

သူ သေသွားပြီလို့ ဆိုရင်လည်း ကျွန်တော့်စိတ်ကို လျှော့ချလိုက်မှာပါ။

ရွာစဉ်တွေမှာ လေးရက်လောက် ကြာခဲ့ပြီလေ။ အချို့ရွာကလူတွေက တွေ့တယ်တဲ့။ ဘယ်သွားတာမြင်လဲ မေးတော့ အဲဒါတော့ မသိဘူးတဲ့။ ဒီလိုနဲ့ ကျွန်တော် မော်လမြိုင်မြို့ကို ရောက်လာခဲ့တယ်။ စဉ်းစားကြည့်တာပေါ့။ လရောင်စို အသက်ရှင်နေရင် ထမင်းစားဖို့အတွက် လုပ်စရာအလုပ် နှစ်ခု သုံးခု ရှိနေရမယ်ဗျ။

တစ် . . . ကြုံရာ ရရာအလုပ်ကို လုပ်ရမယ်။

လရောင်စိုက ပညာတတ် မိန်းကလေးပါဗျာ။





သူ့ခေါင်းထဲမှာ အသိဉာဏ်တွေ၊ မှတ်ဉာဏ်တွေ ရှိနေဦးမယ်ဆိုရင် သူ့ပညာနဲ့ အသက်မွေးလိမ့်မယ်။

နှစ် . . . သူ့ဆွေမျိုးသားချင်း အသိမိတ်ဆွေတွေရှိရာအရပ်မှာ ဘဝခိုတ်မြှုပ်နေမယ်။

သုံး . . . အကယ်လို့သာ သူ့မှာ ရုပ်ပျက်ဆင်းပျက် ဒဏ်ရာဝေဒနာလည်း ခံစားနေရတယ်။ ကျန်းမာရေးလည်း ယိုယွင်းနေမယ်ဆိုရင် ထမင်းစားဖို့ . . . အင်း . . အင်း . . မဖြစ်နိုင်ပါဘူးဗျာ။ ဒီလိုတော့ ဝမ်းစာရှာလိမ့်မယ်မထင်ပါဘူး။

လေး . . . သူ သေကောင်းပေါင်းလဲဖြစ်ပြီး ဆေးရုံမှာသော်လည်းကောင်း၊ လမ်းဘေးမှာသော်လည်းကောင်း သေဆုံးသွားခဲ့လေသလား။

သူ့မှာ အိမ်ရှိတယ်။

အဖေ ရှိတယ်။

မိတ်ဆွေ ရှိတယ်။

ချစ်သူ (ကျွန်တော်) ရှိတယ်။

ဘာကြောင့် ဒီသံယောဇဉ်ရပ်ဝန်း မေတ္တာရပ်ဝန်းကို ပြန်မလာခဲ့တာလဲ။ ဘယ်လို လျှို့ဝှက်ချက်တွေရှိလို့လဲ၊ ကျွန်တော် မော်လမြိုင်– ဖင်းကျိုက်–ကျိုက်ထိုဘက်ကို လှည့်ရှာပြီးလို့မှ မတွေ့ရင် 'ရွှေမင်းဝဏ်' ကို ပြန်သွားကြည့်ရမယ်။

ရွှေမင်းဝဏ်မှာ လရောင်စိုရဲ့ အိမ်ကြီးရှိတယ်။

သူ့အဖေ ဘုန်းတော်ကြီးရှိတယ်။

ရွှေမင်းဝဏ်ကို ပြန်ရောက်ချင် ရောက်မှာပါ။

ခက်တာက ကျွန်တော့်မှာ ပိုက်ဆံပြတ်တော့မယ်။ ဒါကြောင့် ရရာအလုပ်တစ်ခုခုလုပ်ဖို့ အလုပ်လိုက်ရှာခဲ့လိုက်တယ်။

မော်လမြိုင်မှာရှိတဲ့ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်တွေ၊ ကုန်ရောင်းတဲ့ တိုက်တွေမှာ ဘာအလုပ်ရရ လုပ်ပါရစေ၊ ခိုင်းပါ၊ ထမင်းစားဖို့ရရင် ဖြစ်ပါတယ်လို့ လိုက်ပြောရတယ်။

"ခင်ဗျားက ဘယ်ကတုံး"

"ရွှေမင်းဝဏ်မြို့ကပါခင်ဗျာ"

"မှတ်ပုံတင်ပါလား"

"ဟင့်အင်း . . . မပါဘူးခင်ဗျ"

"မှတ်ပုံတင်မရှိရင် အလုပ်ခန့်ဖို့ ခက်တယ်ဗျ။ ခင်ဗျားက လူကောင်းလား၊ လူဆိုးလား၊ ဘယ်လိုလုပ် သိမှာတုံး သွားတော့ဗျာ။

နောက်ဆုံး မော်လမြိုင်မြို့လယ်က စာအုပ်အရောင်းဆိုင်ကြီးတစ်ခုကို ရောက်သွားပြီး အလုပ်တစ်ခုလောက် မေတ္တာရပ်ခံကြည့်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နိုင်းချင်တာ နိုင်းပါဗျာ။ စာအုပ်ထုပ်တမ်း၊ သယ်၊ ရောင်း၊ အိမ်သန့်ရှင်းရေး ကြိုက်တာနိုင်းပါခင်ဗျာ"

"မင်းက ဘယ်အရပ်ကတုံး"

"ရွှေမင်းဝတ်ကပါခင်ဗျာ"

"ရွှေမင်းဝတ်ဆို အတော်ဝေးတာပဲ"

"စာတွေ ဘာတွေ ဖတ်သလား"

"ဟုတ်ကဲ့ ဖတ်ပါတယ်ခင်ဗျ"

"စာရော ရေးဖူးလား"

"ကျောင်းနေတုန်းက ပြဇာတ်တွေ ရေးဖူးပါတယ်ခင်ဗျာ"

"ကျောင်းက မူလတန်းကျောင်းလား၊ အထက်တန်းကျောင်းလားကွ"

"တက္ကသိုလ်ပါခင်ဗျ"

"မင်းက တက္ကသိုလ်တောင် တက်ခဲ့ဖူးပြီးမှ ဘာလို့ ရရာအလုပ် လိုက်ရှာနေရတာတုံး"

"အဲ ... အဲ ... ဟို ... ဟို ..."

"မင်း နောက်ကြောင်းရှင်းရဲ့လား ... မောင်ရင်"

"ရှင်း ... ရှင်းပါတယ် ... ဆ ... ဆ ... ရာ"

"မင်းနာမည် ဘယ်လိုခေါ်တုံး"

"ကိုရွှေမင်းစုန်လို့ ခေါ်ပါတယ် ဆရာ"

"စာရေးဆရာ၊ ကဗျာဆရာ ကလောင်နာမည်မျိုးပဲကိုးကွ။ ရော့ .. ဒီစာအုပ်မျက်နှာဖုံးက စာကို ဖတ်စမ်း"

စာအုပ်ဆိုင်ပိုင်ရှင်က ကျွန်တော့်ကို အင်္ဂလိပ်လိုရေးထားတဲ့ စာအုပ်တစ်အုပ်ပြပြီး ဖတ်စမ်းပါလို့ ပြောပါရော။

ကျွန်တော် စာအုပ်ကို လှမ်းယူပြီး ဖတ်ပြလိုက်တယ်။

စာအုပ်ရဲ့အမည်က All Quiet on the Western Front တဲ့။ စာရေးဆရာအမည်က Erign Marria Bemar ပါခင်ဗျ။ ဂျာမန်နဲ့ ပြင်သစ်တို့ရဲ့ ပထမကမ္ဘာစစ်ပွဲအကြောင်း စာရေးဆရာ ကိုယ်တွေ့စစ်ဝတ္ထုပါ။

"မြန်မာလို ပြန်ရင် ဘယ်လိုပြန်မတုံးကွ"

"ဆရာကျော်သိမ်းကတော့ (အနောက်ဘက်စာမျက်နှာ)လို့ မြန်မာလို ပြန်ပါတယ်ဆရာ။ တိုက်ရိုက်ဘာသာပြန်ရင် အနောက်ဘက် စစ်မျက်နှာမှာ အားလုံး ငြိမ်သက်နေသည်လို့ အဓိပ္ပာယ်ရပါတယ်။ ၁၉၁၄ ခုနှစ်ကနေ ၁၉၁၈ ခုနှစ်အထိ ဖြစ်ခဲ့တဲ့ ပထမကမ္ဘာစစ်ပွဲအကြောင်းပါ။ အင်္ဂလိပ်၊ ပြင်သစ်ခေါင်းဆောင်တဲ့ အရင်းရှင်နယ်ချဲ့အုပ်စုနဲ့ ဂျာမနီ၊ ဩစတီးယားခေါင်းဆောင်တဲ့ အရင်းရှင်သစ်တွေ တိုက်ကြတဲ့ စစ်ပွဲပါခင်ဗျ"





စာအုပ်တိုက်ပိုင်ရှင်က ကျွန်တော်ပြောပြနေတာကို အသေအချာ နားထောင်နေတယ်။ ပြီးတော့ လေးစားနှစ်သက်ဟန်နဲ့ ကြည့်ပြီး ပြုံးပြတယ်ဗျာ။

"ဒီ စစ်နဲ့ငြိမ်းချမ်းရေးဝတ္ထု ဖတ်ဖူးလား"

"ဖတ်ဖူးပါတယ် ... ဆရာတော်စကွိုင်းရေးတာပါ။ ဆရာမြသန်းတင့် အသေးစိတ် ဘာသာပြန်ပါတယ်ခင်ဗျ။ အမျိုးသားစာပေဆုပါ ရခဲ့ပါတယ်"

"ဂေါ်ကီရေးတဲ့ စာအုပ်ရော ဖတ်ဖူးလား"

"ဖတ်ဖူးပါတယ်ခင်ဗျ"

"ဂေါ်ကီနဲ့ နာမည်အကြီးဆုံးစာအုပ်က ဘာလဲကွာ"

"အမေ Mother ပါ"

"တော်စတွိုင်းရဲ့ နောက်စာအုပ်တစ်အုပ်က ဘာလဲကွာ"

"အင်နာကရင်တီနာပါခင်ဗျ"

"မင်း အတော်စာဖတ်တာပဲ။ မြန်မာစာရေးဆရာထဲကရော ဘယ်စာရေးဆရာတွေ ဖတ်ဖူးလဲကွာ"

"မြသန်းတင့်၊ မန်းတင်၊ ကုသ၊ နတ်နွယ်၊ ဗန်းမော်တင်အောင်၊ သခင်မြသန်း၊ ဗိုလ်တာရာ၊ ခင်ဆွေဦး၊ စိန်စိန်၊ မင်းကျော်တို့ရေးတဲ့ စာအုပ်တွေ ဖတ်ဖူးပါတယ်"

"သခင်မြသန်းဘာသာပြန်တဲ့ ဧကရီဝတ္ထုရော ဖတ်ဖူးလား"

"ဖတ်ဖူးပါတယ်ခင်ဗျ"

"မူရင်းစာရေးဆရာက ဘယ်သူလဲကွာ ပြောပါဦး"

"မူရင်းစာရေးဆရာက Pearl S-Buck ပါ။ အင်္ဂလိပ်လို ဝတ္ထုနာမည်က Imperial Woman ပါခင်ဗျ"

"ဟုတ်တာပေါ့ ... အဲဒီအထဲက ဇာတ်ဆောင်အမျိုးသမီးတစ်ဦး နာမည် ပြောနိုင်မလားကွ"

"ယီဟိုနာလာနဲ့ သာကိုတာပါ"

"မြန်မာပြည်မြောက်ပိုင်းဝတ္ထု ဘယ်သူရေးတုံးကွ"

"စာရေးဆရာနတ်နွယ်ပါ"

"အဲဒီထဲက အဓိကဇာတ်ကောင်က ဘယ်သူလဲ"

"မောင်ရွှေဝါပါ"

"ပြီးတော့ရော"

"ကိုရွှေနီ၊ မထုံးရီ၊ မခေါင်ညွှယ်၊ ဗိုလ်ဖိုးစောတို့ပါခင်ဗျ"

"ကြိုက်သွားပြီကွာ ... ငါက အဲဒီလို စာဖတ်အားကောင်းတဲ့လူမှ သဘောကျတာကွ။ မင်းကို ငါ့စာအုပ်အရောင်းဆိုင်မှာ ဝန်ထမ်းတစ်နေရာ ခန့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ည ထမင်းကျွေးမယ်။ လစာကတော့ တစ်လသုံးရာ ယူကွာ။ နောင်တော့ တိုးပေးမှာပေါ့ ... ဟုတ်လား''

အသားမည်းမည်း စာအုပ်တိုက်ပိုင်ရှင် လှိုက်လှိုက်လှဲလှဲကို ပြောတာဗျာ။ ဝမ်းသာလိုက်တာ။

''မင်းမှာ မှတ်ပုံတင်ပါလားဟေ့''

''မ ... မပါဘူး ... ဆရာ''

''ဟေ ... မှတ်ပုံတင်မပါတော့ ညေ့စာရင်း ဘယ်လိုလုပ်တိုင်မတုံးကွ။ ခက်တာပဲကွာ''

ကျွန်တော် စိတ်ဓာတ်ကျသွားတယ်ဗျာ။

စာအုပ်တိုက်ပိုင်ရှင်က ကျွန်တော့်အရည်အချင်းကို သဘောကျနေပေမင့် မှတ်ပုံတင်မရှိလို့ အခက်တွေ့နေတယ်။

ဒီအချိန်မှာ စာအုပ်ဆိုင်ကြီးထဲကို လူတစ်ဦးဝင်လာပြီး စာအုပ်တွေကို ကြည့်နေတယ်။ အမျိုးသား၊ အမျိုးသမီးအချို့ကလည်း စာအုပ်ဖိုးတွေကို ကောင်တာမှာ ငွေရှင်းနေရဲ့။

ဆံပင်စုတ်ဖွားနဲ့လူက စာအုပ်တိုက်ပိုင်ရှင်သူဌေးကို လှမ်းပြောနေတယ်။

''သူဌေး ... လူထုဒေါ်အမာရေးတဲ့ အငြိမ့်စာအုပ်ရှိလားဗျ''

''မရှိဘူး ... ဒါရိုက်တာကြီးရေ။ လိုချင်ရင် ရန်ကုန်မှာ မှာပေးမယ်ဗျ။ တစ်ပတ်လောက်တော့ စောင့်ရမယ်နော်''

ဒီမှာ ဆံပင်စုတ်ဖွား ကျွဲကော်ကိုင်းမျက်မှန်နဲ့လူက စာအုပ်ဖြန့်ချိရေး တိုက်ပိုင်ရှင်နဲ့ စကားပြောနေရာက ကျွန်တော့်ကို လှည့်လှည့်ကြည့်နေတယ်။

ကျွန်တော်ကလည်း အဝတ်အစားနွမ်းနွမ်း၊ ဆံပင်ဖွာလံကျဲနဲ့ဆိုတော့ သူ စိတ်ဝင်စားပြီး ကြည့်သနဲ့တူရဲ့။

ကြည့်ရင်းကနေ ကျွန်တော့်အနီးကို တိုးလာရင်းက ...

''ခင်ဗျားက ရွှေမင်းဝဏ်ကလားဟင်''

''ဟုတ်ပါတယ်ခင်ဗျ''

''ခင် ... ဗျား ... ခင်ဗျား ... ကိုရွှေမင်းစုန် ... မဟုတ်လား ... ကိုရွှေမင်းစုန်လား ဟင်''

''ဟုတ်ပါတယ်ဗျာ ... ကိုရွှေမင်းစုန်ပါ ... ခင်ဗျားက ...''

''ဟော့ကောင် ... စုန် ... ငါ မြို့လုလင် ငှက်ကြီးတောင်လေ ငှက်ကြီးတောင်လေ''

''ဟေ ... ငှက်ကြီးတောင် ... မင်း ... မင်း ... ငှက်ကြီးတောင်နော်၊ သူငယ်ချင်း ... အမယ်လေး ... ဝမ်းသာလိုက်တာ ... သူငယ်ချင်းရာ''





ကျွန်တော်တို့ ပြန်တွေ့ရတာ ဝမ်းသာပြီး တစ်ဦးကိုတစ်ဦး ပွေ့ဖက်ဆုပ်ကိုင် လှုပ်ယမ်းကြပေါ့ဗျာ။

ဒီမှာ စာအုပ်ဖြန့်ချိရေး တိုက်ပိုင်ရှင်က ...

''ဒါရိုက်တာ ...''

''ဗျာ ... ကိုခင်မောင်သော်''

''ဒီ ... ဒီလူက ဒါရိုက်တာကြီးရဲ့ မိတ်ဆွေလား''

''ဟုတ်တယ် ... ကိုခင်မောင်သော်ရေ၊ ကျုပ်တို့ချင်း ရန်ကုန်တက္ကသိုလ်ကနေ ကွဲသွားကြတာ အတော်ကြာပြီဗျ။ ခင်ဗျားကို မိတ်ဆက်ပေးရမယ် ကိုခင်မောင်သော်ရေ ... သူငယ်ချင်းနာမည် ကိုရွှေမင်းစုန်တဲ့။ ကျွန်တော်တို့က စုန်လို့ခေါ်ကြရာကနေ ... စုတ် ... ဖြစ်သွားတာဗျ။ ကျုပ်သူငယ်ချင်းက တက္ကသိုလ်မှာတုန်းက ကဗျာတွေ၊ ပြဇာတ်တွေ ရေးတယ်။ သူရေးတဲ့ပြဇာတ်တွေ အချို့ဇာတ်တွေမှာ ကနေတုန်းပဲ။ ကျွန်တော်လည်း က,နေတုန်းပဲ။ သူငယ်ချင်း ... စုတ် ... အဲ ... အဲ ... စုန် ... ဟောဒီပုဂ္ဂိုလ်က ကိုခင်မောင်သော်တဲ့။ မော်လမြိုင်မှာတော့ အကြီးမားဆုံး စာအုပ်ဖြန့်ချိရေးလုပ်ငန်းကို လုပ်တာကွ။ သူဌေးပဲဟေ့။ ရန်ကုန်စာပေ လောကတစ်ခုလုံးက ထွက်သမျှ စာအုပ်အားလုံးနီးပါးကို ဒီကနေ တာဝန်ယူ ဖြန့်ချိပေးနေတာဟေ့။ ဒီဒေသမှာတော့ ချမ်းသာတာမှ သူဌေးကြီး ဦးနာအောက်ပြီးရင် ကိုခင်မောင်သော်ပဲ ရှိသကွ''

''ဒါရိုက်တာကြီး ... ခင်ဗျား သိပ်ပိုလွန်းသွားပြီဗျာ။ တော်ကြာ ... အခြွတ်ခွန်က ကြားပြီး အိမ်ရှေ့ကနေ တံခါးခေါက်နေပါဦးမယ်ဗျာ။ တိုးတိုးပြောပါဗျာ''

''ဟား ဟား ဟား ဟား ဟား ... အဲဒါက ခြဗျို့ ခြ၊ တို့သူဌေးကတော့ကွာ ... မောင်စုန် သူဌေးကိုခင်မောင်သော်နဲ့ မင်းနဲ့က အသိတွေပဲလား''

ကျွန်တော် မဖြေခင်မှာ စာအုပ်ဖြန့်ချိရေးသူဌေးက ပြောလိုက်တယ်။

''ဒါရိုက်တာကြီးရေ ... ခင်ဗျားသူငယ်ချင်းက စာအတော်ဖတ်တဲ့လူပဲကိုး ... အင်္ဂလိပ်စာအုပ်တွေရော မြန်မာစာအုပ်တွေပါ ဖတ်ခဲ့ဖူးသူကိုး။ ကျွန်တော် ... ခင်ဗျားလူကို သဘောကျသွားပြီဗျာ''

''ဟုတ်လား ... ကျွန်တော့်သူငယ်ချင်းက တက္ကသိုလ်မှာကတည်းက ... တိုက်ကို ဝါးစားနေတာလေဗျာ''

''ကတ္တူပုံးတွေရောလား''

''ဟား ဟား ဟား ဟား ... အဲဒါက ခြဗျို့ ... ခြ ... ... သူဌေး ခင်ဗျားတို့ကိစ္စရှိရင် နောက်မှပြောကြ။ လောလောဆယ် မောင်စုန်ကို ... ခေါ်သွားမယ်။ ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စရှိတယ်။ သူနဲ့တွေ့တော့ ... သွားပြီ။ လာ ... မောင်စုန် ... သွားကြစို့''



www.burmeseclassic.com

www.burmeseclassic.com



"နေ . . . နေပါဦး . . . ဒါရိုက်တာကြီး"

"ကိစ္စရှိနေလို့ပါ . . . ကိစ္စပြီးရင် လာပြန်ပို့ပေးမယ် . . . လာဟေ့ . . . မောင်စုန်"

သူငယ်ချင်းငှက်ကြီးတောင်က ကျွန်တော်ပခုံးကို ဖက်ပြီး စာအုပ်ဖြန့်ချိရေးတိုက်ထဲကနေ ခေါ်ထုတ်သွားပါရော။

သူငယ်ချင်း ငှက်ကြီးတောင်နဲ့ မော်လမြိုင်မှာ မမျှော်လင့်ဘဲ ပြန်ဆုံရတာ ဝမ်းသာလိုက်တာဗျာ။ ရန်ကုန်တက္ကသိုလ်မှာတုန်းက သူနဲ့ကျွန်တော်က ဝိသနာတူ သူငယ်ချင်းတွေလေ။

သူ့နာမည်အရင်းက တိုးမြင့်ဆောင်တဲ့။

သူက ဝတ္ထုတို အရေးကောင်းတယ်။ ပြဇာတ်လည်း အရေးကောင်းတယ်။ စာရေးတော့ ငှက်ကြီးတောင်ဆိုတဲ့ နာမည်နဲ့ စာတွေရေးတယ်။ မဂ္ဂဇင်းတိုက်တွေက ကလောင်နာမည်ကြမ်းလွန်းလို့ အမည်ပြောင်းရေးဖို့ အကြံပြုကြတယ်။

သူက အမည်မပြောင်းဘူးဗျ။

သူငယ်ချင်းက မြို့လုလင်မြို့သူကြီး ဦးမင်းရောင် (ခေါ်) မင်းကြီးရွှေလရောင်ရဲ့ နယ်ချဲ့တော်လှန်ရေးစိတ်ဓာတ်ကို မြတ်နိုးလေးစားလို့ နတ်မောက်သားဖြစ်ရတာ ဂုဏ်ယူတယ်။

ဒါကြောင့် စာရေးတော့ မြို့လုလင်ငှက်ကြီးတောင်ဆိုတဲ့ ကလောင်အမည်နဲ့ ရေးတာ။

မြို့လုလင်မြို့သူကြီး မင်းကြီးရွှေလရောင်ရဲ့ ငှက်ကြီးတောင်ဓားသွားက နယ်ချဲ့ကျူးကျော်သူရဲ့ လည်ချောင်းသွေးကိုမှ မြိန်ရေရှက်ရေသောက်တာ။

အမေကျော် ဒွေးတော်လွမ်းတဲ့ အင်္ဂလိပ်နယ်ချဲ့ကျွန် အမျိုးသားသစ္စာဖောက်တွေရဲ့ သွေးနဲ့ ဓားကို သွေးတာ။

ဒီမြေ ဒီရေ ဒီနိုင်ငံအတွက် မြို့သူကြီးမင်းရဲ့ ငှက်ကြီးတောင်ကျောက်စိဓား သမိုင်းပေးတာဝန် ကျေပွန်ခဲ့တယ်။

သစ္စာဖောက် လောက်ကောင်တွေ အင်္ဂလိပ်ကျွန်တွေရဲ့ သွေးပေါ်လမ်းလျှောက်ပြီး မြန်မာဒေါင်းအလံကို လွှင့်တူခဲ့တယ်။

မြန်မာ့လွတ်လပ်ရေးသမိုင်းမှာ . . .

မြို့လုလင်ရဲ့ ဓားတွေ ဖွေးဖွေးလက်နေတုန်းပဲ။

မြို့လုလင်ရဲ့ ဓားသွားမှာ သွေးစီးနေတုန်းပဲ။

မြို့လုလင်ရဲ့ ဓားဆုပ်ကိုင်ထားတဲ့ လက်တွေ ယနေ့တိုင် အကြောပြိုင်းပြိုင်းထနေတုန်းပဲ။

နယ်ချဲ့ကျူးကျော်သူကို ဦးမညွတ်။





ဖိနှိပ်ချုပ်ချယ်ခြင်းကို ဆန့်ကျင်။

အဓမ္မသားအုပ်ချုပ်သူတွေကို နုတ်နုတ်စင်း။

မြို့လုလင်သားတွေရဲ့ ဓားသွေးသံ ယနေ့တိုင် ဟောဟိုတောနဲ့ တောင်ထဲမှာ ပဲ့တင်သံ ညံနေတုန်းပဲတဲ့။

ဒါကြောင့် သူ့ကလောင်အမည်ကို မြို့လုလင် ငှက်ကြီးတောင်တဲ့။ သူ့ဝတ္ထုတိုတွေမှာ နယ်ချဲ့ဆန့်ကျင်ရေးအသံတွေ လျှံထနေတယ်။

သူ စင်တင်ပြဇာတ်တွေ ရေးတယ်။

ကိုယ်တိုင်လည်း ဇာတ်စီးတယ်။ ဒါရိုက်တာလုပ်တယ်။

လွတ်လပ်ရေးနေ့ ပြဇာတ်ပြိုင်ပွဲမှာ သူ ပထမ ရွှေတံဆိပ်ဆုကြီးရခဲ့တယ်။ အဲဒီအချိန်ကစပြီး တက္ကသိုလ်ကျောင်းကို ကျောခိုင်းပြီး ဇာတ်တွေ၊ အငြိမ့်တွေရှိရာ အနုပညာဘဝတက္ကသိုလ်မှာကျန်တဲ့ နောက်ဆုံးနှစ်တွေကို ဆက်တက်ခဲ့တယ်။

သူနဲ့ကျွန်တော် မတွေ့တာ နှစ်ပေါင်း အတန်ကြာခဲ့ပြီဗျာ။

သူရေးသားစီစဉ်တဲ့ စင်တင်ပြဇာတ်ကြီးတွေအကြောင်း သတင်းစာထဲမှာ မဂ္ဂဇင်းတွေထဲမှာ မကြာခဏ ဖတ်ခဲ့ရပြီး သူငယ်ချင်းအတွက် ကျွန်တော် ဂုဏ်ယူခဲ့ရတယ်။

"ထိုင်ကွာ . . . မင်း ဘာစားမလဲ . . . ငစုန်"

"ထမင်းမှာကွာ"

"ဟေ့ . . . ချာတိတ် . . . လာဦး . . . မင်းစားချင်တာ ပြော"

စားပွဲထိုးကောင်လေးက ဘာနဲ့ စားမလဲတဲ့။

"မျှစ်ချဉ်နဲ့ ဝက်သားရမလားကွ"

"ဝက်သားဟင်းပဲ ရမယ်ဆရာ"

"ဝက်သားနဲ့ လုပ်ကွာ။ မင်းရော ဘာနဲ့စားမတုံး"

"ငါ့အတွက် ငါးမြင်းရရင် ငါးမြင်း"

"ရပါတယ် ဆရာ။ ပြီးတော့ ဘာစားဦးမလဲခင်ဗျ"

"သစ်သီးစုံဟင်းပေါ့"

မကြာခင်မှာပဲ ဟင်းထမင်းတွေ ရောက်လာလို့ နှစ်ဦးသား ခေါင်းမဖော်ဘဲ စားပစ်လိုက်ကြတယ်။ ကျွန်တော် ထမင်းစားပျက်နေတာ၊ ရက်မနည်းတော့ဘူးလေ၊ ထမင်းစားရင်း စဉ်းစားမိပြန်ရော . . .

အခု ကျွန်တော် ဟင်းကောင်းဟင်းလျာတွေနဲ့ ထမင်းစားနေတယ်။ ချစ်သူ လရောင်စိုရော စားရေးသောက်ရေးမှ အဆင်ပြေပါ့မလား။

"ထမင်းထည့်ကွာ"

"အေးပါ . . . ထည့်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ တိုင်ပင်စရာရှိတယ် ... မောင်စုန်"

"ပြောလေ ..."

"မင်းအခု ဘာလုပ်နေလဲ"

"ကျွန်တော် လရောင်စိုကို လိုက်ရှာနေတဲ့အကြောင်း ပြောသင့် မပြောသင့် စဉ်းစားတယ်။ အခုပြောရင် သူငယ်ချင်းလည်း စိတ်မကောင်းဖြစ်သွားမယ်လေ။ အေးအေးဆေးဆေးကျမှ ပြောတာသင့်မှာပါ"

"အလုပ်မရှိဘူး"

"ဒါဆို အတော်ပဲ။ မင်း ငါ့ဇာတ်ထဲမှာနေ ... သူငယ်ချင်း"

"ဖြစ်ပါ့မလားကွ ... ငှက်ကြီးရ"

"ငါတို့ နက်ဖြန်ညကစပြီး ပွဲသုံးချီကရမယ်။ ငါပြဇာတ်အသစ် တင်ချင်တယ်။ မင်းရဲ့ပြဇာတ်ကို ဒုတိယညမှာ တင်ချင်တယ် ... မောင်စုန်"

"ဘယ်ပြဇာတ်လဲ ... ငှက်ကြီး"

" 'တောက်မခတ်နဲ့၊ နောက်ထပ်နာမယ်' ဆိုတဲ့ ဇာတ်လေ"

"တင်လေ ... မင်းကြိုက်သလို လုပ်ပါ"

"မင်းဇာတ်ထုပ်ကို မင်းက အလွတ်ရနေတာလေကွာ။ မင်းကိုယ်တိုင်ပဲ ဇာတ်တိုက်ဇာတ်ရုပ်ချပြီး လုပ်ပေးကွာ"

"ဟာ ... မင်းပဲ သင်ပါကွာ။ ငါက ဇာတ်အဖွဲ့တွေနဲ့ အနေစိမ်းတာကြာပြီ ... ငှက်ကြီးရာ"

"ငါ တာဝန်ယူပါတယ် ... မောင်စုန်ရာ။ ငါ့အဖွဲ့သားတွေက မရိုင်းပါဘူးကွာ။ ငါလည်း ဇာတ်ထုပ်အသစ် မတင်ဘဲ အဟောင်းတွေနဲ့ နယ်လှည့်ကနေတာ ကြာပြီကွ။ ဒီတစ်ခါ ဇာတ်ခေါင်းခွဲပြီး ပြန်စရင် မင်းပြဇာတ်နဲ့ အော်ပရာတွေ စင်တင်မယ်ကွာ"

"ဒီလိုလုပ်ကွာ ... ဇာတ်ဝင်အခန်းတွေ ငါရေးပေးမယ်။ မင်းပဲ ဒါရိုက်တာလုပ်ပါ"

"ငါ မလုပ်ဘူး။ မင်းပြဇာတ်ကို ငါ ကြိုက်တယ်။ ပရိသတ်လည်း ကြိုက်မှာပဲ။ မင်းကိုယ်တိုင် နှစ်ကြိမ်လောက် ဇာတ်ရုပ်ချပြီး သင်ပေး။ ငါ့လူတွေက ဉာဏ်ကောင်းတယ်။ ငါတို့ အခုက,ရမှာ အပြိုင်ရှိနေလို့ ... သူငယ်ချင်းရ"

"ဇာတ်ဘယ်နှဖွဲ့ ကကြလို့လဲ ... ငှက်ကြီး"

"သုံးဖွဲ့ကွ ... မင်းသိတဲ့အတိုင်း မွန်ပြည်နယ်က ဇာတ်တွေက ပြဇာတ်မှာ လျှော့တွက်လို့မရတဲ့ ဇာတ်ချည်းပဲ"

ကျွန်တော် ပြန်စဉ်းစားရပြန်ပြီဗျာ။

ကျွန်တော့်ရည်ရွယ်ချက်က ချစ်သူ လရောင်စိုကို လိုက်ရှာနေတာ၊ လရောင်စိုကို အရမ်းတွေ့ချင်တယ်။





"မောင်စုန် ..."

"အင် ... ဟင် ..."

"ငါ့ကို ကူညီပါကွာ။ ဇာတ်တိုက်ဖို့ နှစ်ရက်အချိန်ရပါတယ် ... သူငယ်ချင်းရာ။ "တောက်မခတ်နဲ့ နောက်ထပ်နာမယ်" ဆိုတဲ့ ပြဇာတ်သာက,လိုက်ရင် ငါတို့ဇာတ် ဟိုးဟိုးကျော်သွားမှာ သူငယ်ချင်း။ ပွဲချီ များများက,ရမှ ဇာတ်သမားတွေရဲ့ စားဝတ်နေရေးလည်း အဆင်ပြေမှာလေကွာ ... နော် ... သူငယ်ချင်း"

ဇာတ်သမားတွေရဲ့ စားဝတ်နေရေး ...

အင်း ... ဒါလည်း ဟုတ်တာပဲလေ။ ဇာတ်အဖွဲ့ဆိုတာ ပွဲချီများများ စိပ်စိပ်လေးရမှ အဆင်ပြေကြရတာ။ ပွဲ့ချီများများရဖို့က ဇာတ်အဖွဲ့နာမည်ရဖို့၊ ကျော်ဖို့ ပရိသတ်လက်ခံဖို့ လိုတာပဲ။

အော်ပရာ ကောင်းရမယ်။

ပြဇာတ်ကို ပရိသတ် လက်ခံနှစ်သက်ရမယ်။

ဇာတ်မင်းသားကလည်း အကပညာ၊ အသံပညာ ကုံလုံရမယ်။ နောက်ပိုင်းဇာတ်ကို နိုင်နင်းစွာ က,နိုင်ဖို့ အပြောအဆို၊ အငိုအကလည်း ပိုင်နိုင်ကျွမ်းကျင်ရမယ်။

ဇာတ်အဖွင့်ကနေ ဇာတ်ပြည်ဖုံးကားချတဲ့အထိ အော်ပရာပြဇာတ်၊ နှစ်ပါးခွင်၊ နောက်ပိုင်း ကဏ္ဍစုံကောင်းမှ ပရိသတ်ကြိုက်မှ ပွဲချီများများ ငှားရမှာ။

ဇာတ်ပိုင်ရှင်၊ ဇာတ်ကန့်ထရိုက်၊ ဇာတ်အဖွဲ့သား၊ ဇာတ်အနုပညာပရိသတ် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီပြီး အလုပ်လုပ်ကြရတာ။

အနုပညာဖန်တီးတာ ငွေအတွက်မဟုတ်။

ပြည်သူအတွက်။

သို့သော် စားဝတ်နေရေး အဆင်မပြေပြန်ရင်လည်း အနုပညာဖန်တီးရတာ ရသမပြည့်စုံချင်။

စားဖို့နည်းနည်းရရင် အနုပညာများများဖန်တီးနိုင်ကြတာ များပါတယ်။ ပြည်သူထဲက ပွဲကြည့်ပရိသတ်အပေါ် မှန်ကန်သောအနုပညာ စေတနာထားပြီး အနုပညာကို ပေးဝေနိုင်ခဲ့ရင်တော့ ...

ပရိသတ်ကလည်း ကိုယ့်အပေါ် ပြန်တုံ့ပြန်တာပါပဲ။

သည်အတွက် ဇာတ်အဖွဲ့ကို ချစ်ခင်တယ်။

ဇာတ်ရဲ့ အနုပညာဖန်တီးမှုကို ထောက်ခံအားပေးတယ်။

ဒီလိုနဲ့ ပွဲစဉ်များများရ။

ပြီးတော့ သူ ကျေးဇူးရှင်ပရိသတ်ကျွေးတဲ့ ထမင်းကိုစားပြီး ပရိသတ်ကို ချိုးထတ်တဲ့အနုပညာနဲ့ ကျေးဇူးပြန်ဆပ်ကြရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အလင်္ကာကျော်စွာရွှေမန်းဦးတင်မောင် ပြောသလိုပေါ့။

"အောင်သန်းတင် . . . တွေ့လား၊ ဟိုမှာ တို့ကမည့်ဇာတ်ရုံထဲကို ထမင်းချိုင့်တွေ၊ ဖျာလိပ်တွေနဲ့ ဝင်လာနေတဲ့ ပရိသတ်တွေ။ အဲဒါ ငါတို့ ကျေးဇူးရှင်၊ ထမင်းရှင်တွေပဲ။ ဒီကျေးဇူးကို သိတဲ့အနေနဲ့ ကန်တော့ကြစို့"

ဘဘရွှေမန်းဦးထင်မောင်က သူ့တပည့်နဲ့အတူ ဇာတ်ရုံထဲဝင်လာနေတဲ့ သူ့ပရိသတ်ကို မင်းသမီးကြီးအောင်သန်းတင်နဲ့ မြင်ရာနေရာကနေ ရှိရှိသေသေ ထိုင်ကန်တော့သတဲ့ဗျာ။

"မောင်စုန် . . . ဘယ်လိုလဲ . . . သူငယ်ချင်း၊ အားကိုးပါရစေကွာ"

"လိုက်ခဲ့မယ်"

"ဒါမှ ငါ့ချစ်သူငယ်ချင်းကွ။ ဟော့ . . . ပိုက်ဆံရှင်းမယ် သူငယ်ချင်း"

သူငယ်ချင်းငှက်ကြီးက ငွေရှင်းလိုက်ပြီးနောက် ကားတစ်စီးငှားပြီး သူတို့ဇာတ်ကမယ့်ပွဲရုံရှိရာကို လာခဲ့လိုက်တယ်။

ကံတရားရွှေ့ပုံတွေက ဆန်းကြယ်တယ်။

မမြင်ရတဲ့ဖိအားတွေက တွန်းပို့နေတာလား၊ ဆွဲဆန့်နေတာလားတော့ မပြောတတ်။ ကျွန်တော့်ချစ်သူ လရောင်စိုနောက်ကို လိုက်ရင်း ရှိတဲ့ငွေလည်း ကုန်သွားပြီ။

ခရီးစရိတ်မရှိတော့။

စားစရိတ်မရှိတော့။

သွားရင်းလာရင်း အလှူအိမ်တွေ့ ဝင်စားတာ။ စေတီသာကျွေးရင် ဝင်စားလုပ်ခဲ့ရတယ်။

အလုပ်ကလေးတစ်ခုရဖို့ လျှပ်တစ်ပြက် အင်တာဗျူးထိုင်နေတုန်း တက္ကသိုလ်ကျောင်းနေဖက် သူငယ်ချင်းနဲ့တွေ့ပြီး စားရေးနေရေး ဘဝသစ်တစ်ခုတောက်ကြောင်းပေါ်လာခဲ့တယ်။

ငှက်ကြီးက တက္ကသိုလ်စာပေနဲ့ ယဉ်ကျေးမှုအသင်းမှာလည်း ထဲထဲဝင်ဝင် ရှိတယ်ဗျ။ သူရော၊ ကျွန်တော်ရော ပြဇာတ်တွေ ရေးတာ က,တာ ဝါသနာကြီးတယ်။

ဝတ္ထုရေးရတာ စိစစ်ရေးကိုငဲ့နေရလို့ ရေးချင်တာ ရေးလို့မရ၊ ထုတ်ဝေလို့မရ စင်တင်ပြဇာတ်တွေကတော့ ဘယ်စိစစ်ရေးအဖွဲ့မှ တင်ပြနေစရာမလို။ မထိတထိ ပြောလို့ရတယ်။ ရှင်းရှင်းဘွင်းဘွင်း ပြောလို့ရတယ်။

ဘယ်သူတွေ မတရားလုပ်နေကြတာလဲ။

ဘယ်သူတွေ နိုင်လိုမင်းထက် လုပ်နေကြတာလဲ။

အာဏာကြောင့် ပန်းပွင့်တွေဖူးပွင့်တာ။





အာဏာကြောင့် ပွင့်ချပ်ပွင့်ဖတ်တွေ ကြွေကုန်တာ။

ကျည်ဆန်နဲ့ ငြိမ်းချမ်းရေး ချိန်ခွင်လျှာ အတက်အကျ ပြောလို့ရတယ်။ ဝေဖန်လို့ရတယ်၊ ဖော်ပြလို့ရတယ်။ ပွဲကြည့်ပရိသတ်အားလုံးတော့ စာဖတ်သူ ဖြစ်နိုင်ဘူးဗျာ။

သို့သော် သူတို့ နားထောင်သူဖြစ်ကြတယ်။

မျက်လုံးဖွင့်ကြည့်နေကြတဲ့သူတွေ ဖြစ်ကြတယ်။

သူတို့ ဇာတ်ခုံပေါ်က အပြောနဲ့အပြ သရုပ်ဆောင်ဖော်ပြချက်ကို ရင်နဲ့ခံစားတတ်ကြတယ်။

သူတို့ဘဝနဲ့ ထပ်တူကျတဲ့ ခံစားချက်ကို မြင်နေရင် လက်ခုပ်တီးကြမယ်။ တောက်ခတ်ကြမယ်။ မျက်ရည်ဝဲကြမယ်။ ဒါ ဇာတ်ခုံပေါ်က ပြဇာတ်ရဲ့ အရသာပဲ။

ပွဲကြည့်သူတို့ရင်ထဲကို တန်းဝင်တာ။

မိုးလင်းလို့ အိမ်ပြန်ရှာပြန်ရောက်ရင် လှည်းပေါ်မှာ ပြန်ပြောကြမယ်။ တောအိုင်းမှာ ပြန်ဆွေးနွေးကြမယ်။

ဒါကြောင့် ကျွန်တော်တို့ ပြဇာတ်တွေကို ရေးကြတာ။ ကကြတာ။ စင်တင်ကြတာ။ ပြဇာတ်ခေတ်နဲ့ ပြောရ ပြရတာ။ လွတ်လပ်တဲ့ ခေတ်ပဲဗျား။ ကျွန်တော်တို့ ပြဇာတ်တွေကို ချစ်ခဲ့ကြတယ်။

ငှက်ကြီးက မြို့လုလင်ငှက်ကြီးတောင်ဆိုပြီး ပြဇာတ်တွေရေး စင်တင်တာ။ သူ့ပြဇာတ်တွေက ခေတ်ပြိုင်ပြဇာတ်တွေနဲ့ ရင်ပေါင်တန်းနေတဲ့ ပြဇာတ်တွေ။

လူတန်းစားတွေကို ပြမယ်။

အဖိနှိပ်ခံတို့ရဲ့ ရင်ဖွင့်သံကို ပြမယ်။

တိုက်ပွဲခေါ်သံတွေကို ပြမယ်။

ငှက်ကြီးရဲ့ ပြဇာတ်တွေ ပြည်သူကြားမှာ နာမည်ကျော်ခဲ့တယ်။ သို့သော် . . .

ငှက်ကြီးဘဝင်မမြင့်ဘူး။ မမောက်မာဘူး။ နေရာမယူဘူး။ ကားဆွဲနဲ့ အရှေ့အတူစားတယ်။ မီးထိုးနဲ့အတူ ထမင်းစားတယ်။ လူကြမ်းသရုပ်ဆောင်တွေ အခင်းချက်၊ ပစ္စည်းသယ်သူတွေ၊ ဇာတ်ခုံဆင်တဲ့လူတွေနဲ့ အတူထမင်းစား အတူအိပ်။

ဒီလိုစိတ်ဓာတ်ကြောင့် ငှက်ကြီးတောင်ကို ဇာတ်သမားတွေက လေးစားတယ်။ ဇာတ်ပိုင်ရှင်က အားကိုးတယ်။

ဇာတ်ပိုင်ရှင် မတရားရင် ငှက်ကြီးက ရက်ရက်စက်စက် ဝေဖန်တာ။ အာဏာစည်းကမ်းကို သူလည်း မဖောက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ပိုင်ရှင်လည်း မဖောက်နဲ့။

ဇာတ်တူသားလည်း မစားနဲ့။

လူလည်း မစော်ကားနဲ့။ ပညာလည်း မစော်ကားနဲ့။ သူနဲ့အတူပါလာတဲ့ ငှက်ကြီးတောင်ဓားကို ဓားအိမ်ကနေ ရွှမ်းခနဲမြည်အောင် ထုတ်ပြပြီး ကြိမ်းဝါးတာ။

ငါမှားရင် ငါ့ဇက်ကို ဒီဓားနဲ့ဖြတ်။

ဇာတ်ပိုင်ရှင်ကအစ၊ မင်းသားအလယ်၊ ထမင်းချက်အဆုံး မင်းတို့မှားရင် ဟောဒီဓားနဲ့ မင်းတို့လည်ပင်း မင်းတို့ဖြတ်၊ မဖြတ်ရဲရင် ငါ့တာဝန်ထားတဲ့။

ဇာတ်ရုံကိုရောက်တော့ ကျွန်တော် စာရွက်နဲ့ ဖောင်တိန်တောင်းပြီး အဝတ်ထည့်တဲ့ သေတ္တာကို စားပွဲလုပ်လို့ ကျွန်တော် ရေးခဲ့တဲ့ပြဇာတ်ကို အခန်းဝင်အခန်းထွက် ဇာတ်ညွှန်းပြန်ရေးလိုက်တယ်။

ညနေစောင်းတော့ ...

ဇာတ်ဝင်ခန်းတွေရော၊ ဒိုင်ယာလော့(ခ်)တွေပါ ရေးလို့ပြီးသွားတယ်။ တီးလုံးတိုက်ဖို့အတွက် သီးသန့်ရေးပေးပြီး မီးသမားအတွက်လည်း လိုအပ်တာတွေ ရေးလိုက်တယ်။

ညနေ(၃)နာရီခွဲတော့ ငှက်ကြီးက ပြဇာတ်အဖွဲ့သားအားလုံးကို ဇာတ်ခုံပေါ်မှာ တန်းစီပြီး မိတ်ဆက်ပေးတယ်။

"ပြဇာတ်အဖွဲ့သားတို့ ... ငါတို့ ဒီနေ့ပြဇာတ်အသစ်တစ်ထုပ် တိုက်ကြမယ်။ ဒီပြဇာတ်ကိုရေးတဲ့ စာရေးဆရာက ဟောဒီလူပဲ။ နာမည်က ကိုရွှေမင်းစုန်တဲ့။ ငါနဲ့ တက္ကသိုလ်အနုပညာအသင်းမှာ လုပ်ဖော်ကိုင်ဖက် ဘဝတူတွေပေါ့ကွာ။

"ဒီနေ့ တိုက်မည့်ပြဇာတ်နာမည်က ...

" 'တောက်မခတ်နဲ့ နောက်ထပ်နာမယ်' တဲ့"

"ဘယ့်နှယ်လဲဟေ့ ... ပြဇာတ်နာမည်ကို ကြိုက်လား"

"ကြိုက်ပါတယ် ဆရာ"

ပြဇာတ်အဖွဲ့သားတွေက ပြိုင်တူ ပြောလိုက်တယ်ခင်ဗျ။

"ဒီပြဇာတ်က ရန်ကုန်မှာ နာမည်ကြီးခဲ့တဲ့ ပြဇာတ်ပဲ။ ဒီပြဇာတ်ကို ဟောဒီ ပြဇာတ်ရေးဆရာက ဘယ်ဇာတ်အဖွဲ့ကိုမှ က,ခွင့်မပြုခဲ့ဘူး။ ဘယ်လောက်ဝဲ ဥာဏ်ပူဇော်ခပေးပေး မရောင်းခဲ့ဘူး။ အခု ငါနဲ့ မမျှော်လင့်ဘဲ ပြန်တွေ့ကြလို့ ငါ မေတ္တာရပ်ခံလိုက်လို့ ဒီနာမည်ကြီးပြဇာတ်ကို ကခွင့်ရတာ။ ဒီပြဇာတ်ကို သူကိုယ်တိုင် ဇာတ်ရပ်ချပြီး တိုက်ပေးမယ်။ ငါ့စကားကို မင်းတို့ နားထောင်သလို သူ့စကားကို နားထောင်ရမယ်။ ဒီဇာတ်ထုပ်မှာ သူက ဒါရိုက်တာပဲ။ သူညွှန်ကြား





တဲ့အတိုင်း လိုက်နာ သရုပ်ဆောင်။ ဒီပြဇာတ်ကို က,ရင် မင်းတို့အားလုံး ကျော်နှစ်အားရပြီး နာမည်ကျော်ကြဦးမှာပါ။ နားလည်ကြရဲ့လား"

"နားလည်ပါတယ် ဆရာ"

"ကောင်းပြီ ... ကိုင်း ... သူငယ်ချင်း ... မင်းကို ငါ့ပြဇာတ်အဖွဲ့သားတွေနဲ့ မိတ်ဆက်ပေးမယ်။ သူက ပြဇာတ်မင်းသား မင်းချစ်သူတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာ"

"ဟုတ်ကဲ့ပါခင်ဗျာ ... မင်္ဂလာပါ"

"မင်္ဂလာပါဆရာ"

"သူက ဒုတိယပြဇာတ်မင်းသား တိုးဝေအောင်တဲ့"

"မင်္ဂလာပါဆရာ"

"မင်္ဂလာပါဆရာ"

"မင်္ဂလာပါခင်ဗျ"

"သူကတော့ ပြဇာတ်မင်းသမီး တေးသံရှင် စွဲမိရွှေဘဝင်တဲ့"

"မင်္ဂလာပါဆရာ"

"မင်္ဂလာပါ ... မေ့လို့မရနိုင်တဲ့ နာမည်ပါဗျာ"

"ကျေးဇူးပါ ဆရာ"

"သူက လက်ထောက်မင်းသမီး စိမ်းလဲ့ချိုတဲ့"

"မင်္ဂလာပါဆရာ"

"ဟောဒီလူထွားကြီးက လူကြမ်းခေါင်းဆောင် မီးမလောင်ကျောက်ခဲတဲ့"

"ကျွန်တော်တောင် လန့်သွားတာပဲ ... ကိုကျောက်ခဲရေ"

"ကျေးဇူးပါပဲဆရာ ... မင်္ဂလာပါ"

"ဒီငါးယောက်က လူရွှင်တော်တွေပေါ့။ သူက ဒီပါ၊ သူက အသည်းကြီး၊ သူက ချစ်ဖြိုး၊ ဟောဒါက တောင်ကြီး၊ သူကတော့ လူရွှင်တော် ဆပ်ပြာတဲ့"

"မင်္ဂလာပါ ... အစ်ကိုတို့ခင်ဗျာ"

"မင်္ဂလာပါ ဆရာ"

သည့်နောက် ကျန်တဲ့ လူကြမ်းနောက်လိုက်တွေ၊ အဖွဲ့ဝင်တွေ၊ ကားဆွဲမီးသမား၊ ဂီတအဖွဲ့၊ ဆက်တင်တာဝန်ခံ စတဲ့သူတွေနဲ့ မိတ်ဆက်ပေးပြီးနောက် ကျွန်တော် ပြဇာတ်တိုက်တဲ့ အစီအစဉ်ကို စတင်လိုက်တယ်။

ပထမ ဇာတ်ရပ်တွေ ချပေးတယ်။

ပြီးတော့ ဇာတ်ဝင်ခန်းကို စတယ်။



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်ကွက်နဲ့ ဒိုင်ယာလော့(ခ်)ကို ချပေးလိုက်တယ်။ မင်းသား၊ မင်းသမီးနဲ့ လူကြမ်းတွေရော အားလုံးက အတွေ့အကြုံ ကြွယ်ဝသူတွေ ဖြစ်ကြတော့ တစ်ကြိမ်ပြောပြလိုက်တာနဲ့ ခွင်ကျအောင် သရုပ်ဆောင်နိုင်ကြတယ်။

သူတို့ နည်းနည်းစာကျက်ဖို့ပဲ လိုတာပါပဲ။

ဇာတ်ဝင်စကားလုံးတွေက အကွန့်, အညွန့်, အပေ, အယူ, အခံ, အအုပ်, စကား၊ ဖြတ်, တောက်, ငုံ့, ဟ စကားတွေကို အပြန်အလှန် နင်လား ငါလား ဝရိသတ်ပွဲကျစကားလုံးတွေပါလို့ ကျက်လိုက်ရင် ပိုမြိုင်သွားမှာပါ။

ညနေ (၅) နာရီထိုးတော့ ဇာတ်ဝင်ခန်းအားလုံး အကြမ်းထည်ပြီးသွားတယ်။ ဇာတ်တိုက်တာကို ရပ်လိုက်ကြတယ်။

တီးဝိုင်းအဖွဲ့နဲ့ မီးဆက်တင်အဖွဲ့ကို ကိုယ်လိုချင်တဲ့ အနေအထားလေး ထိုင်ပင်ညှိနှိုင်းကြတော့ အားလုံး အဆင်ပြေသွားကြတယ်။

ကိစ္စပြီးတော့ ရေမိုးချိုး။

ရေမိုးချိုးပြီးတော့ နာရီဝက်နားကြပြီး ...

ဒီနေ့ညကမည့် ပြဇာတ်အတွက် အကြမ်းဖျင်း ဇာတ်တိုက်ညှိနှိုင်းဖို့ အချိန်ရောက်လာတယ်။

ဒီမှာ ပြဇာတ်မင်းသား၊ မင်းသမီးနဲ့အဖွဲ့သားတွေက 'တောက်မခတ်နဲ့ နောက်ထပ်နာမယ်'ပြဇာတ် ဇာတ်ဝင်ဒိုင်ယာလော့(ခ်)တွေ ကူးဖို့လာတာနဲ့ ရေးပြီး ဇာတ်ညွှန်းကို သူတို့ကို ပေးလိုက်တယ်။

မနက်ဖြန် နေ့ခင်းပိုင်းတစ်ကြိမ် တိုက်လိုက်ရင် ပြဇာတ်ဇာတ်ဝင်ခန်း အားလုံး စိတ်ချရပြီ။

''မောင်စုန် ...''

''ဘာလဲ ... ငှက်ကြီး''

''မင်းပြဇာတ်ကို ငါ့လူတွေ အရမ်းသဘောကျနေကြတယ်ကွ ... သူငယ်ချင်းရ''

''ဝမ်းသာပါတယ်ကွာ ... ဒါလည်း မင်းကြောင့်ပါ ငှက်ကြီးရာ''

''ငါ တွက်ထားပြီးပြီ။ နက်ဖြန်ည မင်းပြဇာတ် အရမ်းကို နာမည်ကြီးမှာ သေချာတယ်ကွ''

ဒီအချိန်မှာ လူရွယ်တစ်ဦး ကျွန်တော်နဲ့ ငှက်ကြီးရှိရာကို ဝင်လာပြီး ငှက်ကြီးရှေ့မှာ ရိုရိုသေသေ ရပ်တယ်။

''မောင်စော ... ဘာကိစ္စလဲ''

''ဇာတ်ပိုင်ရှင်သူဌေး ရောက်ပါပြီဆရာ''

''ရောက်ရင် ငါနဲ့ လာတွေ့ပါလို့''





''ဟုတ်ကဲ့ပါ ဆရာ''

မောင်စောဆိုတဲ့ကောင်လေး ပြန်ထွက်သွားတော့ ကျွန်တော်က ဇာတ်ဝင် သီချင်းတွေအတွက် နုတ်(ခ်)ရေးနေလိုက်တယ်။

''ဆရာငှက် ...''

''လာ ... ဦးကောင်းကင် ... လာ ... ထိုင် ... မန်နေဂျာကြီးပါ ... ထိုင်ဗျာ။ ကျွန်တော်ရေးပေးလိုက်တဲ့စာ ရတယ်နော်''

''ရပါတယ်ဆရာ ... ရ,ရချင်းပဲ ထွက်လာခဲ့တာပါ''

''ဟောဒါ ကျုပ်သူငယ်ချင်း ပြဇာတ်စာရေးဆရာ ဒါရိုက်တာ ကိုရွှေ မင်းစုန်တဲ့။ မောင်စုန် ... ဒါ ငါတို့ဇာတ်ပိုင်ရှင်သူဌေး ဦးကောင်းကင်တဲ့။ အဲဒါ ဇာတ်မန်နေဂျာ ဦးသော်တာ''

''ဟုတ်ကဲ့ ... ကျွန်တော် ကိုရွှေမင်းစုန်ပါခင်ဗျာ''

''မင်္ဂလာပါ ဆရာ''

''ကျွန်တော်ရေးလိုက်တဲ့ စာကို လက်ခံရဲ့လား ... ဦးကောင်းကင်''

''ဆရာငှက်စီစဉ်တဲ့ ကိစ္စပဲဥစ္စာ ... ကျွန်တော် လက်ခံပါတယ်ဆရာ။ မန်နေဂျာကြီးကလည်း ပြောပါတယ်။ အခုတိုက်နေကြတဲ့ဇာတ် တော်တော် ကောင်းတယ်တဲ့''

''မန်နေဂျာကြီး ... ဟုတ်ရဲ့လားဗျ''

မန်နေဂျာ ဦးသော်တာကလည်း ဒါရိုက်တာငှက်ကြီးရဲ့အမေးကို အားရ [illegible]လဲ့စွာ ဖြေလိုက်တယ်ဗျ။

''ဟုတ်ပါတယ် ... ဆရာ၊ ကျွန်တော်တင် မဟုတ်ဘူးဆရာ တီးဝိုင်း [illegible]ဖွဲ့ဟာရော၊ ဆိုင်းအဖွဲ့ရော၊ မင်းသားနဲ့ မင်းသမီးရော၊ လူရွှင်တော်တွေပါ ပြော[illegible]ကြတာပါခင်ဗျာ''

''ကျုပ်တို့ ဇာတ်အတွက် လုပ်တာပါဗျာ''

''ယုံကြည်ပါတယ် ... ဆရာ။ ဟောဒါ ဆရာပြောတဲ့ ဉာဏ်ပူဇော်ခပါ ဆရာ''

ဇာတ်ပိုင်ရှင်သူဌေးက ဒါရိုက်တာငှက်ကြီးတောင်ကို ခပ်ထူထူ စာအိတ် [illegible]တစ်အိတ် ပေးလိုက်တယ်။

''ကျေးဇူးပဲ ... ဦးကောင်းကင်''

''ဟုတ်ကဲ့ပါ ... ဆရာ ကိုရွှေမင်းစုန်အနေနဲ့လည်း ကျွန်တော်တို့ကို [illegible]အားသာမျှ ကူညီပါလို့ မေတ္တာရပ်ပါတယ်ခင်ဗျာ။ ကျေးဇူးလည်း တင်ပါတယ် [illegible] ကျွန်တော်တို့ဇာတ်မှာ ပြဇာတ်တို့ အော်ပရာတို့ဆိုရင် ဆရာငှက်ကြီးတောင် [illegible] စီစဉ်တာကို ကြိုက်ကြပါတယ်ခင်ဗျ။ ကျွန်တော်တို့ကို ချီးမြှင့်ပါဦး [illegible]ဆရာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... ကျေးဇူးပါခင်ဗျ"

"ဆရာငှက် ... ခွင့်ပြုပါဦးခင်ဗျာ၊ ရွှေတောင်မြို့ကလည်း ဘုရားပွဲအတွက် လာစကားပြောကြလို့ စောင့်ခိုင်းထားလို့ပါဆရာ"

"ကောင်းပါပြီဗျာ ... သွားပါ ... သွားပါ ..."

သူတို့ပြန်သွားတော့ ငှက်ကြီးက ကျွန်တော့်ကို စာအိတ်ထူကြီး လှမ်းပေးတယ်။

"ရော့ ... မောင်စုန်"

"ဒါက ဘာတုံး ... ငှက်ကြီး"

"မင်းရေးတဲ့ ပြဇာတ်အတွက် ဉာဏ်ပူဇော်ခ ငွေတစ်သိန်းနဲ့ ပြဇာတ်တိုက် ဉာဏ်ပူဇော်ခ ငွေငါးသောင်း"

"ဟော ..."

"ယူထား"

"ငှက် ... ငှက်ကြီး ... ငါ ... ငါက ငွေလိုချင်လို့ လုပ်ပေးတာမဟုတ်ဘူးလေ။ မင်းရှိနေလို့ မင်းကိုကူညီတဲ့အနေနဲ့ ငါ လုပ်ပေးတာပါ ... သူငယ်ချင်းရ"

"ဟုတ်ပါတယ် ... ငါ့ကြောင့် မင်းလုပ်ပေးတာကို ငါ အရမ်းဝမ်းသာတယ်။ ငါတို့လောကမှာ အနုပညာကြေးဆိုတာ တန်ဖိုးဖြတ်တာမဟုတ်ဘူး ... မောင်စုန်ရ ... ပူဇော်တာ၊ ဂါရဝပြုတာ။ ဒီဉာဏ်ပူဇော်ခကို ပညာရှင်အား ချီးမြှင့်ခြင်းကြောင့် မင်းပညာနဲ့ သရုပ်ဆောင်တဲ့လူတွေ အနုပညာစျာန် ပိုရလာတယ်ကွ။ ဒါ ပညာရဲ့ တန်ခိုးသိဒ္ဓိအစွမ်းပဲ။ မင်းလက်ခံလိုက်ရင် တစ်ဖွဲ့လုံး သိဒ္ဓိမြောက်တယ်။ မင်းလက်မခံရင်ရောတဲ့ ... မင်းလက်မခံရင် ဇာတ်ပိုင်ရှင် သူဌေးက ဒီငွေတွေကို 'ဘတ်' လိုက်မှာပဲ။ သူ့မယားကိုတော့ ထွက်ငွေပြလိုက်မယ်။ ပြီးရင် မယားငယ်ကို ဆွဲကြိုးဝယ်ပေးလိမ့်မယ်။

အဲဒီလိုလုပ်ရင် မင်း အလွဲသုံးစား အလုပ်ခံရတဲ့သဘော ဖြစ်သွားမယ်။ အမှန်က ဒီဉာဏ်ပူဇော်ခငွေဟာ သူဌေးဇာတ်ပိုင်ရှင်က ပေးတာမဟုတ်ဘူး ... သူငယ်ချင်း။ ငါတို့ ဇာတ်အဖွဲ့သားတွေ ညစဉ်ညတိုင်း ရှာလို့ရတဲ့ငွေက ချီးမြှင့်တာ။ မင်းကြိုက်သလို သုံး။

"ငှက်ကြီး ..."

"ပြော ... သူငယ်ချင်း"

"မင်း ... မင်း ... ယူလိုက်ပါ"

"ငါ မယူဘူး။ မင်း ငွေမရှိဘဲနဲ့ ခရီးသွားနေတာ မဟုတ်လား ... မောင်စုန်"





"ဟင် ..."

"မင်းကို မြင်တာနဲ့ ငါသိတယ်။ မင်း ခရီးသွားနေတာ အကြောင်းရှိမယ်လို့ ငါထင်တယ်။ မင်း ဘယ်လိုအကြောင်းကြောင့် တစ်ယောက်တည်း လျှောက်သွားနေတာလဲ"

"ဟူး ..."

"ငါ့ကို ပြောလို့ရတာရော ရှိလား ... သူငယ်ချင်း"

"ငါ ခရီးသွားနေတာ အကြောင်းရှိပါတယ် ... ငှက်ကြီးရာ။ မင်းကို ဒီ မကြာခင် ပြောပြနိုင်ပါလိမ့်မယ် ... သူငယ်ချင်း"

"ဆရာ ..."

"ဒေါ်ကြည် ဘာကိစ္စရှိလို့တုံး ... ပြော"

အိုးမည်းတွေ ပါးမှာပေနေတဲ့ အသက် (၆၀)ခန့် ခပ်ဝဝ မိန်းမကြီးတာ ငှက်ကြီးကို လှမ်းအသံပြုတာ။

"ထမင်းပြင်ပြီးပါပြီ ဆရာ။ ဆရာတို့ စားဖို့ ကြွပါရှင့်"

"ဟုတ်ပြီ ... ဒေါ်ကြည်၊ ခုပဲ လာခဲ့မယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ"

"မောင်စုန် ... ထကွာ။ ဇာတ်ထမင်း စားကြည့်စမ်း ... သူငယ်ချင်း ဇာတ်ထမင်းစားနိုင်ရင် ငါတို့ဇာတ်ထဲမှာ နေကွာ။ ငါ မင်းကို သင့်တော်တဲ့ မိန်းမလေးနဲ့ နေရာချပေးမယ် ... လာဟေ့"

ကျွန်တော်တို့ ဇာတ်ရုံနောက်က ထမင်းချက်ရုံထဲကို ဝင်ခဲ့ကြတယ်။ စားပွဲခုံဝိုင်းလေးပေါ်မှာ ထမင်းဟင်း အသင့်ပြင်ဆင်ထားလို့ ဟင်းတွေကတော့ ဇာတ်ဟင်းပဲပေါ့။

ဘူးသီးနဲ့ပဲဆံ။

ငရုတ်သီးထောင်း။

ဂေါ်ဖီရွက်တို့စရာ၊ ဂေါ်ဖီရွက်ကြော်။

"ဆရာ ..."

"ဘာတုံး ... ဒေါ်ကြည်"

"ဟင်းဝယ်ပေးရမလား ဆရာ"

"အေးဗျာ ... ကျွန်တော်တို့က ကိစ္စမရှိဘူး။ သူငယ်ချင်းအတွက် ဆိတ်ပဲတစ်ပွဲ ဝယ်ပေးပါ ... ဒေါ်ကြည်"

"သူငယ်ချင်းငှက်ကြီး ... မလုပ်ပါနဲ့။ အမေကြည် ... မဝယ်နဲ့။ ကျွန်တော် ဇာတ်ထမင်း ဇာတ်ဟင်း စားနိုင်ပါတယ်ခင်ဗျ။ စားရတာ မြိန်ပါတယ်။ မဝယ်နဲ့ အမေကြည်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လှမ်းပြောထားရတယ်။

ကျွန်တော် အိမ်ကနေ ထွက်လာတာ ရက်တွေ ကြာပြီဗျ။

ကျိန်စာသင့်ရွာမှာ ဆီမပါတဲ့ဟင်း။ ပြောင်းထမင်းနဲ့လည်း စားဖူးခဲ့တာပဲ။ ခုရက်ပိုင်းမှာ ချစ်သူလရောင်စိုကို လိုက်ရှာရင်း မနက်စာနဲ့ညစာကို ဘယာကြော် သုံးခုနဲ့ ပြီးခဲ့တာလည်း ရှိနေဖူးဥစ္စာ''

ဘူးသီးနဲ့ပဲ ချက်ထားတဲ့ဟင်းနဲ့ ငရုပ်သီးထောင်းလေး မြှုပ်စားရတာ အရသာရှိပါ့ဗျာ။

''မောင်စုန် ... ငါ့ကို အားနာလို့လား''

''ငှက်ကြီးရာ ... ခုပဲ ငါတို့ ပိုက်ဆံသိန်းထုပ်ရနေဥစ္စာ။ ဟိုတယ်မှာ သွားစားရင်တောင် ရတာပဲ။ ရောမကိုရောက်ရင် ရောမလို ကျင့်ရမှာပဲလေကွာ။ ကျုန်တဲ့ ဖာတ်အဖွဲ့သားတွေလည်း ဒီဇာတ်ထမင်းဟင်း စားကြတာပဲ။ ငါတို့က အပြင်ချက်ဟင်းဝယ်ပြီး သူတို့ရှေ့မှာစားရင် ဘဝတူဇာတ်သမား မဖြစ်တော့ဘဲ ရေပေါ်ဆီ လူတန်းစားခွဲနေရှင်စိတ် ပေါက်သွားမှာပေါ့ကွ''

''အိုကေ ... ငါကလည်း ဒါမျိုးမှ ကြိုက်တာကွ ... စားကွာ''

ငှက်ကြီးလည်း ပဲဟင်းကို ရွှဲရွဲဆမ်းပြီး ငါးဖိရွက်ကို ငရုပ်သီးထောင်းနဲ့ တို့မြှုပ်ပြီး စားနေလိုက်တာ အားရပါးရပဲဗျာ။ တစ်ပန်းကန်ကုန်တော့ နောက်ထပ် ထမင်းထည့်စားတယ်။

''ဒေါ်ကြည် ...''

''ရှင် ... ဆရာ''

''စပယ်တင်ရော''

''ဇင်းကျိုက်ကို သွားတယ်ဆရာ။ သန်ဘက်ခါမနက် ပြန်ရောက်ပါမယ် ဆရာ''

''ဘာသွားလုပ်တာတုံး''

''ဆရာတော်တစ်ပါး သွားဖူးချင်လို့ ပြောတာပဲ ဆရာ''

''အင်းပေါ့ ... အေးပေါ့''

ကျွန်တော် ထမင်းစားသောက်ပြီး နားကြတယ်။ နေဝင်သွားပြီမို့ ဇာတ်အဖွဲ့သားတွေ ဒီညက,မည့်ကိစ္စတွေကို ဆွေးနွေးပြောဆို စီစဉ်ကြတယ်။

ဆိုင်းပတ်စာ ထည့်စမ်းနေတာ ကြားရပြီ။

အသံချဲ့စက်က ယနေ့ညက က,မည့်အစီအစဉ်တွေကို ကြော်ငြာနေတယ်။ အောက်ရုံးကြီးဟာ လျှပ်စစ်မီးတွေ လင်းထိန်ပြီး ဇာတ်ခုံအပြင်အဆင်ကို ပိုကြည့်လို့ကောင်းအောင် ဖန်တီးပေးနေရဲ့။





ပွဲကြည့်ပရိသတ်တွေလည်း ပွဲခင်းထဲကို ဝင်လာမစဲပဲခင်ဗျ။ အပြင်ပွဲဈေးတန်းကလည်း ဈေးသည်တွေ အစုံပဲ။ ရန်ကုန်-မော်လမြိုင် မြစ်ဝကျွန်းပေါ်က ဈေးသည်မျိုးစုံနဲ့ စည်ကားလိုက်တာ။

ပွဲဝန်းထဲ ဇာတ်ကြီးသုံးဖွဲ့ကတဲ့ဇာတ်ရုံရှိရဲ့။

ဆိုင်းသံတွေ ကြားနေရပြီ။ လူရောင်စုံတွေ စီးမျောနေကြ၊ ပျော်ရွှင်နေကြ။

ဇာတ်ရုံနောက်ကိုရောက်တော့ ငှက်ကြီးတောင် အလုပ်များနေလို့ ထမင်းချက်ရုံနဲ့ မီးစက်အနားမှာရှိတဲ့ ခုံရှည်မှာ ထိုင်နားနေလိုက်တယ်။

အလို ... ထမင်းချက်တာဝန်ခံ အမေကြည့်နံဘေးမှာ မိန်းကလေးအချို့ ဝိုင်းလို့ပါလား။ ဗေဒင်မေးနေကြတာကိုး။

အမေကြည်က မိန်းကလေးတွေရဲ့ လက်ဝါးပြင်ကို ကြည့်လိုက်၊ နှိပ်လိုက်၊ ဖိလိုက်၊ ဟောလိုက်။

စိတ်နဲ့တွက်လိုက်၊ ပြီး ... မြင်တာတွေ ဟောလိုက်။

မိန်းကလေးတွေက အမေကြည်အပြောမှာ ရယ်လိုက်ကြ၊ အံ့ဩကြ၊ မျက်လုံးလေးတွေ စင်းသွားကြ၊ ခေါင်းညိတ်ကြ၊ ပြီးတော့ ငွေစက္ကူအချို့ ကန်တော့ကြ။

အမေကြည်ရဲ့ မေတ္တာပို့သံ၊ သာဓုခေါ်သံကို ကြားနေရတယ်။ မိန်းကလေးတစ်အုပ် ကိစ္စပြီးတော့ ပြန်ထွက်သွားကြတယ်။

''ဟော ... ဆရာစုန်ရောက်နေတာလား''

''ဟုတ်ကဲ့ ... အမေကြည်၊ ပွဲခင်းလျှောက်ကြည့်ပြီး ပြန်လာတာပါခင်ဗျ''

''ဆရာစုန် ... စားပါရှင့် ... ဘူးသီးကြော်ပူပူလေး၊ မော်လမြိုင်ဘူးသီးကြော်ရွှရွလေး စားပါ ... ဆရာစုန်''

''ကျေးဇူးပဲ ... အမေကြည်၊ ဒါနဲ့ အမေကြည်က ဗေဒင်လက္ခဏာပညာတွေ ရတယ်လား''

''နည်းနည်းပါးပါးပါ ဆရာစုန်ရယ်။ ဇာတ်ထဲက ကလေးတွေနဲ့ ရင်းနှီးတဲ့ ပရိသတ်တွေ ရောက်လာရင် ကလေးတွေတိုက်တွန်းလို့ ဟောပြောပေးရတာပါ။ ဆရာစုန်ရော ဝါသနာပါလို့လားရှင့်''

အမှန်မှာတော့ ကျွန်တော် ဗေဒင်တို့၊ ယတြာတို့ မယုံလှပါ။ သို့သော် ကျွန်တော်ကြုံခဲ့ရတဲ့ ဘဝခရီးမှာ ဗေဒင်လက္ခဏာတို့ထက် ပိုဆန်းကြယ် အံ့ဩဖွယ်ရာတွေ ကြုံပြီးပါပြီ။

မယုံနိုင်စရာကိစ္စတွေ ကြုံခဲ့ရပြန်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ ငါမသိသေးတာ နားမလည်နိုင်တာတွေ ရှိပါသေးလားလို့ တွေးမိလာတယ်။

ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝတုန်းက စာအုပ်တွေအကုန်ဖတ်တော့ စိတ်နဲ့ပတ်သက်တဲ့ ပညာရပ်စာအုပ်တွေလည်း ဖတ်ခဲ့တယ်။

ဒီမှာ ဆိုက်ကို ကိုင်နက်စစ် (Psycho Kinesis) လို့ခေါ်တဲ့ စိတ်စွမ်းအင်နဲ့ လှုပ်ရှားပုံအကြောင်းတွေ ဖတ်ခဲ့ရတယ်ဗျ။

တစ်စုံတစ်ဦးရဲ့အပေါ် စက်ကိရိယာအကူအညီ လုံးဝမပါဘဲ၊ ကြားခံပစ္စည်းလည်း မပါဝင်ဘဲ တိုက်ရိုက်အမိန့်ပေးလွှမ်းမိုးတဲ့ စွမ်းရည်လို့ အဓိပ္ပာယ်ရတာကို ဆိုက်ကို ကိုင်နက်စစ်လို့ ခေါ်တာပေါ့။

အချို့မှာ ထူးကဲအာရုံသိမှုတွေ ရှိနေတယ်။

Estrasensory Percepnion အက်ထရာစင်စိုရီ ပါစင်ရက်ရှင်ခေါ်သည်တဲ့။

အကြားအမြင်ပေါက်ခြင်း (Clairvoyance)

ဝေးနေစိတ်ချင်းဆက်သွယ်မှု (Telepathy)

ကြိုတင်နိမိတ်မြင်မှု (Precognition)

စတဲ့ အမြင်အကြားအသိတွေက ထူးကဲအာရုံသိမှုတွေပဲတဲ့။ ဒီအကြောင်းအရာတွေကို လန်ဒန်မြို့ရှိတဲ့ စိတ်စွမ်းအင် သုတေသနအသင်း (Society for Psychicla Rescarch) က စူးစမ်းလေ့လာ မှတ်တမ်းတင်ခဲ့တယ်။

သာမန်အားဖြင့် လက်ခံထားသော သာမန်တွေးဆချက်တို့ဖြင့် ရှင်းလင်းဖော်ပြရန် မတတ်နိုင်စွမ်းသော လူ့စိတ်စွမ်းအင်၏ သဘာဝကို တစ်ဖက်သတ်အစွဲကင်းကင်း သိပ္ပံနည်းကျ ရှင်းလင်းတင်ပြဖို့ရန်လည်း ဂျာနယ်စာအုပ်ကိုလည်း စိတ်စွမ်းအင် သုတေသနအသင်းကြီးက ထုတ်ဝေခဲ့တယ်။

သူတို့အသင်းကြီးကိုယ်တိုင်လည်း သိပ္ပံနည်းကျ အဖြေရှာလို့မရတဲ့ ဖြစ်ရပ်ဆန်းကြယ်အကြောင်းတွေ ရှိနေတာကို သိရပြီး ဆက်လက်စူးစမ်းရဦးမယ်လို့ ပြောကြတုန်းမှာပဲ ...

"ဆရာစုန် ... ဝါသနာပါလို့လား"

"စိတ်ဝင်စားတာတော့ ရှိပါတယ် ... အမေကြည်"

"ဆရာစုန် ... လက်ဝါးနှစ်ဖက် ဖြန့်ပြကြည့်စမ်း"

ကျွန်တော်က လက်ဝါးနှစ်ဖက် ဖြန့်ပြလိုက်တယ်။ အမေကြည်က လက်ဝါးကို လိုက်နှိပ်ကြည့်တယ်။ ပြီး လက်ဝါးပြင်ပေါ်က အရေးအကြောင်းတွေကို ငုံ့ကြည့်တယ်။

"အခု အသက် ဘယ်လောက်ရှိပြီတုံး"





"(၃၂)နှစ်ပါ ... အမေကြည်"

"မွေးနံ့က ..."

"ဗုဒ္ဓဟူးပါ ... အမေကြည်"

"နေ့မွေးလား၊ ညမွေးလား ... ဆရာစုန်"

"ညနေမွေးပါခင်ဗျ"

"ရာဟုဘွားပဲကိုး ... အင်း ... အင်း ... ဆရာစုန် ... မိန်းမကိစ္စကြောင့် မီးကွဲသို့ပူရတာမျိုး ခံစားနေရလိမ့်မယ်"

"ဟုတ်လား ... အမေကြည်"

"ဆရာစုန် ... အိမ်ကနေ အချိန်ပြည့် ထွက်နေရမယ်။ ရန်သူ မလိုသူက ရက်ရက်စက်စက်ကို အငြိုးနဲ့ကြံစည်တာကို ခံနေရတယ်"

"မီးလောင်ခံရတတ်တယ် သတိထား"

"မိန်းမယူလို့ မရဘူးနော်"

"ဘာဖြစ်လို့လဲ ... အမေကြည်"

"ဗေဒင်မဟာဘုတ်သဘောအရ ပြောရမယ်ဆိုရင် ကြာသပတေးနံက 'သေ'မှာ ပြပြီး သောကြာနံက 'နာ' မှာ ပြနေတယ်။ ဗုဒ္ဓဟူးနံက 'ထွက်' မှာ ပြနေတယ်။ ပုံနဲ့ပြမယ် ... ကြည့် ... ဆရာစုန်"

၃ - ဝင်

၂ - ထွက်

၁ - ဝင်

၇ - ထွက်

၆ - နာ

၅ - သေ

၄ - ထွက်

"ဒီတိုင်ကိုကြည့်ရင် ဆရာစုန် ဗုဒ္ဓဟူးရာဟုဖွားသည် မိန်းမ၊ ချစ်သူ၊ ဇနီးမယားကြောင့် ပူဆွေးသောက ခံစားရမယ်။

ရေလမ်းခရီးသွားရင် သတိထားရမယ်။ ရွှေရော၊ လူရော ထွက်မယ်။

အိမ်မှာနေလို့မရဘူး။ မြင်းတစ်ကောင်လို ပြေးလွှားနေရမှာ။ သင်္ကန်းတောင်ဝတ်လို့ မရဘူး။ ရဟန်းဝတ်နဲ့နေရင်လည်း ထွက်နေရမှာပဲ။ ဒါတွေက အညံ့ကို ဟောတာ"

"အညံ့ကိုဟောတာဆိုတော့ အကောင်းက ရှိသေးလို့လား ... အမေကြည်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့ . . . မဟာဘုတ်ဗေဒင်သဘောအရ လူတစ်ယောက်သည် တစ်နှစ်ပတ်လုံးမှာ လေးမျိုးကနေ ငါးမျိုးညှိနေပြီး နှစ်ကြိမ်ကတော့ အမြဲတမ်း တောင်းနေလေ့ ရှိတယ်။ အဲဒီနှစ်ကြိမ်မှာ ကိုယ့်မွေးနံဂြိုဟ်က တန်းစီးပေါ်နဲ့ တိုင်ထိပ်ပေါ်မှာ ရှိနေရင် မလွဲမသွေ အောင်မြင်မှုနဲ့ ကံကောင်းမှုကို ခံစားရတာပဲ"

"ဒါဆို ကောင်းတာလေးကြည့်ပါဦး . . . အမေကြီး"

"ဆရာစုန် စာပေနဲ့ အကျိုးပေးမယ်"

"အခုပဲ ပြဇာတ်တိုက်ပေးနေရပြီ အမေ"

"ဆရာစုန် ပြဇာတ်လောကမှာ မမြဲပါဘူး"

"မမြဲဘူး . . . ဟုတ်လား"

"ဟုတ်တယ် . . . မမြဲဘူး။ ဒါ လမ်းကြုံလို့ ဝင်နားတဲ့သဘောပဲ။ ငွေရရင်လည်း အဲဒီရတဲ့ငွေ မမြဲဘူး။ ဝင်လိုက်ထွက်လိုက်ပဲ။ သို့သော် ကံကောင်းနေမယ်။ ဒါကြောင့် ဒီဇာတ်ထဲမှာ ဆရာလုပ်ရတာ။ အိမ်ထောင်ကျကိန်းရှိတယ်။ သို့သော် မိန်းမ ပျက်စီးမယ်။ အကယ်၍ ယူထားတဲ့မိန်းမ ဗုဒ္ဓဟူးသမီး ဖြစ်နေမယ်ဆိုရင် ဆရာစုန်တို့ ကံဆိုးနေရပါလိမ့်မယ်။ သို့သော် ဒီနှစ်ထဲမှာ ဆရာစုန် ကြိုးစားသမျှ ကောင်းကျိုးရော၊ ဆိုးကျိုးရော ခံစားရမယ်။ အကြီးအကဲလို၊ ဆရာသမားလို ပုဂ္ဂိုလ်တွေ့ရဲ့အကူအညီ ရလိမ့်မယ်။ ဆရာစုန် ဗုဒ္ဓဟူးနေ့မနက်မှာ ဝဲဝယ်ဝန်းသက်စေ့ ဘုရားမှာလှူလိုက်။ စပါးစေ့လေးတွေကို ကြက်တို့၊ ငှက်တို့ ကျွေးပေးပါ"

"ကျွေးရင် ဘာဖြစ်မလဲဟင်"

"ကံဆိုးတွေ လျော့ပါးပြီး ကံကောင်းမှုတွေ တိုးတက်လာလိမ့်မယ် . . . ဆရာစုန်"

"ကျေးဇူးပါပဲ . . . အမေကြီး။ အမေကြီးကို ကျွန်တော်ကန်တော့တာပါ လက်ခံပါခင်ဗျာ"

ကျွန်တော်က အမေကြီးကို ငွေတစ်ထောင်တန်သုံးရွက် ကန်တော့တော့ အမေကြီးက ငြင်းတယ်။

"မယူပါဘူး . . . ဆရာ၊ ဆရာပဲသုံးပါ"

"အမေကြီးကို ကန်တော့တာပါ။ အမေကြီး လက်ခံပါနော်"

"ကန်တော့ချင်ရင် လက်အုပ်ချီကန်တော့ပါ . . . ဆရာစုန်"

"ပိုက်ဆံတော့ ဆရာစုန့်ထံက မယူပါရစေနဲ့ရှင်"

အမေကြီးက လုံးဝကို ငြင်းပယ်နေလို့ လက်အုပ်ချီကန်တော့လိုက်ရတယ်ဗျာ။ အမေကြီးက ဆုမွန်ကောင်းတွေ ပေးနေတယ်။

"အမေကြီးပေးတဲ့ဆုတွေနဲ့ ပြည့်ချင်လိုက်ပါဘိဗျာ"





အမေကြီးဟောပြောတဲ့ ဟောချက်တွေ ဒက်ထိကို မှန်နေတာပါ။ သို့သော် ကျွန်တော် ဝန်မခံခဲ့ဘူးဗျာ။

"ဆရာစုန် . . ."

"ခင်ဗျာ . . . အမေကြီး"

"ဖင်းကျိုက်တောင်ရဲ့ အထက်မှာ ကုလားမတောင်ဆိုတာ ရှိတယ်။ ကုလားမတောင်ခြေမှာ ဆရာကြီး 'မြွေသခင်ဆရာ'ဆိုတဲ့ ပုဂ္ဂိုလ်ကြီးရှိတယ်။ ကျွန်မတို့ရဲ့ဆရာပါပဲ။ သူက လူတစ်ယောက်ရဲ့ ရှေ့ဖြစ်နောက်ဖြစ်ကို ပြောတာ မှန်လွန်းတယ် ဆရာ။ သူဟောလို့ လွဲသွားပါတယ်ဆိုတဲ့လူ သိပ်မရှိဘူး။ အကြားအမြင်ရနေတယ်လို့ ပြောလည်း ဖြစ်နိုင်တယ်။ သို့သော် သူက လူတိုင်းကို မဟောဘူး။ သူမွေးထားတဲ့ မြွေဆိုးတွေက လက်ခံနေပြီဆိုရင် ဆရာကြီးမြွေသခင်ဆရာက လိုလိုလားလား ဟောပြောလေ့ရှိတယ်။ ငွေပေးရင် လက်မခံဘူး။ ဖွတ်တိုးဆေးရင် ပေးတဲ့ငွေစက္ကူတွေကို မီးဖိုထဲ ပစ်ထည့်လိုက်ရော"

"ဟုတ်လား . . . ဒါဖြင့် ဆရာကြီးက ဘာကြိုက်လဲဟင် အမေ"

"နွားနို့"

"နွားနို့ . . . ဆရာကြီးသောက်တာလားဟင်"

"မဟုတ်ဘူး . . . သူမွေးထားတဲ့မြွေတွေကို တိုက်တာ၊ ကျွေးတာ။ သူ့မှာရှိတဲ့ မြွေတွေက သက်ရှိအသားကို မစားဘူး။ နွားနို့၊ ဆိတ်နို့ သောက်တယ်။ ဆရာကြီးကလည်း သက်သတ်လွတ်သမားပဲ။ အသီးအနှံအကြော်အလှော်၊ အတို့အမြှုပ်ပဲ စားတယ်။ သူ့ကိုမေးရင်လည်း ကိုယ်သိချင်တာ နှစ်ခွန်းသုံးခွန်းပဲမေး၊ များများမေးနဲ့။ မေးရင် မောင်းထုတ်လိမ့်မယ်။ ဆရာစုန် တွေ့ချင်၊ သိချင်၊ လေ့လာချင်ရင် သွားကြည့်လိုက်ပါ။ မြန်မာမှာလည်း စိတ်မနောနဲ့ပြောနိုင်တဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဆရာကြီးက ဖင်းကျိုက်နဲ့ မော်လမြိုင်အကြားက သုခဆိုတဲ့ရွာမှာ ရှိတယ်။ တွေ့ချင် သွားတွေ့ပါ။ ကျွန်မကို ခွင့်ပြုပါဦး။ ဆရာငှက်နဲ့ မင်းသားစိန်ဆွေမြိုင်တို့အတွက် လက်ဖက်ရည်စီစဉ်စရာရှိလို့ပါရှင့်"

"ဟုတ်ကဲ့ပါ . . . အမေကြီး"

အမေကြီးဟောပြောတာ မှန်တာတွေရှိတယ်လို့ ကျွန်တော်ဝန်မခံတာ အဖြစ်မဟုတ်ပါဘူးနော်။

သူကလည်း မှန်ရဲ့လားလို့ မမေးဘူးလေ။

အင်း . . . ဂဏန်းတွေ၊ တိုင်တွေ၊ အကွက်တွေ၊ လက်ဝါးပေါ်က အရေးအကြောင်းတွေက ဘဝကို သရုပ်ဖော်ပြနေတာလား။

ကောဏ္ဍညပုဏ္ဏားငယ်က လက်ညှိုးတစ်ချောင်းထောင်ပြီး ဟောသတဲ့



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းမြတ် ... မကြာခင်မွေးဖွားမယ့် အရှင့်သားတော်လောင်းလျာသည် စကြဝတေးမင်း လုံးဝမဖြစ်။ ဘုရားစင်စစ် ကေန်ဖြစ်၍ အရွယ်ရောက်သော် တောထွက်တော်မူပါလိမ့်မည် ... အရှင်မင်းမြတ်"

အခြားသော ပုဏ္ဏားဖြူ၊ ပုဏ္ဏားညို၊ ဟူးရားကြီးတွေက သိဒ္ဓတ္ထမင်းသား လောင်းလျာသည် စကြဝတေးမင်းဖြစ်၍ ကမ္ဘာကိုအုပ်စိုးပါလိမ့်မည်ဟု တွက်ချက် ဟောကြတာ။

ကောဏ္ဍညပုဏ္ဏားငယ်က သူ့ပညာကို သူ ယုံကြည်တယ်။ ဤသူငယ် သတို့သားသည် ဘုရားစင်စစ် ကေန်ဖြစ်လိမ့်မည်ဟုဟောတော့ ...

သုဒ္ဓေါဓနမင်းကြီးက ပုဏ္ဏားငယ်ကောဏ္ဍညကို စိတ်ဆိုးတော်မူခဲ့တယ်။ သုဒ္ဓေါဓနမင်းကြီး စိတ်ခုတော်မူတာကိုသိလို့ သူ့ပညာသူ ယုံကြည်တဲ့ ကောဏ္ဍည ပုဏ္ဏား နန်းတော်ကနေ ထွက်ခဲ့ပြီး သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တဲ့အချိန်ကို ငါ စောင့်မျှော်ဖူးတွေ့မယ်ဆိုပြီး တောအုပ်ကို ဝင်ခဲ့တယ်တဲ့။

ကမ္ဘာကျော် လက္ခဏာဆရာကြီး ကိုင်ရိုဆိုရင် အရမ်းအံ့သြဖို့ကောင်း တယ်။ လူတစ်ယောက်ရဲ့ဘဝ အကောင်းအဆိုးကို လက္ခဏာကြည့်ပြီး အတိ အကျပြောနိုင်သူဖြစ်တယ်။ မြန်မာပြည်မှာလည်း (Extrasensory Perception) အက်ထရာစန်စိုရီပါစက်ပ်ရှင်း ခေါ်နိုင်တဲ့ ထူးကဲအာရုံသိမှုရှိတဲ့ပုဂ္ဂိုလ်တွေ ရှိခဲ့ဖူး ပါတယ်။

တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး အရှင်ဦးဥတ္တမသာရဆို ရင် ပရိတ်ရွတ်တာနဲ့ သူ့ရှေ့မှာချထားတဲ့ ပရိတ်ရေပုလင်း၊ ပရိတ်ဆီပုလင်းတွေ မှာ ပိတ်ထားတဲ့အဖုံးတွေ ဖောင်းခနဲပွင့်ပြီး ရေရော၊ ဆီရော ဆူဝေလျှံကြတာ တစ်နိုင်ငံလုံး အသိပဲဗျာ။

မယုံဘူးလို့ပြောတဲ့လူတောင် အံ့သြရတဲ့ အဖြစ်ပါဗျာ။

လွန်ခဲ့တဲ့ ကာလတစ်ခုတုန်းက မြန်မာ့ရုပ်ရှင်လောကမှာ ထူးကဲအာရုံ သိတဲ့ ပညာရှင် ရုပ်ရှင်လောကသားတစ်ဦး ပေါ်ခဲ့ဖူးတယ်။

လူတစ်ယောက်ရဲ့ လက္ခဏာကိုကြည့်ပြီး ...

ဘယ်လိုကံတရားနဲ့ သေရမယ်ဆိုတာကို ကြိုပြောနိုင်တာခင်ဗျ။ နိုင်ငံ ကျော်စာရေးဆရာတစ်ဦးကို ဘယ်နေ့ဘယ်ရက်မှာ ရေနဲ့ဒုက္ခပေးနိုင်တယ်။ အဲဒီ နေ့ ရေမကူးနဲ့ ရေလမ်းခရီး မသွားနဲ့လို့ မိတ်ဆွေစာရေးဆရာအများရှေ့မှာ ဟောပြောလိုက်တယ်။

အဟောခံရတဲ့စာရေးဆရာက သတိမထားခဲ့ဘူးတဲ့။

ဆရာဟောပြောတဲ့နေ့မှာပဲ ကန်တော်ကြီးမှာလား၊ အင်းလျားကန်မှာ လား မသိဘူး။ အရက်မူးပြီး လှေစီးခဲ့တာ လှေမှောက် ရေနစ်သေပါရောတဲ့။





တစ်ကြိမ်၊ နှစ်ကြိမ်ဆိုရင် မတော်တဆ တိုက်ဆိုင်မှုပေါ့။ သို့သော် အကြိမ်ကြိမ် အခါခါ မှန်နေရင်တော့ ထူးခြားတာပေါ့။

ကျွန်တော် ဒီကိစ္စတွေမယုံကြည်သော်လည်း ယုံကြည်လိုက်ချင်တယ်။

ယုံကြည်လိုက်ချင်သော်လည်း မယုံကြည်ချင်ဘူး။

ချစ်သူနဲ့ ကွဲကွာကွေကွင်းရမည့်အဖြစ်မျိုး ကြိုပြီး မကြားချင်ဘူး။

ဒါဖြင့် ချစ်သူနှင့် ပြန်ပေါင်းထုတ်ရမည့် မင်္ဂလာစကားကိုလည်း မကြား ချင်ဘူးတဲ့လားလို့ မေးရင် ...

အဲဒီ မင်္ဂလာစကားကို အရမ်း ကြားချင်တယ်။

မြန်မာမှာတော့ ကြိုတင်နိမိတ်ကောင်းလို့ ပြောတာပေါ့။

အဲဒီလိုနိမိတ်ကို မြင်ချင်၊ ကြားချင်တယ်ဗျာ။

လရောင်စိုနဲ့ ပြန်ဆုံရမယ်ဆိုတဲ့စကား တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် အကြိမ်ရာထောင် ကြားချင်တယ်။

ပျော်ရွှင်စွာ ပေါင်းရလေသတည်းဆိုတဲ့ နိမိတ်စကား အချိန်ရှိသမျှ ကြား ချင်လိုက်တာဗျာ။

✿ ✿ ✿

[ ၂၈ ]

❑

ကျွန်တော့်ပြဇာတ်ကို ဒုတိယညမှာ စင်တင်လာခဲ့တယ်။ ပွဲခင်းထဲမှာ ထက်ခုပ်သံတွေကို လျှံနေတာပဲ။ သူငယ်ချင်းဒါရိုက်တာ ငှက်ကြီးတောင်ရော၊ ဇာတ်မန်နေဂျာပါ ဝမ်းသာလွန်းလို့။

ပြဇာတ်မင်းသား မင်းချစ်သူတို့၊ ပြဇာတ်မင်းသမီး စွဲမိရွှေဘဝင်တို့ အဖွဲ့သားတွေလည်း ဝမ်းသာလို့မဆုံးပဲဗျာ။

ပြဇာတ်က နာမည်ရသွားတယ်။

ဒီပြဇာတ်ကို နောက်ညမှာ ပြန်ကပေးဖို့ တောင်းဆိုကြပါရောဗျာ။ ထပ် တောင်းချင်တော့ ဇာတ်ပွဲ (၁)ရက် ထပ်တိုးတယ်။ ဒါကြောင့် နောက်ဆုံးညမှာ 'တောက်မခတ်နဲ့ နောက်ထပ်နာမယ်' ဆိုတဲ့ ပြဇာတ်ကို ပြန်ကဖို့ ကြိုတင်ကြေညာ လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ပိုင်ရှင်သူဌေးလည်း ဝမ်းသာအားရ ရောက်လာပြီး ဒီဖတ်မှာပဲ ဆရာငှက်ကြီးတောင်နဲ့ ဖတ်ရာသီကုန်အထိ ကူညီပေးဖို့ မေတ္တာရပ်ခံတယ်ဗျာ။

ငှက်ကြီးကလည်း သူတို့ဖတ်နဲ့ လိုက်ဖို့ပဲပြော။

ဟော ... မော်လမြိုင် စာအုပ်ဖြန့်ချိရေး သူဌေးကလည်း ဖတ်ရုံကို လိုက်လာတယ်။

ကျွန်တော့်ကို အလုပ်ပေးချင်လို့တဲ့။

ဘယ်လိုလုပ်ရပါ့မလဲ။

စဉ်းစားပါရစေဗျာလို့ ပြောလိုက်ပြီး အမေကြည်ပြောတဲ့ မြွေသခင်ဆရာ ရှိရာ သုခရွာကို အရှာထွက်ခဲ့လိုက်တယ်။ ကျွန်တော့်မျှော်လင့်ချက်တွေကို လိုက်ရှာနေမိပြီလေ။

မယုံသည်ဖြစ်စေ၊ ယုံသည်ဖြစ်စေ ချစ်သူလရောင်စိုအတွက် အားကိုးရာတစ်ခုကို မျှော်လင့်နေမိတယ်။

ဒီလိုနဲ့ ကုလားမတောင်အောက်ဘက်က သုခဆိုတဲ့ရွာကို ကျွန်တော် ရောက်သွားခဲ့တယ်။

ကျွန်တော့်လက်ထဲမှာလည်း တစ်ဂါလန်ဝင် နွားနို့ပလတ်စတစ်ပုံး ပါလာတယ်။

သုခရွာက အိမ်ခြေကျဲတဲ့ ရွာပဲကိုး။

လူတစ်ယောက် ညွှန်ပြလို့ ကျွန်တော် ခြံဟောင်းကြီးတစ်ခုရှိရာကို လာခဲ့လိုက်တယ်။

ခြံစည်းရိုးရယ်လို့ မရှိဘူး။ ဝါးပင်၊ သစ်ပင်တွေ အုပ်နေတဲ့ ခြံပျက်လိုနေရာ။

ချုံတွေ၊ နွယ်တွေကလည်း များသလား မမေးနဲ့။

ခြံထဲမှာ မြေစိုက်တဲတစ်လုံးကို တွေ့ရတယ်။

တဲက အမိုးအကုတ်ကုတ်ဗျ။

တဲအရှေ့မှာ ရှင်မီးအင်္ကျီနဲ့ ကလေးမလေးတစ်ဦး ဖိုခုံလောက်မီးဖိုနဲ့ ချက်ပြုတ်နေတာ မြင်ရတယ်။

"ညီမလေး ..."

"ရှင် ... ဘာကိစ္စရှိလို့လဲဟင်"

"ဆရာကြီးရှိပါလားဟင် ... ညီမလေး"

"ဘယ်ဆရာကြီးကို ပြောတာလဲရှင်"

"ဟိုလေ ... မြွေသခင်အဘဆရာကြီးပါကွယ်"

"အဘိုးလား ... ရှိပါတယ်ရှင့်"





"အဘဆရာကြီးနဲ့ တွေ့ချင်လို့ပါ ... ညီမလေးရယ်၊ ပြောပေးပါလား"

"ဟုတ်ကဲ့ရှင့် ... ခဏလေး"

ရှင်မီးအင်္ကျီနဲ့ ကလေးမလေး တဲကြီးရဲ့အနောက်ဘက်ကို ပတ်ဝင်သွားတယ်။ ငါးမိနစ်ခန့်ကြာတော့ ကလေးမလေး ပြန်ရောက်လာတယ်။

"ညီမလေး ... ဆရာကြီးရော"

"နောက်မှာ လာနေပါပြီရှင့်"

"ဟင် ..."

ကျွန်တော်မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် အံ့အားလည်းသင့် ကြောက်လည်း ကြောက်သွားခဲ့တယ်ဗျာ။

အသက် (၉၀)ကျော်ခန့်ရှိမည့် အဘိုးအိုတစ်ဦး။

ခေါင်းတုံးပြောင်ကြီးနဲ့။ ခေါင်းတုံးပေါ်မှာ အင်းကွက်တွေက အပြည့်။ မျက်နှာပေါ်မှာလည်း ပရဲထိုးထားသလားထင်ရအောင် အင်းစမတွေ ထိုးထားရဲ့။

အင်္ကျီဝတ်မထားတဲ့ ရင်ဘတ်ပေါ်မှာလည်း လေးထောင့်အင်းကွက်တွေ၊ အဝိုင်းတွေ၊ တြိဂံပုံတွေ၊ စာတမ်းတွေက အပြည့်။

ပိန်ရှည်ရှည် လက်နှစ်ဖက်မှာလည်း အင်းတွေအပြည့်။ တစ်ကိုယ်လုံး အင်းကွက်တွေ၊ စမတွေ၊ ဂဏန်းတွေ ပြည့်နေတာပဲဗျာ။

ပိုအံ့သြဖို့ကောင်းတာက ...

သူ့ဝန်းကျင်မှာ မြွေဆိုးတွေ ပါးပျဉ်းထောင်ပြီး ပတ်ဝိုင်းနေတာပဲခင်ဗျာ။

လက်မောင်းလောက်တုတ်တဲ့မြွေ၊ လက်ဖျံလောက်တုတ်တဲ့မြွေ၊ အရွယ်အစား မျိုးစုံဗျ။

မြွေတွေက ပါးပျဉ်းတွေထောင်ပြီး လိုက်လာတယ်။

အချို့မြွေက အရှည်သုံးလံခန့်။

အချို့မြွေတွေက အရှည်နှစ်လံခန့်။

အရှည်အတို မျိုးစုံ။ နက်ပြောင်ပြောင်ရော၊ ဝါဖန့်ဖန့်ရော၊ အစိမ်းရောင်၊ အဝါရောင် မြွေရောင်စုံတွေ။

"ဖျီး ..."

"ဖျီး ... ဖျီး ..."

"ရှရော ..."

"အမယ်လေး ..."

ပါးပျဉ်းကြီးတွေက ထမင်းစားပန်းကန်လောက်လည်း ရှိရဲ့။ လက်တစ်ဝါးခန့်လောက်လည်း ရှိရဲ့။ အကောင်ရေ (၄၀)လောက် ရှိမယ် ထင်တယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မြွေဆိုးတွေလို့ ပြောရမှာပဲ။ မျက်လုံးနီရဲရဲကြီးတွေနဲ့ ပါးပျဉ်းထောင်ပြီး ကျွန်တော့်ကို ကြည့်နေတာ။

"ရှူး . . ."

"ဖြီး . . ."

"ရှူး . . ."

"ရှူး . . . ရှူး . . ."

ပါးပျဉ်းထောင်ပြီး လျှာနှစ်ခွတွေကို ထုတ်လိုက်သွင်းလိုက်နဲ့ ရှေ့တိုးလာနေတာ။ ကျွန်တော် ကြောက်လွန်းလို့ နောက်ကိုဆုတ်လိုက်တယ်။ မြွေဆိုးကြီးတွေက အမြီးရှည်တွေကို လွန့်နေပုံက မြေပြင်ပေါ်မှာ လှိုင်းထနေသလိုပဲ များ။

"ရှူး . . . ရှူး . . ."

"ဖြီး . . ."

"ဟင် . . ."

ကျောနောက်က မြွေတွန်သံ၊ မြွေမာန်ဖီသံတွေ ကြားလို့ လှည့်ကြည့်လိုက်ရော . . . အလိုလေးဗျ . . . ကျွန်တော့်နောက်မှာ ပါးပျဉ်းထောင်နေတဲ့ မြွေဆိုးကြီးတွေဗျ။

ကျွန်တော်လာခဲ့တာ မှားပြီနဲ့တူပါရဲ့။

မြွေဆိုးတွေက ကျွန်တော့်ကို ထွက်ပြေးလို့မရအောင် ဝိုင်းထားပြီး ပါးပျဉ်းထောင် ခေါင်းတွေ ယိမ်းနေကြတာ။

သူတို့ မြွေအမြီးတွေ ရွေ့သံကလည်း ဝရောခနဲ။

ပါးပျဉ်းထောင်ပြီး ဝိုင်းထားတဲ့ မြွေဆိုးတွေကြားမှာ ကျွန်တော် တစ်ကိုယ်လုံး တုန်နေပြီ။

အဘိုးကြီးက စူးရဲတဲ့မျက်လုံးနဲ့ ကျွန်တော့်ကို အတန်ကြာ စိုက်ကြည့်ရင်းက အသံသြသြနဲ့ မေးလိုက်တယ်။

"မင်း ဘယ်ကလဲ"

"ရန် . . . ရန်ကုန်က . . . လာ . . . လာတာပါ . . . ဆရာကြီး"

"မင်းနာမည်"

"ကို . . . ကိုရွှေမင်း . . . စုန် . . . စုန်ပါခင်ဗျ"

"အခု ဘယ်သူနဲ့ တွေ့ချင်လို့တုံး"

"ဆ . . . ဆရာကြီး . . . မြွေ . . . မြွေသခင် . . . ဆရာနဲ့ တွေ့ချင်လို့ပါ"

"မင်းကို ဘယ်သူလွှတ်လိုက်တာတုံး"





"အ . . . အမေကြည်ပါ . . . ခင် . . . ခင်ဗျ"

"ဘယ်က အမေကြည်တုံး"

"ရွှေမြရံခြယ် . . . ဇာတ် . . . ဇာတ်က . . . အမေကြည်ပါခင်ဗျ"

"ဘာကိစ္စနဲ့ လာခဲ့တာတုံး"

"ဟို . . . ဟို . . . ကြည့် . . . ကြည့်ချင်လို့ပါ ခင်ဗျ"

"ကြည့်ချင် ကြည့်လေ . . . မင်းရှေ့ကမြွေက ငန်းပုတ်၊ ငန်းဝါ၊ ငန်းဆောင်။ မင်းနောက်က မြွေတွေက မြွေဟောက်တွေ။ ဟိုဘေးက အဝါနဲ့အနက်တန်းတော်ကြားပဲ။ တောကြီးမြွေဟောက်ကတော့ အိမ်ထဲက သေတ္တာထဲမှာ ရှိတယ်။ ကြည့် . . . အကိုက်ခံချင်ရင်လည်း ပြောပေါ့"

အဘိုးကြီးက ခပ်တည်တည်နဲ့ ပြောနေတာဗျာ။ ပြောရင်းကနေ ပါးပျဉ်းထောင်နေတဲ့ မြွေငန်းကြီးရဲ့အမြီးကို ကောက်ကိုင်ပြီး ဆွဲလိုက်ရော ငန်းမြွေကြီးက ရှူးလို့ အသံပေးပြီး လေထဲမှာလွန့်လူးပြီး လူပ်ရှားနေတာ။ ဗိုက်သားဖွေးဖွေး အကျည်းခွံတွေ တွန့်လူပ်နေပုံနှယ် အတော်ကို ကြောက်စရာပါခင်ဗျ။ မြွေဆိုးတွေကို အတော်ကျွမ်းကျင် နိုင်နင်းတာပဲကိုး။

"မြွေ . . . မြွေတွေကို ကြည့်ဖို့ . . . မ . . . မဟုတ်ဘူး . . . ဆရာကြီးခင်ဗျာ"

"ဒါဖြင့် ဘာကြည့်ချင်တာတုံး"

"ဗေဒင်လက္ခဏာ ကြည့်ချင်လို့ပါ . . . ဆ . . . ဆရာကြီး"

"ဒီလိုလား"

"ဟုတ် . . . ဟုတ်ကဲ့"

"ဒါဆို လက်ဝါးနှစ်ဖက် ထောင်လိုက်စမ်း"

ကျွန်တော် လက်ထဲက နှီးပုံးကို မြေပြင်မှာချပြီး လက်ဝါးနှစ်ဖက် ထောင်ပြလိုက်တယ်။ ဆရာကြီးက ရှေ့ကိုတိုးလာပြီး လက်ဝါးပြင်ပေါ်က လက္ခဏာအရေးအကြောင်းတွေကို စိုက်ကြည့်နေတယ်။

မြွေဆိုးတွေကလည်း ကျောက်ရုပ်တုတွေလို ငြိမ်နေကြရဲ့။

"မင်း ဘာသိချင်တာလဲ"

"ကျွန် . . . တော် . . . ဇနီး၊ ချစ်သူကို . . . ပြန်တွေ့ရမလား . . . ဆရာကြီး"

"တွေ့မယ်"

"ဗျာ . . . တွေ့မယ် . . . တွေ့မယ် . . . ဟုတ်လား . . . ဟုတ်လား . . . ခင်"

"နောက်တစ်ခုပဲမေး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ... ပြန် ... ပြန်ညားကြမှာလား ဟင်"

အဘိုးကြီးက ဦးခေါင်းကို ရမ်းပြတယ်။

"ဗျာ ..."

"မင်းကလည်း သူ့ကို ချစ်မြတ်နိုးတယ်၊ သူကလည်း မင်းကို ချစ်မြတ်နိုးတယ်။ ချစ်ပေမင့် မညားတော့ဘူး"

"ဗျာ ... ဒါ ... ဒါဆို ... သူ ... သူ ... သေမှာလား။ ရှင်မှာလား တင် ... ဆရာကြီး"

"မင်း ပြန်တော့"

"ဆ ... ဆရာကြီး ... သူ ... သူ ..."

"ကောင်လေး ... ပြန်တော့"

"ဒီတစ်ချက်ကိုပဲ ..."

"ရှီး ... ရှီး ..."

"ဖျီး ... ဖျီး ... ဖျီး"

"ဝရော ... ဝရော ... ဝုန်း"

"ဟာ ... ဟာ ... ဆရာကြီး ... လုပ် ... လုပ်ပါဦး"

ကျွန်တော် အမေးကို ဆက်မေးရော အနီးမှာရှိတဲ့ ငန်းမြွေ၊ ငန်းပုတ်ကြီးတွေဟာ ဖျီးခနဲ ဒေါသတွေထွက်ပြီး လည်ပင်းကိုဆန့်၊ ပါးပျဉ်းကို ရှေ့တိုးနောက်ငင် လုပ်ကြပါရောဗျာ။

နောက်ကမြွေတွေလည်း တဖျီးဖျီး တရှီးရှီးနဲ့ ဒေါသတွေ ဖြစ်နေကြပြီဗျ။

အလိုလေးဗျာ ... လက်မောင်းလုံးခန့် မြွေကြီးတွေက ဆရာကြီးရဲ့ခြေသလုံးနဲ့ ပေါင်ကို ပတ်လိုပတ်၊ အချို့မြွေတွေ နောက်ကျောကနေ ပခုံးပေါ်ခေါင်းထောင်တက်လိုတက် အာဂ မြွေနှိုင်သူကြီးပါလား။

ကျွန်တော် ဆရာကြီး မြွေသခင်ဆရာကို လက်အုပ်ချီပြီး ပြောလိုက်ပါတယ်ဗျာ။

"ဆရာကြီး ... ကျွန်တော် ... ကျွန်တော် ပြန်ပါတော့မယ် ခင်ဗျာ။ ဟောဒီနွားနို့ပုံးက သူတို့သောက်ဖို့ လှူတာပါခင်ဗျာ"

"နွားနို့ပုံးထားပြီး ပြန်တော့"

"ဟုတ် ... ဟုတ်ကဲ့ပါခင်ဗျာ"

ကျွန်တော် နို့ပုံးကို ထားခဲ့ပြီး မြွေအုပ်ကြားကနေ ကြောက်ကြောက်လန့်လန့်ထွက်လို့ လာလမ်းအတိုင်း ပြန်ထွက်ခဲ့လိုက်တယ်။

"ဟေ့ ... ကောင်လေး ..."





နောက်ဘက်ကခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ မြွေသခင်ဆရာကြီး အဘိုးကြီးက ငန်းဝါကြီးနှစ်ကောင်ကို ပခုံးပေါ်မှာ တင်ထားရင်း ကျွန်တော့်ကို အသံပြုတာ ဖြစ်နေတယ်။

"ခင်ဗျာ ... အဘဆရာကြီး"

"မင်း ဂမ္ဘီရပန်းတစ်ပွင့်ကို နမ်းခွင့်ရပြီး အသက်ရှည်ရဦးမှာပါကွ။ အဲဒါဟောဒီ မင်းလှူတဲ့ နွားနို့ကျေးဇူးကြောင့်ပဲကွ"

အဘ မြွေသခင်ဆရာကြီးက ဒီတစ်ခွန်းပဲပြောပြီး မြွေတွေနဲ့အတူ တဲနောက်ဘက်ကို ဝင်သွားခဲ့တယ်။

ရှင်မီးအကျီလေးနဲ့ ကလေးမလေးကတော့ ကျွန်တော့်ကို ငေးကြည့်နေတယ်။

✿ ✿ ✿

## [၂၉]

❑

မှောင်တော့မှပဲ ကျွန်တော် ဓာတ်ရုံကို ရောက်ခဲ့တယ်။

"ဟေ့ကောင် ... ငစုန်၊ မင်း ဘယ်သွားနေတာတုန်းကွာ ဟင်"

"ဘုရားတွေ လိုက်ဖူးနေတာပါ ... ငှက်ကြီးရ"

"လခွေးမှပဲ ... ငါကတော့ ထမင်းစားဖို့ မနက်က လိုက်ရှာ၊ မေးလိုက်သေးတာကွာ။ ကိုင်း ... ညစာနဲ့ ရောလိုက်တော့။ အမေကြည်ရေ ..."

"ရှင် ... ဆရာ"

"ကျွန်တော်တို့ ထမင်းစားမယ်"

"ဟုတ်ကဲ့ပါဆရာ ပြင်လိုက်ပါ့မယ်ရှင့်"

ဓာတ်ရုံထဲမှာ မီးတွေ လင်းနေပြီ၊ အသံချဲ့စက်ဖွင့်သံလည်း ကြားရပြီး ခိုင်းအဖွဲ့သားတွေလည်း စားသောက်ပြီးကြပြီမို့ အသီးသီး ဆိုင်းဝိုင်းရှိရာ ဝင်သွားကြပြီ။

အမေကြည်က ဟင်းပန်းကန်တွေ လာချပေးရင်း ကျွန်တော့်ကို အံ့ဩဟန် ကြည့်နေတယ်။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မယုံသလိုလို ဖြစ်နေပါရော။



www.burmeseclassic.com

www.burmeseclassic.com



“ဆရာစုန် … တွေ့ခဲ့လား”

“ဗျာ …”

ဒီလိုမေးပြီး ပြုံးတုံးတုံးလုပ်လို့ ပြန်လှည့်သွားတယ်။ ပြီး … တို့စရာ၊ ငါးပိရည်ပန်းကန်တွေ လာချတယ်။

ဒီအချိန်မှာ ကျွန်တော့် နောက်ကျောဘက်ကနေ ဇာတ်ထမင်းချက်ကြီး အမေကြည်ရဲ့ စကားပြောသံကို ကြားလိုက်ရတယ်။

“ဟယ် … စံပယ်တင်”

“ကြီးမေ …”

“ငါက မနက်ကတည်းက မျှော်နေတာအေ။ ဘာတွေများဖြစ်လို့ နောက်ကျပါလိမ့်နဲ့။ ဆရာငှက်ရေ … ဟောဒီမှာ စံပယ်တင် ပြန်ရောက်လာပြီ တော့”

“ဟဲ့ … စံပယ်တင်”

“ရှင် … ဆရာ”

“ညည်းလည်း ပွဲထွက်ခါနီးမှပဲ ရောက်လာတော့တယ်။ နင့်ကြီးမေးက မရောက်သေးလို့ တမျှော်မျှော် တပူပူ ဖြစ်နေတာဟဲ့။ လာ … ငါတို့နဲ့ တစ်ခါတည်း ဝင်စား”

“စားပါ … ဆရာ၊ ကျွန်မ ပြီးမှ စားပါ့မယ်ရှင့်။ နောက်ကျသွားလို့ တောင်းပန်ပါတယ်။ ဆရာရော၊ ကြီးမေရောရှင့်”

“အေး … အေး … ရတယ်ဟေ့”

ဒီမှာ အမေကြည်က …

“စံပယ်”

“ရှင် … ကြီးမေ”

“ရော့ … ဒါလေး ဆရာတို့ဝိုင်း သွားပေး။ ဆရာရေ … ညနေက ငါးရံ့ခြောက်လေး ရလာလို့ မီးဖုတ်ဆီဆမ်းထားတယ်။ စားကြနော်”

“အမေကြည်တို့ဖို့ ထားပါဗျာ”

“ရှိပါသေးတယ်။ ဆရာငှက်က ငါးရံ့ခြောက် ကြိုက်တတ်မှန်းသိလို့ ပွဲဈေးက ဝယ်လာတာ။ ဆရာစုန်ရော စားနော်”

“ဟုတ်ကဲ့ပါ … အမေကြည်”

ကျွန်တော့်နောက်ကနေ သနပ်ခါးရနံ့ သင့်သင်းလေး ဝေ့လာတယ်။ မိန်းကလေးက ရှက်ရွံ့ဟန်နဲ့ ငါးရံ့ခြောက်ပန်းကန်ကို လာချပေးတယ်။

အလို … မိန်းကလေးက မျက်နှာနဲ့ဦးခေါင်းကို ပိတ်သားပဝါစနဲ့ သိုင်းချည်ထားတာပါလား။ ကျွန်တော် စားမည့်ထမင်းကို အသာချပြီး ဘေးတိုက်မြင်ရတဲ့





သူမကို (၄၀)ဝပ် မီးလုံးအလင်းရောင်နဲ့ ကြည့်နေမိတယ်။ ကိုယ်လုံးကိုယ်ပေါက်က မပိန်မပါး။ အဖြူခံမှာ အဝါရောင်ပန်းပွင့်ပါတဲ့ အင်္ကျီလက်စကလေးနဲ့။

အမျိုးသမီးက ကိုငှက်ရဲ့ ထမင်းပန်းကန်ထဲကို ငါးရံ့ဆီစိမ် ထည့်ပေးတယ်။ ပြီးတော့ ကျွန်တော့်ပန်းကန်ထဲကို ထည့်ဖို့ လှည့်လိုက်ရော …

ကျွန်တော် သူမကို ကြည့်ပြီး ဖြုန်းခနဲ ထရပ်လိုက်တယ်။

သူမကလည်း ကျွန်တော့်ကိုကြည့်ပြီး အံ့အားကြီးသင့်နေ။

“မင်း … မင်း … လရောင်စို … လရောင်စိုလား ဟင် ဟင်”

“ရှင် …”

“ချလွှမ်”

“အို …”

“ဟဲ့ … စံပယ်တင် … ဘာဖြစ်လို့တုံး”

မိန်းကလေးလက်ထဲက ငါးရံ့ခြောက်ပန်းကန် ထမင်းစားခုံပေါ် လွှင့်ကျပြီး ဟင်းချိုပန်းကန်နဲ့ ထိကွဲသွားတယ်။

“မင်း … မင်း … လရောင်စို … လရောင်စို …”

“အို … မဟုတ်ဘူး … မ … ဟုတ်ဘူး … မဟုတ်ဘူး”

သူမ မဟုတ်ဘူးဆိုတဲ့စကားကို အလန့်တကြား ပြောလိုက်ပြီး ကျွန်တော်တို့ ထမင်းစားတဲ့နေရာကနေ အနောက်ခြမ်းဘက် ချာခနဲ လှည့်ထွက်သွားတယ်။

“နေ … နေဦး … လရောင်စို”

ကျွန်တော် သူမဝင်သွားတဲ့ အခန်းထဲကို ပြေးလိုက်မလို့လုပ်ရော ငှက်ကြီးက ကျွန်တော့်လက်ကို လှမ်းဆွဲလိုက်ပြီး …

“မောင်စုန် … ဘာဖြစ်လို့တုံး”

“သူ … သူ … အဲဒီမိန်းကလေးက … လရောင်စို … လရောင်စို”

“စံပယ်တင်ကိုပြောတာလား … မောင်စုန် … ဟင် ဟင်”

“စံပယ်တင်မဟုတ်ဘူး … လရောင်စို … လရောင်စို”

ကျွန်တော် ထမင်းစားကုလားထိုင်ကို တွန်းဖယ်ပြီး စံပယ်တင် (လရောင်စို) ပြေးသွားတဲ့နောက်ကို ပြေးလိုက်ခဲ့လိုက်တယ်။

လရောင်စို ဇာတ်ရုံနောက်ကနေပတ်ပြီး ဇာတ်ရုံရှေ့ဘက်ကို ပြေးသွားတယ်တဲ့။ ဇာတ်ရုံရှေ့ကို အပြန်လိုက်သွားလိုက်တယ်။

လရောင်စိုကို မတွေ့ဘူး။

ပွဲကြည့်ပရိသတ်တွေ၊ ပွဲဈေးလာ ပရိသတ်တွေ အများကြီးကိုပဲ မြင်နေရတယ်ဗျာ။ ကျွန်တော် လူပရိသတ်ကို တိုးဝှေ့ပြီး ပွဲဈေးဆိုင်တန်းတွေအနှံ့ လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှာတယ်။ မတွေ့တော့ ဟိုဘက်ကဇာတ်ရုံထဲကို လိုက်ရှာတယ်။ ဇာတ်ရုံထဲမှာလည်း လူတွေများလို့။ များများဗျာ။ လူအန့် လိုက်ကြည့် ရှာတယ်။

မတွေ့ဘူး။

ကျွန်တော်တို့ဇာတ်ရုံထဲကို ပြန်ဝင်ရှာတယ်။ မတွေ့ဘူး။ ဇာတ်ထဲက လူအချို့နဲ့ ရုံဝမှာတွေ့တော့ ရေးကြီးသုတ်ပြာဖြစ်နေတဲ့ ကျွန်တော့်ကို လှမ်းမေးကြရော။

"ဆရာစုန် ... ဘယ်သူ့ရှာနေတာလဲ၊ ဆရာငှက်ကို လိုက်ရှာနေတာလား"

"မ ... မဟုတ်ဘူးဗျ ... ဟို ... ဟိုလေ ... ဟိုဗျာ ... ခင်ဗျားတို့ဇာတ်အဖွဲ့ထဲက လရောင်စို"

"ဗျာ ..."

"အဲ ... အဲ ... ဟိုလေ ... မစံပယ်တင်ဆိုတဲ့ အမျိုးသမီးကိုများ တွေ့လိုက်ကြလား ဟင်"

"ထမင်းချက်အမေကြည်တူမ စံပယ်တင်လားဗျာ"

"ဟုတ် ... ဟုတ်တယ်ဗျာ ... စံပယ်တင်ဗျာ ... သူ့ကို တွေ့လားဟင်"

"ဒီနားမှာတော့ မတွေ့မိဘူး ဆရာစုန်။ ဘာကိစ္စရှိလို့လဲဆရာ။ တွေ့ရင် ဘာပြောလိုက်ရမလဲ ဆရာ"

သူတို့ကလည်း ကျွန်တော့်အမူအရာကို ကြည့်ပြီး ပြောနေကြတာဗျာ။

"ကျွန်တော်လိုက်ရှာနေတယ်လို့ ပြောပေးပါဗျာ။ ကျွန်တော် လိုက်ရှာလိုက်ဦးမယ်ဗျာ"

ဒီအချိန်မှာ ဒါရိုက်တာငှက်ကြီး ရောက်လာပြီး ကျွန်တော့်ကို ဘုကြည့်ကြည့်လို့ ပြောပါရော။

"မောင်စုန် ... ဟေ့ကောင် ... ငစုန် ..."

"ငါ ... ငါ ..."

"ဟေ့ကောင် ... ဘယ်မှ မသွားနဲ့ဦး။ မင်း စံပယ်တင်ကိုမြင်ပြီး ဘာတွေ ဖြစ်သွားကြတာတုံးကွာ။ မင်းနဲ့စံပယ်တင်တို့ သိကြလို့လားဟင် ငစုန်"

"သိတယ်"

"သိတယ် ... ဘယ်တုန်းက သိခဲ့ကြတာလဲ ... ငစုန်။ ဘယ်လိုသိကြတာတုံး"

"သူ ... သူ ... စံပယ်တင်မဟုတ်ဘူး ... ငှက်ကြီး"

"ဘာကွ ... ဘာပြောတယ် ... ငစုန်"





"သူ့နာမည်က လရောင်စို။ ငါ့ရဲ့ချစ်သူ"

"ဟေ ..."

"ဗျာ ..."

"ဘုရားရေ ... ချစ်သူ ... ဟုတ်လား"

"ငါ သူ့ကို လိုက်ရှာနေတာ မြို့တွေ၊ ရွာတွေ မနည်းတော့ဘူး။ ငါ သူ့ကိုတွေ့မှဖြစ်မယ် ... ငှက်ကြီး ... ဖယ်ကွာ"

ငှက်ကြီးက ကျွန်တော့်လက်ကို တင်းတင်းဆုပ်ပြီး ပြောတယ်။

"ငစုန် ..."

"..........."

"လရောင်စိုတဲ့ ... ဟုတ်လား"

"ဟုတ်တယ်"

"မင်းချစ်သူတဲ့ ဟုတ်လား"

"ဟုတ်တယ်"

"မင်း စိတ်တော့ မှန်ပါတယ်နော် ... သူငယ်ချင်း"

"ငါ မရူးဘူးကွ။ မရူးလို့ မင်းကို ဇာတ်ထုပ်တစ်ထုပ် တိုက်ပေး ရေးပေးတာလေကွာ။ မင်းတို့ သူနဲ့ငါ့အကြောင်းကို မသိသေးဘူး ... ငှက်ကြီး။ သူ့ကိုတွေ့တော့မှ ငါ မင်းတို့ကို ဇာတ်စုံ ရှင်းပြမယ်။ အရေးကြီးတာ သူ့ကိုအမြန်တွေ့ဖို့ အရေးကြီးတယ်"

"ကောင်းပြီလေ ... မောင်စုန်၊ မင်းတို့ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ငါ မသိဘူး။ မင်းချစ်သူ လရောင်စိုပါလို့ မင်း ဘာကြောင့် ပြောနိုင်တာလဲ။ အဲဒါ အရင်ပြော သူငယ်ချင်း"

"သူ့ ဘယ်ဘက်ပါးရှေ့နားမှာ စံပယ်တင်မှဲ့ပါတာ ငါ မြင်လိုက်ရတယ်"

"စံပယ်တင်မှဲ့ပါတိုင်း မင်းချစ်သူလားဟင်"

"ကျွန်တော် ငှက်ကြီးရဲ့မျက်နှာကို စိုက်ကြည့်ပြီး မေးလိုက်တယ်ဗျာ"

"ငှက်ကြီး ..."

"ပြောပါ ... ပြောပါ ... သူငယ်ချင်း"

"သူ အုပ်ပေါင်းထားတဲ့ မျက်နှာပေါ်မှာ ဘာတွေရှိလဲ ... ပြော ... ပြောလေ"

"မျက်နှာမှာလား ..."

"ဟုတ်တယ်ကွာ ... သူ့မျက်နှာပေါ်မှာ ဘာတွေရှိလဲ"

"ဒဏ်ရာတွေရှိတယ် ... အမာရွတ် ဒဏ်ရာတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဒဏ်ရာတွေလဲ ထပ်ပြောလေကွာ"

"ဘာဒဏ်ရာ အမာရွတ်တွေလဲတော့ မသိဘူး။ ကြည့်ရ မှန်းရတာတော့ မွေးရာပါဒဏ်ရာတော့ မဟုတ်ဘူး။ ငါတို့သိထားတာက သူ့နာမည် စံပယ်တင်။ မင်းပြောသလို ပါးရှေ့ဆုံးမှာ စံပယ်တင်မှဲ့တစ်လုံး ပါတယ်။ သူက ဇာတ်ထမင်းချက် အမေကြည်ရဲ့ တူမလို့ပဲ ငါသိတယ်။ အမေကြည်ပြောတဲ့ နာမည်က စံပယ်။ ငါက တင်တစ်လုံး ထပ်ထည့်ပြီး စံပယ်တင်လို့ အမည်ပေးလိုက်တာ။ သူက သူ့ကြီးတော်နဲ့ ထမင်းဟင်း ဝိုင်းကူချက်၊ ဇာတ်သမားတွေရဲ့ အဝတ်တွေကို အခစားလျှော်လုပ်နေတာ"

"ဘယ်နှရက်ရှိပြီတုံးကွာ ... ပြောလေ"

"ရက်ပိုင်းပဲ ရှိသေးတယ်။ စိတ်ဓာတ်လည်းကောင်း၊ အလုပ်လုပ်တာလည်း သွက်လက်ပေါ့ပါးလို့ အားလုံးက စံပယ်ကို ခင်ကြ၊ သနားကြတယ်"

"သူ့မျက်နှာမှာ ရုပ်ဆိုးလှတဲ့ ဒဏ်ရာတွေရှိနေတာ မှန်တယ်။ ဒီမှာ ငှက်ကြီး ... ဒီဓာတ်ပုံကို ... ကြည့်စမ်း"

ကျွန်တော်က အင်္ကျီအိတ်ထဲက ဓာတ်ပုံတစ်ပုံကို ထုတ်ပြလိုက်တယ်။ ဒီဓာတ်ပုံက ဆိုက်ကားဆရာ ကိုကွမ်းခြံကောက်ရလို့ ပေးခဲ့တဲ့ ဓာတ်ပုံ။

"ဓာတ်ပုံထဲက အမျိုးသမီးက အတော်လှသားပဲကွ။ ပါးပေါ်မှာ မှဲ့လေးပါလာပဲကိုး။ မှဲ့ကတော့ ငါတို့စံပယ်နဲ့ တူတာပဲ။ သူက ဘယ်သူတုံး ... မောင်ရှန်"

"မင်းတို့ရဲ့ မစံပယ်တင် မူရင်းပုံလေ"

"ဟင် ... ဒါ ... ဒါ ... စံပယ်တင်ရဲ့ မူရင်းပုံ"

"ဟုတ်တယ် ... အဲဒါ ငါ့ချစ်သူ လရောင်စိုပဲ။ သူ့မျက်နှာပေါ်မှာ ဘာကြောင့် ရုပ်ပျက်ဆင်းပျက် အမာရွတ်တွေ ဖြစ်နေတာလဲ ငါမသိဘူး။ သူနဲ့ငါ့အကြောင်းကို မကြာခင် အကုန်ပြောပြမယ်။ အရေးကြီးတာက သူ့ကိုတွေ့အောင်ရှာဖို့ပဲ ... ငှက်ကြီး"

ငှက်ကြီး ငိုင်သွားတယ်။

သူ့တပည့်တွေလည်း စိတ်မကောင်း ဖြစ်သွားကြတယ်။

"အင်း ... ဒါကြောင့်များ မင်းနဲ့ မျက်နှာချင်းမဆိုင်ဝံ့လို့ ထွက်ပြေးသွားတာလား။ မင်းနဲ့ မပတ်သက်ခဲ့ဘူးဆိုရင်လည်း ခုလို ထွက်ပြေးသွားစရာမရှိဘူး။ လူမှားနေတာပါလို့ ရှင်းပြရင် ရတာပဲ။ လာကွာ ... လိုက်ရှာပြီး အကြောင်းရင်းတွေ အဖြေရှာကြတာပေါ့။ ဟော့ ... မောင်ဝေဠုနဲ့ ချစ်စရာ"

"ဆရာ ..."





"မင်းတို့လည်း လိုက်ရှာကြ။ တွေ့ရင် ငါနဲ့ စကားပြောစရာရှိတယ်၊ ပြန်လိုက်ခဲ့လို့ပြောပြီး ခေါ်ခဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

ချစ်စရာတို့နဲ့ ကျွန်တော်တို့ လူစုခွဲပြီး စည်ကားလှတဲ့ ပွဲခင်းအနှံ့လိုက်ရှာလိုက်တယ်။ မျက်နှာကို အဝတ်သိုင်းအုပ်စည်းထားတဲ့ အမျိုးသမီးကြီးငယ်တွေ တွေ့တိုင်း ရှေ့ကနေကြည့်၊ ဘေးကနေကြည့်၊ နာမည်ခေါ်ကြည့်။ လရောင်စိုလည်း မဟုတ်ဘူး၊ မစံပယ်လည်း မဟုတ်ဘူးဗျာ။

ပွဲခင်းလည်း နှံ့သွားပြီ။

ဇာတ်ရုံတွေ၊ မျက်လှည့်ရုံတွေရော၊ ဘုရားပေါ်ရော စုံသွားပြီ။ ကိုချစ်စရာတို့လည်း စံပယ်ကို မတွေ့ဘူးတဲ့။ လူတွေလည်း ခြေကုန်လက်ပန်း ကျနေကြပြီ။

"မောင်စုန် ... ဇာတ်ရုံကပဲ စောင့်ကြစို့ကွာ။ သူ ပြန်လာမှာပါ။ သိပ်လည်း စိတ်မပူပါနဲ့ ... သူငယ်ချင်းရာ ... လာပါ"

ကျွန်တော်တို့ ဇာတ်ရုံနောက်ကို ပြန်ရောက်ခဲ့ကြတယ်။ ထမင်းချက်ဒေါ်ကြည်(ကြီးမေ)ကလည်း ရုတ်တရက်ဖြစ်သွားတဲ့ သူ့တူမစံပယ်နဲ့ ကျွန်တော့်ကိစ္စကို စိတ်ပူပြီး ကျွန်တော်တို့ကို ဆီးမေးမလို့ လုပ်ရော ငှက်ကြီးက ...

"ဒေါ်ကြည် ... စံပယ်တင် ပြန်ရောက်ပြီလား"

"မရောက်သေးဘူး ဆရာ၊ ဒီဆရာလေးနဲ့ ဘယ်လိုဖြစ်ကြရတာလဲတင် ဆရာ"

ကျွန်တော်က ဇာတ်လမ်းစုံကို မပြောနိုင်သေးဘူးဗျာ။

ရင်ထဲမှာ ဝမ်းသာလိုက် ဝမ်းနည်းလိုက် ဖြစ်နေတယ်။

ဒီမှာ ငှက်ကြီးက ထမင်းချက်ဒေါ်ကြည်ကို မေးတယ်။

"ဒေါ်ကြည် ..."

"ရှင် ... ဆရာ"

"စံပယ်တင်က ဒေါ်ကြည့်တူမ အရင်းပဲလား"

"ရှင် ... အဲ ... အဲ ..."

"အမှန်အတိုင်းပြောပါ၊ အရေးကြီးလို့ပါ"

"ဟို ... ဟို ... မ ... မဟုတ်ပါဘူး ... ဆ ... ဆရာ ..."

"စံပယ်တင်က ဒေါ်ကြည့်တူမ မဟုတ်ရင် ဒေါ်ကြည်နဲ့ ဘယ်လိုပတ်သက်တာလဲ ပြောပြပါဦး ... ဒေါ်ကြည်"

"ကျွန်မ အမှန်အတိုင်း ... ပြော ... ပြောပါမယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်ခများ ငှက်ကြီးတောင်ကို ကြောက်ရွံ့ရှိသေလွန်းလို့ အသံတွေ တုန်နေရှာရဲ့ဗျာ။ ကျွန်တော့်မှာလည်း သိချင်လွန်းလို့ ပါးစပ်တပြင်ပြင် မေးချင်နေပြီ။

"ဒီလိုပါ ဆရာ။ လွန်ခဲ့တဲ့ (၄)ရက်တုန်းက ကျွန်မတို့ဇာတ်ပွဲနားတော့ ကျွန်မ နွဲကတော့ရွာကို ခဏပြန်ခဲ့တယ် ဆရာ။ ဆရာသိတဲ့အတိုင်းပဲ ကျွန်မက တစ်ကိုယ်တည်းသမားဆိုတော့ ဇာတ်ပွဲနားရင် ရွာပြန်၊ ကိုယ့်အိမ်လေး ပြန်ကြည့် ပေါ့။ အိမ်ကို နံဘေးကလူတွေ ကြည့်ထားလိုက်ပါဦး ပြောခဲ့ရတာကိုး။ ကျွန်မ နွဲတတော့ရွာက အိမ်ကို ပြန်ရောက်တော့ အိမ်တံခါးပွင့်နေတာ မြင်ရတယ်။ ကျွန်မက အိမ်ကို သော့ခတ်လေ့ မရှိဘူး။ စေ့ရုံပဲ စေ့ထားလေ့ရှိတယ်။ ကျွန်မ တို့ရွာမှာ သူခိုးဓားပြမရှိဘူးလေ။ ကျွန်မမှာလည်း ဘာပစ္စည်းမှ မရှိပါဘူးဆရာ။ ဗျာရယ်၊ စောင်ရယ်၊ ခေါင်းအုံးရယ်၊ ထမင်းအိုး၊ ဟင်းအိုးနဲ့ ဒယ်အိုးတစ်လုံးပဲ ရှိပါတယ်။ အဲဒါနဲ့ အိမ်ပေါ်တက်ရော အိမ်ပေါ်မှာ မိန်းကလေးတစ်ဦးကို ကွေး ကွေးလေး တွေ့လိုက်ရတာပဲ။ ကျွန်မက ရွာထဲကမိန်းကလေးတစ်ဦး တက်အိပ် နေတယ်ထင်လို့ မေးလိုက်တယ်။

"ဟဲ့ ... အိမ်ပေါ်က ဘယ်သူတုံး"

"ဟင်း ... အင်း ... အင်း ... အင်း ... ဟင်း ... ဟင်း ... အား အင်း ... ဟင်း"

အဖျားတက်နေသနဲ့ တူရဲ့။ ပါးစပ်က တဟင်းဟင်းအသံကို ကြားရ တယ်။ ကျွန်မ တံခါးပေါက်တွေ အကုန်ဖွင့်လိုက်တယ်။

"ဟဲ့ ... မိန်းကလေး ညည်း ဘယ်သူတုံး"

"ဟင်း ဟင်း ဟင်း ဟင်း ... အား ... ကျွတ် ကျွတ် ကျွတ် ... ချမ်း ... ချမ်းတယ် ... ချမ်းတယ် ... အမေ ... အမေ ... ဟင်း ဟင်း ဟင်း"

ဒါနဲ့ အနီးတိုးပြီး ငုံ့ကြည့်လိုက်တော့ ကျွန်မ လန့်သွားခဲ့တယ် ဆရာ။ ဘာလို့ လန့်သွားလဲဆိုတော့ သူ့မျက်နှာမှာ ရုပ်ပျက်လောက်တဲ့ ဒဏ်ရာအမာရွတ် တွေကို တွေ့လိုက်ရလို့ပဲ ဆရာ။

နဖူးကနေ ငယ်ထိပ်အထိ ခပ်နက်နက် ဒဏ်ရာကြီးကတစ်ခု၊ ညာဘက် နားထင်ကနေ မျက်လုံးပေါ်အထိ အချိုင့်ဒဏ်ရာကတစ်ခု၊ နားရွက်က ဘယ်ဘက် နားရွက် မရှိဘူးဆရာ။

ဦးခေါင်းမှာလည်း အရေပြားဖြူနေတဲ့ ဒဏ်ရာရှိတယ်။

ပခုံးမှာလည်း ဒဏ်ရာအမာရွတ်ကြီးနဲ့။





ဘယ်ဘက်နားရွက်ပြတ်ရဲ့ အောက်နားမှာ အရေပြားက တွန့်နေ တယ်။

မိန်းကလေးက မျက်ကွင်းချောင်ပြီး ကိုယ်ပူရှိန်က မီးခဲလို ရှိန်နေတာ ဆရာ။

ဘယ်ဘက်ပါး ရေ့စွန်းမှာ မှဲ့နက်သေးသေးတစ်လုံး ပါနေတယ်ဆရာ။ ဒီဒဏ်ရာတွေသာ မရှိရင် အတော်ချောမယ့် မိန်းကလေးပါ ဆရာ။

ကျွန်မလည်း မြင်မြင်ချင်း သနားသွားပြီး အဝတ်ပိုင်းတစ်ခု ရေစွတ်လို့ ရေပတ်လည်းတိုက်၊ နဖူးပေါ်လည်း ရေပတ်တင်ပေါ့။

"ဟဲ့ ... မိကြည်ရောက်နေဆို"

"ဟုတ်တယ် ... မခင်စိန်ရေ၊ လာပါဦးတော်"

မခင်စိန်ဆိုတဲ့အသိ အိမ်ပေါ်တက်လာတယ်။ မိန်းကလေးကို မြင်ရော မခင်စိန်လည်း လန့်သွားပါရောဆရာ။

"မိ ... မိကြည် ... သူ ... သူက ... ဘယ်သူလဲ ဟင် ဟင်လို့"

ကျွန်မ ဘာပြောရမှန်းမသိ ဖြစ်နေတယ်။

မိန်းကလေးကလည်း တဟင်းဟင်းနဲ့ အဖျားတက်နေတယ်။

"မိကြည် ... သူ ဘယ်သူတုံးဟဲ့"

"ငါ့တူမပါအေ"

"နင့်တူမ"

"ဟုတ်တယ် ... အဖျားတက်နေလို့အေ။ ငါ့ကို ကွမ်းရွက်နဲ့ ချင်းလေး ရှာပြီး ပြုတ်ပေးစမ်းပါအေ"

"ဆေးဆရာ သွားပင့်ရင် ကောင်းမယ်မိကြည်"

"အေးပါ ... ကွမ်းရွက်နဲ့ချင်းသာ အရင်ပြုတ်ပေး။ ပြီးမှ ဆရာပင့် မယ်အေ"

မခင်စိန် အိမ်ပေါ်က ပြေးဆင်းသွားတယ်။ မကြာဘူး။ ရွာထဲက မိန်းမ တွေ ရှေ့ကိုလာ သတင်းမေးကြ။ ဝိုင်းကူကြ။

"မကြည်တူမဆိုတော်"

"ဟုတ်တယ် ... မိသောင်းယဉ်ရေ၊ ငှက်မိလာတယ်တော်"

"ဟဲ့ ... မကြည်၊ နင့်တူမမျက်နှာက ဘာဖြစ်လို့ ..."

ကျွန်မကလည်း ကပျာကယာ ပြောလိုက်တယ်။

"မေမြို့မှာ ပြန်ဆင်းတုန်း ကားမှောက်တာအေ။ ဆေးရုံမှာ ပေနဲ့ချီ တက်ခဲ့ရတယ်။ ခုတော့ မျက်နှာမှာညည်းတို့မြင်တဲ့အတိုင်းပဲ ... ဆောင်းယဉ် ရယ်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေ စိတ်မကောင်းဖြစ်သွားကြတယ်။ ကျွန်မကလည်း ဒီမိန်းကလေး ဘာလို့ ကျွန်မအိပ်ပေါ် တက်နေ ရောက်နေတာလည်း မသိ။ မိန်းကလေးကို ကြည့်ပြီး သနားတော့ ဖြစ်ချင်ရာဖြစ်စေတော့ ...

တူမလို့ ပြောလိုက်တယ်။

အိမ်နီးနားချင်းတွေကလည်း ယုံကြည်လိုက်ကြတယ်။

"မိကြည်ရေ ... ကွမ်းရွက်ပြုတ်ရည် ရပြီဟေ့"

မခင်စိန် ကွမ်းရွက်နဲ့ ချင်းပြုတ်ထားတဲ့ အရည်အိုးကို ယူလာချပေးတယ်။ ကျွန်မလည်း သွားလေရာပါတဲ့ ငန်းဆေးဘူးထုတ် ကွမ်းရွက်ရည်နဲ့ ဖျော်ပြီး မပူတပူလေးနွေးတော့ မိန်းကလေးကို တိုက်ဖို့ပြင်တယ်။

"အား ... အင်း ... အင်း ... အ ... အ ... မ ... မလုပ်ကြပါနဲ့ မလုပ်ပါနဲ့"

"မိန်းကလေး ... တူမကြီး ... တူမကြီး"

"အင်း ... ဟင်း ဟင်း ... ကြောက်ပါပြီရှင်"

"မိကြည် ... သူ ကယောင်ကတမ်း ပြောနေတာအေ့"

"အဖျားကြီးလို့ပါ"

"တူမကြီး ... ဆေးသောက်မယ် ... နော် ... နော်"

မိခင်စိန်တို့၊ မသန်းရင်တို့ ဝိုင်းပွေ့ထူပေးတော့ သူ မျက်လုံးဖွင့်ကြည့်ရှာတယ်။

"တူမ ... ဆေးသောက်လိုက်၊ ပါးစပ် ... ဟ ဟ"

ပါးစပ်ဟပေးတုန်း ငန်းဆေးခါးရည် ပန်းကန်လုံးကို တေ့ပြီး ကပ်ထားလိုက်တော့ သူ ခေါင်းယမ်းမလိုလုပ်ရင်း မျိုချမိသွားတယ်။

"အား ... ခါး ... ခါးတယ် ... ရေ ... ရေ ... ပေး ပေး ပေး"

"ရော့ ... ရော့ ..."

ကွမ်းရွက်ပြုတ်ရည် တိုက်လိုက်တယ်။ မိန်းကလေး အငမ်းမရသောက်ပြီး မောနေတယ်။

"တူမ ... ထိုင်မလား"

"ဟင့် ... အင်း"

"အိပ်မလား"

"အင်း ... အင်း ..."

ဒါနဲ့ ဖျာပေါ်၊ ခေါင်းအုံးပေါ် အသာချပေး၊ စောင်ခြုံပေးလိုက်တော့ ခမျာ အိပ်ပျော်သွားရှာတယ် ဆရာ။ အိမ်နီးနားချင်းတွေလည်း သူ့အကြောင်း၊ ကျွန်မ အကြောင်း မေးကြပြောကြပြီး အသီးသီး သူတို့အိမ်ရှိရာ ပြန်သွားတော့တယ်။





သူတို့ပြန်သွားတော့မှ မိန်းကလေးကို ကြည့်ရတော့တယ်။

ပါးပေါ်မှာ စံပယ်တင်မှဲ့နက်ကလေးနဲ့ရှင်။

ကြီးမားလှတဲ့ ဒဏ်ရာ အမာရွတ်တွေသာ မရှိဘူးဆိုရင် တော်တော် လေးချောမည့် မိန်းကလေးပါရှင်။ အသား ဖြူဖြူသွယ်သွယ်လေး။ သူ့နံဘေးမှာ လွယ်အိတ်ဟောင်းလေးတစ်လုံးရှိလို့ သွန်ချကြည့်လိုက်တယ်။

လွယ်အိတ်ထဲက ထဘီ၊ အင်္ကျီနှစ်စုံ ထွက်လာတယ်။ စိပ်ပုတီးတစ်ကုံးနဲ့ ငွေစက္ကူအချို့ ထွက်လာတယ်။ ရေစိုပြီး ပုံပျက်လှ ဓာတ်ပုံတစ်ပုံ အင်္ကျီခေါက်ကြားမှာ တွေ့ရတယ်။

မှတ်ပုံတင်မပါဘူး။

စာရွက်စာတမ်း မပါဘူး။

အဝါနုရောင် ခေါင်းစီးပဝါနှစ်ထည်နဲ့ ဘော်လီအင်္ကျီတစ်ထည် တွေ့ရတယ်။ အဲဒီ သူ့ပစ္စည်းတွေကို လွယ်အိတ်ထဲပြန်ထည့်ပြီး သူ့နံဘေးမှာ ထားလိုက်တယ်။

ကြည့်ရတာ ဒုက္ခသည်နဲ့ တူရဲ့။

မိန်းကလေးဖြစ်နေပြန်တော့ တတ်နိုင်သမျှ ကူညီရမှာပဲလို့ ပိုင်းဖြတ်ပြီး သူနိုးရင်စားဖို့ ဆန်ပြုတ်တစ်အိုး တည်လိုက်တယ်။

ဆန်ပြုတ်ကျက်လို့ အိုးကိုချ၊ ကိုယ်စားဖို့ ထမင်းတစ်အိုး တည်နေတုန်း တူမိန်းကလေး အိပ်ရာကနိုးပြီး ထထိုင်နေတာကို မြင်ရလို့ ကျွန်မ ဝမ်းသာသွားခဲ့တယ်ဆရာ။

"တူမ ... နေကောင်းသွားပြီနော်"

"ဟုတ် ... ဟုတ် ..."

"တူမစားဖို့ ကြီးတော် ဆန်ပြုတ် ပြုတ်ထားတယ်။ စားမယ်လား ဟင်"

"ဟုတ် ... ဟုတ် ..."

မိန်းကလေးထိုင်နေတာ မြင်ပြီး ဝမ်းလည်းသာရဲ့၊ စိတ်မကောင်းလည်း ဖြစ်ရှာရဲ့ရှင်။

အရွယ်ကောင်းကလေးရယ်။ မျက်နှာ၊ နဖူးနဲ့ ဦးခေါင်းမှာ ဒဏ်ရာတွေနဲ့ အမာရွတ်တွေနဲ့။ ဆေးအစွမ်းကြောင့် သူ့တစ်ကိုယ်လုံး ချွေးတွေ စို့ရွှဲနေတယ်။

"တူမကြီး ... အင်္ကျီရော၊ ထဘီရော ချွေးတွေ စိုရွှဲနေတယ်။ အမြန် လဲဝတ်မှ ဖြစ်မယ်ကွယ်။ တော်ကြာ ပြန်ပြီး အအေးပတ်၊ ပြန်ဖျား ဖြစ်မယ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ကျွန်မရဲ့ ထဘီတစ်ထည်ကို ယူပေးတော့ သူက သူ့လွယ်အိတ်ကို လှမ်းဆွဲပြီး ထဘီနဲ့အင်္ကျီထုတ်ပြီး အဝတ်လဲဖို့ သူ့အင်္ကျီကို ချွတ်မယ်ပြင်ပြီးမှ ဘေးဘီကို မျက်လုံးကစားနေပါရော။

''တူမ . . . ဒီအိမ်မှာ ကြီးတော်တစ်ယောက်တည်း နေတာပါ။ မရှက်ပါနဲ့။ မြန်မြန်အဝတ်လဲ''

သူ ချွေးစိုနေတဲ့ အပေါ်အင်္ကျီကို ချွတ်လိုက်တယ်။ အို . . . သူမကျောကုန်းပေါ်မှာ ဒဏ်ရာ အမာရွတ်တွေပါလား။

တစ်ထွာခန့်ရှိသည့် အမာရွတ်ဒဏ်ရာတွေ။ တစ်ခု၊ နှစ်ခု၊ ခါးအထက်မှာတစ်ခု အားလုံးသုံးခု။

စိတ်မကောင်းလိုက်တာရှင်။ ဘယ်လိုလူစားမျိုးကများ ဒီလိုဒဏ်ရာကြီးတွေဖြစ်အောင် လုပ်လိုက်သတုံး။

''တူမ . . .''

''ရှင်''

''တူမနာမည် ဘယ်လိုခေါ်တုံးကွယ်''

''ကျွန် . . . မ . . . နာမည် . . .''

''ဟုတ်တယ် . . . တူမ၊ ဘယ်လိုခေါ်တုံး ဟင်''

သူ စဉ်းစားနေတယ်။ အတန်ကြာမှ ပြောတယ်။

''ကျွန်မနာမည်တွေက အများကြီးပဲ''

''ဟေ . . .''

''ကြီးကြီး ကြိုက်သလိုခေါ်ပါ''

''အေး . . . အေး . . . ဟုတ်ပါပြီကွယ်။ တူမနေတဲ့ မြို့ကရော''

''မ . . . မသိတော့ဘူး''

''အခု တူမကြီး ဘယ်ကလာခဲ့ပြီး ဒီကိုရောက်လာရတာတုံး တူမ''

စဉ်းစားနေတယ်။ စဉ်းစားရင်း အင်္ကျီဝတ်တယ်။

''မှတ်မိရဲ့လား''

''အင်း . . .''

''မှတ်မိရင် ပြောပြပါဦး တူမ''

''ကျွန်မ မော်တော်တစ်စီးပေါ်က ဆင်းလာတာ။ ဘယ်သွားရမှန်း မသိဘူး။ ထမင်းလည်း ဆာနေတယ်။ မောလည်း မောတယ်။ တစ်ခုခုကို ကြောက်သလို ရှက်သလိုဖြစ်ပြီး ခြေဦးတည့်ရာ လျှောက်သွားချင်နေတာ။ အဲလို လျှောက်သွားရင်း တစ်ကိုယ်လုံး ချမ်းတုန်လာတယ်။ မျက်စိမဖွင့်ချင်အောင် ဖြစ်နေတယ်။ ကျွန်မနောက်က တစ်စုံတစ်ယောက် လိုက်နေသလိုပဲ။ ကြောက်တယ်၊





ရှက်တယ်။ ရင်မဆိုင်ရဲဘူး။ ခြေဦးတည့်ရာ လာရင်းက ညက ဒီခြံရှေ့မှာ လဲကျသွားတယ်။ အဲဒါ အားယူထပြီး အိမ်တံခါးပုတ်တော့ တံခါးပွင့်သွားလို့ အသံပြုပေမင့် ဘယ်သူမှမရှိဘူး။ ကျွန်မတစ်ကိုယ်လုံး နာကျင်ကိုက်ခဲ ချမ်းတုန်နေပြီး ရပ်လို့ မရတော့ဘူး။ အိမ်ပေါ်ကို လေးဖက်ထောက် တက်ခဲ့ပြီး အိပ်ပစ်လိုက်တာပဲ သိတယ်''

မိန်းကလေးက သူမှတ်မိသမျှကို ကြိုးစားပြီး ပြောပြတယ်။

ကြောက်တယ်၊ ရှက်တယ်။

ရင်မဆိုင်ရဲဘူး။

ခြေဦးတည့်ရာ လျှောက်သွားနေတာ။

ထမင်းဆာနေတယ်။ အဖျားတက်နေတယ်။

ဒီလိုနဲ့ . . .

''ဒါ ကြီးတော်အိမ်ပါ။ ငါ့တူမ စိတ်အေးအေးထားပြီး နေပါ။ ငါတစ်ယောက်တည်း နေတာပါ''

''ဟုတ် . . . ဟုတ် . . .''

''ညည်းကို ငါမြင်မြင်ချင်း သမီးလေးတွေ့သလို ခံစားရတယ်။ ကြီးတော်မေးချင်တာရှိတယ်၊ တူမကြီး စိတ်မဆိုးပါနဲ့''

''ဟုတ်ကဲ့ . . . မေး . . . မေးပါ . . . ကြီးကြီး''

''ညည်းမှာ ခင်ပွန်း၊ လင်သား ရှိလား''

''မ . . . မသိဘူး''

''သား၊ သမီးရော ရှိလား''

''မ . . . မသိဘူး''

''ဆွေမျိုးသားချင်းရော ရှိလား''

''မ . . . ပြောတတ်ဘူး''

''ညည်းမှာ မှတ်ပုံတင်ကတ်ပြား ပါလား''

''ပါသလား . . . မ . . . မသိဘူး''

''လွယ်အိတ်ထဲမှာ ကြည့်စမ်း''

ကျွန်မက သူ တစ်စုံတစ်ခု အမှတ်ရစေချင်လို့ ပြောလိုက်တာ။ လွယ်အိတ်ထဲမှာ ဘာရှိလဲ ကျွန်မ သိပြီးပြီလေ။

သူ လွယ်အိတ်ကို သွန်မှောက်ချလိုက်တယ်။

အင်္ကျီ၊ ထဘီ၊ ပဝါ၊ ဘော်လီတွေ ထွက်ကျလာတယ်။

သူ့ထဘီအင်္ကျီတွေကို လှန်ဖြန့်ရှာလိုက်တော့ ရေစိုနေတဲ့၊ ပြီး ပျက်စပြဲနေတဲ့ ဓာတ်ပုံဟောင်းလေးကို တွေ့ပြီး ကောက်ယူကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဓာတ်ပုံလား"

"အင်း ... အင်း ..."

"ဓာတ်ပုံထဲက ဘယ်သူတုံး ... တူမကြီး"

သူ မပြောဘဲ ဓာတ်ပုံကို စိုက်ကြည့်နေတယ်။

"ဓာတ်ပုံထဲကမိန်းကလေးက ချောတယ်နော်"

"အင်း"

"ညည်းနဲ့ တူသလိုပဲ"

"အင်း ... အမ်း ... ဟုတ်တယ်နဲ့ ... တူ ... တူ"

"ဘေးကယောကျ်ားလေးက ဘယ်သူတုံး။ မျက်နှာက ကွက်ပြီး ပျက်နေတယ်နော်။ သူ့ကို သိလားဟင်"

"အင်း ... အင်း ..."

"သူက ညည်းနဲ့ ဘာတော်တုံး"

"ဟင့်အင်း ... မ ... မသိဘူး"

"အစ်ကိုလား"

"မသိဘူး"

"မောင်ကြီးလား"

"မသိလား"

"ခင်ပွန်းလား"

သူ ဓာတ်ပုံကို မျက်စိရှေ့ ကပ်ကြည့်တယ်။

"ခင် ... ပွန်း ... ခင်ပွန်း ... ဟုတ်လား"

"အေး ... လင်ကိုပြောတာ"

"လင် ... လင် ... ဟုတ်ပမလား"

"ရည်းစားလား"

"ရည်းစား ... ရည်းစား ... ဟုတ်လားမသိဘူး"

"ညည်း နေကောင်းသွားရင် ဘယ်ကိုပြန်မတုံး ... တူမ"

"ကျွန်မ ပြန်ရမယ် ... ပြန်ရမယ် ... ဟုတ်လား"

"နေကောင်းရင် ကိုယ့်အိမ်ကို ပြန်ရမှာပေါ့။ မိဘတွေ စိတ်ပူနေမှာပေါ့"

"အိမ် ... အိမ် ... မိ ... ဘ ... မိဘ ... ဟို ... ဟို ... ကျွန်မ မသိဘူး ... မသိဘူး"

"ဟူး ... ခက်ပါကလား"

"ကျွန်မ အခု ပြန်ရတော့မှာလား ဟင် ဟင်"





"ပြန်ရမည့်နေရာ သိတယ်မဟုတ်လား"

"ဟင့်အင်း ... မ ... မသိဘူး ... ဟီး ... ဟီး ... မသိဘူး"

သူ ဓာတ်ပုံကို ဆုပ်ကိုင်ပြီး ငိုချလိုက်တယ်။ ငိုနေပုံက ဝမ်းနည်းကြေကွဲငိုနေတာ။

"မငိုပါနဲ့အေ ... ပြန်စရာမသိရင်လည်း အတူနေပေါ့။ ပြန်သတိရတော့လည်း ပြန်ချင် ပြန်ပေါ့ ... ဟုတ်လား"

သူ မျက်ရည်စို့ရွဲနဲ့ ကျွန်မကို ကြည့်နေတယ်။

ပြီးတော့ ကလေးငယ်လေးလို ခေါင်းကိုညိတ်နေတယ်။

"တူမ ..."

"ရှင် ... ရှင် ..."

"ငါနဲ့အတူနေနော်"

"ဟုတ် ... ဟုတ် ..."

"ကြီးတော်မေးတာလည်း မှန်မှန်ဖြေ"

"ဟုတ် ... ဟုတ် ..."

"တူမရဲ့မျက်နှာပေါ်၊ ခန္ဓာကိုယ်ပေါ်က အမာရွတ်တွေ ဘယ်လိုရလာတာလဲဟင်"

"ဒဏ်ရာ ..."

"အေး ... အဲဒါတွေ ဘယ်လိုရခဲ့တာတုံး သမီး"

သူ နဖူးနဲ့ နားရွက်က ဒဏ်ရာတွေကို တုန်ယင်တဲ့လက်နဲ့ ပွတ်ရင်းကြေကွဲနေတယ်။ မျက်လုံးအိမ်က မျက်ရည်တွေလည်း ဝမ်းပန်းတနည်း စီးကျနေတယ်။

"ဒီဒဏ်ရာတွေက၊ ဒီ ... ဒီ ... အမာရွတ်တွေက ..."

"အေး ... ဘယ်လိုရခဲ့တာလဲ သမီး"

"တောက် ..."

"ဟင် ..."

ကျယ်လောင်မာတင်းတဲ့ တောက်ခတ်သံတစ်ချက် သူ့နှုတ်ဖျားက ထွက်ပေါ်လာခဲ့တယ်။ ကြေကွဲဝမ်းနည်းဖွယ်ဖြစ်နေတဲ့ မျက်နှာပြင်ဟာ ကျောက်သားပြင်လို မာတင်းခက်ထန်သွားပြီး ဖြစ်ဖြစ်မည်တဲ့ အံကြိတ်သံကိုပါ ကြားလိုက်ရတယ်။

"တောက် ..."

"သမီး ... ကြီးတော်ပြောတာ စိတ်ဆိုးလို့လား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မ ... မဟုတ်ပါဘူး ... ကြီးကြီး၊ ကျွန်မရင်ထဲမှာ ခံစားရလို့ပါ။ ကျွန်မ တစ်နေ့တော့ ဒီအကြောင်းတွေ ပြောပြနိုင်ခွင့် ရှိလာလိမ့်မယ်ထင်ပါတယ် ... ကြီးကြီးရယ်"

"ကဲ ... ကဲ ... ကြီးတော် မမေးတော့ပါဘူး။ သမီး ပျော်သလောက် နေပါ။ ကြီးတော် သမီးအမှတ်နဲ့ စောင့်ရှောက်ပါ့မယ်။ ကိုင်း ... ဟောဒီဆန်ပြုတ် လေး မအေးခင် သောက်လိုက်"

"ကျေးဇူးပါပဲ ... ကြီးကြီးရယ်"

သူ ဆန်ပြုတ်ကို အားရနှစ်ခြိုက်စွာ သောက်နေတယ်။

ငယ်ရွယ်နုပျို့တဲ့ မိန်းကလေး ဘယ်လိုအကြောင်းတွေ လောကဓံတွေ ကြောင့် ဒဏ်ရာတွေ၊ ဝေဒနာတွေ ရခဲ့ပါလိမ့်။

မကြာခင် သူ နေကောင်းလာတယ်။ ပျော်ပျော်ရွှင်ရွှင် ဖြစ်လာတယ်။ ကျွန်မကို ဘာအလုပ်လုပ်သလဲလို့ မေးတယ်။

"ကြီးတော်က ဇာတ်ထဲမှာ အလုပ်လုပ်တယ် ... သမီးရဲ့"

"ဟုတ်လား ... ကြီးကြီးက မင်းသမီးလားဟင်"

"ဟား ဟား ဟား ဟား ... သမီးရယ်၊ ဒီအရွယ် ဒီရုပ်က မင်းသမီး ဖြစ်ပါ့မလား ... သမီးရယ်"

"ဒါဖြင့် ဇာတ်ထဲမှာ ဘာလုပ်တုံး ... ကြီးကြီးရဲ့"

"ထမင်းချက်၊ ဇာတ်ထမင်းချက် လုပ်တာပဲ့"

"ဟုတ်လား ... ဒါဆိုအများကြီး ချက်ရမှာပေါ့နော်"

"ဒါပေါ့ ... ကြီးတော်တို့ဇာတ်မှာ ဇာတ်အဖွဲ့သားချည်း (၅၀) ကျော် တယ်။ သူတို့စားဖို့ အားလုံးချက်ရတာ"

"ကြီးကြီးတစ်ယောက်တည်း ချက်ရတာလားဟင်"

"တစ်ယောက်တည်း ဘယ်နိုင်မှာလဲ ... သမီးရယ်။ ဝိုင်းကူချက်တဲ့သူ သုံးယောက် ရှိသေးတယ်။ ထမင်းချက်သူချက်၊ ဟင်းချက်သူချက်၊ အဖွဲ့သား တွေ စားဖို့ ပြင်ပေးပေါ့"

"ဒါဆို ကြီးကြီး ဇာတ်ရှိရာ ပြန်ရမှာပေါ့နော်"

"ဟုတ်တယ် ... ဇာတ်သုံးလေးရက်နားတုန်း ပြန်လာတာ။ သန်ဘက်ခါ ပြန်ရမယ်။ ဇာတ်က မော်လမြိုင်မှာ ပွဲဝင်မှာ"

"ဒါဆို ... ကျွန်မ ... ကျွန်မက ..."

"ဒီအိမ်မှာနေပေါ့ ... သမီးရဲ့၊ ကြီးတော်ရဲ့ အိမ်ပဲဥစ္စာ"

"မ ... မနေရဲဘူး ... မနေရဲဘူး"





"ဒါဆိုလည်း ကြီးတော်နဲ့ ဇာတ်ထဲ လိုက်ခဲ့လေ။ ဇာတ်ထဲမှာ ထမင်းချက် တာ ဝိုင်းကူပေါ့။ စားရေးသောက်ရေး နေရေး မပူရဘူး။ နောက် အလုပ်ကျွမ်းကျင် သွားရင် လုပ်အားခလည်းရမှာ ... သမီးရဲ့၊ လိုက်ခဲ့မလား ဇာတ်အဖွဲ့ထဲကို"

"အင်း ... အင်း ..."

"ဘယ်လိုလဲ"

"လိုက်မယ်ရှင့်"

"ဟုတ်ပြီ ... ဟိုရောက်ရင် ဘာတော်လဲမေးရင် ကြီးတော်နဲ့ တူမ တော်တယ်လို့ ပြော။ မျက်နှာကဒဏ်ရာတွေ ဘာဖြစ်တာလဲ မေးကြရင် ကား မှောက်လို့လို့ပြော ... ဟုတ်လား"

"ဟုတ်"

"သမီးကို နာမည်ပေးမှဖြစ်မယ်"

"ပေး .. ပေး .. ပေး .. ကြိုက်တဲ့နာမည်ပေး။ လှလှလေးပေးနော်"

"စံပယ်ဆိုရင်ရော"

"စံပယ် ... ဟုတ်လား"

"ဟုတ်တယ် ... စံပယ်ဆိုတဲ့သဘောက ဖြူဖွေးသန့်စင်တယ်၊ ရိုးသား တယ်၊ ရနံ့မွှေးတယ်။ သမီးက စံပယ်ပန်းလေးလို ဘဝကို ကျင့်ကြံနေထိုင်သွား ရမယ်လေ။ ဘယ့်နှယ်လဲ ..."

"ကြိုက်တယ် ... ဘဲရီးဂွတ် ... စံပယ်အစ် ပရက်တီဖလားဝါး ... ဘဲရီးဂွတ်"

"Sabai is very pretty flower"

"ဟင် ... သမီး ... ညည်း ... ညည်း ... အင်္ဂလိပ်လို ပြောတတ် တယ် ... ဟုတ်လား"

"ရှင် ... ရှင်"

သူ ပါးစပ်ကို လက်ဝါးနဲ့ပိတ်ပြီး မျက်လုံးလေးဝိုင်းလို့။

"ကျွန် ... ကျွန်မ ... ပြောလိုက်မိတယ် ... ဟုတ်လား"

"အေးလေ ... အင်္ဂလိပ်လို ပြောလိုက်တာလေ"

"ဟင် ... ကြီးကြီး၊ အဲ ... အဲဒီစကားကို ... သိ ... သိလားဟင်"

"သိတာပေါ့"

"ကျွန် ... ကျွန်မ ... ဘာ ... ဘာပြောလိုက်တာလဲ ... ဟင် ... ကြီးကြီး"

"သမီးပြောလိုက်တာက Sabai is very pretty flower. တဲ့။ အဓိပ္ပာယ် က စံပယ်ဆိုတာ အလွန်လှပတဲ့ ပန်းပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ...ကြီးကြီး ...ကြီးကြီးလည်း အင်္ဂလိပ်လို ...သိ ...သိတာပဲလား ဟင် ဟင်"

"ကြီးတော် အင်္ဂလိပ်လို (၇)တန်းထိ စာသင်ဖူးတယ်။ အသက်ကြီးတော့မှ ချက်တာပြုတ်တာ ဝါသနာပါလို့ ဇာတ်ထဲလိုက်ခဲ့ပြီး ထမင်းချက်လုပ်နေတာ။ သမီး စံပယ် ...ညည်း ပညာဘယ်အထိ ရှိလဲဟင် သမီး"

"ကျွန်မ ...အဲ ...အဲ ...Sorry, I can't."

အင်း ...ဒီမိန်းကလေး ပညာတော့ နည်းပုံမရဘူး။ သူပြောလိုက်တဲ့ အင်္ဂလိပ်စကားပြော လေယူလေသိမ်းက အတော့်ကို အဆင့်တန်းရှိတဲ့လေသံပဲ။

"ဆရာငှက်ရယ် ...ဒီလိုနဲ့ သူ့ကိုကျွန်မ ဒီဇာတ်ထမင်းချက်အဖွဲ့မှာ ဝိုင်းကူဖို့ ခေါ်လာတာပါ။ ဆရာငှက်ကပဲ စံပယ်တင်မွှဲလေးပါလို့ စံပယ်တင်လို့ အမည်ပေးခဲ့တာပဲလေ။ ဒါ ကျွန်မသိခဲ့ရတဲ့ မမျှော်လင့်ဘဲ တော်စပ်ခဲ့ရတဲ့ တူမလေးရဲ့ အဖြစ်မှန်ဘဝပါ ...ဆရာ"

ကျွန်တော် ထမင်းချက်အမေကြီးရဲ့ စကားအဆုံးမှာ ရင်တွေ ခုန်နေခဲ့တယ်ဗျာ။

"မောင်စုန် ..."

"ဟေ ...ဟေ ..."

"မင်းနဲ့ ဒေါ်ကြည့်တူမ စံပယ်တင်နဲ့က ဘယ်လိုပတ်သက် သိကျွမ်းခဲ့လို့လဲ ပြောပြကွာ။ ဒေါ်ကြည်ပြောပြတာလည်း မင်းအခု သိရပြီလေ။ ဒေါ်ကြည့်ခမျာလည်း သူကယ်တင်စောင့်ရှောက်ထားရတဲ့ တူမအတွက် စိုးရိမ်နေတယ်ကွာ"

လရောင်စိုနဲ့ ကျွန်တော်ရဲ့ အံ့သြစရာကောင်းတဲ့ ဘဝဖြစ်ရပ်ဆန်းကြယ်ကို ကျွန်တော် အကြောင်းစုံ ရှင်းပြခဲ့လိုက်တယ်။

လရောင်စိုနဲ့ မင်္ဂလာဧည့်ခံပွဲ။

သူဌေး ကိုလူမျိုးထိန်ကို မင်္ဂလာပွဲမှာတွေ့ပြီး နှလုံးရပ်လို့ ရုတ်တရက် သေဆုံးခဲ့ရတဲ့ဘဝ။

လရောင်စိုအလောင်းကို ဂူသွင်းခါနီး အနမ်းရည်နဲ့မျက်နှာသစ်ရာက သူမ အသက်ရှင်တာကို မြင်ခဲ့ရပြီး ...

ပြီး ချစ်သူရဲ့အုတ်ဂူကို နေဝင်ဖျိုးဖျမှာ လာဖောက်ကယ်တော့ အုတ်ဂူခေါင်းတလားထဲမှာ ချစ်သူလရောင်စို မရှိတော့တဲ့အဖြစ်။

ချစ်သူလရောင်စိုကို အုတ်ဂူထဲက ဘယ်သူထုတ်ယူသွားမှန်း မသိခဲ့ဘဲ ချစ်သူကို လိုက်ရှာရာက မိုးကြီးလေကြီးထဲ ကြောက်လန့်လျှောက်ပြေးနေတဲ့ ချစ်သူကိုတွေ့လို့ လိုက်ခေါ်ရာက ရေစီးပြင်းတဲ့ လှိုင်းရေစီးထဲ ခုန်ချသွားတဲ့ လရောင်စိုအကြောင်း။





ပြီး ဝါးတောထဲက ကိုယ်လုံးတီး မိန်းကလေးမှသည် ချစ်သူလရောင်စိုကို ထမင်းဆိုင်မှာ မမျှော်လင့်ဘဲ တွေ့ခဲ့ပြီးနောက် မျက်နှာချင်းမဆိုင်ဘဲ ရှောင်ပြေးသွားတဲ့ ချစ်သူလရောင်စိုနောက်ကို လိုက်ရှာခဲ့ရာက ...

ယခု ဇာတ်အဖွဲ့မှာတွေ့လို့ ဝမ်းသာတုန်းမှာပဲ ...

လရောင်စို မိမိကိုသိပါလျက်နှင့် ထွက်ပြေးသွားသည့်အကြောင်း ...ဇာတ်စုံ ရှင်းပြလိုက်ရော ...

ငှက်ကြီးတောင်တို့ အမေကြည်တို့နှင့် ဇာတ်အဖွဲ့သားတွေ အလွန်အံ့သြသွားခဲ့ကြတယ်ဗျာ။

ကျွန်တော် လရောင်စို မြို့တစ်မြို့မှာ ကျကျန်ခဲ့တဲ့ အင်္ကျီနဲ့ဓာတ်ပုံကို ထုတ်ပြလိုက်တော့ သူတို့ ပိုအံ့သြသွားခဲ့ကြပြီး ...

အချို့ မျက်ရည်ဝဲကုန်ကြ။

စိတ်မကောင်း ဖြစ်ကြ။

ဘဝက ဖြစ်ရပ်ဆန်းကြယ်ဖြစ်လို့ ပိုစိတ်ဝင်စားကြ။

ငှက်ကြီးနဲ့ အမေကြည်က လရောင်စိုရဲ့ ဓာတ်ပုံကိုကြည့်ပြီး စံပယ်တင်မွှဲတူပုံ ကိုယ်လုံးအနေအထား ဆင်တူပုံကို ပြောဆိုဝေဖန်ကြတယ်။

"မောင်စုန်"

"ပြော ...သူငယ်ချင်း ...ငှက်ကြီး"

"ငါတို့ အခုကြားရပုံဆိုရင် မင်းနဲ့စံပယ်တင် ...အဲလေ လရောင်စိုတို့ရဲ့ အဖြစ်အပျက်က အရမ်းအံ့သြစရာ၊ သနားစရာပါပဲ ...သူငယ်ချင်းရယ်။ ငါတို့ စိတ်ထိခိုက်ရပါတယ် ...သူငယ်ချင်း။ မင်းကို မေးစရာရှိတာက မင်းချစ်သူ လရောင်စိုရဲ့မျက်နှာပေါ်က ရုပ်ပျက်ဆင်းပျက်ဒဏ်ရာတွေက ဘယ်လိုဖြစ်လို့ ရခဲ့တာလဲ ...မောင်စုန်"

"အဲဒါငါမသိဘူး ...ငှက်ကြီး။ သူနဲ့ငါနဲ့ မျက်နှာချင်းဆိုင် စကားပြောခွင့်ရရင် ဒီဒဏ်ရာတွေအကြောင်း သိရမှာပဲ။ ဒါပေမင့် သူက ငါ့ကိုမြင်တာနဲ့ ပြေးတာပဲ။ အဲဒါ ငါ စဉ်းစားလို့ မရဘူးကွာ ...ဟူး"

"စဉ်းစားကြည့်တာပေါ့ကွာ ...စံပယ်တင်ဟာ မင်းချစ်သူ ဖနီး လရောင်စို မဟုတ်ဘူးဆိုရင် သူ မင်းမျက်နှာမြင်တာနဲ့ ရှောင်ပြေးစရာ မလိုဘူးကွ။ ဟုတ်ရဲ့လား ...ဒေါ်ကြည်"

"ဟုတ်တာပေါ့ ဆရာ"

"မင်းကိုမြင်မှ ချက်ချင်း ထွက်ပြေးသွားတာ ဘာကြောင့်လဲ"

ဒီမှာ အမေကြည်က ပြောတယ်။

"ကျွန်မစဉ်းစားမိတာရှိတယ် ...ဆရာငှက်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ... ဒေါ်ကြည် ... ပြောပါ"

"ဟိုလေ ... ဆရာစုန်ရဲ့ချစ်သူ ဇနီး လရောင်စို ဖြစ်ခဲ့သော် ဆရာစုန်ကိုလည်း သူသိနေတယ် ဆိုပါစို့။ သိရဲ့သားနဲ့ အတွေ့မခံတာသည် သူရုပ်ပျက်ဆင်းပျက် ဖြစ်နေတာကို စိုးရွံ့ကြောက်လန့်ပြီး ရင်မဆိုင်ချင်တော့လို့ ထွက်ပြေးရှောင်သွားတာ ဖြစ်လိမ့်မယ် ထင်ပါတယ် ဆရာ"

ငှက်ကြီးက လက်ဖျောက်တစ်ချက်တီးပြီး ပြောလိုက်တယ်။

"ဒေါ်ကြည်တွေးတာ ဖြစ်နိုင်ချေရှိတယ် ... မောင်စုန်။ သူ့အနေနဲ့ မင်းကို သိတာ သေချာတယ်ကွ။ သို့သော် အရုပ်ဆိုးလွန်းလှတဲ့ ဘဝနဲ့ သူ မင်းကို ရင်မဆိုင်ချင်၊ ရင်မဆိုင်ရက်တာ ဖြစ်မှာပဲ ... သူငယ်ချင်း"

"ငှက်ကြီးနဲ့ အမေကြည်တို့ရယ် ... ကျွန်တော် သူ့ကို လိုက်ရှာနေတာ ရက်တွေ၊ လတွေ ချီနေပါပြီဗျာ။ သူက ကျွန်တော်ချစ်မြတ်နိုးရတဲ့ ချစ်သူဇနီးသည်ပါ။ သူ အုတ်ဂူထဲက ပျောက်သွားတယ်။ သူ့ကို အသက်ရှင်ရက် ပြန်တွေ့ခဲ့တယ်။ ဝမ်းသာလိုက်တာ။ သို့သော် ကံကြမ္မာက ဖန်လာတော့ လေကြီးမိုးကြီးရေကြီးတဲ့နေ့မှာ ပျောက်ဆုံးသွားခဲ့တယ်။ ကျွန်တော် မြို့ရွာတွေအနှံ့ သတင်းကြားရာအရပ်တွေ လိုက်ရှာခဲ့တယ်။ သူ ဘာကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားခဲ့တာလဲ ကျွန်တော် မသိပေမယ့် သူ့ကို ကျွန်တော် ချစ်နေတုန်းပါ။ ဘယ်လောက်ပဲ ရုပ်ပျက်စီးနေပါစေဗျာ ကျွန်တော် ချစ်မြတ်နိုးစွာပေါင်းသင်းပြီး အသက်ထက်ဆုံး စောင့်ရှောက်သွားမှာပါဗျ။ ဒါ ကျွန်တော့်ရဲ့ရင်ထဲက သစ္စာတရားပါ"

"တူး ..."

"ကျွန်မ အခုလို အဖြစ်မှန်တွေသိရတော့ ဆရာစုန့်ကိုလည်း သနားတူမလေးစံပယ်အဖြစ်ကိုလည်း စိတ်မကောင်းဘူး .. ဆရာစုန်ရယ် .. ဟီး ဟီး"

ဇာတ်ထမင်းချက်ကြီး အမေကြည် ဝမ်းနည်းပြီး ငိုပါရောဗျာ။

အမေကြည်နဲ့ လုပ်ဖော်ကိုင်ဖက် မိန်းမကြီးတွေလည်း ငိုကြပေါ့ဗျာ။ ဒါတောင် ကျွန်တော် လေဆင်နှာမောင်းနဲ့ လွင့်ပါပြီး ကျိုန်စာသင့်ရွာကလေးမှာ အသက်ရှင်ခဲ့ရတဲ့ ဖြစ်ရပ်ဆန်းကြယ်အကြောင်းတွေ ကျွန်တော်ပြောမပြခဲ့ဘူးဗျာ။

ကျိန်စာသင့် စွယ်စုံရွာက ရွာသူရွာသားတွေနဲ့ ညီမလေး ရှင်မီးတောက်တို့အကြောင်းများ သိသွားရင် ပိုအံ့သြ ဝမ်းနည်းကြလိမ့်မယ်နဲ့ တူရဲ့။

"ဒီလိုလုပ်ကွာ ... မောင်စုန်"

"ပြော ... ငှက်ကြီး၊ ဘယ်လိုလုပ်ရမှာလဲ"

"စံပယ်တင် ဒီနေရာကို ပြန်လာမှာပဲကွ။ မင်း ဒီကပဲ စောင့်နေကွာ"

"သေချာပါ့မလား ... သူငယ်ချင်း ငှက်ကြီး"

"သူ့ကြီးတော် ရှိနေသေးတာပဲလေကွာ၊ ပြန်လာမှာပါ"





"ဟုတ်ပါတယ် ... ဆရာစုန်၊ ဆရာစုန်တို့လည်း လိုက်ရှာရတာ ပင်ပန်းနေကြပါပြီ။ ပွဲကလည်း ကရဦးမှာလေ။ ဒီနေရာကပဲ စောင့်ပါ။ ရှာချင်း ရှာရင်လည်း ကျွန်မတို့ပဲ ပွဲဈေးခင်းထဲ လိုက်ရှာပါ့မယ်။ စံပယ်ကို တွေ့ရင် အခု ဆရာစုန်ပြောပြတဲ့ အဖြစ်အပျက်တွေအားလုံး ပြောပြပြီး ဆရာစုန့်လက်ထဲကို ကျွန်မတို့ ပြန်အပ်ပါ့မယ် ... ဆရာစုန် နော်"

"ကျေးဇူးပါပဲဗျာ ... ကျွန်တော်တို့ကြောင့် ငှက်ကြီးတို့ ဇာတ်အဖွဲ့သားတွေ စိတ်အနှောင့်အယှက်ဖြစ်သွားရတာ စိတ်မကောင်းပါဘူးဗျာ။ အားလုံးကို တောင်းပန်ပါတယ်ကွာ ... နော် ... ငှက်ကြီး"

"မောင်စုန်ရာ ... မင်းနဲ့ ငါတို့ကြားမှာ အားနာစရာ စိတ်မကောင်းစရာ မရှိပါဘူးကွာ။ မင်းကိုလည်း တို့ဇာတ်အဖွဲ့သားအားလုံးက လေးစားပြီးသားပါကွာ။ ဒါပဲ ... မင်း အနားယူဦး။ ငါတို့ ပွဲထွက်မောင်းတီးနေလို့ လုပ်ငန်းခွင်ဝင်လိုက်ဦးမယ်ဟေ့"

ငှက်ကြီးလည်း ဇာတ်ရုံထဲကို ဝင်သွားတယ်။

အမေကြည်က ပက်လက်ကုလားထိုင်တစ်လုံး ချပေးပြီး ရေနွေးအိုးနဲ့ ကြောက်ဆီဆမ်းပန်ကန်ချပေးပြီး သူ့ထမင်းချက်အဖွဲ့တွေနဲ့ စံပယ်တင်ကို သွားရှာမယ်ဆိုပြီး ထွက်သွားကြတယ်။

✿ ✿ ✿

[၃၀]

❑

သူတို့ အနီးကနေ ထွက်သွားကြတော့မှ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့ပြီး ရင်ထဲမှာ နင့်နေရတယ်။

ချစ်သူလရောင်စိုကို ဂူသွင်းတဲ့နေ့တုန်းက မြင်ခဲ့တာ နဂိုရုပ်အတိုင်းပါပဲ ဖြစ်နေတဲ့ အတိုင်းပါဗျာ။ မျက်တောင်ခတ်တာကို မြင်လို့ ကျွန်တော်တားတာကို မယုံကြလို့ ခုလို ဘဝမှာ အခက်တွေ့ကြုံခဲ့ရတာ။

လရောင်စိုကို မိုးကြီးရေကြီးကြားမှာ တွေ့တုန်းကလည်း သူ့မျက်နှာမှာ အမာရွတ်ရာမှ မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခု ဘာကြောင့် သူမမျက်နှာပေါ်မှာ ဆိုးရွားလှတဲ့ဒဏ်ရာတွေ ရှိနေတာတဲ့တုန်းဗျာ ... ဟင်။

လရောင်စိုရယ် ...

မင်း အရုပ်ဆိုးနေလည်း ငါမင်းကို ချစ်နေမှာပါ။

မင်း နှလုံးရှိနေတဲ့ဘဝရောက်လည်း မင်းပါးပြင်ကို ငါနမ်းရဲပါတယ် ... အချစ်ရယ်။

အတိတ်ဘဝကံကြွေးတွေ ရှိရင်လည်း ကျေကြပါတော့။

အင်း ... မြွေသခင်ဆရာဆိုတဲ့ ဆရာကြီးဟောလိုက်တာ မှန်နေပါကလားဗျာ။ မြွေဆိုးတွေပတ်လည်ဝိုင်းနေတဲ့ အဘိုးကြီး။

မြွေဆိုးကြီးတွေက သူ့အပေါ် တွယ်တက်နေတဲ့ မြွေလူထူးလူဆန်းကြီး။ သူက မေးတယ်။

"မင်း ဘာသိချင်တာလဲ"

"ကျွန်တော် ကျွန်တော့်ချစ်သူနဲ့ ပြန်တွေ့ရမလားဟင်"

"တွေ့မယ် ..."

တိုတိုတုတ်တုတ် နှစ်လုံးပဲ ဖြေတာဗျာ။

"ဗျာ ... တွေ့မယ် ... ဟုတ်လား ဟင်"

"နောက်တစ်ခုပဲ မေးတော့"

"ကျွန် ... ကျွန်တော်တို့ ပြန်ဆုံပြီး ညားကြမှာလား ဟင် ... ဆ ... ဆရာကြီး"

မြွေသခင်ဆရာအဘိုးကြီးက လည်ပင်းမှာလာပတ်နေတဲ့ မြွေငန်းကြီးကို လက်ဝါးနဲ့ပွတ်ပြီး ခေါင်းယမ်းပြလိုက်တယ်။

"ဗျာ ..."

"မင်းကလည်း သူ့ကို ချစ်မြတ်နိုးတယ်၊ သူကလည်း မင်းကို ချစ်မြတ်နိုးတယ်။ ဒါပေမင့် မညားဘူး"

"ဒါ ... ဒါဆို ... သူ ... သူ ... သေမှာလား၊ ရှင်မှာလားဟင်"

"ပြန်တော့"

မြွေသခင်ဆရာကြီးရဲ့ အသံမာမာနဲ့ အော်ပြောလိုက်တဲ့အသံကို ကြားရပြီး ကျွန်တော် တုန်ခါသလို ဖြစ်သွားခဲ့တယ်။

ဇာတ်ထမင်းချက် အမေကြည်က ကြိုပြောသားပဲလေ။

မြွေသခင်ဆရာဆိုတဲ့ ဆရာကြီးက နှစ်ခွန်းအပြင် ပိုမပြောဘူးတဲ့။ ဆရာကြီးဟောတာ ပြောလိုက်တာ မှန်လိုက်တာ။

ဒီနေ့ညဦးမှာပဲ ကျွန်တော် လရောင်စိုကို ပြန်တွေ့တယ်။





လရောင်စို အစစ်ပါဗျာ။

ပါးပြင်ပေါ်က စံပယ်တင်မှဲ့နဲ့ ဒီနှုတ်ခမ်းထူထူလေးကို မြင်တာနဲ့ လရောင်စိုမှန်း အသည်းနှလုံးကပါ သိနေတာပါ။

ခုတော့ ...

လရောင်စိုရယ် ...

မင်း မောင့်ကို မုန်းလို့ပြေးတာလား။

မင်းလည်း လရောင်ဝတ်တဲ့ နွေပါ။

မောင်ကလည်း လရောင်ဝတ်တဲ့ ပင်လယ်ပါ။

မောင့်ဆီကို ပြန်လာခဲ့ပါနော်။

စန္ဒကိန္နရီမောင်နှံတို့ကတော့ လေပြင်းတိုက်လို့ တစ်ညဝေးခဲ့ရတာကို ပြန်တွေ့ကြတော့ နှစ်ပေါင်း (၇၀၀)ဖက်ပြီး ဝမ်းနည်းသတိရ ငိုကြွေးကြသတဲ့။

မောင်တို့၊ လရောင်တို့ ဘဝက တစ်ညဝေးတာကို နှစ်ပေါင်း (၇၀၀) ဆွေးကြတဲ့ စန္ဒကိန္နရီမောင်နှံလို အကြောင်းခြင်းရာ မတူပါဘူးဗျာ။

မောင်တို့က ဂမ္ဘီရဖြစ်ရပ်ဆန်းတွေ၊ ဘဝဆိုးတွေနဲ့ ကြမ်းတမ်းစွာ ဖြတ်ခဲ့ရတာ ရက်တွေ၊ လနဲ့ ချီခဲ့ပြီလေ ... လရောင်။

အနှစ် (၇၀၀)မက မောင်တို့ လွမ်းရမှာပေါ့။

နှလုံးသားချင်း ပူးကပ်သွားအောင် ပွေ့ဖက်ပြီး မျက်ရည်နှိက်သံ၊ အချစ်လွမ်းမောခြင်းတွေနဲ့ ငိုရမှာပေါ့။ လှိုက်လှဲဝမ်းသာ ရယ်ကြရမှာပေါ့။

ဒီအလွမ်းတွေကို ကျောက်စာထိုးရမှာပေါ့။

ဒီအချစ်နဲ့ သစ္စာတရားကို ရွှေကြွပ်ပြီး စိန်စီရမှာပေါ့ လရောင်။ ဒီသမုဒယသံယောဇဉ်တွေ လိမ်းကျံပြီး အေးမြတဲ့ လရောင်ကို သောက်ပြီး မောင်တို့ ပျော်ရွှင်စွာ ကခုန်ကြမယ်လေ။

ကျွန်တော် မျှော်လင့်ချက်တွေနဲ့ တွေးရင်း လရောင်စို ဝင်လာမည့်လမ်းကို မျှော်ကြည့်နေတာ ရင်တလှပ်လှပ်နဲ့ပေါ့။

အမေကြည်တို့ ပြဇာတ်ထွက်တော့ ပြန်ရောက်လာတယ်။

မျှော်လင့်ချက် လေတိုက်ခံလိုက်ရတယ်။

ဒီလိုနဲ့ ပြဇာတ်ပြီးလို့ နှစ်ပါးသွားထွက်၊ နောက်ပိုင်းဇာတ်ကြီး ကလို့ ပြီးပါပြီ။ ပရိသတ်တွေ ဇာတ်ရုံထဲက ထွက်သွားကုန်ကြပါပြီ။

ရှေ့က နေရောင်နုနု သီးပွင့်လာခဲ့ပါပြီ။

လရောင်စိုရဲ့ ဖွဖွရွှေးရွှေး နင်းလာတဲ့ ခြေသံကို မကြားရ၊ မောင်လို့ ခေါ်လိုက်တဲ့မော ခေါ်သံမျှ မကြားရ။ မျှော်လင့်ချက်တောင် ပြိုကျသွားပါပြီ။ မည်းမှောင် စိတ်မကောင်းကြ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာစုန် ..."

"ခင်ဗျာ ... အ ... မေ ... ကြည်"

"သူ ... သူ ... ဒီပြန်မလာတော့ဘူးနဲ့ တူတယ် ... ဆရာစုန်"

"ဟူး ... သူ အတွေးမှားနေပြီ ... အမေကြည်။ ကျွန်တော် သူ့ကို မတွေ့တွေ့အောင် လိုက်ရှာတော့မယ်ဗျာ"

"ဆရာစုန် ..."

"ဟုတ်ကဲ့ ... အမေကြည် ... ပြောပါ"

"ဟိုလေ ... သူ ... သူ ... သွားစရာဆိုရင် ရွာက ကျွန်မအိမ်ကို သွားမယ်ထင်တယ် ... ဆရာစုန်"

"ဟာ ... ဟုတ်တာပေါ့ဗျာ ... သူ ... သူ ... အမေကြည့်အိမ်နေရာကို သွားနိုင်တယ်။ အမေကြည် ... အိမ်လိပ်စာ ပေးပါ အမေကြည်"

"ကျွန်မလည်း လိုက်ခဲ့မယ် ... ဆရာစုန်"

"ဗျာ ..."

"ကျွန်မနဲ့တွေ့ရင် သူ ကျွန်မစကားကို နားထောင်မှာပါ ဆရာစုန်"

"ကျေးဇူးပဲ ... အမေကြည်ရယ်။ ဒါဆို အမြန်"

အမေကြည်က ဇာတ်မန်နေဂျာကို အကျိုးအကြောင်း ပြောပြပြီး ခွင့်တစ်ရက် တောင်းတယ်။ ငှက်ကြီးကလည်း ဝိုင်းပြောလို့ ရွာပြန်ခွင့် ရခဲ့တယ်။

ကျွန်တော်နဲ့အမေကြည် ကားစင်းလုံးငှားပြီး အမေကြည်တို့ရွာရှိရာကို သွားကြတာ။ နေမွန်းမတည့်မီ ရွာကအိမ်ကို ရောက်ခဲ့တယ်။ အိမ်ထဲမှာ လရောင်စိုသော် စပယ်တင် မရှိဘူး။

အိမ်ပေါ်မှာ သူမရဲ့အငွေ့အသက်တောင် မကျန်ခဲ့။

ကျွန်တော်တို့ အနီးဝန်းကျင်မှာ လိုက်စုံစမ်းကြတယ်။ လရောင်စို မလာဘူးတဲ့။ နေရာအတော်စုံသွားတော့ မတွေ့တာနဲ့ ဇာတ်အဖွဲ့ရှိရာကို ပြန်လာခဲ့လိုက်ကြတယ်။

"တွေ့လားဟေ့ ... မောင်စုန်"

"မတွေ့ပါဘူး ... ငှက်ကြီးရာ"

ဒီအချိန်မှာ ချာတိတ်လေးတစ်ဦး ဇာတ်ရုံနောက်ကို ဝင်လာပြီး ...

"ထမင်းချက်တဲ့ အမေကြည်ဆိုတာ ရှိလားခင်ဗျာ"

"အေးဟေ့ ... ရှိတယ် လူလေးရေ ... အမေပဲကွယ် ... ဘာကိစ္စရှိလို့လဲဟင် ... ကလေး"

"စာပေးခိုင်းလို့ပါခင်ဗျ ... ဇာတ်ထဲက ထမင်းချက်တဲ့ အမေကြည်ကို ပေးပါတဲ့"

"ဟေ ... လူလေးရဲ့၊ ဘယ်သူပေးခိုင်းတာတုံးကွယ်"





"အစ်မကြီးတစ်ယောက်ဗျ"

"ဟေ ..."

"ဘာ ..."

"ကျွန်တော် သွားတော့မယ်"

"ညီလေး ... ခဏလေးကွယ်။ ရော့ ... ရော့ ... ညီလေး ... စားချင်တာ ဝယ်စားဖို့ မုန့်ဖိုး။ အစ်ကိုမေးတာလေး ဖြေပေး"

"မယူချင်ဘူးဗျ"

"အစ်ကိုတို့ကို ကူညီပါ ... ညီလေးရာ။ မင်းကိုစာပေးခိုင်းတဲ့ အစ်မက ဘယ်လိုပုံစံလဲဟင် ... ညီလေး"

"ပဝါအဝါရောင်နဲ့ ခေါင်းကို စည်းထားတယ်"

"မျက်နှာကို မှတ်မိလား ... ညီလေး၊ အရေးကြီးလို့ပါ ... ညီလေးရာ။ မြန်မြန်ပြောပါ ... ညီလေးရာ၊ ကူညီပါကွာ"

ချာတိတ်လေးက ကျွန်တော့်ကိုကြည့်ပြီး လန့်နေတယ်။

"ဟို ... ဟို ... မျက်နှာတော့ ... မ ... မမှတ်မိဘူး။ အစ်မက သူနေမကောင်းလို့ စာသွားပေးပါလို့ ကားဂိတ်မှာ ပြောလို့ လာပေးတာပါ"

"ရန်ကုန်သွားတဲ့ အဝေးပြေးဂိတ်လား ... ညီလေး"

"ဟုတ်တယ်ဗျ ..."

"ဘယ်အချိန်က မင်းကို စာပေးခိုင်းတာလဲဟင် ... ညီလေး"

"မနက်အစောကြီးဗျ ... ကျွန်တော် ဒီကိုမလာရဲလို့ ... ကြာ ... ကြာသွားတာပါ"

"ကျေးဇူးပဲ ... ညီလေးရာ။ ရော့ ... ညီလေးသုံးဖို့"

"ဟင့်အင်း ... မယူချင်ဘူး"

ချာတိတ်လေးက မုန့်ဖိုးပေးတာကို လုံးဝ မယူဘူး။ ဒါနဲ့ ငှက်ကြီးက ဝင်ပြောတယ်။

"ညီလေး ... ဇာတ်ပွဲကြိုက်လား"

"ကြိုက်တယ်"

"ညတုန်းက ပွဲကြည့်လား"

"အင်း ..."

"ဒီည ကြည့်ချင်ရင် ဒီနေရာကိုပဲ လာခဲ့။ ဦးဦး ဖျာနဲ့ ရုံဝင်လက်မှတ် ပေးမယ် ... ဟုတ်လား"

"ဟုတ်ကဲ့"

"ဆက်ဆက်လာခဲ့နော် ... ညီလေး၊ မင်းအစ်ကို အစ်မတွေပါခေါ်ခဲ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး ချာခနဲ လှည့်ထွက်သွားတယ်။

"မနက်ကတည်းက ပေးခိုင်းတာတဲ့ဗျာ"

အချိန်တွေ အတော်ကြာသွားပြီကွာ။

"ဒေါ်ကြည် . . . ဘာရေးထားလဲ ပြောပါဦး"

"ဖတ်ကြည့်တော့ . . . ဆရာ"

ကျွန်တော်နဲ့ ငှက်ကြီး စံပယ်တင်ရေးပေးတဲ့စာကို အမြန်ဖတ်လိုက်ကြတယ်။

*ကြီးကြီး*

*သမီးကို စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် . . . ကြီးကြီးရယ်။ တစ်နေ့တော့ ကျေးဇူးဆပ်ခွင့် ကြုံပါရစေလို့ ဆုတောင်းပါတယ် . . . ကြီးကြီး။ ကျွန်မ နှုတ်မဆက်ဘဲ ထွက်သွားတာကို ခွင့်လွှတ်ကြပါလို့ တောင်းပန်ပါတယ်။*

*ကျွန်မဘဝက ပြေးနေရတဲ့ဇာတာ ပါလာတယ် . . . ကြီးကြီးရယ်။ ပြေးနေရတဲ့ ဘဝတိုင်း ကျေနပ်နေလိုက်ပါတယ်။*

*သမီး စံပယ်တင်*

အမေကြည်ရဲ့ရှိုက်သံကို ကြားနေတယ်။

ကျွန်တော့်နားထဲမှာ လရောင်စိုခေါ် စံပယ်တင်ရဲ့ မနားတမ်းပြေးနေတဲ့ ခြေသံတွေ ကြားနေရတယ်။

မရပ်မနားပြေးနေတဲ့ ခြေသံ။

မောဟိုက်ပင်ပန်းကြီးစွာ ပြေးနေတဲ့ ခြေသံ။

ခြေဖဝါးတွေ ကွဲအက်လို့ တစ်လှမ်းချင်း အားယူသွားနေတဲ့ ခြေသံ။

နားလိုက်၊ ထသွားလိုက်၊ အားကုန်ပြေးလိုက်။

ဒီခြေသံတွေမှာ . . .

မောင်လို့ခေါ်သံ မပါခဲ့။

အဖေလို့ခေါ်သံ မပါခဲ့။

လွမ်းလိုက်တာမောင်ရယ်ဆိုတဲ့အသံ မပါခဲ့။

ကျွန်တော် ငှက်ကြီးရဲ့ လက်ထဲက စာရွက်ကိုယူပြီး လွယ်အိတ်ကို ကောက်လွယ်လို့ ဇာတ်ရုံနောက်ကနေ အပြေး ထွက်ခဲ့လိုက်တယ်။ သည့်နောက် မော်လမြိုင်–ရန်ကုန် ကားဂိတ်ရှိရာကို အငှားကားနဲ့ အမြန် လာခဲ့လိုက်တယ်။

✿ ✿ ✿

[ ၃၁ ]

❑

လရောင်စို ရန်ကုန်ကို ပြန်သွားနိုင်တယ်လို့ ကျွန်တော် ယူဆခဲ့သလို ရွှေမင်းဝဏ်မြို့ကိုလည်း ပြန်သွားနိုင်တယ်။

ရွှေမင်းဝဏ်က သူ့ဇာတိမြို့။

ကျွန်တော်တို့ မင်္ဂလာညည့်ခံပွဲ ကျင်းပတဲ့မြို့။

ရွှေမင်းဝဏ်မှာ လရောင်စိုရဲ့အဖေ ဘုန်းကြီးဦးဝိလာသ လူနာမည် ဦးရွှေမြို့တော် ရှိတယ်။ ပြီးတော့ သူပိုင်တဲ့အိမ် ရှိတယ်။

ကျွန်တော် ဇာတိမြို့ကို ပြန်မရောက်တာ ကြာပြီ။

လရောင်စိုရဲ့ နောက်ဆုံး နားခိုရာသည် ရွှေမင်းဝဏ်ပဲ ဖြစ်မှာပါ။ ရွှေမင်းဝဏ်ကို ရောက်ရင် လရောင်စိုရဲ့အကြောင်း သိရနိုင်တယ်။ ကျွန်တော် ဇာတိမြို့ကို ပြန်ရောက်ခဲ့တယ်။

အမေနဲ့ ညီအစ်ကိုမောင်နှမတွေက ကျွန်တော့်ကို ဖြုန်းခနဲ တွေ့ကြရော ပြေးဖက်ပြီး ငိုကြပါရောဗျာ။

သူတို့က ကျွန်တော်မရှိတော့ဘူးလို့ ယူဆထားကြတာတဲ့။

မသေမပျောက် ပြန်တွေ့ရတော့ ဆွေမျိုးတွေပါ အံ့ဩနေကြရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြန်ရောက်တဲ့အကြောင်းဟာ မြို့ငယ်လေးမှာ ချက်ချင်း ပျံ့နှံ့သွားပြီး သူငယ်ချင်းတွေပါ အပြေးအလွှား ရောက်လာနှုတ်ဆက်ကြတယ် ဗျာ။

တစ်ခဏချင်း ဘဝက အပျော်အပြုံးတွေနဲ့ စိမ်းစိုသွားခဲ့တယ်။ ကျွန်တော် သူတို့မေးသမျှကို ပြန်ဖြေနေရတာနဲ့ ကျွန်တော် မေးချင်တာကို မနည်းကြိုးစားခဲ့ရတယ်။

"အမေ ..."

"လူလေး ... သား၊ နားပါဦးကွယ်"

"ကျွန်တော်သိချင်တာရှိတယ် ... အမေ"

"သား ဘာသိချင်လို့တုံး"

"ကျွန်တော့်ဇနီး ... လ ... ရောင် ... စို ... ရော ... ဟင်"

ဒီမေးခွန်းကြောင့် သူတို့ မျက်နှာပျက်သွားကြတယ်။ အသံတွေလည်း တိတ်ဆိတ်သွားကြတယ်။ သူငယ်ချင်းတွေက ကျွန်တော့်ကို ငေးကြည့်နေကြလို့။

"အမေ ... လရောင်စို ဘယ်မှာရှိတုံးဗျာ ... ပြောလေ"

"လူလေး ..."

"ကျွန်တော့်လရောင်စို ပြန်ရောက်နေတယ်မဟုတ်လား"

"သား ... မင်းဇနီး လရောင်စို ဆုံးသွားတာ ..."

"အို ... မဟုတ်ဘူး ... သူ မသေဘူးဗျ။ သူ အသက်ရှင်နေတုန်းရှိသေးတယ်။ သူ အခု ဘယ်နေရာမှာ ရှိလဲဟင် အမေ"

"လရောင်စို ကွယ်လွန်သွားလို့ ဂူသွင်းသင်္ဂြိုဟ်ခဲ့တာ မင်းအသိပဲလေ သားရယ်"

"ဟား ဟား ဟား ဟား ဟား ... မဟုတ်တာဘဲ ... အမေရာ။ လရောင်စို မသေသေးဘူးလို့ အမေတို့ကို ပြောရဲ့ တားရဲ့သားနဲ့ အားလုံးက ဂူသွင်းသင်္ဂြိုဟ်ခဲ့တာဗျ"

"အို ... မဟုတ်တာ ... သားရယ်။ ငါ့သား မင်းမိန်းမစိတ်နဲ့ အိမ်ကနေ ထွက်သွားခဲ့တာလေ။ မင်း အခုမှ အိမ်ကို ပြန်ရောက်တာလေ သားရဲ့"

ကျန်တဲ့ ဆွေမျိုးတွေကလည်း လရောင်စို အမှန်တကယ် သေဆုံးသွားလို့ ဂူသွင်းခဲ့တာပါလို့ အတိအကျ ပြောကြတယ်။

"မဟုတ်ဘူး ... ခင်ဗျားတို့ မှားနေတာ။ ဂူထဲမှာ လရောင်စို မရှိဘူးဗျ။ လရောင်စို မရှိတော့ဘူး"





"လူလေး ... စိတ်ကို ထိန်းပါသား။ ငါ့သား ... ငါ့သား အမေ့အပေါ်က ထွက်မသွားပါနဲ့ ... သားရယ်"

"အစွဲအလမ်း မကြီးပါနဲ့ ... မောင်စုန်ရယ်။ သေတဲ့လူလည်း သေသွားပါပြီကွယ်။ သူ့အတွက် ရည်စူးပြီး မင်းက ..."

"တော်ကြပါတော့ဗျာ ... တော်ကြပါတော့။ လရောင်စိုကို ကျွန်တော် မျက်စိနဲ့တွေ့လို့ လိုက်ရှာနေတာဗျ ... လိုက်ရှာနေတာ"

"ဟော ..."

"ဘုရားရေ ..."

"ကျားသားမိုးကြိုးကွယ်"

"မောင်ရွှေမင်းစုန် ..."

"ဟုတ်ကဲ့ ... ဦးလေးမြိုင် ပြောပါ"

"လရောင်စိုကို ဘယ်မှာတွေ့ခဲ့တာတုံး"

"ဦးလေးမြိုင် ..."

"ပြော ... ငါ့တူ ပြောပါ"

"လရောင်စိုရဲ့အုတ်ဂူ သင်္ဂြိုဟ်တဲ့နေ့ ညနေဝင် မှောင်စမှာ အဖောက်ခံရပြီး လရောင်စို မရှိတော့တာဗျ"

"အမလေး ..."

"ဘုရား ... ဘုရား ... ဖွ ... ဖွ ... ဟဲ့ ... သား ... လူလေး"

"ဒီကောင်တော့ သွားပါပြီကွာ"

"ကျုပ်ကိုယ်တိုင် မျက်စိနဲ့ မြင်ခဲ့တာဗျ ... မြင်ခဲ့တာ။ ခင်ဗျားတို့ အဲဒီအကြောင်းတွေ မသိဘူးမဟုတ်လား"

အားလုံး မျက်လုံးတွေပြူးပြီး စိုးရိမ်ကြောက်လန့် ဖြစ်ကုန်ကြတယ်။ သူငယ်ချင်းတွေကလည်း အံ့အံ့သြသြဖြစ်ကြ။

"မင်း ရူးနေသလား ... ငစုန်"

ဦးလေးဘမြိုင်က ဒေါသတွေဖြစ်ပြီး အော်လိုက်တယ်။

"ကျွန်တော် မရူးဘူး။ လူမသေဘဲ သင်္ဂြိုဟ်ခဲ့တဲ့ ခင်ဗျားတို့အားလုံး ရူးနေကြတာ။ အကုန် ရူးနေကြတာ"

အားလုံးက ဦးလေးမြိုင်ကိုလည်း တားကြ။ ကျွန်တော့်ကိုလည်း ဖြေးဆွဲကြ တားကြ။

"မောင်လေး ..."

"ဘာလဲ ... မမယဉ် ... ကျွန်တော် မရူးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးကို မမ ရှုံးသွားပြီလို့ မပြောပါဘူး . . . ငါ့မောင်။ လရောင်စိုရဲ့အုတ်ဂူ အဖောက်ခံရပြီး လရောင်စိုရဲ့အလောင်း ပျောက်သွားတယ်ဆိုတာ မင်းဘယ်လိုပြောနိုင်လို့တုံး"

"ပြောမယ် . . . ပြောပြချင်လို့ ကျွန်တော် ဒီကိုပြန်လာခဲ့တာ။ ခင်ဗျားတို့ အသိဉာဏ်နည်းလို့ သတိမရှိ ဂရုမစိုက်ကြလို့ ကျူပ်မိန်းမ အရှင်လတ်လတ် ဂူသွင်းခံရတာဗျ"

"ဒါဆို ရှင်းပြပါ . . . ငါ့မောင်"

ဒါနဲ့ ကျွန်တော် လရောင်စိုအလောင်း ဂူသွင်းတဲ့နေ့က လရောင်စို မျက်တောင်ခတ်တာကို မြင်လို့ အော်ပြောတဲ့ အကြောင်းကနေ လရောင်စိုကို တယ်တင်ဖို့ နေဝင်ကာနီး ကျွန်တော် ဒီအိမ်ကနေ တူးရွင်းပြား၊ တူတစ်လက်နဲ့ လရောင်ရှိရာအုတ်ဂူကို ဂူသွင်းခဲ့ရာကနေ . . .

အုတ်ဂူပွင့်နေတဲ့အကြောင်း။

ခေါင်းထဲမှာ လရောင်စိုမရှိဘဲ အုတ်ခဲတွေသာရှိတဲ့အကြောင်း ပြောပြတော့ သူတို့ ငေးကြောင်ပြီး ကျွန်တော့်ကို ဝိုင်းကြည့်နေကြတယ်ဗျာ။

"သေချာရဲ့လား . . . ငါ့မောင်"

"သေချာလို့ ပြောတာပေါ့ . . . မမရယ်။ လရောင်စိုကို တစ်ယောက်ယောက်က ဒါကိုသိလို့ အုတ်ဂူကို ကျွန်တော့်အရင် ဖွင့်ဖောက်ပြီး လရောင်စိုကို ခိုးယူသွားတာ။

မိဘဆွေမျိုးတွေက ကျွန်တော့်ကို သနားတဲ့မျက်လုံးတွေနဲ့ ဝိုင်းကြည့်နေကြတယ်ဗျာ။ သူတို့ မယုံဘူးနဲ့ တူရဲ့။

"နောက်တော့ ဘာဖြစ်လဲ။ လရောင်စိုကို ငါ့မောင် ဘယ်မှာ သွားတွေ့ခဲ့လဲ . . . ပြောပါဦး"

ကျွန်တော် လေဆင်နှာမောင်းနဲ့ လွင့်ပါပြီး ကျိန်စာသင့်ရွာမှာ ရောက်ခဲ့တဲ့အကြောင်းက လွဲပြီး လရောင်စို မိုးတွေ သည်းကြီးမည်းကြီး ရွာတဲ့နေ့က ထွက်ပြေးရင်း တွေ့တဲ့အကြောင်း။

ရေစီးထဲ ခုန်ချမျောပါသွားတဲ့အကြောင်းကနေ မနေ့က ရွှေမြရံခြံပယ်ဇာတ်မှာ မျက်နှာဒဏ်ရာဆိုးတွေနဲ့ ပြန်တွေ့တဲ့အကြောင်းအထိ ပြောပြတော့ သူတို့ ငေးကြောင်နေကြတယ်ဗျာ။

ပြီးတော့ သူတို့ချင်း တိုးတိုး တိုးတိုး ခေါင်းချင်းဆိုင် ပြောနေကြတယ်။

"မောင်လေး . . ."

"ပြောပါ . . . မမ"





"လရောင်စိုအုတ်ဂူ အဖောက်ခံရတာ သေချာလား"

"သေချာလို့ ပြောနေတာဗျ"

"ဒါဆို မင်း လရောင်စိုရဲ့အုတ်ဂူကို သွားကြည့်မလား"

"ကြည့်ရမယ်လေ . . . သူ့ဂူ ပျက်စီးနေတာ ကျွန်တော်သိတာပေါ့။ အခု သွားကြည့်မယ်ဗျာ"

"နောက်နေ့မှ သွားကြည့်ပါ . . . သားရယ်။ စိတ်ကို အနားပေးပြီးမှ အေးအေးဆေးဆေး သွားကြည့်ပါလား"

"ခုချက်ချင်း လိုက်ပြမယ်ဗျာ"

"ကဲ . . . ဒါဆို ခုပဲ သွားကြည့်ကြတာပေါ့ . . . ငါ့မောင်ရယ်"

မမယဉ်ရွှေကလည်း စိတ်မြန်လှုမြန်ပဲဗျာ။ ကျွန်တော်တို့အားလုံး ကားတစ်စီးနဲ့ မြို့ပြင်သချိုင်းကို လာခဲ့လိုက်ကြတယ်။

သူငယ်ချင်းတွေ ကျွန်တော့်ကို ဝိုင်းဖက်ပြီး အားပေးစကားတွေ ပြောနေကြတယ်။ ကျွန်တော့်နားထဲမှာတော့ လရောင်စိုရဲ့ခြေသံကို ကြားနေတယ်။

လရောင်စိုရဲ့ ပါးပြင်ပေါ်က စံပယ်တင်မှဲ့နက်လေးကိုပဲ မြင်နေရတယ်။ လရောင်စိုရဲ့ အုတ်ဂူကို ဖောက်တဲ့ တရားခံရှိတယ်။ သူ ဘာကြောင့် ဂူဖောက်ပြီး လူကို ခိုးသွားတာလဲ။

ဒါ လျှို့ဝှက်ချက်ပဲ။

ဒီတရားခံကို ဖော်ထုတ်ဖို့က လရောင်စိုကို ပြန်တွေ့မှ ဖော်ထုတ်လို့ရမှာ။

"ကျွိ . . ."

"ရောက်ပြီ . . . မောင်လေး . . . ဆင်းတော့"

ကျွန်တော် ကားပေါ်က ဆင်းပြီး လရောင်စိုအုတ်ဂူရှိရာကို ခပ်သွက်သွက် လျှောက်သွားလိုက်တယ်။ သူငယ်ချင်းနဲ့ ဆွေမျိုးသားချင်းတွေကလည်း နောက်ကနေ့ ထက်ကြပ်မကွာ လိုက်လာကြတယ်။

အုတ်ဂူဟောင်းတွေကို ကွေ့ပတ်ပြီးနောက် ဂူသစ်တွေရှိတဲ့နေရာကို ကျွန်တော်တို့ ရောက်ခဲ့ကြတယ်။

"မောင်လေး . . . ဒါ . . . မင်းဇနီး လရောင်စိုရဲ့ အုတ်ဂူပဲ"

"ဟင် . . ."

အုတ်ဂူရှေ့မှာ 'လရောင်စို အသက်(၂၅)နှစ်၊ ( ) နေ့ ကွယ်လွန်သည်' ဆိုတဲ့ ကျောက်သားပေါ်က စာလုံးတွေကို ကျွန်တော် မြင်နေရတယ်။

ဟုတ်ရဲ့လားဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လာခဲ့တုန်းက အုတ်ဂူဝပွင့်ပြီး အုတ်ကျိုးတွေ ပြန့်ကြဲနေတာ ပျား အခု အုတ်ဂူဝက လုံးဝ မပျက်စီးဘူးဗျာ။ ကျွန်တော် အုတ်ဂူကို လှည့်ပတ်ကြည့်တယ်။

ပွန်းပဲ့နေတဲ့အရာ တစိုးတစိမျှ မရှိဘူး။

ထုံးဖွေးဖွေးအနံ့တောင် ရနေသလိုပဲ။

"မောင်လေး ... ကျေနပ်အောင် ကြည့်ပါ"

ကျွန်တော် ဂူမျက်နှာဝက စာလုံးတွေကို ကြည့်ပြီး တစ်ကိုယ်လုံးတောင့်သွားခဲ့တယ်။ သူငယ်ချင်းတွေ ကိုင်လှုပ်သတိပေးကြလို့ အသိလေးရှိနေတာ။ အုတ်ဂူပေါ်မှာ စံပယ်ပန်းခြောက်၊ နှင်းဆီပန်းခြောက်တွေ ရှိနေကြပါကလား။

"မမ ..."

"ပြော ... မောင်လေး ... ဘာသိချင်လဲ"

"အုတ်ဂူဝကို ဖွင့်ကြည့်ချင်တယ်"

"ဘာ ... ဘာ ... မပြောကောင်း ... မဆိုကောင်း ... ငါ့မောင်ရယ်။ ဘာလဲ မင်းက မင်းမိန်းမကို အသေထွက်ကနေ အရှင်ထွက် ထွက်သွားတယ် ထင်လို့လား ... ဟင်"

"ဂူဝကို ဖွင့်ကြည့်ရင် ကျွန်တော်ပြောသလို လရောင်စိုးရဲ့အလောင်း"

"မောင်လေး ကိုယ့်စိတ်ကို နိုင်အောင်ထိန်း။ အခု မောင်လေးပြောနေတာတွေက အတော်အစွန်းရောက်နေပြီ မောင်လေး။ ဒါ လူ့သတ်မှု။ မသင်္ကာမှုလည်း မဟုတ်ဘူး။ အဆိပ်ခတ်ခံရလို့ သေသွားတာလည်း မဟုတ်ဘူး။ မင်းမိသားစုတွေ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့။ လရောင်စိုးကို အသက်ရှင်လျက် ပျောက်တွေ့နေတာကလည်း မောင်လေး အမြင်မှောက်၊ အမြင်မှား ဖြစ်နေလို့ပဲ"

"ကျွန် ... တော် ..."

"မင်း အုတ်ဂူအနေအထားကို ကြည့်လေ။ မင်းသူငယ်ချင်းတွေကိုလည်း ဝိုင်းကြည့်ခိုင်းပါ။ ကဲ ... မောင်လေးတို့ရေ ... ငါ့မောင် သင်္ကာမကင်းဖြစ်နေတဲ့ အုတ်ဂူကို အဖောက်ခံထားရတာ ဟုတ်၊ မဟုတ် မင်းတို့ပါ ဝိုင်းကြည့်ပေးကြပါဦးကွယ်"

"ကဲ ... ရွှေမင်းစုန်ရေ၊ ငါတို့လည်း ရဲအလုပ် လုပ်သလို စစ်ဆေးမယ်။ လာကြဟေ့ ..."

ကျွန်တော့်သူငယ်ချင်းတွေ လရောင်စိုးရဲ့ အုတ်ဂူကို အသေးစိတ် စစ်ဆေးကြတယ်။ ထူးခြားတဲ့အရာ မတွေ့ပါဘူးတဲ့။ ကျွန်တော့်ကိုတောင် လှောင်တောင်တောင် ပြောချင်နေကြရဲ့။





ကျွန်တော် သူတို့ကို ထားခဲ့ပြီး သချိုင်းကုန်းအတွင်းရှိ တဲအိမ်လေးတစ်လုံးရှိရာကို ခြေလှမ်းကျဲနဲ့ သွားလိုက်တယ်။

"မောင်လေး ... ဘယ်ကိုတုံး"

"နောက်ကနေ လိုက်ကြည့်ကြပါဦးဟဲ့။ တော်ကြာ ပြန်ထွက်ပြေးလို့ ပူနေရဦးမယ်"

သူတို့ နောက်ကနေ လိုက်လာနေတယ်။

ကျွန်တော် သချိုင်းမှာ အလုပ်လုပ်တဲ့ စဏ္ဍာလ ကိုတာတေနာမည်ကို ခေါ်လိုက်တယ်။

"ကိုတာတေ ... ဗျို့ ... ကိုတာတေ ..."

"ကိုတာတေ ဒီမှာမရှိဘူးရှင့်"

တဲထဲက မိန်းမသံ ပြန်အော်ပြောနေတာ။

"ကိုတာတေ ဘယ်သွားလို့တုံးဗျ ... တွေ့ချင်လို့ပါ"

"အလုပ်အပ်မလို့လားရှင့် ကျွန်မကို ပြောခဲ့လေ"

"ဖွ ... ဖွ ... အမလေး ..."

"ဖွဟဲ့ ... လွဲပါစေ ... ဖယ်ပါစေဗျာ"

နောက်က ရပ်ကြည့်ကြတဲ့ သူငယ်ချင်းတွေ စဏ္ဍာလကိုတာတေမိန်းမဖြစ်ဟန်တူသူရဲ့ အပြောကြောင့် လန့်ဖျပ်ပြီး ဖွဟဲ့တွေ လုပ်ကြ။ ဘုရားကို ရည်မှန်းလက်အုပ်ချီကြ။

မမယဉ်လည်း လန့်ပြီး ဘုရား တဖွဖွလုပ်။

"ခင်ဗျားက ကိုတာတေ ကတော်လားဗျ"

"ဟုတ်တာပေါ့ရှင့် ... ကျွန်မကို ပြောခဲ့လေ"

ဆံပင်နီကြောင်စုတ်ဖွား၊ ချေးလက်လေးသစ၊ ထဘီအောက်နားကျွဲအိုးမည်းပေလူးနေတဲ့ မိန်းမက ရုံးတာဝန်ခံအရာရှိမ ဂိုက်နဲ့ ပြောနေတာဗျ။

"ခင်ဗျားနာမည် ဘယ်လိုခေါ်တုံး"

"ကျွန်မနာမည်လား"

"ဟုတ်တယ် ... ဟုတ်တယ်"

"မမွေးကြိုင်တဲ့ရှင့် ... အဟင့်"

"တွီ ... ဝေါ့ ..."

"အေ့ ... အေ့ ... တောက် ... ရက်စက်တဲ့ နာမည်ကွာ"

မမွှေးကြိုင်လို့ ပြောလိုက်တော့ သူငယ်ချင်းတွေက လူနဲ့နာမည် မလိုက်ဘက်ရကောင်းလားဆိုပြီး ဝေဖန်ကြပါရော။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေ့ သင်္ကြံဟ်မှာမို့တုံး … ယောက်ကျားလား၊ မိန်းမလား … ပြောခဲ့လေ"

"ထို … ဖွဟဲ့ … ဖွ … ဖွ …"

"ဒီမှာ မမွေးကြိုင် … ကျုပ်တို့ မသာမြေမြှုပ်ဖို့ကိစ္စနဲ့ လာတာမဟုတ်ဘူးဗျ … မဟုတ်ဘူး"

"ရှင် …"

"ခင်ဗျားယောက်ျား စတ္တာလအကောင်းစားကြီး ကိုတာတေနဲ့ စကားပြောစရာရှိလို့ လာတာ"

"ဟောတော့ … အားနာစရာ ဖြစ်ကုန်ပါ့တော်။ အိမ်ပေါ်တက်ကြဦး ရေနွေးလေးဘာလေး သောက် …"

"တောက် … ငါ လုပ်ပစ်လိုက်ချင်ပြီကွာ ဟင်း"

"တိတ်တိတ်နေစမ်းပါ … ကြည်လှိုင်ရာ၊ ခုန ဘာလုပ်မလို့လဲမှ သေတာ။ စောင့်ကြည့်ကွာ"

အင်း … စတ္တာလကတော်ကြည့်ရတာ အာသွက်၊ လျှာသွက်၊ သောက်တလွဲပြောတဲ့ မိန်းမနဲ့တူရဲ့။ အေးလေ … ဒီသင်္ချိုင်းကုန်းမှာ သူ့ယောက်ျားက ဥက္ကဋ္ဌဆို သူက အတွင်းရေးမှူးပေါ့။ သူ့ယောက်ျားက သင်္ချိုင်းရုံးအုပ်ကြီးဆို သူက စတ္တာဝိုဟေရိုတေ့။ ဘဝင်မြင့်တာလည်း ကံကောင်းမှ မြင့်လို့ရတာကိုး။

"ကိုတာတေ ဘယ်မှာတုံး"

"တိုတောင်ဘက်မှာ ကျင်းကိစ္စ စီစဉ်ညွှန်ကြားနေတယ်။ ဟော … တော … ဟိုမှာ … လာနေပြီ။ ကိုတေ … ရေ … ကိုတေ …"

"ထို … အသံက မယားငယ်သံနဲ့ကွာ"

မမွေးကြိုင်က သူ့လင်တာတာကို မြင်ရော ကိုတေတဲ့ဗျာ၊ လင်ဆာတဲ့ အသံနဲ့ လှမ်းအသံပြုတာ။

"ဧည့်သည်တွေ ဘာကိစ္စရှိလို့လဲဗျ"

"ကိုတာတေနော်"

"ဟုတ်ကဲ့ … ကျွန်တော် တာတေပါ။ ဒီသင်္ချိုင်းရဲ့ …"

"ကိုတာတေကို မေးစရာရှိလို့ပါဗျာ"

"ခင်ဗျားတို့က ရဲအဖွဲ့ကလား"

"မဟုတ်ပါဘူးဗျာ"

"ရပ်ကွက်ဥက္ကဋ္ဌလား"

"ခင်ဗျားပြောတာ တစ်ခုမှ မဟုတ်ဘူးဗျ။ ကျွန်တော်က ဟောဟို အုတ်ဂူရှင် လရောင်စိုဆိုသူရဲ့ ခင်ပွန်းပါ"





"သေသူရဲ့ခင်ပွန်း"

စတ္တာလကိုတာတေ ကျွန်တော့်မျက်နှာကိုရော၊ ပါလာတဲ့ လူတွေရဲ့ မျက်နှာကိုပါ မော့ကြည့်လိုက်တယ်"

"အခု ဘာကိစ္စရှိလို့လဲ"

"ဒီလိုပါ … ကိုတာတေ၊ အဲဒီအုတ်ဂူမှာ ဂူသွင်းတုန်းကကိစ္စ မှတ်မိလား"

သူက ကျွန်တော့်ကို ကြည့်ပြီး ပြောလိုက်တယ်။

"ဪ … မောင်ရင်ကိုး။ ငါ့မိန်းမ မသေဘူးဆိုပြီး အော်ဟစ်ငိုတဲ့ဝ မဟုတ်လား။ အခု …"

"ကိုတာတေ …"

"ပြောပါ … ဆရာ"

"ကျွန်တော့်မိန်းမအလောင်း ဂူသွင်းပြီးနောက်ပိုင်း နေဝင်ချိန်မှာ အုတ်ဂူ အဖောက်ခံရတာ ခင်ဗျားသိတယ် မဟုတ်လား"

"ဗျာ …"

"အုတ်ဂူကို မသမာသူက ဖောက်ပြီး ကျုပ်မိန်းမရဲ့ အလောင်းကို သူတို့ ခိုးသွားတယ်။ ပြီးတော့ ဟန်မပျက် ဂူဝကို ဘိလပ်မြေနဲ့ ပြန်ပိတ်ခဲ့တယ်"

"ဟင် …"

"ကျုပ်မိန်းမ မသေဘူးဆိုတာ သိလို့၊ မယုံကြည်လို့ ကျုပ်မိန်းမရဲ့ အုတ်ဂူကို လာဖောက်ကယ်တော့ ခေါင်းထဲမှာ ကျုပ်မိန်းမအလောင်းမရှိဘဲ အုတ်ခဲတွေပဲ ရှိနေတယ်။ ကျုပ် အံ့ဩလွန်းလို့ ပျောက်သွားတဲ့ အလောင်းနောက်တို့ လိုက်ရှာခဲ့တယ်။ အဲဒီတုန်းက အုတ်ဂူပွင့်ပြီး ခေါင်းတလား အပြင်မှာ ရောက်နေတာ ခင်ဗျား မြင်ခဲ့ သိခဲ့တယ်မဟုတ်လား … ကိုတာတေ"

"ဗျာ … ဗျာ …"

"ခင်ဗျား အုတ်ဂူပွင့်နေတာ သိတယ်မဟုတ်လား"

"မ … မ … သိဘူး … ဟို … ဟို … ဟုတ်လည်း … မ … ဟုတ်ဘူးဗျ"

"ဘာ … ခင်ဗျား မညာနဲ့နော်"

ကိုတာတေက ကျွန်တော့်ကို ကြောက်ရွံ့တဲ့မျက်လုံးနဲ့ ကြည့်ပြီး ဒေးဘီကို အကူအညီတောင်းသလို လိုက်ကြည့်နေတယ်။

"မောင်လေး … ကိုတာတေပြောတာကို နားထောင်ပါဦး … မောင်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကိုစုန် ... ဦးတာတေ ဘာပြောလဲဆိုတာ နားထောင်ပါဦးကွ"

"ကိုတာတေ ... ပြောပါဗျာ ... အရေးကြီးလို့ပါဗျ ... ပြောပြပါ"

"ဆ ... ဆရာလေး ... အဲဒီနေ့က ... ဟို ... ဟို ... အုတ် ... အုတ် ... ဂူ ... မပွင့်ဘူး ... ဘယ် ... သူမှ ... မ ... မဖောက် ကြ ပါဘူး ဗျာ"

"ဘာ ... ကျုပ်ကိုယ်တိုင် အုတ်ဂူကို ဖွင့်ခဲ့တာဗျ"

"ဖွင့် ... ဖွင့်ခွင့် မရှိဘူးလေ။ ဖွင့်ရင် ... ဥ ... ဥပဒေအရ ... အရေးယူခံရမှာပေါ့။ အဲဒီမိန်းကလေးရဲ့ အုတ်ဂူ ဘာမှမဖြစ်ဘူး။ ကျုပ်သိတာကတော့ ..."

"ခင်ဗျားသိတာ ရှိတယ် ... ဟုတ်တယ်။ ခင်ဗျား သိတယ်။ ဒါကြောင့် ကျုပ် ... ကျုပ် ... သက်သေပြချင်လို့ သူတို့ကို ခေါ်လာတာဗျ။ ပြောစမ်းပါ ပြောလိုက်စမ်းပါဗျာ"

ကျွန်တော် လရောင်စိုအလောင်း အခိုးခံရတာကို သက်သေပြချင်နေတာလေဗျာ။ ကျုပ်အစ်မနဲ့ အမေတို့က ကျုပ်ကို ရူးသွားပြီး ပေါက်ကရတွေ ပြောနေတာလို့ ထင်ကြတယ်လေ။

"ကို ... ကို ... တာတေ ... ပြောဗျာ ... ပြောဗျာ"

"အဲဒီညဦးမှာ သချိုင်းကုန်းထဲကနေ လူတစ်ယောက် အော်ဟစ်ပြီး ထွက်ပြေးသွားတာကို မြင်လိုက်ရတယ်ဗျ"

"လူတစ်ယောက် ထွက်ပြေးသွားတာ"

"ဟုတ်တယ်"

"အဲဒါ ... ဘယ် ... ဘယ်သူလဲ ... ဘယ်သူလဲ ... ဟင် ဟင်"

"မသိဘူး ... မှောင်နေတယ်လေ"

"အုတ် ... အုတ်ဂူရော ... ပျက် ... ပျက်နေတယ် မဟုတ်လား ပျက်နေတယ် မဟုတ်လား"

"အုတ်ဂူက ဘာမှမဖြစ်ဘူး။ နဂိုအတိုင်း ရှိနေတယ်။ မိုးလင်းလို့ လိုက်ရှာကြည့်တော့ သံတူးရွင်းပြားတစ်လက်နဲ့ တူတစ်ခုကို မြေပုံတွေကြားမှာ ကောက်ရခဲ့တယ်။ ကြည့်ရတာ သူခိုး သရဲအခြောက်ခံရပြီး လန့်အော်ပြေးသနဲ့ တူရဲ့ဗျ"

"ဟူး ..."

စိတ်ဓာတ်ကျသွားတယ်ဗျာ။

"အဲဒီ သံတူးပြားနဲ့ တူရော ရှိသေးလားဟင်"

"မရှိတော့ဘူး။ ကျုပ်မိန်းမ ဈေးဖိုးမရှိလို့ ရောင်းစားလိုက်ပြီ"





"တောက် ... ဖြစ်ရလေကွာ ... ဟူး"

နောက်ဆုံး အစ်မနဲ့ သူငယ်ချင်းတွေက ကျွန်တော့်ကို ချော့မော့ပြီး ပြန်ခေါ်ခဲ့ကြတယ်။

အဆုံးမတော့ ကျွန်တော် စိတ်ဖောက်နေပြီပေါ့ဗျာ။

ကျွန်တော် အုတ်ဂူကို ဖွင့်ကြည့်ခွင့်မရခဲ့ဘူး။ အမေတို့နဲ့ ယောက္ခမကြီးကလည်း ဖွင့်ကြည့်ခွင့် မပေးဘူးဗျာ။

✿ ✿ ✿

[၃၂]

❑

ကျွန်တော် အချိန်ရသမျှ စဉ်းစားကြည့်တယ်။ မင်္ဂလာညစ်ခံပွဲနေ့မှာ လရောင်စို ရုတ်တရက် လဲကျပြီး သေသွားတာ။

ဘာလို့ လဲကျသွားတာလဲ။

အဖြေက သူဌေးလေး ကိုလူမျိုးထိန်ကြောင့်ပါလို့ ပြောရမလိုပဲ ... သူဌေးလေး ကိုလူမျိုးထိန် ရတနာဘူးလေး လက်ဖွဲ့လာပေးတယ်။ လရောင်စို အံ့သြနေတယ်။

ကိုလူမျိုးထိန်က လရောင်စိုကိုရှေ့မှာ ရပ်စကားမပြောဘူးဆိုရင် လရောင်စို ဒီလို ဖြစ်ခဲ့မှာမဟုတ်ဘူး။

လူမျိုးထိန်နဲ့ လရောင်စိုမှာ ဘယ်လိုအကြောင်းတွေ ရှိခဲ့လို့လဲ။ စုံစမ်းကြည့်ရမယ်။ အဖြေတစ်ခုတော့ ရမှာပဲလို့ ယူဆတယ်ဗျာ။

ဦးစွာ လရောင်စိုရဲ့ သူငယ်ချင်းမိန်းကလေးတွေထံမှာ ချဉ်းကပ်စုံစမ်းကြည့်တယ်။

လူမျိုးထိန်က လူချမ်းသာ လုပ်ငန်းရှင်။

အိမ်ထောင်မရှိဘူးလို့ အများက သိကြပေမင့် ...

သူ့မှာ အိမ်ထောင်ရှိခဲ့ဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တောင်နှစ်ဆက် ရှိခဲ့ဖူးသတဲ့။

လှမျိုးထိန်က အသောက်အစားနဲ့ ကာမဂုဏ်မှာ စိတ်ပြင်းပြတယ်လို့ ကျွန်တော့်သူငယ်ချင်းတွေထံမှ ကြားရတယ်ဗျာ။ လှမျိုးထိန်က လရောင်စိုတို့ အဖေနဲ့ အရမ်းရင်းနှီးတယ်။ တစ်ချိန်တုန်းက စီးပွားရေးအတူလုပ်ဖက် ဖြစ်ခဲ့ပြီး နောက်ပိုင်းမှာ စီးပွားခွဲပြီး လုပ်ကြသည်တဲ့။

လရောင်စိုတို့အိမ်ကို အဝင်အထွက်ရှိတယ်။

လရောင်စိုနဲ့လည်း ရင်းနှီးတယ်။

လရောင်စိုကိုလည်း အမြဲဦးစားပေး ဆက်ဆံတယ်။ လရောင်စိုကို သဘောကျနေတယ်လို့ သိရတယ်။ လရောင်စိုရဲ့ အဖေကတော့ လှမျိုးထိန် အဝင်အထွက်လုပ်နေတာ သဘောမကျဘူးတဲ့။

ဒါပေမင့် လာရင်တော့ လက်ခံနေရတာပဲတဲ့။

လျှို့ဝှက်ချက်ရှိနေသလား။

ဘာပဲဖြစ်ဖြစ် ကိုလှမျိုးထိန်ကိုတော့ တွေ့ပြီး ဆွေးနွေးရမှာပဲ။ လရောင်စို အသက်ရှင်နေတယ်ဆိုတာ သူ သိသလား။ သူတို့ချင်း ရင်းနှီးကြတော့ အကာအကွယ်များ ပေးထားရော့လား တီးခေါက်ကြည့်ရမှာပဲဗျာ။

ကျွန်တော် ကိုလှမျိုးထိန်နေတဲ့မြို့ကို ရောက်လာခဲ့တယ်။ သူက သွင်းကုန်လိုင်စင်ရထားတော့ စီးပွားအရမ်းတက်ပြီး လူချမ်းသာဖြစ်နေတာလေ။

သူနေတဲ့ တိုက်အိမ်ကြီးရှေ့ကိုရောက်တော့ တိုက်ခြံဝန်းထဲမှာ လူဝင်လူထွက်များနေတာ မြင်ရတယ်။

အလှူအတန်းလုပ်ဖို့ လာကြသနဲ့ တူရဲ့။

ကားအကောင်းစားတွေ တိုက်ရှေ့မှာ အစီအရီ။

ပြန်ထွက်လာတဲ့ လူတွေကလည်း ပိုက်ဆံရှိလူချမ်းသာတွေ ဖြစ်ပုံရတယ်။ သို့သော် သူတို့မျက်နှာအမူအရာက ကြေကွဲဝမ်းနည်းနေတဲ့ပုံမျိုးလည်း ရှိရဲ့ဗျာ။

ဘာဖြစ်လို့ပါလိမ့်။

ကိုလှမျိုးထိန်နဲ့ကျွန်တော် နှစ်ကြိမ်မျှပဲ စကားပြောဖူးတာပါ။ စေ့စပ်ပွဲတုန်းက တစ်ကြိမ်လာတယ်။ မင်္ဂလာဆည်ခံပွဲတုန်းက တစ်ကြိမ်လာလို့ နှုတ်ဆက်စကား ပြောဖူးတာလေ။

ကျွန်တော့်ကိုတော့ ဟက်ဟက်ပက်ပက် စကားမပြောပေမယ့် လရောင်စိုကိုတော့ လိုက်လိုက်လဲ့လဲ့ ပြောနေတာ။

အခု သူတို့တိုက်မှာ ဘာဖြစ်လို့လဲ။

ကျွန်တော် ထွက်လာတဲ့လူတွေရဲ့ ပြောသံကို နားစွင့်နေလိုက်တယ်။





"ရက်ရက်စက်စက်ကို လုပ်သွားတာပဲဗျာ"

"အငြိုးကြောင့် နေမှာပေါ့"

"သူကလည်း စီးပွားရေးလုပ်ရင် ဘယ်သူ့မှ မညှာဘူးလေ။ အချို့က သူ့မှုကို မကြိုက်ကြဘူး"

"တရားခံတော့ ဘယ်သူဖြစ်မလဲ မသိဘူးနော်"

"သူ့စည်းစိမ်တွေ သူ့နောက် ပါမသွားတော့ဘူး"

သူတို့ချင်း ပြောနေကြတာ။ သို့သော် ဘယ်သူက ဘာဖြစ်မှန်း မသိရ။

ဒါနဲ့ ကိုယ်လည်း တိုက်ခြံဝန်းထဲဝင်တဲ့ လူတွေနဲ့ အသာရောလိုက်ခဲ့လိုက်တယ်။

အပေါ်ထပ်ကို တက်ရတာဗျ။

အောက်ထပ်မှာလည်း လူတွေ ဝိုင်းဖွဲ့နေကြလို့။

ကျွန်တော် အပေါ်ထပ်ကို ရောက်သွားတယ်။

"ဟာ ..."

"အမလေး ..."

"အလိုလေး ... ကျွတ် ကျွတ် ကျွတ်"

"ရက်စက်လိုက်တာဗျာ"

ဖြစ်ရတဲ့ မြင်ကွင်းက ကျောချမ်းကြက်သီးထရတဲ့ မြင်ကွင်းဗျာ။ အခန်းတစ်ခုရဲ့ရှေ့မှာ လူတစ်ယောက်ပက်လက်။ နီရဲတဲ့သွေးတွေ၊ ပါကေးကြမ်းခင်းပေါ်မှာ ရွှဲစိုပြန့်လို့။

အလို ... သေနေတာပါလား။

သေသူရဲ့ မျက်နှာပေါ်မှာ ဓားခုတ်ရာလိုလို ဒဏ်ရာတွေ ပွနေတယ်။ နဖူး၊ နှာခေါင်း၊ မျက်ခုံး၊ ပါးစပ်၊ ပါးနှစ်ဖက်၊ နားရွက်တွေမှာ ခုတ်ရာ ဟက်တက်ပြဲတွေနဲ့ သွေးတွေပေကျံလို့။

ဝမ်းဗိုက်နေရာမှာလည်း အကျႌစုတ်ပြဲပြီး အူတွေ ဒဏ်ရာက ပြူထွက်ပြူနေတာ မြင်ရတယ်။

သေသူရဲ့နံဘေးမှာ ...

ကိုယ်လုံးတီးမိန်းမတွေရဲ့ ဓာတ်ပုံတွေ ပြန့်ကျဲလို့ပါလား။ အချို့ဓာတ်ပုံတွေက မိန်းမနဲ့ယောကျ်ား ကာမစပ်ယှက်နေတဲ့ ဓာတ်ပုံတွေ။

ဓာတ်ပုံအချို့က သေသူရဲ့ပေါင်ပေါ်မှာ သွေးတွေ ပေကျံပြီး ကပ်နေတယ်။ ပိုထူးဆန်းတာက ...

သေသူရဲ့အနီးမှာ ရွှေထည်ပစ္စည်းတွေနဲ့ ငွေစက္ကူထုပ်တွေ ပြန့်ကျဲနေတာ



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းက သေသူရဲ့မြင်ကွင်းကို ကြည့်ပြီး အလွန် အံ့ဩနေကြတယ်။ ကြောခင်မှာပဲ ရဲတပ်ဖွဲ့ဝင်တွေ ရောက်လာကြတယ်။ စစ်ဆေးမေးမြန်းကြတယ်။

သေသူရဲ့အမည်က ...

ကိုလှမျိုးထိန်တဲ့။

သူဌေးကိုလှမျိုးထိန်။

ခုတော့ သူ ... ရွှေပုံငွေပုံနံဘေးမှာ ပြင်းထန်ဆိုးဝါးလှတဲ့ ခုတ်ထစ်ဒဏ်ရာတွေနဲ့ အသက်ပျောက်နေပြီ။ ကျွန်တော် သူနဲ့ စကားပြောချင်ခဲ့တာဗျာ။

ခုတော့ သူ စကားမပြောနိုင်တော့။

ရဲတပ်ဖွဲ့ဝင်တွေက အလောင်းကို ရှုထောင့်အမျိုးမျိုးက ဓာတ်ပုံရိုက်တယ်။ ပစ္စည်းတွေကို ရှာဖွေပုံစံနဲ့ သိမ်းမှတ်ကြတယ်။

ရောက်ရှိလာတဲ့ ဧည့်သည်တွေကို မေးမြန်းနေတယ်။

ရဲအဖွဲ့ဝင်တွေက အိမ်ဖော်မိန်းမကြီးကို စစ်မေး မေးမြန်းနေကြတယ်။ အိမ်ဖော်မိန်းမကြီးက ညတုန်းက သူ ဒီသူဌေးအိမ်မှာ မရှိဘူးတဲ့။ သူ့ယောက်ျားနေမကောင်းလို့ အိမ်ပြန်အိပ်တယ်တဲ့။

"ဘယ်အချိန် ပြန်ပါသလဲ ... အဒေါ်ကြီး"

"ညနေ (၅)နာရီ သူဌေးကို ထမင်းကျွေးပြီး ပြန်ပါတယ်ရှင့်"

"အဒေါ်ကြီးရှိနေတုန်း အိမ်ကို ဘယ်သူလာပါလဲ"

"ဘယ်သူမှ မလာပါဘူး"

"ကိုလှမျိုးထိန်နဲ့ အတူနေများရော ရှိလား"

"ရှိပါတယ်"

"ပြောပါ ... ဘယ်သူတွေလဲခင်ဗျ"

"သူ့တပည့် မင်းကြီးနဲ့ မင်းလေးပါ"

"မင်းကြီးမင်းလေး နတ်တွေလား"

"နတ်မဟုတ်ပါဘူး၊ လူနာမည်ပါ။ သူဌေးက နတ်မကိုးကွယ်ပါဘူးရှင်"

"သူ့တပည့် မင်းကြီးနဲ့မင်းလေး ဒီမှာရှိသလား"

"မရှိပါဘူး ... အလုပ်ကိစ္စနဲ့ ခရီးသွားတာ နှစ်ရက်ရှိပါပြီ။ ပြန်မရောက်သေးပါဘူး ဆရာ"

"သူတို့နှစ်ဦးက ဘယ်အရွယ်တွေတုန်း ... အဒေါ်ကြီး"

"အသက် (၃၀)ခန့် ရှိပါတယ်"

"အဒေါ်ပြန်တော့ သူ ဘာလုပ်နေတုန်းခင်ဗျ"





"စာရင်းစာအုပ်နဲ့ အလုပ်များနေပါတယ်။ ကျွန်မပြန်တော့ သူ ဗီဒီယိုချကြည့်မလို့ လုပ်နေပါတယ်ရှင်"

"ကိုလှမျိုးထိန်အိမ်ကို လာလေ့ရှိတဲ့သူများ အမည်သိပါလား ... အဒေါ်"

"လာနေကြတာပဲ။ ကျွန်မက ထမင်းချက်၊ အိမ်စောင့်လုပ်တော့ အလုပ်များပါတယ်။ လူအချို့ကို သိတယ်။ နာမည်တော့ မမှတ်မိဘူး"

"သူ သေဆုံးနေတာ ဘယ်လိုလုပ်သိတာလဲ ခင်ဗျ"

"မနက်က အလုပ်လုပ်ဖို့ ရောက်ပါတယ်။ တံခါးဖွင့်ပေးဖို့ ဘဲလ်နှိပ်တာ ထလာပါဘူး။ အချိန်အတော်ကြာကြာ ခေါ်ကြည့်ပါတယ်။ ဒါပေမဲ့ အိမ်ရှေ့တာဦးခင်မောင်ထင်တို့ကို ပြောပြီး ထပ်ခေါ်ကြည့်ပါတယ်။ ခေါ်မရတာနဲ့ အိမ်နီးနားချင်းတွေ ထပ်ခေါ်ပြီး တံခါးကို ကျော်ဝင်ခဲ့ပါတယ်။ အိမ်ရှေ့တံခါးကို ခေါက်တယ်။ တံခါးပွင့်သွားတယ်။ အပေါ်ထပ်ကို အားလုံးတက်ကြည့်တော့ သူ ... သူ ... သူ့ကို ခုလို မြင်ရတာပါပဲ"

"ကျေးဇူးပါပဲ ... အဒေါ်"

သူတို့ အလောင်းကို ဆေးရုံသယ်သွားကြတယ်။ ကျန်တဲ့ ရဲအဖွဲ့ဝင်တွေက အိမ်ပေါ်အိမ်အောက် အိမ်နံဘေးပါမကျန် ရှာဖွေစစ်ဆေးနေတာ မြင်ခဲ့ရတယ်။

သူဌေးကိုလှမျိုးထိန်ကို ဘယ်လိုအကြောင်းကြောင့် ရက်ရက်စက်စက် သတ်ရတာလဲ။

စီးပွားရေးအားပြိုင်ပွဲက ရလဒ်လား။

အချစ်ရေးကိစ္စကြောင့် ရန်ငြိုးဖွဲ့ပြီး ကိစ္စပြတ်ရှင်းခဲ့တာလား။ စဉ်းစားရောက ...

ရွှေငွေရတနာတွေ တစ်ပြားတစ်ချပ် ယူမသွားဘူး။ နောင် သိရတာက သူ အပြာခွေတွေ ကြည့်နေတုန်း လူသတ်သမားက လုပ်ကြံခဲ့တာတဲ့။

သူ့ကိုယ်ပေါ်မှာ အပြာကိုယ်လုံးတီးဓာတ်ပုံတွေပါ ပြန့်ကြဲနေတာကို ကြည့်ရင် သူ မကောင်းတဲ့မိန်းမနဲ့ ပျော်ပါးနေတုန်းမှာ ...

ဟူး ... ကျွန်တော်မေးချင်တဲ့စကားကို မမေးလိုက်ရဘူးဗျာ။ အေးလေ ... မမေးရတာလဲ တစ်မျိုးတော့ကောင်းသလိုပဲ။ နို့မို့ ... ကိုယ်နဲ့ စကားပြောဖူးတယ်ဆိုပြီး ခေါ်မေးလားမြန်းလား လုပ်ရင် ပြဿနာ ရှင်းရခက်နေမယ်ဗျာ။

ဟော ... ကံကြမ္မာကြမ်းပုံရယ်ဗျာ။

တစ်မြို့လုံး တုန်ခါသွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



ပထမ သူဌေးကိုလှမျိုးထိန် အသတ်ခံရတယ်။ ရဲစစ်ချက်အရ ရဲတင်းလို သွားထူတဲ့လက်နက်နဲ့ သတ်သွားခဲ့တာတဲ့။ သူ့တပည့်နှစ်ဦး လှမျိုးထိန်သေပြီး နှတ်ပိုင်းမှာ ရောက်လာကြတယ်။ သူတို့ဆရာရဲ့ အဖြစ်ဆိုးကိုမြင်ပြီး သူတို့ သွားကြောတွေ ထောင်သွားခဲ့ကြတယ်တဲ့။ အတော့်ကို ပေါက်ကွဲကြဆိုပဲ။

ရဲအဖွဲ့ကလည်း သူတို့ရောက်တာနဲ့ လာခေါ်သွားတယ်။

မင်းကြီးနဲ့မင်းလေးကို စစ်မေးတယ်။

သူတို့နှစ်ဦးက သူတို့သူဌေး ခိုင်းခဲ့တဲ့ မန္တလေး အရောင်းအဝယ်ကိစ္စ ကို သက်သေခိုင်လုံစွာနဲ့ ပြတယ်။ သည့်နောက် သူတို့နှစ်ဦးကို ပြန်လွှတ်လိုက် တယ်။

အများအမြင်မှာတော့ သူဌေးလှမျိုးထိန်ကို သူ့တပည့် မင်းကြီးမင်းလေး တို့ သတ်တာလို့ ယုံကြည်ကြတယ်။

ဒီနှစ်ကောင်က လက်စလက်နရှိတဲ့သူတွေတဲ့။

မင်းကြီးနဲ့ မင်းလေးကလည်း သူ့ဆရာနဲ့ စီးပွားပြိုင်ဘက် သူဌေး ဦးအောင်ကြီးမြင့်ကို မသင်္ကာကြဘူးဆိုပဲ။

မန္တလေး သူတို့မသွားခင် ပြိုင်ဘက်သူဌေး ဦးအောင်ကြီးမြင့်နဲ့ လှမျိုး ထိန့်တို့ စကားအခြေအတင် များကြတယ်။

ဦးအောင်ကြီးမြင့်က ကားသွင်းလိုင်စင် ရထားတာ။

ကားသစ်တွေ ထည်လဲစီးပြီး လက်မထောင်နေတာ။

ကိုလှမျိုးထိန်ကလည်း ဈေးအကြီးဆုံး နောက်ဆုံးပေါ်ကားကို ဝယ်စီး ပြတယ်။ သူတို့ တစ်နေရာမှာ ကားချင်းပွတ်မိကြတယ်။

နဂိုက စီးပွားပြိုင်ဘက်၊ ချမ်းသာပြိုင်ဘက်တွေဆိုတော့ ကားချင်းလည်း ပြိုင်တယ်။ အစားချင်းလည်း ပြိုင်တယ်။ အကြွားချင်းလည်း ပြိုင်တယ်။ တိတ် တိတ်ပုန်းမယားချင်းလည်း ပြိုင်တယ်။

ငါ့မယားက မော်ဒယ်။

သူ့မယားက မယ်ဗမာ။

ထိုင်းမှာရှိတဲ့ မယားက ဘယ်သူ့သမီး၊ စင်ကာပူက မယားငယ်က ဘယ် လောက်ချမ်းသာတာ။

ကြွားကြတယ်။ ပြိုင်ကြတယ်။ စိန်ခေါ်ကြတယ်။

အခု တန်ဖိုးကြီးကားချင်း ငြိကြ၊ ပွတ်မိကြ။

ကားချင်းပြိုင်ပြီး ထုကြ၊ ခွဲကြ။

ဦးအောင်ကြီးမြင့်က ကားပေါ်မှာ အချောအလှ မယားငယ်ပါတော့ ရှက်ပြီး ပေါက်ကွဲ။ လှမျိုးထိန်က ကားပေါ်က ဦးအောင်ကြီးမြင့်ရဲ့ အငယ်လေး





တာ သူ့ရည်စားဟောင်းလို့ ရို၊ အဲဒါက တစ်ကြိမ်။

တန်ဖိုးကြီးလေလံပွဲမှာ ဦးအောင်ကြီးမြင့်နဲ့ လှမျိုးထိန့်တို့ နောက်ဆုံး အပြိုင်ဆွဲကြတယ်။ လက်ရှိတန်ဖိုး သိန်းငါးထောင်မျှပဲတန်တဲ့ လေလံကို လှမျိုး ထိန်က ရွှံ့ပြီး သိန်းခုနစ်ထောင့်ငါးရာနဲ့ ပစ်ပေးလိုက်တာ ဦးအောင်ကြီးမြင့် မလိုက် နိုင်တော့ဘူး။

လှမျိုးထိန် အရှုံးခံပြီး သူ့ကို အနိုင်ယူသွားတာ သိတယ်။ သို့သော် စီးပွားရေးလောကမှာ လှမျိုးထိန်ကို အရှုံးပေးလိုက်ရတယ်လို့ နာမည်ကြီးသွား တယ်။

အဲဒီနေ့က ဦးအောင်ကြီးမြင့်က ကြိမ်းဝါးခဲ့သတဲ့။

စီးပွားရေးလောကမှာ လှမျိုးထိန့်ရဲ့ နာမည်ကို မီးသဂြိုဟ်ပစ်ရတော့မှာ ပေါ့တဲ့။

ဒီစကားကြောင့် သူတို့ဆရာကို ဦးအောင်ကြီးမြင့်တို့ လုပ်ကြသတ်ဖြတ် တာလို့ မင်းကြီးတို့ညီအစ်ကို မှတ်ယူခဲ့တယ်။

သူတို့ဆရာအစား ကလဲ့စားချေပေးရမှာပေါ့လို့ အသုဘအိမ်မှာ ပြော သတဲ့။

ဖြစ်ချင်တော့ ကြည့်စမ်းပါဗျာ ...

သူဌေးကိုလှမျိုးထိန် အသုဘရက်လည်ပြီး နောက်နေ့ည မင်းကြီးဆို တဲ့ အကြီးကောင် ရဲတင်းခုတ်ချက် ဒဏ်ရာတွေနဲ့ သူ့မယားငယ်အိမ်မှာ သေနေ တယ်။

သူ့အစ်ကို မျက်နှာတစ်ခုလုံး ရစရာမရှိအောင် ခုတ်ထစ်ခံပြီး သေတာ ကို ကြည့်ပြီး မင်းလေး ပေါက်ကွဲသွားတယ်။

မင်းကြီးသေတဲ့ဒဏ်ရာက သူတို့ဆရာ လှမျိုးထိန်သေတဲ့ ဒဏ်ရာမျိုး။

မျက်နှာ၊ မျက်ခုံး၊ နဖူး၊ နားရွက်၊ ရင်ဘတ်၊ လက်မောင်းတွေမှာ ခုတ်ချက်တွေ အများကြီး။ ဒါ အငြိုးနဲ့လုပ်တဲ့ လက်ချက်ပဲ။

ရဲအဖွဲ့ကလည်း ကောက်ချက်ချတယ်။

လူသတ်သမားက တစ်ယောက်တည်း ဖြစ်ပုံရတယ်တဲ့ ...။ မင်းကြီး ရက်လည်ပြီးနောက်နေ့မှာ မင်းလေးလည်း ဒီမြို့ကနေ ပျောက်သွားခဲ့တယ်။

မူလက ဒီလူသတ်မှုတွေနဲ့ ကျွန်တော်နဲ့ ဘာမှ မပတ်သက်ဘူးလို့ ထင် ခဲ့ပေမင့် ...

အခု ကျွန်တော်နဲ့ပါ ပတ်သက်တဲ့အဖြစ် မမျှော်လင့်ဘဲ ရောက်ခဲ့ရော သားဗျာ။

✿ ✿ ✿

www.burmeseclassic.com

[၃၃]

❑

ကျွန်တော့်ဓာတိ ရွှေမင်းဝဏ်မြို့မှာလည်း လရောင်စို မရှိခဲ့။ ဒါဆို လရောင်စို ဘယ်အရပ်ကို ရောက်တိမ်းနေလဲ။

ဘယ်သူ့ကို မေးမေး လရောင်စို သေပြီလေပဲ ပြောကြတယ်။ ကျွန်တော်က မသေသေးဘူးလို့ ပြောရင် ကျွန်တော့်ကို သနားစရာအဖြစ် ငေးကြည့်ကြတယ်။

လရောင်စို မသေသေးဘူးဆိုတာ ကျွန်တော် အသိဆုံးပါ။ လရောင် ကျွန်တော့်ထံမှာ သူမ ကျကျန်ခဲ့တဲ့ အင်္ကျီနဲ့ ဓာတ်ပုံရှိတယ်။ လရောင်စိုရဲ့ လက်ရေးနဲ့စာကို ရွှေမြရံခြယ် ဓာတ်က ဓာတ်ထမင်းချက် အမေကြည့်ထံကနေ ရခဲ့ပြီးပြီဗျာ။

လရောင်စို မသေဘူးဆိုတာ ရွှေမင်းဝဏ်က ဆွေမျိုးတွေ၊ သူငယ်ချင်းတွေကို ဘယ်လိုပြောရမှာလဲ။

ရထားတဲ့ ဓာတ်ပုံ၊ အင်္ကျီရယ်နဲ့ လက်ရေးစာကိုပြလည်း မယုံကြ။

လရောင်စိုရဲ့အလောင်း အုတ်ဂူထဲမှာ မရှိတော့ဘူးဆိုတာလည်း သူတို့မယုံ။ အမေတို့က ကျွန်တော့်ကို နောက်ထပ် အိမ်ထောင်ချပေးဖို့ ပြောတယ်။

ကျွန်တော် စိတ်မလေအောင်တဲ့။

ဖြစ်ချင်ရာဖြစ်ပဲဗျာ။





ကျွန်တော် သူတို့ကို သက်သေပြဖို့ တစ်ညမှာ ငါးပေါင်တူတစ်ချောင်းရှာပြီး မြို့ပြင်သင်္ချိုင်းကို တိတ်တဆိတ်လာခဲ့လိုက်တယ်။ ဒီလို မလုပ်ပြရင် သူတို့ ယုံကြမှာ မဟုတ်ဘူး။

ကျွန်တော့်ကို စိတ်ဖောက်နေတဲ့ မယားတရူးလို့ ထင်နေကြတယ်လေဗျာ။ ဒီအုတ်ဂူကို ဖွင့်ပြီး အထဲက ခေါင်းကို ဆွဲထုတ်ဖွင့်ပြလိုက်ရင် ကျွန်တော့်ကို မယားတရူးလို့ ပြောကြမှာ မဟုတ်တော့ဘူး။

ခွေးတစ်ကောင်က သင်္ချိုင်းကုန်းထဲကနေ လှမ်းဟောင်နေတယ်။ ကျွန်တော် လက်နှိပ်မီးနဲ့ ထိုးခြောက်လိုက်ရင် ကောင်းမလား။

မဖြစ်ဘူး။ ခုလုပ်တဲ့ကိစ္စ ဘယ်သူမှ သိသွားလို့မဖြစ်ဘူး။

ကျွန်တော် ခဲတစ်လုံးကောက်ပြီး ခွေးရှိရာကို ပစ်လိုက်တယ်။ ခွေးလန့်ပြေးသွားတယ်။ ကျွန်တော် စဏ္ဍာလကိုတာတေတဲကို လှမ်းကြည့်တယ်။

လှုပ်ရှားသံ မကြားဘူး။

သူလည်း တစ်နေကုန် ကျင်းတူးရ၊ မြေမြှုပ်ရနဲ့ ပင်ပန်းလို့ အိပ်နေပြီလား။ ဒါမှမဟုတ် စဏ္ဍာလကတော် မမွေးကြိုင်ရဲ့ ပါးပြင်ပေါ်က သနပ်ခါးရနံ့လေးကို ဖွဖွလေးနမ်းရှိုက်ပြီး နှစ်ပါးခွင် ကနေကြရော့လား။

ကောင်းပါတယ်ဗျာ … နှစ်ပါးခွင် မဟုတ်ဘူး။ သုံးပါး၊ လေးပါးခွင်ပါ တကြပါ။

ခင်ဗျားတို့ရဲ့ သမုဒယပါးပြင်ပေါ်က နှစ်ပါးခွင်ကပွဲကို ကျုပ် (မိုး) မျှော်ပါဘူးဗျာ။

အုတ်ဂူမျက်နှာစာကို လက်နှိပ်မီးနဲ့ ထိုးကြည့်လိုက်တယ်။

မခင်လရောင်စို

အသက် (၂၅) နှစ်။

ဟုတ်တယ် … ကြွေပြားပေါ်က စာလုံးက လရောင်စိုအုတ်ဂူ သေချာကြောင်း ထောက်ခံနေတယ်။ လက်နှိပ်ဓာတ်မီးနဲ့ စတင်ထိုးခွဲရမည့်နေရာကို ကြည့်လိုက်တယ်။ ဟုတ်ပြီ … လရောင်စိုဆိုတဲ့ စာလုံးတွေ ကြေမွလို့ မဖြစ်ဘူးဗျာ။ စာတန်းအပေါ်နေရာကို ရွေးပြီး ငါးပေါင်တူနဲ့ လွှဲရိုက်ပစ်လိုက်တယ်။

"ဟင် …"

စုံကိုင်ပြီး လွှဲရိုက်လိုက်တော့ တူက အုတ်ဂူမျက်နှာပြင်ကို မထိပါလား။ နောက်ကနေ တူရိုးကို ဆွဲထားသလိုပဲ။ ဘာဖြစ်တာပါလိမ့်။ သင်္ချိုင်းထဲက ဘာရွှေများ နောက်ကနေ ဆွဲတာလား။

ငါးပေါင်တူရိုးကို ပြန်ဆောင့်ဆွဲလိုက်တယ်။

"မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တင် ..."

"ရပ်လိုက်ပါ ... ရွှေမင်းစုန်"

"ဟာ ..."

လက်နှိပ်မီးရောင်တွေ ကျွန်တော့်ကိုယ်ပေါ် ကျလာတယ်။ ကျွန်တော့်ကို ရပ်ဖို့ ပြောလိုက်တဲ့အသံက ဦးလေးမြိုင်ရဲ့အသံ။

"မဆွဲကြနဲ့ဗျာ ... ဖယ်ပါ ... ဖယ်ကြပါ"

"ဟေ့ကောင် ... ရပ်ဆိုရင် ရပ်"

"ကျွန် ... တော် ... လရောင်စို ... မရှိ ... မရှိ ..."

"ဟေ့ ... ဘာလုပ်နေတာလဲ။ ဝိုင်းချုပ်ပြီး ကားပေါ်တင်ကြ"

ဆွေမျိုးသားချင်း ယောကျ်ားသားတွေက လက်ထဲက ငါးပေါင်တူကို သူပြီး လူကို ဝိုင်းချုပ်ကြတယ်။

"လွှတ် ... လွှတ်နော် ... ကျုပ် ... ကျုပ် ဂူကို ဖွင့်မှာ"

"လာပါ ... ငါ့ညီရာ ... မဟုတ်တာကွယ် ... လာ"

"ဟေ့ ... လူ ... စဏ္ဍာလ ... ငါ့ ... မိန်းမ ... ဂူထဲမှာ မရှိတာကို ... ငါ ... ငါ ... သက်သေပြ ... အူး ... ဝူး ... အူး ..."

ငါးစပ်ကို လက်နဲ့ပိတ်ထားတယ်။

စဏ္ဍာလတာတေက မီးတုတ်ကြီးကိုင်မြှောက်လို့။ ယောကျ်ားသားတွေက တားပေါ်ကို ထိုးတင် ဝိုင်းချုပ်ဖိထားကြတယ်။ ကျွန်တော် တအားရုန်းကန်ခဲ့တယ်။ ရုန်းလို့ မရတော့ဘူး။

နောက်ဆုံး ကျွန်တော် စိတ်ရောဂါဆေးရုံကို ရောက်ခဲ့ရတယ်။ သူတို့က အဲဒီညက ကျွန်တော့်လုပ်ရှားမှုကို အကဲခတ်နေကြတာ ကျွန်တော် မသိခဲ့ဘူးလေ။

ဂူကို တူနဲ့ရိုက်ဖြိုဖို့ လုပ်တော့ ...

သူတို့က ဝိုင်းဆွဲ၊ ဖမ်းချုပ် ...

ဆေးရုံမှာ ရက်ကြာသွားတယ်။ ကျွန်တော်မှ မရူးတာဗျာ။ သူတို့မေးသမျှ ကျွန်တော် မှန်မှန်ကန်ကန် ပြောခဲ့ပါတယ်။ လရောင်စိုအကြောင်းမေးတော့ ကိစ္စပြတ်အောင် သူ သေသွားပါပြီလို့ ဖြေလိုက်တယ်။

"ခင်ဗျားဇနီး ကွယ်လွန်ခဲ့တာ ယုံကြည်ရဲ့လား"

"ယုံကြည်ပါတယ်"

"သေသွားတဲ့လူ ပြန်ရှင်ဦးမှာလား"

"မရှင်နိုင်ပါဘူး"

"ခင်ဗျားနာမည် မှတ်မိလား"





"ကိုရွှေမင်းစုန်ပါ"

"ခင်ဗျား ကျောင်းက ဘွဲ့ရခဲ့လား"

"ရတယ်"

"ဘာဘွဲ့တုံး"

"ရူပဗေဒ"

"လူမှာ ခြေထောက် ဘယ်နှချောင်းရှိလဲ"

"နှစ်ချောင်း"

"ကြက်မှာရော ခြေဘယ်နှချောင်းလဲ"

"နှစ်ချောင်း"

"ဒါဆို ကြက်နဲ့လူ အတူတူပဲပေါ့"

"မတူဘူး"

"ဘာလို့ မတူတာတုံး"

"လူကလူ၊ ကြက်က တိရစ္ဆာန်။ ခြေနှစ်ချောင်းပါတာချင်း တူတာနဲ့ လူ(ညီမျှခြင်း) ကြက်လို့ပြောရင် မှားတယ်။ ယုတ္တိဗေဒနဲ့ ပြောရင် မှန်တယ်။ ဇီဝဗေဒ၊ မနုဿဗေဒနှင့် ပြောရင် လူက ဉာဏ်ရည်မြင့်သတ္တဝါ၊ ကြက် တိရစ္ဆာန်က ဉာဏ်ရည်နိမ့်သတ္တဝါ။ လူက ဘုရားဆုပန်လို့ရတယ်။ ကြက်က ဘုရားဆုမတောင်းနဲ့ လူဖြစ်ရပါလို့'ဇ၏လို့တောင် ဆုမတောင်းနိုင်ဘူး"

ဆရာဝန်ကြီးက ကျွန်တော်နဲ့ ဆွေးနွေးနေတာ။

တစ်နည်း ကျွန်တော့်ကို စစ်ဆေးနေတာ။ ကျွန်တော်ပြောတဲ့ စကားတွေကို ဆရာဝန်ကြီးက သဘောကျနေတယ်။ သူ ကျွန်တော့်ကို မေးခွန်းအတော်များများ မေးတယ်။ ကျွန်တော်အားလုံးကို တည်ငြိမ်စွာ ဖြေနိုင်ခဲ့တယ်။

နောက်နေ့မှာ ကျွန်တော့်ကို မိဘများထံ ပြန်အပ်တယ်။

ကျွန်တော့်စိတ်နေ မှန်ကန်ပါတယ်တဲ့။ နောင်တော့ ကျွန်တော်နဲ့ စိတ်ရောဂါကုဆရာဝန်နဲ့ ရင်းနှီးသွားတော့ ဆရာဝန်က ကျွန်တော့်ကို စိတ်ရောဂါတွေအကြောင်း ရှင်းပြတယ်။ မှတ်သားစရာတွေပါပဲဗျာ။

ဖွံ့ဖြိုးမှုချို့ယွင်းတဲ့ရောဂါတွေက ...

(၁) ဉာဏ်ရည်နိမ့်ရောဂါ

(၂) ကိုယ်ရည်ကိုယ်သွေးရောဂါ

(၃) လိင်ရောဂါ ... တဲ့။

ပြီးတော့ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများကြောင့်လည်းကောင်း၊ ဇီဝအတွင်း ချို့ယွင်းပျက်မှုများကြောင့်လည်းကောင်း၊ ခန္ဓာကိုယ်ရောဂါများကြောင့်လည်းကောင်း ဖြစ်တဲ့ ရောဂါတွေက ...



www.burmeseclassic.com

www.burmeseclassic.com



(၁) စိတ်ရောဂါတွေထဲက နျူးရိုးဆစ်(Neuroses)ရောဂါများ

အဲဒီရောဂါတွေမှာ ...

(က) စိုးရိမ်လွန်ရောဂါ (Anxiety Neurosic)

(ခ) ဟစ်ထီးရီးယားရောဂါ

(ဂ) တုံ့ပြန်စိတ်ကျရောဂါ

(ဃ) စိတ်စွဲရောဂါ

(င) အကြောက်ရောဂါတို့ ဖြစ်တတ်တယ်တဲ့။

ပြီး စိတ်ဖောက်ပြန်တဲ့ ရောဂါများတဲ့။

သူ့ကို (Functional Psychoses) လို့ အင်္ဂလိပ်လို ဆိုတယ်။ ဒီရောဂါ အများစုမှာ ဖြစ်လေ့ရှိတာက ...

(၁) စကီဇိုဖရီးနီးယား (Schizo Phtenia)

(၂) စိတ်ကြွရောဂါ

(၃) စိတ်ကျရောဂါတို့ကတော့ စိတ်ဖောက်ပြန်တဲ့ရောဂါတဲ့။

နျူရိုးသစ်ရောဂါကတော့ စိုးရိမ်လွန်ရောဂါတစ်မျိုးတဲ့။ စိုးရိမ်လွန်ရောဂါကို (Anxiety Necurosis) လို့ ခေါ်ပါတယ်။

ပြီးတော့ ... တစ်(စ်) တီးရီးယားရောဂါ။

ဒီရောဂါကို အချို့က အလိုမပြည့်တဲ့ရောဂါတဲ့။

သူက မျှော်လင့်နေတာ၊ မျှော်လင့်မျှော်မှန်းတဲ့အတိုင်းကို ရလိုတဲ့စိတ်ဖြစ်ရောဂါ။

စကီဇိုဖရီးနီးယား (Chizo Phtents) ရောဂါကတော့ စိတ်ရောဂါထဲမှာ ပြင်းထန်တဲ့အမျိုး အစားဖြစ်သတဲ့။

အပြင်းစားရောဂါဖြစ်လို့ ဆေးရုံတင်ပြီး ကုသရတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ စိတ်ဆေးရုံများမှာ အများစု လူနာတွေဟာ စကီဇိုဖရီးနီးယားရောဂါ များသည်တဲ့။

သုတေသနပြုချက်အရဆိုရင် ...

စိတ်ကျရောဂါကြောင့် သတ်သေရန် ကြိုးပမ်းသူတွေက (၅၀) ရာခိုင်နှုန်းကနေ (၆၀) ရာခိုင်နှုန်း ရှိတယ်။ စကီဇိုဖရီးနီးယားရောဂါကြောင့် သတ်သေရန် ကြိုးပမ်းသူက (၅) ရာခိုင်နှုန်း ရှိတယ်။

ကိုယ်ရည်ကိုယ်သွေးရောဂါနဲ့ သတ်သေရန် ကြိုးပမ်းသူတွေကတော့ (၁၅) ရာခိုင်နှုန်းကနေ (၄၅) ရာခိုင်နှုန်း ရှိတယ်။





ကိုယ်ရည်ကိုယ်သွေးရောဂါ ရှိသူများ အများစုက အရက်စွဲသူ၊ မူးယစ်ဆေးစွဲသူများ ဖြစ်ကြပြီး အရက်နှင့် မူးယစ်ဆေးစွဲသူများကတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေတတ်ကြသည်တဲ့။

ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်ဆိုတာ အလွန်ရှေးကျတဲ့ အပြုအမူပါတဲ့။

ကိုယ့်ကိုယ်ကိုယ် အောင်မြင်စွာ သတ်သေခြင်း (Suicide) နဲ့ သတ်သေရန် ကြိုးပမ်းခြင်း (Para Suicide or Attemptedion Suicide) ရယ်လို့ နှစ်မျိုးရှိတယ်။

ဒီနှစ်မျိုးကို ခွဲခြားရတာ ခက်သည်တဲ့ခင်ဗျ။

ကိုယ့်ကိုယ်ကိုယ် သတ်သေရာမှာ အောင်မြင်သွားရင် (Suicide) လို့ ခေါ်ပြီး မအောင်မြင်ပါက Attempted-Suicide) လို့ ခေါ်ကြတယ်။

သတ်သေရန် မအောင်မြင်တဲ့ (A-S) တွေကိုတော့ အမြဲစောင့်ကြည့်သင့်ပါတယ်တဲ့ခင်ဗျ။

နောက်စိတ်ရောဂါက ဟစ်(စ်)တီးရီးယားရောဂါ။

သူ့အဓိပ္ပာယ်က အလိုမပြည့်ရောဂါတဲ့။ ဒီရောဂါမှာလည်း လက္ခဏာတွေ များတယ်။

သတိမေ့ခြင်း၊ သတိမရှိဘဲ လျှောက်သွားခြင်း၊ အိပ်မက်ယောင်၍ လျှောက်သွားခြင်း၊ ကိုယ်ရည်ကိုယ်သွေး (သို့မဟုတ်) ဘဝအမျိုးမျိုး ပြောင်းခြင်း ဆိုတဲ့ အဖြစ်တွေ ဖြစ်တတ်တယ်တဲ့ခင်ဗျ။

ကိုယ်ရည်ကိုယ်သွေး (သို့မဟုတ်) ဘဝအမျိုးမျိုးပြောင်းခြင်း (Multiple-Personality) ကတော့ ...

မိမိရဲ့ လက်ရှိဘဝသည် စိတ်မချမ်းသာဖွယ်ရာများနှင့် ပြည့်နှက်နေတဲ့အတွက်၊ လက်ရှိဘဝကို စိတ်နာနေသူများသည် မိမိလိုလားသော ဘဝတစ်ခုကို ပြောင်းလဲသွားပါသည်တဲ့။ လူနာက ရှင်လျက်နှင့် ဘဝပြောင်းနေတာမျိုး ဖြစ်သည်တဲ့။

ဥပမာ ... ဟစ်စ်တီးရီးယားရောဂါ ရနေသူသည် မိမိနာမည်အရင်းကို မပြောတော့ဘဲ သူသည် နွယ်နီမဟုတ်ပါ။ ခင်ခင်မဟုတ်ပါ။ နွယ်နီက သေပြီ။ ခင်ခင်ဆိုပါကလည်း ခင်ခင်က သေပြီ။ သူသည် မြင့်မြင့်သည့် ဥစ္စာစောင့် ဝင်စားသည်ဟု ပြောပြီး ဘဝပြောင်းကာ အပြောအဆို အမူအရာပါ ပြောင်းသွားတတ်သည်ကို (Multiple-Presonality) ကိုယ်ရည်ကိုယ်သွေးဘဝပြောင်းသည်ဟု ခေါ်လေသည်တဲ့ ...

www.burmeseclassic.com



ဆရာဝန် ရှင်းပြမှ စိတ်ရောဂါအမျိုးအစားတွေ များလှပါလားလို့ သိရတယ်။ ကျွန်တော် စိတ်ရောဂါမဖြစ်တာ ကံကောင်းတာပဲလေ။

သို့သော် ကျွန်တော့်မှာ အစွဲရှိနေတယ်။

ယုံကြည်မှုအစွဲ။

ယုံကြည်မှုလွဲမှားနေတာ မဟုတ်ဘူးဗျာ။

တစ်ဆင့်ခံယုံကြည်မှုလွဲမှားခြင်း (Secondary-Delusions)မဟုတ်ဘူး။

ဒီနေရာမှာ စွယ်စုံရွာကလေးကို သွားသတိရမိတယ်ဗျာ။ အဘွားကြီးတွေတို့ တစ်ရွာလုံး ကျိန်စာသင့်နေကြတယ်လို့ ယုံကြည်နေကြတာလေဗျာ။ ဘိုးဘွားဘီဘင်တွေ လက်ထက်ကတည်းက ဆင့်ကဲယုံကြည်၊ တစ်ဆင့်ခံယုံကြည်နေကြတာ မဟုတ်လား။ ဒါဆိုရင် စကီဇိုးဖရီးယား စိတ်ရောဂါရဲ့လက္ခဏာလား။ အို ... မဟုတ်ပါသေးပါဘူး။

စိတ်ရောဂါဆေးရုံ တစ်ရက်ရောက်ပြီး စိတ်ရောဂါဆရာဝန်ရှင်းပြတဲ့ စိတ်ရောဂါအကြောင်းတွေနဲ့ ချိန်ထိုးနေမိတာလား။

ဘာပဲပြောပြောဗျာ ကျွန်တော့်မှာ ယုံကြည်စွဲရှိတယ်။

လရောင်စို မသေဘူးဗျာ။ သူ အသက်ရှင်နေတယ်လေ။ သေပြီလို့ ပြောကြပေမင့် ကျွန်တော် မယုံဘူး။ လရောင်စိုရဲ့ စကားပြောသံကြားနေရတယ်။ သူမရဲ့ခြေသံ ကြားနေရတယ်။ ဘုရား ... ဘုရား ... ဟိုဆရာဝန်များ သိသွားရင် ကျွန်တော့်ကို စကီဇိုဖရီးနီးယားရောဂါ ဖြစ်နေပြီလို့ ပြောမှာပဲဗျာ။ ကျွန်တော့်ကို လှုံ့ဆော်မှုံ့အာရုံအမှား (Hallucination) ဖြစ်နေတယ်လို့ ယူဆမှာပဲ။

ကျွန်တော့်မှာ ဒီလိုရောဂါမျိုး မျိုးရိုးမရှိပါဘူးဗျာ။

မွေးရာပါ (Schizoid) ကိုယ်ရည်ကိုယ်သွေးလည်း မရှိပါဘူး။

သို့သော် စိတ်ရောဂါကုဆရာဝန် ပြောသလိုဆိုရင်ဖြင့် (Schizoid Personality) ကိုယ်ရည်သွေးများ ဖြစ်နေရော့လား။

ကျွန်တော် ကိုယ့်အကြောင်းလည်း တွေးနေတယ်။

လရောင်စိုအကြောင်းလည်း တွေးနေတယ်။

ကျွန်တော့် ဖြစ်ရပ်ဆန်းကြယ်အကြောင်း ပြောပြတာ မယုံတဲ့ အမေ၊ အစ်မနဲ့ မိတ်ဆွေတွေအကြောင်းလည်း တွေးတယ်။ ကိုယ်ယုံကြည်တဲ့ချစ်သူ ရှင်သန်နေမှုနောက်ကို လိုက်ရှာဖွေ အကောင်အထည်ဖော်နေတယ်။

သို့သော် (Schizoid-Personality) လို လေထဲမှာ တိုက်အိမ်ဆောက်နေတဲ့ စိတ်ကူးယဉ်အတွေး ကျွန်တော့်မှာ မရှိပါဘူးဗျာ။

ကျွန်တော့်မှာ အကြွင်းမဲ့ ယုံကြည်မှုရှိတယ်။

ချစ်သူလရောင်စို အသက်ရှင်နေတယ်။





သူ့ ဘာကြောင့် ကျွန်တော့်ကို မြင်တွေ့တိုင်း ရှောင်ပြေးရတာလဲ။ သူ့မျက်နှာပေါ်က ဒဏ်ရာတွေ ဘယ်လိုရရှိခဲ့တာလဲ မေးချင်တယ်။

ရှိုက်သံကို မျှဝေခံစားချင်တယ်။

မျက်ရည်တစ်ဝက်စီ အတူကျချင်တယ်။

အိုဗျာ ... မျက်ရည်တွေ၊ ရှိုက်သံတွေ၊ အလွမ်းတွေ သူမရင်ထဲကနေ ကျွန်တော့်ရင်ထဲကို ပြောင်းရွှေ့ယူပစ်မယ်ဗျာ။

✿ ✿ ✿

[၃၄]

❑

ကျွန်တော် အမေတို့၊ အစ်မတို့ မသိအောင် အိမ်ထဲနေ ထွက်ခဲ့လိုက်တယ်။ ကျွန်တော့်မှာ လွယ်အိတ်တစ်လုံးပါတယ်။

လွယ်အိတ်ထဲမှာ ချစ်သူလရောင်စို ဓာတ်ပုံရှိတယ်။

သူ့အကျီလေး ရှိတယ်။

ပြီးတော့ သူနဲ့အတူ မင်္ဂလာပွဲနေ့က အတူတွဲရိုက်ထားတဲ့ ဓာတ်ပုံပါလာတယ်။ ကျွန်တော် ဘယ်ကိုသွားရင် ကောင်းမှာလဲ။ လရောင်စိုရဲ့ ခြေရာတော့ ပျောက်သွားပြီလေ။

ဟုတ်ပြီ ...

ကိုသျှောင်ကြီးတို့ရွာကိုလည်း သွားစုံစမ်းကြည့်ရမယ်။

ပြီးတော့ ... ရှင်မီးတောက်တို့ စွယ်စုံရွာလည်း သွားရမယ်။ ပြီးတော့ ဖုဆိုးကိုမောင်ကြိုင်တို့၊ ဘကြီးတောင်ပို့၊ လှေသမားကိုသံခဲတို့လည်း သွားတွေ့ရမယ်ဗျာ။

သူတို့ကျေးဇူးတွေ အများကြီးရှိတယ်လေ။

ကျွန်တော် မန္တလေးကို အရင်သွားခဲ့တယ်။ မန္တလေးမှာ လရောင်စိုရဲ့ ဒဂုံတက္ကသိုလ်ကျောင်းနေဘက်သူငယ်ချင်း မခင်စန္ဒာညွှန့်တို့ ရှိတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မခင်စန္ဒာညွှန့်တို့အိမ်ကို ရောက်သွားခဲ့တယ်။

ကျွန်တော့်ကိုမြင်တော့ မခင်စန္ဒာညွှန့် ငိုပါရောဗျာ။

သူတို့ကလည်း လရောင်စိုကို ကျွန်တော် လိုက်ရှာနေတာပါလို့ ပြောတော့ ငိုရင်းက အံ့ဩ။

"လရောင် ဆုံးသွားပြီလေ"

"သူ မသေဘူး။ အသက်ရှင်နေတုန်းပဲ မစန္ဒာ"

သူတို့က ကျွန်တော့်ကို မျက်လုံးပြူးကြည့်ကြတယ်။ စိတ်မနှံ့တော့ဘူးလို့ ထင်နေကြပုံပဲဗျာ။ တစ်ခွန်းတော့ ပြောခဲ့လိုက်တယ်။ လရောင်စို မသေပါဘူး။ အသက်ရှင်နေတုန်းပါ။ တွေ့ရင် ကျွန်တော့်ကို အကြောင်းကြားပါလို့။

ဒီလိုနဲ့ မန္တလေး၊ အမရပူရ၊ အင်းဝ၊ စစ်ကိုင်း၊ မေမြို့အထိ ကျွန်တော် ရောက်ခဲ့တယ်။ ရှာခဲ့တယ်။

ဘုရားပွဲတွေ၊ အလှူပွဲတွေ လိုက်ရှာကြည့်တယ်။

လရောင်စိုနဲ့တူတာ အရိပ်အယောင် မမြင်ရဘူး။

ဒီလိုနဲ့ မြို့ပေါ်ကနေ ရွာတွေရှိရာ ရောက်ခဲ့တယ်။

ကျွန်တော် ခရီးပန်းပြီး ဖျားချင်သလို ဖြစ်နေတယ်။ တစ်လမ်းလုံးလည်း စားစရာ ထမင်းဆိုင်၊ ဈေးဆိုင် မတွေ့။ တစ်ကိုယ်လုံးလည်း ကိုက်ခဲပြီး ခေါင်းပါ မူးနေပြီ။ ကျွန်တော် ရွာစွန်က ဇရပ်အိုရှိရာကို အားယူလှမ်းခဲ့လိုက်တယ်။ ရင်တွေ ပူနေပြီဗျာ။ ရေအရမ်းဆာပြီး လူက ကယိမ်းကယိုင် ဖြစ်နေပြီ။

ကျွန်တော် ဇရပ်ရှေ့က ရေအိုးစင်ရှိရာကို အားယူပြီး သွားခဲ့တယ်။ ပြီး ရေတစ်ခွက်ကို ကတုန်ကယင်ခပ်ပြီး ပါးစပ်ကို တေ့လိုက်ချိန်မှာပဲ ...

ခေါင်းထဲမှာ ကမ္ဘာကြီး ပတ်ချာလည်မူးရင်း ...

ကျွန်တော် မြေကြီးပေါ် လဲကျသွားခဲ့တယ်။

မူးလိုက်တာဗျာ ... သစ်ပင်တွေ ချာချာလည်နေတယ်။ ဇရပ်နဲ့ သောက်ရေအိုးစင်က ကျွန်တော့်ခေါင်းပေါ် ရောက်သွားလိုက်၊ မြေကြီးထဲ ထိုးဆင်းသွားလိုက်။

မြေကြီးတွေက ကျွန်တော့်ကို ပတ်ချာလည် လှည့်ပြေးနေကြပါလား။ အို ... မြေကြီးနဲ့ သစ်ပင်တွေ ဖောက်ထိုးမိုးမျှော် ဖြစ်ကုန်ပြီ။ အား ... မူးတယ် ... မူးတယ်ဗျာ။

အလို ... ကျွန်တော့်ကိုယ်ပေါ်မှာ စိုရွှဲလို့ပါလား။

အား ... လှုပ်လိုက်တိုင်း နာလိုက်တာ။

အို ... ခန္ဓာကိုယ်က နှင်းရည်တွေနဲ့ စိုရွှဲနေတာပါလား။ တစ်ကိုယ်လုံး ချမ်းတုန်ဖျားနေပြီ။ ကျွန်တော် အားယူထလိုက်တယ်။





မျက်လုံးကို အားယူဖွင့်လိုက်တယ်။

ဟင် ... မှောင်မည်းနေပါလား။ ညအချိန်ရောက်နေပါကလား။ ခွေး ဟောင်သံကြားရတယ်။ ခွေးက စူးစူးရဲရဲကို ဟောင်နေတာ။ သင်း ... ကျွန်တော့်ကို ကြည့်ပြီး ဟောင်နေတာပဲ။

အားယူထလိုက်တယ်။

အလို ... ဇရပ်ကြီး ဘယ်ရောက်သွားပါလိမ့်ဗျာ။

သောက်ရေအိုးစင်လည်း မရှိတော့ဘူး။

ကျွန်တော်ထရပ်တော့ ခွေးက လန့်ပြီး ထွက်ပြေးသွားတယ်။ ခွေးရှိရင် ...ားမှာ အိမ်ရှိရမယ်ဗျာ။ ဒါမှမဟုတ် ဘုန်းကြီးကျောင်းရှိရမယ်။

ကျွန်တော် ကြိုးစားပြီး ထလိုက်တယ်။ နာရီကို ကြယ်ရောင်ပျပျအလင်းနဲ့ ...နီးကပ် ကြည့်လိုက်တော့ (၁၀) နာရီ။

ဒါဆို ညဘက်ပေါ့။ လူတွေ အိပ်ချိန်ပေါ့။

ရွာ ဘယ်မှာရှိလဲ။ ကျောင်း ဘယ်မှာရှိလဲ။

ခွေးက ခပ်လှမ်းလှမ်းကနေ ဟောင်နေတုန်းပဲ။

ခွေးဟောင်သံ ကြားရာကို တစ်လှမ်းချင်း အားတင်းလာခဲ့လိုက်တယ်။ ...ခွေးက သူ့ကို လိုက်ရန်ပြုတယ်မှတ်ပြီး ပြေးလိုက်၊ ရပ်ပြီး ဟောင်လိုက်၊ ကျွန်...တော်က ခွေးသွားရာနောက်ကို လိုက်ခဲ့လိုက်။

အလို ... ခွေးကလည်း သွားလို့မဆုံး။

ကျွန်တော်လည်း အိမ်တွေ့နိုးနဲ့ သူ့နောက်က လိုက်လို့မဆုံး ...
...ကောင်းကင်မှာ လရောင်မရှိ။ ကြယ်ရောင်ပဲ ရှိရဲ့။ သစ်ပင်လည်း မတွေ့၊ အိမ် ...လည်း မတွေ့၊ ကုန်းတွေ၊ ချိုင့်တွေ၊ ကျင်းတွေ တွေ့ရတယ်။

"ဟော့ကောင် ... လာခဲ့"

"ဟော့ကောင် ... လာခဲ့"

"ဟော့ကောင် ... လာခဲ့"

ဘုရားရေ ... လွင်တီးခေါင်ထဲမှာ ခေါ်သံကြားရပါလား။

"ဟော့ကောင် ... လာခဲ့"

"ဟော့ကောင် ... လာခဲ့"

"ဟော့ကောင် ... လာခဲ့ ... လာခဲ့ ... လာခဲ့ ... လာခဲ့"

ရှေ့တည့်တည့်ဘက်က ခေါ်နေတာ မဟုတ်ဘူး။ နောက်ကနေ လာခဲ့ ...ခေါ်နေတာ။ လှည့်ကြည့်လိုက်တယ်။ နောက်ကခေါ်နေတာ မဟုတ်ဘူး။ လက်ဝဲ ...က ခေါ်သံ၊ လက်ယာဘက်က ခေါ်သံ။

အသံကြီးတွေက ဟိန်းဟိန်းကြီးတွေ။



www.burmeseclassic.com

www.burmeseclassic.com



အက်ကွဲကွဲ ခြောက်ကပ်ကပ် အသံတွေ။

"ဟော့ကောင် ... လာခဲ့"

"ဟော့ကောင် ... လာခဲ့"

"ဟော့ကောင် လာခဲ့ ... လာခဲ့ ... လာခဲ့ ... လာခဲ့"

အသံကြားရာအရပ်ကို လိုက်လှည့်ကြည့်ရင်း ခေါင်းပြန်မူးလာတယ်။ ခေါ်သံတွေက ရပ်သွားလိုက်၊ ပြန်ပေါ်လာလိုက်။

"ကျုပ်ကို ခေါ်တာလားဗျို့"

အရဲစွန့်ပြီး အော်ပြောလိုက်ရော အသံတွေ တိတ်သွားပါရောဗျာ။ ဘယ်လို အရပ်ဒေသပါလိမ့်ဗျာ။

"ကျုပ်ကို ခေါ်တာလားဗျို့"

"ခင်ဗျားတို့က ဘယ်နားမှာတုံး"

"ဟော့ကောင် ... လာခဲ့"

"ဟော့ကောင် ... လာခဲ့"

"ဟော့ကောင် လာခဲ့ ... လာခဲ့ ဟော့ကောင် ... ဟော့ကောင် လာခဲ့"

"လာခဲ့ ဒီကို ... ဒီကို လာခဲ့"

"လာခဲ့ ဒီကို ... ဒီကို လာခဲ့"

အလိုလေး ... အသံတွေက သံပြိုင်ခေါ်နေတာ ...။ သံချပ်ထိုးသလို အတိုင်အဖောက်နဲ့ ခေါ်နေတာ။ အသံတွေ ပိုများလာတယ်။ အသံတွေ ပိုနီးလာတယ်။ လူလုံးလူရိပ် မမြင်ရဘူး။ ဘယ်လိုဟာပါလိမ့်။

"ခင်ဗျားတို့ ဘယ်မှာလဲ"

"ကျုပ် ခင်ဗျားတို့ကို မမြင်ဘူးဗျ"

"ဟော့ကောင် ... လာခဲ့ ... လာခဲ့ ... ဟော့ကောင်"

"ဒီကိုလာခဲ့ ... လာခဲ့ ဒီကို ... ဒီကိုလာခဲ့ ... လာခဲ့ဒီကို"

"ဟော့ကောင် လာခဲ့ ... လာခဲ့ ဟော့ကောင် ... ဟော့ကောင် လာခဲ့ လာခဲ့ ဟော့ကောင် ... ဟော့ကောင် လာခဲ့ ... လာခဲ့ ဟော့ကောင်"

အသံတွေက ကျွန်တော့်ရှေ့ကို ရောက်နေတာ။

ကျွန်တော့်နောက်မှာ၊ ဝဲယာမှာ အသံတွေ ရောက်နေတာ။

လူ မမြင်ရဘူး။ အသံတွေ အယောက်ငါးဆယ်၊ တစ်ရာ သံပြိုင်အော်နေတဲ့ အသံ၊ ချဉ်းကပ်လာတဲ့ အသံတွေ။

အသံတွေက ကျွန်တော့်မျက်နှာကို တိုးသွားတယ်။

ကျွန်တော့်ရင်ဘတ်ကို ဝင်ဆောင့်သွားတယ်။





ကျွန်တော့်ကိုယ်ခန္ဓာကို နောက်လန်သွားအောင် ဝင်တိုးရာက နောက်ကနေ အသံတွေ ဝင်ဆောင့်လိုက်တာ ရှေ့ကို ပြန်စိုက်သွားတယ်။ ကျွန်တော် ခေါင်းနားပန်းကြီးလာပြီ။ ကြက်သီးတွေ ထလာပြီ။ ကြောက်စိတ်တွေ ဝင်လာပြီဗျာ။

ခေါ်သံတွေက ကျွန်တော် ပြေးလို့မရအောင် ဝိုင်းရံထားကြတာ။ ဟိန်းဟိန်းအက်အက် အသံတွေ တိုးတိုက်နေတာ ကျွန်တော် သိနေတယ်။ အသံတွေက ကျွန်တော့်ကို ဝါးမျိုနေကြပြီ။

နားတွေ အူနေပြီ။

အသံတွေ ကျွန်တော့်နားထဲမှာ နပန်းလုံးနေကြတယ်။ ဗိုက်ထဲမှာ ခုန်ပေါက်လူးလိမ့်နေကြတယ်။ ကျွန်တော့်ကျောကုန်းပေါ်မှာ အသံတွေ ခွစီးနေကြပြီ။ သူတို့အသံတွေက ကျွန်တော့်ခြေထောက်ကို ပတ်ပြီး လှဲချနေတာ။

ကျွန်တော် မူးမိုက်၊ နားအူ၊ ရင်တွေ ဗလောင်ဆူပြီး ကျွန်တော် လဲကျသွားတယ်။

"ဟော့ကောင် လာခဲ့ ... လာခဲ့ ဟော့ကောင်"

"ဒီကိုလာခဲ့ ... လာခဲ့ဒီကို"

"ဟော့ကောင် လာခဲ့ ... လာခဲ့ ဟော့ကောင် ... ဟော့ကောင် လာခဲ့ လာခဲ့ ဟော့ကောင်"

ကြောက်စရာကောင်းတဲ့ ဟိန်းဟိန်းအက်အက် တုန်တုန်ခါခါ အသံတွေ ကျွန်တော့်ကျောကုန်းပေါ်မှာ ခုန်ပေါက်နေကြတယ်။

ပါးစပ်ထဲကို တိုးဝင်နေတယ်။

"အမလေး ... သေပါပြီဗျ။ နာတယ်ဗျ ... အား ... အား"

နောက်ဆုံးမှာတော့ အသံတွေက ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ ပြည့်ကျပ်ပြီး လူးလွန့်နေကြတယ်။ ဗိုက်ထဲမှာ သူတို့ အော်နေကြတုန်းပဲ။

"ဟော့ကောင် လာခဲ့ ... လာခဲ့ ဟော့ကောင်"

"ဒီကို လာခဲ့ ... လာခဲ့ ဒီကို"

"ဟော့ကောင် လာခဲ့ ... လာခဲ့ ဟော့ကောင်"

"ဒီကို လာခဲ့ ... လာခဲ့ ဒီကို"

ဝမ်းဗိုက်ထဲ၊ လည်ချောင်းထဲ၊ မျက်လုံးနဲ့ ပါးစပ်ထဲမှာ အသံတွေက စူးစူးသလို၊ အပ်နဲ့ ထိုးဆွသလို စူးနေတယ်။ ကျွန်တော် နာကျင်လွန်းလို့ ရုန်းတယ်။ ရုန်းလို့ မရဘူး။

အသံတွေ ဗိုက်ထဲမှာ ပြည့်ကျပ်လာပြီးနောက် ...

"ဖောင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

ကျွန်တော့်ဝမ်းဗိုက် ပေါက်ထွက်သွားပြီးဗျာ အူတွေ ပြတ်သတ်ပြီး လွင့်စဉ်ကုန်ပြီဗျာ။ အသံတွေက ဖြာထွက်သွားတယ်။ ပြီးတော့ အသံတွေက ပေါက်ကွဲသွားတဲ့ ဝမ်းဗိုက်ထဲကို ပြန်စုပြုံဝင်လာပြီး အော်နေကြတယ်။

"ဟော့ကောင် လာခဲ့ ... လာခဲ့ ဟော့ကောင်"

"လာခဲ့ ဒီကို ... ဒီကို လာခဲ့"

ကျွန်တော် ရှိသမျှခွန်အားနဲ့ ကြိုးအော်တယ်။

ပါးစပ်ထဲမှာ အသံတွေ ပြည့်ကျပ်နေလို့ အော်မရဘူးဖြစ်နေပြီ၊ အသက်ရှုကျပ်လာပြီဗျာ။ ကျွန်တော် သေရတော့မယ်၊ သေရတော့မယ်။

"လရောင်စို ... လ ... ရောင် ... စို ... ငါ ... ငါ ... သေရတော့မယ် ... အား အား အား ..."

အသံတွေဟာ ဗုံးကွဲသလို လွင့်စဉ်သွားတယ်။

အသံတွေ ပြေးသံကြားရတယ်။

ဟော ... ဟော ... အသံတွေ ပြန်လှည့်လာနေပြီ။

"မလာကြပါနဲ့ ... မလာကြပါနဲ့ ... အား အား အား ..."

"ကောင်လေး ... ကောင်လေး ... ဟော့ကောင်လေး"

"ကောင်လေး ... ထ ... ထ ... ဟော့ကောင်လေး ... ထတော့"

စကားသံတွေကြားလို့ ကျွန်တော် မျက်စိကို အားယူဖွင့်လိုက်တယ်။ ဟင် ငါ ဘယ်နေရာ ရောက်နေတာလဲ။

အလို ... ကျွန်တော် ကျောက်ခြေထောက်ကြီးကြားမှာ ရောက်နေတာပါလား။ ကျွန်တော် လန့်ပြီး ထဖို့ ကြိုးစားတယ်။ ထလို့မရဘူး။

ကျွန်တော့်ကို သူတို့ ဆွဲထုတ်နေကြတယ်။

သူတို့စကားပြောသံတွေကို ကြားနေရတယ်။

"ခေါင်းကနေ မ,ထားဟေ့"

"ခြေထောက်ကနေ ဆွဲထုတ်၊ ဖြည်းဖြည်း ဆွဲထုတ်"

"ဟုတ်ပြီ ... ဟုတ်ပြီ ... မြေကြီးပေါ်မှာ ချလိုက်"

"ရေတိုက်လိုက်စမ်းဟေ့"

ကျွန်တော့်ပါးစပ်ထဲကို ရေတွေ ဝင်လာတယ်။ ကျွန်တော် အငမ်းမရ မျိုချပြီးနောက် မျက်လုံးကို ဖွင့်ကြည့်လိုက်ရော ...

"ဟင် ... လရောင်စို ... လရောင်စို ... မင်း ... မင်း ..."

ကျွန်တော့်ပါးစပ်ထဲ ရေချပေးနေတာ ကျွန်တော့်ချစ်သူ လရောင်စိုပါ။ သူ့ သူ့မျက်နှာပေါ်မှာ ဓားခုတ်ရာ ဒဏ်ရာတွေနဲ့။





"လရောင်စို ..."

ကျွန်တော် ကြိုးထပြီး သူ့ကို ဖက်ထားလိုက်တယ်။ သူ ထွက်ပြေးသွားမှာကို စိုးရိမ်လွန်းလို့။ အရိုးတွေ ကြေလုနီးနီး ဖက်ထားလိုက်တယ်။

"ဒီ ... တစ်ခါတော့ ... မောင့် အပါးက ထွက်မပြေးပါနဲ့တော့ ... လရောင်။ မင်း ... မင်းကို ချစ်တယ်။ ဘယ်လိုဘဝမျိုးရောက်ရောက် ချစ်တယ် ချစ်တယ် ... ချစ်တယ် ... လရောင်"

"ကောင်လေး ... သတိထားပါ"

"ချစ်တယ် ... မင်းကို ငါချစ်တယ် ... လရောင်"

"ဒီမှာကောင်လေး ..."

ကျွန်တော့်ပခုံးကို ကိုင်လှုပ်နေတာဗျ။ ဒီလူတွေ ဘာလို့ နှောင့်ယှက်ကြတာလဲဗျာ။ ဒီမှာ နှစ်ပေါင်း ခုနစ်ထောင်လွမ်းမလို့ နှီဒါန်းပျိုးနေတုန်း ရှိသေးတယ်။ ဒါနဲ့ လှည့်ကြည့်လိုက်ရော ...

"ဟင် ... ဟင် ..."

"မင်း ဘာဖြစ်နေတာလဲ ... ကောင်လေး"

"ဗျာ ... လ ... လရောင် ... လရောင်ရော"

"ဘာလရောင်မှ မရှိဘူး။ နေထွက်နေပြီကွ"

အလိုလေးဗျ ... ကျွန်တော်ဖက်ထားတဲ့ လူက မျက်နှာပြားပြားကြီးနဲ့ဗျ။ လူကလည်း ရေခဲတုံးလို အေးစက်လို့။ ကျွန်တော် သူ့ကို တွန်းပစ်လိုက်တယ်။

ကျွန်တော့်ရှေ့မှာ အနီးမှာ မျက်နှာပြားပြားနဲ့ လူကြီးတွေ။

ဦးခေါင်းရှည်ရှည်နဲ့ လူကြီးတွေ။

ပြီးတော့ အလွန်အရုပ်ပုတဲ့ လူပုလေးတွေ ရှိနေကြပါလား။ သူတို့က ကျွန်တော့်ကို ကြည့်ပြီး ရယ်နေကြရဲ့။

ကျွန်တော်လည်း ရှက်သွားတယ်ဗျာ။

လူ့စိုပုကလေးတွေကလည်း ခွက်ထိုးခွက်လန် ရယ်ကြလို့။

"မင်း ဟိုအပေါ်ကြားမှာ ဘာလို့ တက်အိပ်နေတာတုံး"

"ဗျာ ... ကျွန်တော် ဘယ်ပေါ်မှာ အိပ်လို့တုံးဗျ"

"လှည့်ကြည့်လိုက်လေကွာ"

"ဟာ ..."

လှည့်ကြည့်လိုက်တော့ အလွန်ကြီးမားတဲ့ ဘီလူးကြီး။ ဒူးတစ်ဖက်ထောင်ထိုင်ချပြီး သန်လျက်ကို မြေစိုက်နေတဲ့ပုံ။ ဘီလူးက ခေါင်းတစ်ခြမ်းပဲ့လို့။ ကြောင်တည်းသော မျက်လုံးက ပြူးနေသလို ...



www.burmeseclassic.com

www.burmeseclassic.com



အစွယ်တွေက ရေညှိတက်ပြီး ရဲလို့။

သူ့ခြေသလုံးက တစ်တင်းဝင်တောင်းလောက်ရှိပြီး ပေါင်လုံးကြီးက လူကြီးတစ်ဖက်စာမက ကြီးတာဗျာ၊ ဘီလူးရုပ်တုကြီးဗျ။

ဘီလူးနံ့ဘေးမှာ ပြိုပျက်နေတဲ့ ဘုရားပျက်လည်း ရှိရဲ့။

"မင်း ဒီဘီလူးခြေထောက်ကြားမှာ အိပ်နေတာ"

"ဟင် ..."

"မင်း ဘယ်သူလဲ၊ ဘယ်က လာတာလဲ"

"ကျွန်တော် လူပျောက် လိုက်ရှာနေတာပါဗျာ"

"ဟား ဟား ဟား ဟား ဟား ... လူပျောက် ရှာတာတဲ့။ ဘီလူးခြေထောက်ကြား အိပ်နေတဲ့ကောင်ကများ ညာသေးသကွာ"

"ဒီလူကို ဘယ်လိုလုပ်ကြမတုံး ... ကိုငမုတ်"

"ဒီကောင် သေရတော့မှာကွ"

"ဗျာ ... ဗျာ ... မ ... မလုပ်ကြပါနဲ့ဗျာ။ ကျွန်တော် လူပျောက်ရှာရင်း ညတုန်းက မျက်စိလည်သွားခဲ့တာပါ"

လူမျက်နှာရှည်ကြီးက ကျွန်တော့်ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေတယ်။ ကျန်တဲ့ လူမျက်နှာပြားတွေက ပြောကြရဲ့။

"လူစားမယ်လို့ အိပ်မက်ပေးတာ မှန်နေပြီပေါ့"

"သတ်ပစ်လိုက်ကွာ"

"ဖယ်တော့ ... ငါ ရှင်းလိုက်မယ်"

လူမျက်နှာရှည်ကြီးက လှံရှည်တစ်ချောင်းနဲ့ ထိုးမလို့လုပ်ရော ကျွန်တော် သူတို့ခြေကိုဖက်ပြီး တောင်းပန်ခဲ့တယ်။

"ကောင်လေး ..."

"ဗျာ ..."

"မင်းနာမည် ဘယ်လိုခေါ်တုံး"

"ရွှေ ... ရွှေမင်းစုန်လို့ ခေါ်ပါတယ်ခင်ဗျ"

"ရွှေမင်းစုန်"

"ဟုတ် ... ဟုတ်ကဲ့ပါ ခင် ... ခင်ဗျာ"

"ရွှေမင်းစုန် ဆိုပါလားဟေ့ ... အရမ်းမလုပ်ကြနဲ့။ ငမင်းဒေါင် ... မင်းလှံကို ရုပ်လိုက်စမ်း။ ရွှေမင်းစုန်တဲ့ ... ဒါ ... ဒါ ... အဖေကြီးဂူမှာန်မယ်မယား နာမည်ပဲကွ။ ကောင်လေး ... ထ"

ကျွန်တော် အမြန်ထလိုက်ပြီး လွယ်အိတ်ကို လွယ်လိုက်တယ်။

"ရွှေမင်းစုန်နော်"





"ဟုတ်ပါတယ် ခင်ဗျာ"

"မင်း ကံကောင်းတယ်၊ နို့မို့ သေပြီ"

"ဗျာ ..."

"လိုက်ခဲ့ကွာ ... ငါတို့ မင်းကို ပြောဆိုမိတာ တောင်းပန်ပါတယ်။ တို့အိမ်ကို လိုက်ခဲ့ပါ။ အိမ်မှာ နားပါ ... လာ"

ကျွန်တော်လည်း ကြောက်ကြောက်နဲ့ သူတို့နောက်ကို လိုက်သွားခဲ့တယ်။ အခု သူတို့ ကျွန်တော့်ကို ကြိမ်းလားဝါးလား မလုပ်ကြတော့ဘူး။ ကုန်းတွေ မြေပြန့်တွေကို ဖြတ်တော့ ဘီလူးရုပ်အကျိုးအပဲ့တွေ အများကြီး တွေ့ရတယ်။

သူတို့ စကားလုံးဝ မပြောကြဘူး။

မကြာခင် ခြေတံရှည်အိမ်တွေ မြင်ရပြီး အိမ်ကြီးတစ်ခုမှာ နားကြတယ်။ ကျွန်တော် နားမလည်တဲ့စကားနဲ့ လှမ်းပြောကြတယ်။ တစ်ယောက်သော မျက်နှာပြားလူကြီးက တုံးတစ်တုံးကို တုတ်နဲ့ရိုက်တော့ တဒုံဒုံအသံတွေ ထွက်လာပြီး ရွာထဲကလူတွေ ခြေတံရှည်အိမ်ထဲ ဝင်လာကြတယ်။

ဘယ်သူမှ အင်္ကျီမဝတ်ကြဘူး။

လာတဲ့ ယောက်ျားတွေဟာ ရင်ဘတ်နဲ့ ကျောကုန်းမှာ ဘီလူးရုပ်တွေ ထိုးထားတာ ယောကျာ်းတိုင်းမှာ မြင်ရတယ်။

မိန်းမတွေက စားစရာတွေ လာချကြတယ်။

"စားကွာ ... မင်း ဆာနေတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"စား ... အားမနာနဲ့ စား"

ကျွန်တော် ကောက်ညှင်းပေါင်းတွေကို ဆုပ်ပြီး စားလိုက်တာ နင်နေပါရော။ ခေါင်းဆောင် မျက်နှာရှည်ကြီးက အုန်းရည်လိုအရည် လှမ်းပေးလို့ ရေနဲ့ မျောချလိုက်ရတယ်။

သူတို့က ကျွန်တော်စားနေတာကို ကြည့်ပြီး သဘောကျနေကြလို့။ ကံကောင်းဖို့ပဲလား၊ ကံဆိုးတာပဲလား မသိ။ သေခါမှသေရော ဗိုက်ဝအောင် စားပစ်လိုက်တယ်။

"စားဦးလေ"

"တော်ပြီဗျ"

"မောင်ရင့်နာမည်က ရွှေမင်းစုန်နော်"

"ဟုတ်ပါတယ် ... မှတ်ပုံတင်လည်း ပါပါတယ်"

"မင်း လာမယ်ဆိုတာ ငါတို့ အိပ်မက်ရပြီးပြီ။ ဒီလောက်မြန်မယ်လို့ မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... အဘတို့ ကြုံသိတယ်"

ရင်ဘတ်မှာ ဘီလူးခေါင်းအရုပ်ထိုးထားတဲ့ လူကြီးက ကျွန်တော့်ကို ကြည့်ပြီး ပြောတာဗျာ။

"ငါ့နာမည် မှတ်ထားကွ ... ဦးယက္ခတဲ့"

"ဟုတ်ကဲ့"

"မင်းကို လုံနဲ့ချိန်တဲ့ကောင် ငမင်းဒေါင်တဲ့။ ဟိုလူက နတ်ဆိုးတဲ့။ ငါတို့က ဒီရွာရဲ့ ခေါင်းဆောင်တွေပဲ"

"ဟိုလေ ... ဒီ ... ဒီရွာကို ဘယ်လိုခေါ်လဲဟင် ... အဘယက္ခ"

"ဘီလူးကုန်းရွာတဲ့"

"ဗျာ ..."

"ငါတို့က ဘီလူးမျိုးတွေ"

"အမလေးဗျာ ..."

"မကြောက်ပါနဲ့ ... မင်းနဲ့ ငါတို့က အမျိုးတွေပါ"

"ဗျာ ... ဗျာ ... အမလေးဗျာ ... အမျိုးတွေ ... ဟုတ်လား"

"ဟုတ်တယ်"

"အလိုလေးဗျာ ... မဟုတ်တာ ... အဘရာ"

"မင်း မယုံဘူးတိုး ... တော့ ... ငဒေါင်း"

"အမိန့်ရှိပါ ... အဘခ"

"အမေ ရွာဟောင်းသူကို သွားခေါ်ခဲ့။ ရွှေမင်းစုန် ရောက်ပြီလို့"

"ဟုတ် ... ဟုတ် ..."

ကိုဒေါင်းဆိုတဲ့လူ ထွက်သွားပြီး မကြာခင်မှာ အဘွားအိုကြီးတစ်ဦး တုန်းတုန်းနဲ့ ဝင်လာတယ်။ သူမလက်ထဲမှာ ဘီလူးခေါင်းရုပ်ပါတဲ့ တောင်ဝှေးကြီး ကိုင်ထောင်လို့။ ဆံပင်တွေက ဖားလျားကျနေတာ မြေထိလုပဲဗျာ"

"ရောက်ပလားဟဲ့ ... ငခ"

"ရောက်နေပါပြီ ... အမေရွာ"

"ဘယ်မတုံးဟဲ့ ... ရွှေမင်းစုန်"

"သူပဲ ... အမေရွာ"

အဘွားအို ပိန်ချောင်ခါးကုန်း အသားမည်းမည်း မျက်နှာမှာ အဖုအသီး အထွတ်အထွတ်နဲ့ မိန်းမကြီးက ကျွန်တော့်မျက်နှာကို လာကြည့်တယ်။

"အင်း ... သူပဲ ... သူပဲ ..."

"ဗျာ ..."

"မင်း ရောက်လာတာ ငါတို့ရွာ ကံကောင်းလို့ပဲ ကောင်လေး"





"ဗျာ ... ဘာ ... ဘာဖြစ်လို့လဲဗျာ ... ဟင် ဟင်"

"အမေရွာ ... ကောင်လေးနားလည်အောင် ရှင်းပြပေးပါ ... အမေရွာ"

အဘယက္ခရဲ့ စကားအဆုံးမှာ ဒေါ်ရွာဟောင်းသူဆိုတဲ့ အဘွားကြီးက ကွပ်ပျစ်စွန်း ဝင်ထိုင်ရင်း ရှင်းပြတော့တယ်။

"မင်းကတော့ တို့ရွာအကြောင်း သိသေးမှာ မဟုတ်ဘူး။ ငါတို့ရွာကို ဘီလူးရွာလို့ ခေါ်တယ်။ ဘာလို့ ဘီလူးရွာလို့ ခေါ်လဲဆိုတော့ သီပေါမင်းတရားကြီး ပါတော်မမူခင်မှာ စုဖရားလတ်ရဲ့ အပျိုတော် မယ်သင်းရဲ့အဖေက အိပ်မက်အရ ဒီရွာမှာ ကိုးတောင်ပြည့်စေတီ တည်ခဲ့တယ်။ ပြီးတော့ သူတို့က ဘုရားဝန်းကျင်မှာ ဘီလူးရုပ်တုကြီးတွေ နေရာအနှံ့ ထုလုပ်ထားကြတယ်။ ဒီစေတီနဲ့ ရွာကို စောင့်ရှောက်ဖို့တဲ့။ စောင့်ရှောက်ဖို့ အမှုလုပ်တွေလည်း ခန့်ထားခဲ့တယ်။ ဘီလူးရုပ်တုတွေကို သစ်သားရုပ်၊ ရွှံ့ရုပ်၊ ကျောက်ရုပ်၊ ဂဝံရုပ် အမျိုးမျိုး လုပ်ထားကြတာ။ ကြာတော့ ရွာသားတိုင်း ဘီလူးရုပ်လုပ်ရာမှာ လက်ရာမြောက်ခဲ့ကြတယ်။ ရွာလည်း သူခိုးသူဝှက် ဝင်လို့မရဘူး။

သို့သော် ရွာကလူတွေ တရားပျက်လာကြတယ်။

ဘုရားကို ပန်း၊ ရေချမ်း မကပ်ကြဘူး။

ဘီလူးစာ မကျွေးကြဘူး။ သူတို့ပဲ အမဲသားငါး စားပြီး မာန်ထောင်နေကြတယ်။ ရွာမှာ ကန်တွေ၊ တွင်းတွေ ရေခန်းလာတယ်။ မြေကြီးတွေ ပတ်ကြား အက်လာတယ်။ ကျွဲ၊ နွားတွေ အလိုလို သေကြတယ်။

ငါတို့ ကြားသိရသလောက်ဆိုရင် ဒီရွာက ဘီလူးရုပ်တုတွေမှာ ဘိုးအွန်နှင့် ရွှေမင်းစုန်ဆိုတဲ့ ဘီလူးမရုပ်တုက အကြီးဆုံးပဲ၊ ရွှေမင်းစုန်ဆိုတဲ့ ဘီလူးမရုပ်တုမှာ အစွယ်မပါဘူး။

လုအောင် ထုထားကြတာတဲ့။

အဲဒီ ဘီလူးရုပ်တုတွေကို ပယောဂဆရာကြီး ဖိုးကျည်တောက်တာ အခဲ စိမ်းကျွေးမွေး စားအပ်ပြောဆိုပြီး စစ်ထွက်ကြတယ်။

မိန်းမတွေ အိမ်ထောင်ရေး အဆင်မပြေရင် ရှင်ရွှေမင်းစုန် ဘီလူးမရှေ့မှာ ပန်းရောင်စုံ ငါးပွင့်နဲ့ ထမင်းအဖျော် သွားလှူပြီး ဆုတောင်းရင် ရန်ငြိမ်းလို့ ဆင်းသွားတဲ့လင် အိမ်ပေါ် ပြန်တက်လာတယ်။

သို့သော် ယောကျ်ားတွေ တဖြည်းဖြည်း တရားပျက်လာတယ်။

တိုက်ပွဲသွားရင် စား မအပ်ကြတော့ဘူး။

အမဲအသား မကျွေးကြတော့ဘူး။ ငါတို့တော်လို့ တိုက်ပွဲမှာ အသက်ရှင် ခဲ့တာလို့ ထင်လာခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဒီလို တရားပျက်တဲ့နေ့ကစပြီး တိုက်ပွဲသွား စစ်ထွက်သွားတဲ့ ဒီရွာသားယောက်ျားတွေ တိုက်ပွဲမှာ သေကြေဒဏ်ရာရတာ များလာကြတယ်။

ပဓာနရာဇာကြီး ဦးကျည်တောက်က အရင်လိုပဲ စားပွဲဆက် ဓားအစ်တောင်းယန်ဖို့ ပြောဆိုသတိပေးပေမင့် စစ်ထွက်ယောကျ်ားတွေက မလိုက်နာကြတော့ဘူး။

နောင်တော့ စစ်ထွက်ယောက်ျားက ဒီဘီလူးတွေ ရောင့်တက်တယ်ဆိုပြီး ဘီလူးရုပ်တုမှန်သမျှ အကုန်ရိုက်ချိုး ဖျက်ဆီးခဲ့ကြတယ်။

ရှင်ရွှေမင်းစုန်ဆိုတဲ့ ဘီလူးမရုပ်တုကိုလည်း မကောင်းဆိုးဝါးမလို့ ပြောပြီး ဖျက်ဆီးပစ်လိုက်ကြတယ်။

ဘိုးဂုမ္ဘာန်ရုပ်တုကို ဖျက်ဆီးကြတော့ တော်တော်နဲ့ ထုရိုက်ချိုးလို့ မရကြဘူး။ မရတော့ ဒီအတိုင်း ထားခဲ့ကြတယ်။

ဘိုးဂုမ္ဘာန်က အိပ်မက်ပေးသတဲ့။

မင်းတို့ရွာပြောင်းကြတော့ ငါ့မိန်းမလည်း မင်းတို့ သတ်လိုက်ပြီ။ မင်းတို့ ဒုက္ခရောက်ကြတော့မယ်လို့ အိပ်မက်ပေးတယ်။ ရွာကျောင်းဘုန်းကြီးလည်း အိပ်မက်ပေးတယ်။ ငါတို့ရွာက အချို့ ပြောင်းသွားကြတယ်။

လူကြမ်းလူရမ်းတွေကတော့ မပြောင်းကြဘူး။ သောက်သောက်စားစား ပျော်ပျော်ပါးပါး နေကြတယ်။

ရွာလူအချို့ပြောင်းပြီး မကြာခင်မှာပဲ လေကြီးမိုးကြီး ကျတော့တယ်။ (၇)ရက်တိတိ လေကြီးမိုးကြီးကျ၊ တောင်တွေကစီးကျတဲ့ တောင်ကျရေနဲ့ မြေကြီးပြို၊ ချောင်းရေမိုးရေက လူရော၊ အိမ်ရော မြုပ်ပြီး သဲတွေ၊ ရွှံ့နွံတွေ ဖုံးလွှမ်းသွားလိုက်တော့ ရွာဟောင်း လုံးဝ ပျောက်သွားတယ်။

ရေကြီးတာရပ်၊ မိုးရွာတာရပ်တော့ ဘီလူးရုပ် အငယ်အလတ်တွေလည်း ရွှံ့မြေ သဲမြေအောက်ကို ရောက်သွားသလို အချို့ကတော့ ငုံးတိုးငေါက်တောက် ပေါ်ကျန်ခဲ့တာ ရှိတယ်။

ထီးထီးမားမား ကျန်တာဆိုရင် ဖိုးဂုမ္ဘာန်ဆိုတဲ့ ဘီလူးရုပ်တုပဲ။ သူလည်း ပုံရှဲ့နေတာပေါ့။

ရေကြီး၊ တောင်ပြို၊ ရွှံ့ဖုံး၊ သဲဖုံးတဲ့မြေပေါ်ကို အရင်နေခဲ့တဲ့လူတွေ ပြန်ရောက်လာကြတယ်။

အိမ်တွေ ပြန်ဆောက် နေထိုင်ကြတယ်။

နေလို့ မရဘူး။

ဒါဒီရွာပျက်မှာ ပြန်နေတဲ့လူတွေ ဝမ်းကြီးရောဂါနဲ့ တစ်ယောက်ပြီးတစ်ယောက် သေကြတာ ရွာပြုတ် မျိုးပြုတ်တဲ့အဖြစ် ရောက်ရော၊ ကျွဲ၊ နွားတွေလည်း





ဘာရောဂါမှန်းမသိဘူး။ တဖြုတ်ဖြုတ်သေတာ လယ်လုပ်ဖို့ ယာလုပ်ဖို့ ကျွဲ၊ နွားမရှိတော့ဘူး။

ကိုယ်ဝန်ဆောင်တွေလည်း မွေးရင် မွေးတဲ့နေ့ပဲ ကလေးသေတာပဲ။ လုံးဝ အဖတ်မတင်ဘူး။

ဘီလူးရုပ်တုတွေ ဖျက်ဆီးခဲ့လို့ ဘီလူးတွေက ရွာကို ဒုက္ခပေးတာတဲ့။ ရွာကုန်အောင် ဘီလူးစားမယ်လို့ အိပ်မက် ပေးဆိုပဲ။

သချိုင်းကုန်းမှာ လူသေကို ကျင်းတူး၊ မမြှုပ်နိုင်တော့ဘူး။ ဒီအတိုင်း ပစ်ထားခဲ့ရတယ်။ သချိုင်းကုန်းပေါ်မှာ တောခွေးတွေ၊ လင်းတတွေ၊ ကျီးတွေရဲ့ လူသေကောင်ထိုးစား လုယက် တိုက်ခိုက်သံတွေ နေ့နေ့ညည ဆူညံနေတယ်။

ဝမ်းကြီးရောဂါနဲ့ သေတဲ့ လူသေစားတဲ့ ကျီးကန်းတွေ၊ တောခွေးတွေ ခွေးအ,တွေ ရွာထဲမှာ သေတာ မြင်ရတယ်။ အချို့ပြောပုံဆို ညဘက်ရောက်ရင် ရွာထဲကို ဘီလူးတွေ ဝင်သတဲ့။

ခွေးတောင် မအော်နိုင်ဘဲ ဖင်တရွတ်ဆွဲလို့ တအိုင်အိုင်နဲ့ ကြောက်ပြီး သေသတဲ့။

တစ်ရွာလုံး အကုန် ဝမ်းရောဂါနဲ့ သေကုန်တယ်။

ရွာထဲက အလောင်းတွေ ဘယ်သူမှ မသင်္ဂြိုဟ်ကြဘူး။

ရွာကို မီးတိုက်ပြီး တစ်ရွာလုံးက လူသေနဲ့အိမ်တွေ မီးရှို့ပစ်ခဲ့ရတယ်။

အိပ်မက်ကို ယုံကြည်လို့ ရွာသစ်တည်တဲ့လူတွေ အသက်ရှင်ခဲ့တယ်။ အသက်ရှင်ပုံကလည်း ထူးဆန်းတယ်။ ဘီလူးရုပ်တုတွေ ဖျက်ဆီးတဲ့ စစ်ပြန်၊ ဒုက္ခိတ တစ်ဦး ဒူးထောက် ဓားရှည်စိုက်လို့ ဘိုးဂုမ္ဘာန်ဘီလူးရုပ်ရှေ့မှာ သွေးအန်ပြီး လာသေတယ်။

ဘာကြောင့်သေတာလဲ ဘယ်သူမှ မသိဘူး။

နောက်ထပ် (၇)ရက်တစ်ခါက်၊ တစ်ယောက်ပြီးတစ်ယောက် သေကြတယ်။ သေတဲ့လူတွေက ဘီလူးရုပ်တုကို ဖျက်ဆီးတဲ့ လူကြမ်းစစ်ပြန်တွေ။

နီကောင်တွေက အင်္ဂလိပ်နယ်ချဲ့တိုက်ပွဲမှာ သတ္တိရှိရှိ တိုက်တဲ့ကောင်တွေ မဟုတ်ဘူး။ ကြောက်လို့ထွက်ပြေးတဲ့ စစ်ပြေးလူကြမ်း၊ ဓားပြတွေ။

သူတို့ (၇)ဦး သေပြီးတော့မှ ရွာလန့်တာ၊ မိုးကြီးတာ၊ ရောဂါဆိုးတွေ ဖြစ်ပြီး သေတာ ရပ်သွားတယ်။

ရှေးတုန်းက လူကြီးတွေ ရေးခဲ့မှတ်ခဲ့တဲ့ အဖြေအရဆိုရင် ဘိုးဂုမ္ဘာန်ဆိုတဲ့ တရားစောင့်ဘီလူးကြီးက သူ့မိန်းမဘီလူးမ ရှင်ရွှေမင်းစုန်နဲ့ ဘီလူးမျိုးရုပ်တုတွေကို ဖျက်ဆီးလို့ ပြန်ကလဲ့စားချေတာလို့ ပြောခဲ့ကြတယ်။

ခုခေတ်ရောက်သည့်တိုင် ဒီလိုပဲ ယုံကြည်ကြတယ်။

www.burmeseclassic.com



ဘီပေါမင်းခေတ်က စုဖုရားလတ်ရဲ့ အပျိုတော်ကြီးကောင်းမှု စေတီလည်း မရှိတော့ဘူး။

ဂဝံဘီလူးရုပ်တုတော့ ကျန်ခဲ့တယ်။ တို့အဖေများလက်ထက်တုန်းက ရွာသူကြီး ဖိုးနဂါးက ရွှေမင်းစုန်ဘီလူးမရုပ်တုတစ်ခု ထုလုပ်ပြီး ဘိုးဂူမှာန်ဘီလူးရုပ်တုအနီးမှာ ယှဉ်တွဲထားဖူးတယ်။

မိုးကြိုးပစ်ပြီး ရှင်ရွှေမင်းစုန်ဘီလူးမရုပ်တု အစိတ်စိတ်အမြွာမြွာကွဲပြီး တျောက်ခဲပုံစံဘဝ ရောက်သွား၏။

ဦးနဂါးက တောင်းပန်ပြီး ရွှေမင်းစုန်ဘီလူးမရုပ်တု ပြန်လုပ်တယ်။ မိုးကြိုးပစ်ပြီး ကွဲကြေသွားပြန်တယ်။

သူကြီးဦးနဂါး မလုပ်ရဲတော့ဘူး။

မကြာဘူး ... မိန်းမကြီးတစ်ယောက် ရောက်လာတယ်။ အထီးကျန် ဘီလူးဂူမှာန်ဂဝံရုပ်တုနေရာမှာ ဘီလူးမ နိုးပျဉ်းတွဲရုပ်တု ပြန်လုပ်ပြီး အုန်းပွဲ၊ တပွဲနဲ့ အပ်တယ်။

မောင်ကြီးတို့ဇနီးမောင်နှံ အတူပျော်ရွှင်စွာ နေကြပါ။ ရွာကိုလည်း စောင့်ရှောက်ပါလို့ ပြောဆိုတယ်။

သုံးရက်တိတိ ရှင်ရွှေမင်းစုန် ဂဝံဘီလူးရုပ်တု မြဲမြဲမြံမြံ ရှိနေတယ်။ တိမ်ကန်းတွေ၊ ဖျိုင်းတွေတောင် ဘီလူးမရုပ်တုပေါ်မှာ လာနားလို့ တစ်ရွာလုံး ဝမ်းသာလို့။

လေးရက်မြောက်တဲ့ညမှာ 'ဝုန်း ... ဝေါ' ဆိုတဲ့အသံကြီး ရွာဖျားက ကြားရပါရော။ မြေကြီးတောင် တုန်သတဲ့။

မိုးလင်းလို့ သွားကြည့်တော့ ...

ရွှေမင်းစုန် ဘီလူးမရုပ်တု အစိပ်စိပ် အမြွာမြွာ ကွဲကြေနေတာ မြင်ရရော အလှူရှင်မိန်းမကြီးလည်း ပြောဆိုတောင်းပန်ပြီး ရွာကနေ ချက်ချင်း ထွက်သွားခဲ့တယ်။

တစ်နေ့ တို့ရွာကို ဖော်ဂျီတစ်ပါး ရောက်လာတယ်။

အနီရောင်ဖော်ဂျီဝတ်စုံနဲ့၊ ပေါင်းလုံးနီနဲ့ ဖော်ဂျီက အရှေ့တောင်ပေါ်က ကျောက်ပျဉ်ကြီးမှာ ဆေးလာကြိတ်တာ။ အဲဒီတောင်ပေါ်မှာ သဘာဝကျောက်ပျဉ်ကြီးတစ်ချပ် ရှိတယ်။ ဆေးဝိဇ္ဇာတွေ အစီအရင်လုပ်ဖို့ ဆေးလာကြိတ်ကြတဲ့တောင်။

ဆေးကြိတ်တောင်လို့ ခေါ်တယ်။

လပြည့်ညများမှာ မိန်းမတစ်ယောက် သနပ်ခါးသွေးနေတာကို အဝေးက မြင်ရတယ်။ အနီးကို သွားကြည့်ရင် အဲဒီမိန်းမကို မတွေ့ရဘူး။





သို့သော် သနပ်ခါးသွေးထားတဲ့ သနပ်ခါးအနှစ်တွေကို အံ့ဖွယ်တွေ့ရတယ်။ အဲဒီသွေးထားတဲ့ သနပ်ခါးအနှစ်တွေကို ယူလိမ်းကြရင် မျက်နှာပေါ်မှာ ရှိသမျှ တင်းတိတ်၊ ဝက်ခြံ၊ မှဲ့ခြောက် အကုန်ပျောက်တယ်။

သနပ်ခါးအနှစ်ကို ကလေးတွေလျှာပေါ် နည်းနည်းခွံကျွေးရင် ကလေးတွေ တစ်နှစ်အတွင်း အဖျားအနာ လေထိုးလေအောင့် လုံးဝမဖြစ်ဘူး။

သီတင်းကျွတ်လပြည့်။

တန်ဆောင်မုန်းလပြည့်။

နတ်တော်လပြည့်နဲ့ တပေါင်းလပြည့်ညများဆို အဲဒီမိန်းမ သနပ်ခါး လာသွေးလေ့ရှိတယ်။

နောင်တော့ ဆေးဝိဇ္ဇာတွေ ဆေးလာကြိတ်ကြတယ်။ ဆေးကျောက်ပျဉ်ကြီးက လူနှစ်ဖက်စာနီးပါး ကြီးတာကိုး။ အဲဒီ ဆေးကြိတ်ကျောက်ပျဉ်တောင်မှာ ဖော်ဂျီဝိဇ္ဇာမိုရ်တွေ ဆေးလာကြိတ်တယ်။

တစ်နေ့ ရွာထဲကို ဝိဇ္ဇာမိုရ် ဝင်လာပြီး ပြောသတဲ့။

ငါတို့အဘိုးတွေ ပြောတာနော်။

"မင်းတို့ရွာမှ ဘီလူးမရုပ်တု ထားလို့မရဘူး မဟုတ်လား"

"ဟုတ်ပါတယ် ... ပြိုပြိုကျတယ်။ မိုးကြိုးပစ်ခံရပြီး ပျက်စီးပါတယ် ဆရာကြီး"

"မလုပ်နဲ့ ... လုပ်လို့ရဘူး"

"ဟုတ်လား ... ဘာဖြစ်လို့လဲ ... ဆရာကြီး"

"ဂူမှာန်က သူ့မိန်းမ လာမည့်အချိန်ကို စောင့်နေတာ။ ဟောဒီ ဆေးကြိတ်တောင်က တောင်ပိုင်ကြီးမနန်းစိန်ကိုယ်တိုင် ကျုပ်ကိုပြောလိုက်တာ။ ငါသွေးတဲ့ သနပ်ခါးလူးပြီး သူ့မိန်းမရွှေမင်းစုန် သောက်ရေတစ်ခွက်တိုက်ရင် သူတို့ဒီကနေ ပြောင်းသွားလိမ့်မယ်။ ကျတ်တီးကုန်းလည်း မြေကောင်းလိမ့်မယ်တဲ့။ ကျုပ် အဓိဋ္ဌာန်ဝင်တုန်းမှာ ဂူမှာန်လာပြီး မေတ္တာရပ်ခံတယ်။ သူ့မိန်းမနာမည် ရှင်ရွှေမင်းစုန်တဲ့။ သူတို့ဘီလူးလင်မယား သူတို့ဘာသာ ပျော်ပျော်ရွှင်ရွှင် နေတာကို ဒီရွာက ပညာသည်တစ်ယောက်က အစီအရင်နဲ့ခေါ်ပြီး ရုပ်တုမှာ နေခိုင်းခဲ့တယ်တဲ့။

ဘုရားကို စောင့်ရှောက်ရမယ်၊ ရွာကို စောင့်ရှောက်ရမယ်လို့ အမိန့်ပေးပြီး ဒီမှာ ထားခဲ့တာတဲ့။ သူတို့က စောင့်ရှောက်ပါရက်နဲ့ ဒီရွာက ရှေးလူတွေ တရားပျက်ခဲ့တယ်။ သူ့မိန်းမရုပ်တုရော၊ သူတို့အမျိုး ဘီးလူးရုပ်တုတွေကိုပါ ဖျက်ဆီးနှိပ်ချိုးခဲ့လို့ သူ့မယား ရှင်ရွှေမင်းစုန် ဘီလူးမဘဝပြောင်းသွားပြီး ဒီအရပ်မှာလည်း မရှိတော့ဘူးတဲ့။ သူ့ကို အုပ်ချုပ်သူနတ်မင်းကြီးက သနားလို့ လူ့ဘဝကို မွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ လူ့ဘဝရောက်နေတဲ့ ရှင်ရွှေမင်းစုန် ပြန်လာမည့်နေ့ကို သူ စောင့်နေတယ်တဲ့။ သူလည်း ဘဝသစ်ကို ကူးချင်ပြီတဲ့။

ရှင်ရွှေမင်းစုန် အခု လူ့ဘဝမှာ မိန်းမမဖြစ်ဘဲ ယောကျ်ားဖြစ်နေတယ်။ ဘဝဟောင်းကလင်သားကို သတိမရဘူးတဲ့။ သို့သော် သူရောက်လာမှာကို ကြိုသိနေတယ်တဲ့။ ရောက်လာရင် သူ့လက်နဲ့ ရေကြည်တစ်ခွက်ပဲ တိုက်ပေးပါ။ သူ ဘဝသစ်ကို ကူးပြီ။ သူ့ဘဝဟောင်းက မယားကို ခွင့်လွှတ် စောင့်ရှောက်ပါမယ်တဲ့"

"ဘိုးဂုမ္ဘာန်ရဲ့ မိန်းမက လူ့ဘဝမှာ ယောကျ်ားဖြစ်နေတယ် ... ဟုတ်လား"

"ဟုတ်တယ် ... လူ့ဘဝမှာနေပြီး သူ့ကို မေ့နေတယ်တဲ့။ သူ့မယား လူယောကျ်ားရောက်လာရင် သူ့လက်နဲ့ ရေတိုက်ပါ။ ဒီရွာ ဒီအရပ်ကနေ ထွက်သွားတော့မယ်။ ဘဝချင်းလည်း မတူကြတော့ဘူးတဲ့"

အဘွားအိုကြီးက ဒီဘီလူးရုပ်တုဇာတ်လမ်းကို ရှည်လျားစွာ ပြောပြတယ်။ ကျွန်တော်လည်း အံ့သြနေတယ်။

"ငါတို့ရွာက လူတွေက ရွာသစ်လူတွေပေါ့။ ဟိုရွာဟောင်းတစ်စပြင်မှာတော့ ဘယ်သူမှ မနေကြဘူး။ နေလို့လည်း မရဘူး။ စိုက်ပျိုးလို့လည်း မရဘူး။ ကျတ်တီးကုန်း ကျောက်စရစ်ကုန်း ဖြစ်သွားပြီ။ ငါတို့ ဘိုးဘွားတွေ နားလည်ထား၊ ယုံကြည်ထားတာက ဘိုးဂုမ္ဘာန် ငါတို့ရွာကို စောင့်ရှောက်တယ်။ ဘီလူးစာလည်း ကျွေးတယ်။ ဘီလူးရုပ်တွေကို ဆေးမင်ကြောင်နဲ့ ကျောကုန်းမှာ ထိုးပြီး အဖေကြီး စောင့်ရှောက်ပါလို့ အပ်ကြတယ်။ ငါတို့ရွာသားတွေ ဒေါသထွက်ရင် ဘီလူးစိတ်ဝင်ပြီး ကြမ်းရော၊ ကျောက်တုံးကျောက်ပြားနဲ့ ခေါင်းနဲ့တိုက်ရင်တောင် ခေါင်းမကွဲဘူး။ လူဆယ်ယောက် ဝိုင်းချုပ်လို့ မရဘူး။ ဒီလို ဒေါသတွေ ဖြစ်လာရင် ငါက သူတို့ဘီလူးမာန်ကို ချုပ်ပေးရတယ်။ မယုံရင် မင်းကြိုက်တဲ့ဓားနဲ့ သူတို့ကို ခုတ်ကြည့်၊ ဓားခုန်ထွက်သွားလိမ့်မယ်။ သွေးတစ်စက် မထွက်ဘူး။

သွေးထွက်ခဲ့ရင် အဲဒီလူ စည်းပေါက်နေလို့ပဲ။

ထွက်တဲ့သွေး လုံးဝမရပ်ဘူး၊ ကုလို့ မရဘူး။

နောက်ဆုံးတော့ ဦးဂုမ္ဘာန်ရှေ့မှာ လဲကျသေသွားရတာပဲ။ ခုတ်ကြည့်လေ"

"မခုတ်ပါရစေနဲ့ ... အမေကြီး"

"အခု မင်းရောက်လာတယ်လို့ သိရတယ်။ မင်းနာမည်က ရွှေမင်းစုန်နော်"

"ဟုတ် ... ဟုတ်ကဲ့"





"မင်းရောက်လာမည့်အချိန်ကို ငါတို့ မျှော်နေတာကြာပြီ"

"ဗျာ ..."

"မင်းက လူ့ဘဝထဲ ပြန်ရောက်နေတဲ့ ရှင်ရွှေမင်းစုန်ပဲ"

"မ ... မဟုတ်ဘူး ... ကျွန်တော် မဟုတ်ဘူး"

"မငြင်းပါနဲ့ ... ရွှေမင်းစုန်။ မင်း ကူညီမှ ဦးဂုမ္ဘာန် စိတ်ချမ်းသာစွာ ဘဝကူးမယ်။ ဘီလူးရုပ်တွေ ထိုးပြီး ဘီလူးစိတ်စီးနေတဲ့ ငါတို့ရွာသားတွေလည်း ဘီလူးစိတ်ပျောက်ပြီး လူစိတ်ပြန်ဝင်လို့ လူလိုနေကြရလိမ့်မယ်။ ကျတ်တီးကုန်းမြေလည်း သန့်သွားမယ်။ အခု သူတို့က လူစိမ်းမြင်ရင် သတ်ချင်ဖြတ်ချင်၊ ထိုးခုတ်ချင်တဲ့ စိတ်ရိုင်းတွေ ဝင်နေတယ်။ အဲဒါ ဘီလူးစီးတယ်လို့ ခေါ်တယ်။ မင်းက ဦးဂုမ္ဘာန်ရဲ့မယား ရှင်မင်းစုန်ပဲ"

"ဟုတ် ... ဟုတ်ရဲ့လား ... မ ... ဖြစ်နိုင်ပါဘူးဗျာ"

"မင်းကတော့ ဘဝဟောင်းကို မေ့နေပြီကိုး။ ငါလည်း အစက မယုံခဲ့ပါဘူး။ ဦးဂုမ္ဘာန်ကို သနားလို့ ငါတို့အဖေများ၊ အဘိုးများ ရှင်ရွှေမင်းစုန်ဘီလူးရုပ်တု ထုလုပ်ပြီး ယှဉ်ထားခဲ့တယ်။ လက်မခံဘူး။ မိုးကြိုးပစ်ပြီး ပျက်စီးသွားတာပဲ။ ဘိုးဂုမ္ဘာန်က မင်းကို စောင့်နေတာ။ မင်း သူ့ကို မေတ္တာလက်နဲ့ ရေတစ်ခွက်ပေးတိုက် ပက်ဖျန်းလိုက်တာနဲ့ သူ့နေရာသူ ပြန်သွားမှာပါ။ မင်း လုပ်ပေးပါ။ အားလုံးကောင်းဖို့ပါ ... ကောင်လေး"

"မဖြစ်နိုင်ပါဘူး ... အမေကြီး"

"ဒါဆိုလည်း မင်း ဒီရွာက ခုချက်ချင်း ထွက်သွားပါ"

"ဒီလိုလုပ်လို့ မဖြစ်ဘူး ... အမေရှာသူ"

"ဖေဖော်ဂျီပြောတာ ဒက်ထိမှန်နေဉစွာ။ သူဟာ ရှင်မင်းစုန် ဟုတ်ရဲ့သားနဲ့ ဒါလေးတောင် ကျုပ်တို့ရွာအတွက် လုပ်မပေးနိုင်ဘူးဆိုရင် သူ့ပါးစပ်ထဲ ရောက်နေတဲ့ ဒီရွာက အစားအစာတွေ အကုန်ပြန်ထုတ်ရမှာပဲ"

"ဗျာ ..."

"ဝိဇ္ဇာမိုရ်ပြောတာလည်း မှန်နေတယ်။ ဆေးကြိတ်တောင်ပိုင် အမေနန်းစိန်ပြောတာလည်း မှန်နေတယ်။ ဘိုးဂုမ္ဘာန် ဆေးဝိဇ္ဇာမိုရ်ကို အိပ်မက်ပေးပြောခဲ့တာလည်း မှန်နေတယ်။ ရှင်ရွှေမင်းစုန် ရောက်လာပြီလေ။ မင်း ကူညီလိုက်တာနဲ့ ဘိုးဂုမ္ဘာန် ဘဝသစ်ကို ကူးမှာ။ ဘီလူးစွဲဝင်နေတဲ့ ငါတို့ရွာသားတွေ လူကြမ်းတွေ လူစိတ်ပြန်ဝင်မှာ။ ကျတ်ထီးကုန်းက စိုက်ပျိုးမရတဲ့မြေ၊ လူနေလို့မရတဲ့မြေ ပြန်ကောင်းမှာ။ မင်း မကူညီတော့ဘူးလား"

"ကျွန်တော် ... ကျွန်တော် ... ဘီလူးလူဝင်စား မဟုတ်ဘူး။ ကျွန်တော်က ကျွန်တော့်မိန်းမကို လိုက်ရှာနေတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘိုးဂုမ္ဘာန်ကို သစ္စာဖောက်မလို့ပေါ့ ... ဟုတ်လား"

"ခင်ဗျားတို့ ဘာတွေပြောနေကြတာလဲဗျာ။ ကျုပ် နားမလည်ဘူး။ ကျုပ် လမ်းမှားလာတာ။ ကျုပ် ပြန်မယ် ... ပြန်မယ်"

"ဘိုးဂုမ္ဘာန် ငါ့ကို အိပ်မက်ထဲပေးခဲ့တယ်။ လူ့ဘဝရောက်နေတဲ့ သူ့မယား သူ့ကိုသစ္စာဖောက်လိမ့်မယ်တဲ့"

"မဟုတ် ..."

"သူ ခွင့်လွှတ်မှာပါတဲ့။ ဟိုးဘဝက ငါ့မယားဖြစ်ပေမင့် ခုဘဝမှာ ငါ့မယားဖြစ်ဖို့ လမ်းမမြင်ဘူးတဲ့။ ငါ ရွှေမင်းစုန်ကို စွန့်လွှတ်မှာပါတဲ့။ သူ့လက်နဲ့ ဟိုဘဝတုန်းက ရေတိုက်သလို တိုက်ပါ။ ငါ့နေရာ ငါပြန်မယ်။ မင်းတို့ရွာကိုလည်း ကြီးပွားချမ်းသာအောင် လုပ်ပေးခဲ့ပါ့မယ်တဲ့ မင်းက ဒါတွေကို မယုံဘူး။ ဟဲ့ ... ရွှေမင်းစုန်"

အဘွားကြီးက ဒေါသတွေ ပေါက်ကွဲပြီး ပြောပါရော။

"ငါလည်း ဘီလူးဝင်စားတဲ့ မိန်းမပဲ။ ငါက ငါ့မောင်ဂုမ္ဘာန်ကို သနားလို့ နင့်ကိုစောင့်နေတာ။ သူ မကျွတ်နိုင်တဲ့ဘဝကို ရောက်နေတာ။ လူမိုက်တွေ စေတောင်းလို့ ဘီလူးကြမ်းဘဝနဲ့ ရင်ကွဲနာကျနေတာ။ နင် လူ့ဘဝကံကောင်းလို့ ရထားတောင် လူစိတ်မထားဘူး။ ငါ လူစိတ်ထားနေတယ်။ နင် တယ်မိုက်မဲတဲ့ လူပဲ။ ဟေ့ ... သူ့ကို ပြန်လွှတ်လိုက်"

"မလွှတ်ဘူး ... ဘီလူးစာကျွေးရင် ကျုပ်တို့မြေတွေ ပြန်သန့်သွားမှာဗျ"

"အမေရွှာသူ ... ဒီလူက ဘီလူးမရှင်မင်းစုန် မဟုတ်ဘူး။ သူ့ကို စတေးရမယ်"

"ဟုတ်တယ် ... ဒီလူကို စတေးရင် ကျုပ်တို့ယာမြေတွေ ပြန်ကောင်းမယ်ဗျ။ စတေးမယ်ဟေ့"

"ကျား ..."

"ဝုန်း"

"ကျား ..."

"ဂုမ္ဘာန်တဲ့ဟေ့"

"ကျား ..."

"ဝုန်း ... ဝုန်း"

"ဖြောင်း ဖြောင်း ဖြောင်း ... ကျား"

ကြောက်စရာကောင်းလိုက်တဲ့ ရွာသားတွေဗျာ။ သူတို့ကိုကြည့်ရတာ အာဋာဝကဆေး ထိုးထားကြလို့နဲ့ တူတယ်။





လက်ခမောင်းခတ်ပြီး ထခုန်တာ ဝါးတစ်ပြန်အမြင့်ကို ရောက်သွားတယ်။ မြေကြီးပေါ်ကို ပြန်ကျလာတော့ မြေကြီးကို လက်သီးနဲ့ ထိုးလိုက်တာ မြေကြီး ကွဲချိုင့်သွားတယ်။

ဘုရား ... ဘုရား ... ဘယ်လို လူကြမ်းတွေပါလိမ့်ဗျာ။

အသားမည်းမည်းနဲ့ လူကြီးက ကျားလို့အော်ပြီး မိုးပေါ်ကို မြောက်တက်သွားတယ်။

ပြန်ကျရော 'ဟီး' လို့အော်ပြီး တင်းတောင်းလုံးခန့်ရှိတဲ့ ကျောက်တုံးကို သူ့တံတောင်နဲ့ ထောင်းချလိုက်တာ ...

ကျောက်တုံး ထက်ခြမ်းကွဲသွားတယ်။

ကွဲသွားတဲ့ ကျောက်တုံးပြားကို ကောက်ပြီး သူ့ခေါင်းကို ပြန်ရိုက်တာ။ ကျောက်ခြမ်းပြား ကွဲသွားတယ်။

ကျန်တဲ့လူတွေရဲ့ မျက်နှာတွေလည်း အံကြိတ်ပြီး မျက်လုံးတွေ ပြူးနေကြတာ။ အံကြိတ်သံပါ ကြားရတယ်။

အံကြိတ်ရင်း သူတို့ရင်ဘတ်ကို လက်သီးနဲ့ ဒေါသတကြီးထုနေတဲ့ အသံတွေဟာ တအုန်းအုန်းနဲ့ ညံနေတယ်။

ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး။

ဘီလူးစိတ်ဝင်နေတဲ့ ရွာသားလူကြမ်းတွေ လက်ချက်နဲ့ သေသွားနိုင်တယ်။ ကျွန်တော် လွယ်အိတ်ကို ကောက်ကိုင်ပြီး ကွပ်ပျစ်ပေါ်က ခုန်ချလို့ တစ်ချိုးတည်း ပြေးခဲ့လိုက်တယ်။

"လိုက်ကြ ..."

"စတေးရမယ်ဟေ့ ... လိုက်"

"ကျား ... ကျား ..."

"ဝုန်း ... ဝုန်း"

"ဟိတ် ... အားလုံးရပ်နေကြစမ်း"

အဘွားကြီးရဲ့ အော်လိုက်တဲ့ အသံကို ကြားရတယ်။ ကျွန်တော် လုံးဝမရပ်ဘူး။ ပြေးနေတယ်။ နောက်လှည့်ကြည့်လိုက်တော့ ဘီလူးစိတ်ဝင်နေတဲ့ လူကြမ်းတွေ ရပ်ပြီး ဒေါသတွေ ထွက်နေတာ မြင်ရတယ်။

ကျွန်တော့်နားထဲမှာ "မောင်ရေ" လို့ ခေါ်သံကြားရတယ်။

"ရှင် ... မပြေးပါနဲ့" လို့ ပြောတဲ့အသံ ကြားရတယ်။

"မောင် ... ကျွန်မကို ကယ်ပါ ... မောင်ရဲ့"

"ရှင်မ ... မပြေးပါနဲ့ ... ငါ မင်းကို မမုန်းပါဘူး"

မောင်ရေခေါ်တဲ့အသံက လရောင်စိုရဲ့အသံ။



www.burmeseclassic.com

www.burmeseclassic.com



ရှင်မရေလို့ ခေါ်တဲ့အသံက ယောကျ်ားကြမ်းကြီးတစ်ဦးအသံ ဟိန်းဟိန်းအက်အက်ကြီး။

"မောင်ရေ . . ."

"ရှင်မ . . . ရပ်ပါဦး"

"လရောင်စို . . . မင်း ဘယ်မှာလဲ . . . ဘယ်မှာလဲ"

"မောင် . . . ကျွန်မကို ကယ်ပါဦး"

"ရှင်မရေ . . ."

"လရောင်စို . . . လရောင်စို . . ."

ကျွန်တော့်နားထဲမှာ လရောင်စိုရဲ့ခေါ်သံ၊ လူကြီးတစ်ဦးက 'ရှင်မ' လို့ခေါ်သံ။ ကျွန်တော်က ရင်ကွဲသံနဲ့ ပြန်ခေါ်ရင်း ပြေး၊ ပြေးရင်းရှာ၊ ကျွန်တော်ပြေးနေတာပါ။ ချွေးသီးချွေးပေါက်ကျအောင် ပြေးနေတာ။

ကျွန်တော့်နောက်က မြင်းခွာသံ ကြားရတယ်။

ဒုန်စိုင်းပြေးလာတဲ့ မြင်းခွာသံ။

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"ဟီး . . . ဟစ် ဟစ် ဟစ် . . . ဟီး . . . ဟစ် ဟစ် ဟစ်"

"မောင် . . . ပြေး . . . ပြေး . . . လိုက်လာနေပြီ . . . ပြေး"

"လရောင်စို . . . မင်း . . . မင်း ဘယ်မှာလဲ . . . မောင့်ဆီကို လာခဲ့"

"မောင် . . . မရပ်နဲ့ . . . ပြေး"

"ရှင်မ . . . မပြေးပါနဲ့ . . . ငါ့ကို သနားပါ"

"ဝီး . . ."

"စွပ် . . ."

"အား . . . အ . . . အ . . . အစ် အစ် အစ်"

"ဟား ဟား ဟား ဟား ဟား . . . ပြေးလေ . . . ပြေးပါ။ ငါကတော့ ငါ့သခင်အလိုရှိတဲ့ မင်းရဲ့အသည်းနှလုံးကို ထုတ်ယူပြီး ငါ့သခင်ကို ဆက်ရမှာပဲ။ အိမ့် ငါတို့သခင်ကြီးဂူမှာန် ဘဝကူးကောင်းမှာ . . . လာခဲ့ . . ."

"အား . . . အ . . . အ"

ကျွန်တော့်လည်ပင်းကို ကြိုးကွင်းတစ်ကွင်း လာစွပ်ပြီး လည်ပင်းအစ်ကျပ်သွားခဲ့တယ်။ ကျွန်တော် ကြိုးကို ဆွဲဖြည်ပေမင့် မရဘူး။

မြင်းနက်ကြီးပေါ်မှာ ဘီလူးနဲ့တူတဲ့ လူထွားကြီး။ သူက ကြိုးကို ဆောင့်ဆွဲပြီး မြင်းကိုစိုင်းတော့ ကျွန်တော် မြေပြင်မှာ ပြေးလိုက်ပါသွားတယ်။

မြင်းနက်ကြီးရဲ့ ခြေအလျင်ကို အမှီမလိုက်နိုင်တော့ဘူး။ လူက မြေကြီးမှာ တရွတ်တိုက်ပါသွားပြီး ပွန်းပဲ့ပေါက်ပြဲ သွေးသံရဲရဲ ဖြစ်နေတယ်။





မောင်ရေခေါ်သံ အဝေးဆီမှာ။

ရှင်မရေခေါ်သံ မကြားရတော့။

မြင်းစီး ဘီလူးလိုရုပ်အဘိုးကြီးက မြင်းကိုစိုင်းပြီး ဂဝံဘီလူးရုပ်တုကြီးရှိရာကို ဆွဲသွားနေတာ။

ဂဝံဘီလူးရုပ်တုကြီးကို ဝိုင်းပတ်ပြီး မြင်းကို စိုင်းနေတာ။ ကျွန်တော့်အသံအော်လို့ မရတော့ဘူး။ အသားတွေ စုတ်ပြတ်ကုန်ပြီ။ လူကြမ်းကြီးက ဂဝံဘီလူးကြီးကို အပတ်နှစ်ဆယ်မက ပတ်ဝိုင်းလို့ပြီးရော မြင်းနက်ကြီးကို ရပ်လိုက်တယ်။

"ဟီး ဟီး . . . ဟစ် ဟစ်"

"ဟီး ဟစ် ဟစ်"

သူ မြင်းပေါ်က ခုန်ဆင်းလိုက်တယ်။ ပြီးတော့ ကျွန်တော့်လည်ပင်းက အစ်နေတဲ့ကြိုးကို ခပ်ကြမ်းကြမ်း ဖြုတ်လိုက်တယ်။ ပြီး သွေးသံရဲရဲဖြစ်နေတဲ့ ကျွန်တော့်ကို ကောက်ပွေ့လိုက်တယ်။

"အရှင်ဂူမှာန် . . . ဘဝသစ်မှာ ယောကျ်ားဖြစ်နေတဲ့ အရှင့်မယား လူယောကျ်ားကို ရခဲ့ပါပြီ။ အကြင်နာမဲ့တဲ့ အရှင့်မိန်းမရဲ့ အသည်းနှလုံးကို သင်ကိုယ်တိုင် သန်လျက်နဲ့ ရင်ခွဲပြီး မြိန်ရှက်စွာ သုံးဆောင်ပါ။ သုံးဆောင်လို့ပြီးရင် အရှင်သွားလိုရာ အရပ်ဘဝသစ်ကို သွားပါတော့"

မြင်းစီးဘီလူးမျက်နှာနဲ့ လူကြမ်းကြီးက ကျွန်တော့်ကိုယ်လုံးကို ပွေ့ယူပြီး ဂဝံကျောက်ဘီလူးဂူမှာန်ရဲ့ ဒူးကြားကနေ ပက်လက်ထိုးသွင်းလိုက်တယ်။

ကျွန်တော် ကြောက်လန့်သတိရပြီး အော်လိုက်တယ်။

ကျွန်တော့်ရင်ဘတ်အကျီက ဟင်းလင်းပွင့်နေပြီ။ ဒီမှာ ဘီလူးဂူမှာန်ရဲ့ သန်လျက်ကိုင်လက် ကြွသွားပြီး စိုက်နေတဲ့ သန်လျက်ဖျားက ကျွန်တော့်ရင်ဘတ်ကို ထိုးခွဲဖို့ ရွေ့လာတယ်။

"မ . . . မ . . . လုပ်ပါနဲ့ . . . မလုပ်ပါနဲ့"

သန်လျက်ဦးချွန်က ကျွန်တော့်ရင်ဝအရေပြားကို ထိုးခွဲလိုက်ရော . . .

"အား . . . မလုပ်ပါနဲ့ . . . မလုပ်ပါနဲ့"

"ဝုန်း . . ."

"ဟာ . . ."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

|၃၅|

❑

"ဟာ ... ဟာ ... မြမောင် မင်းလှည်းက လှည်းဒေါက် ပြုတ်ကျသွားတာ"

"နွားတွေ ရုန်းလို့နဲ့တူတယ် ... ကိုသာဟန်"

"နွားရုန်းရုန်း၊ ကျွဲရုန်းရုန်း လူတစ်ယောက်အော်သံ ကြားရတယ် ... သွားကြည့်စမ်း"

လူတွေပြေးလာသံ ကြားရတယ်။

နွားတွေ ရုန်းသံ ကြားရတယ်။

ဆိုင်းသံလည်း ကျွန်တော် ကြားနေရတယ်။

ရင်ဝမှာ စူးခနဲဖြစ်သွားပြီး ပူခနဲဖြစ်တာလည်း ခံစားနေရတယ်။

"အား ... မလုပ်ပါနဲ့ဗျ ... ကျွန်တော် ခင်ဗျားမိန်းမ မဟုတ်ဘူး။ အား ... သေပါပြီဗျာ"

"ဟဲ့လူ ... ဟဲ့လူ ... ဘာတွေ ပြောနေမှန်းလည်း မသိဘူးကွာ"

"လှည်းတစ်ပိုးကြီး မြန်မြန်မကွ။ သူ့ရင်ဘတ်ပေါ် လှည်းစီးကုံး ပိနေတယ်"

"မ,ပါကွ ... မြန်မြန်မ"





"ဟာ ... ဒီလူ ရင်ဘတ်မှာ သွေးတွေထွက်နေတယ်ဟေ့"

"အရှိန်နဲ့ကျတော့ ရင်ဘတ်ထိသွားတာနေမှာ ... ဆွဲထူကြ၊ ထုတ်ကြစမ်း"

ကျွန်တော့်ကို ဆွဲထုတ်ကြတယ်။ အားယူပြီး မျက်လုံးဖွင့်ကြည့်တော့ လှည်းတွေ၊ နွားတွေ၊ လူတွေနဲ့ ဆိုင်းသံ ဗုံသံပါ ကြားနေရတယ်။

ဆိုင်းသံက ငိုချင်းချနေတဲ့အသံ။

"ဟဲ့လူ ... ဘာလို့ လှည်းအောက်ကြား ဝင်အိပ်ရတာတုံးကွ ဟင်"

"ကျွန် ... ကျွန်တော် မအိပ်ဘူးဗျ ... ဗျ"

"ကိုသာဟန် ... ဒီကောင် မူးပြီး အိပ်နေတာနဲ့ တူတယ်။ မင်း မူးနေတာ မဟုတ်လား"

"ကျွန် ... တော် ... အရက်မသောက်ဘူး ... အား ..."

"ရင်ဘတ်မှာ သွေးထွက်နေတယ်။ ဟဲ့ ... မြရင်"

"ရှင် ... ကိုအောင်ကြီး"

"သွေးဆေးဘူး ပါတယ်မဟုတ်လား။ ပါရင် ယူခဲ့စမ်း"

တစ်ယောက်က ရင်ဘတ်ကသွေးတွေကို ပုဆိုးနဲ့သုတ်ပေးပြီး ဆေးမှုန့်တွေ သိပ်ပေးတယ်။ စပ်လိုက်တာဗျာ။

"ထိုင်လို့ရလား"

"ရင်ဘတ် အောင့်နေတယ်ဗျာ။ အား ... ကျွတ် ကျွတ်"

"မင်း မသေတာ ကံကောင်းတယ်ကွ ... ခေါင်းပေါ်သာကျရင် မင်း ဦးနှောက်ထွက်ပြီး သေပြီပေါ့ကွာ။ နေစမ်းပါဦး ... မင်းက ကြဲကြဲစီစီ လှည်းဒေါက်ကြား ဝင်အိပ်ရတယ်လို့ကွာ။ မင်း ဘယ်ရွာကလဲ"

"မြို့က ..."

"မြို့က ... ဘယ်မြို့လဲ"

"ရွှေမင်းဝဏ်မြို့ကပါဗျ"

"ရှစ်သေးပွဲ လာကြည့်တာလား"

"ဗျာ ... ရှပ်သေးပွဲ ဟုတ်လား"

"အေးလေ ... သူဌေးကိုပေါက်ဆိန်မြေးတွေ ရှင်ပြုပွဲ ရှပ်သေးခံနေတာလေ။ မင်း ဘာကြောင်နေတာလဲ"

ဒီမှာ လူတစ်ယောက်က ...

"ကိုသာဟန် ... ဒီကောင် ကြောက်နေတာဗျ။ ဘာဖြစ်လာလည်း မသိဘူး။ ရော့ ... အာယုဝဍ္ဎနဆေးရည်လေး ပါးစပ်ထဲ လောင်းထည့်လိုက်စမ်းပါ။ ရော့ ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုသာဟန်ဆိုတဲ့လူက ကျွန်တော့်ပါးစပ်ထဲ ပုလင်းဝတေ့ပြီး လောင်းချလိုက်တယ်။

"အား ... ပူတယ်ဗျ။ အရက်တွေနဲ့ တူတယ်ဗျ"

"အရက်လို့ မခေါ်နဲ့ကွ။ ဒါ အာယုဝဍ္ဍန အသက်ရှည်ဆေး ခေါ်တယ်။ ရော့ ... တစ်ငုံ မော့ချလိုက်။ သွေးပူပြီး နာတာ ကိုက်တာတွေ ပျောက်သွားမယ်"

"တော်ပြီဗျာ ... ပူခါးကြီး"

"တစ်ငုံပဲ သောက်ပါကွာ ... ဒါမှ မင်း နေသာထိုင်သာ ရှိမှာပေါ့။ ရော့"

ဒါနဲ့ ပူခါးခါးအရက်ကို ငုံလို့ မျက်စိမှိတ်ပြီး မျိုချလိုက်တာ နားရင်း ပါးရင်းတွေရော သွေးကြောတွေပါ ပူထူရှိန်းရှိန်းဖြစ်လာပြီး ပေါ့သွားသလို ဖြစ်သွားတယ်။

"နေသာထိုင်သာ ရှိပလား"

"ဟုတ်ကဲ့"

"မင်းနာမည် ဘယ်လိုခေါ်တုံးကွဲ့"

"ရွှေမင်းစုန်လို့ ခေါ်ပါတယ်"

"စာရေးဆရာလား၊ ပြဇာတ်မင်းသားလား"

"မဟုတ်ပါဘူးဗျာ ... ခရီးသွားပါ"

"ခရီးသွားရင်း ရုပ်သေးပွဲကြည့်ပြီး အိပ်ချင်တော့ လှည်းဒေါက်ကြားထဲ ဝင်အိပ်တာပေါ့ ... ဟုတ်လား"

"ဟား ဟား ဟား ဟား ... တကယ့်လူပဲဟေ့"

"ကျွန်တော် လှည်းထောက်အောက် ဝင်အိပ်တာ မဟုတ်ဘူးဗျ။ ဒီ နေရာမှာ ဘယ်လိုရောက်လာမှန်း မသိဘူး"

"ဟေ ..."

"ခေါင်းရော ကောင်းရဲ့လား"

"ကောင်းပါတယ်ဗျာ"

ဒီအချိန်မှာ မိန်းမကြီးတစ်ယောက် ရောက်လာပြီး ကျွန်တော့်ကို ကြည့်နေတယ်။

"ဒီသူငယ်ပဲဟေ့"

"ဒေါ်သောင်း ဘာဖြစ်လို့တုံး"

"သူ လှည်းတစ်စီးပေါ်ကနေ ယိုင်ထိုးယိုင်တိုင်နဲ့ ဆင်းလာတာ ငါမြင် လိုက်တယ်။ လွယ်အိတ်တစ်လုံး လွယ်လို့ဟဲ့။ ခု လှည်းထမ်းပိုးပိတာ သူ့လား"





"ဟုတ်တယ် ... ဒေါ်သောင်းရေ၊ သူ ဘယ်သူ့လှည်းနဲ့ လိုက်လာတာတုံး"

"အဲဒါ မသိလိုက်ဘူး။ လှည်းက လှည်းကြမ်းပဲ။ နွားသိုးတပ် လှည်းကြမ်း။ သူလည်း လှည်းပေါ်က ယိုင်ယိုင် ယိုင်ယိုင် ဆင်းလာပြီးရော တရကြမ်း မောင်းပြေးတာပဲ"

"ဟုတ်လား ... ဧည့်သည်"

"ဟုတ်တယ်နဲ့ တူတာပဲဗျာ"

ကျွန်တော့်အပြောကြောင့် သူတို့က ကျွန်တော့်ကို အံ့ဩသလို ကြည့်ရင်းက ...

"ခင်ဗျား တစ်ခုခု စားမလား"

"အင်း ..."

"လာ ... အကြော်ဆိုင် သွားကြမယ်။ ရပ်နိုင်ရဲ့လား"

"ရပ်နိုင်ပါတယ်ဗျ ... ကျေးဇူးပါပဲဗျာ"

ရုပ်သေးပွဲ လက်ယာဘက်က အကြော်ဆိုင်ကို ရောက်ခဲ့ကြတယ်။ သူတို့က အကြော်မှာသူမှာ၊ အရက်မှာသူမှာကြ။ အကြော်ပူပူလေးတွေ လာချပေးတယ်။

"စားကွာ ... အားမနာနဲ့ စား"

ကျွန်တော် ဆာလွန်းလို့ အကြော်သုံးခု ဆက်တိုက်စားပစ်လိုက်တယ်။

"ပြောပါဦး ... ငါ့လူက ဘယ်ကနေ ဒီရောက်လာတာတုံး"

"ဘီလူးကုန်းဆိုတဲ့ရွာက လာခဲ့တာပါဗျာ"

"ဟေ ..."

"ဘာကွ ..."

"ဘီလူးကုန်းရွာ ... ဟုတ်လား"

"ဟုတ်တယ်"

"ငါ့လူ မင်း ဘယ်လိုလုပ်ပြီး အဲဒီရွာကို ရောက်သွားတာတဲ့။ ဘယ်သူ တွေနဲ့ တွေ့ခဲ့တုံးဟ ... ရှင်းပါဦးကွ"

"ကျွန်တော်က လူတစ်ယောက်ကို လိုက်ရှာနေတာဗျ"

"မိန်းမလား၊ ယောက်ျားလား"

"မိန်းမ"

"ဘာတော်လို့လဲကွ"

"ကျွန်တော့်ဇနီးပါဗျာ"

"ဘာလဲ အိမ်ပေါ်က ဆင်းသွားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

သူတို့ကို ကျွန်တော်နဲ့ လရောင်စိုတို့ရဲ့ ဖြစ်ရပ်ဆန်းကြယ်ဘဝ ပြောပြရင်လည်း ရူးနေလို့ ပေါက်ကရပြောတယ်လို့ ဆိုမှာပဲ။

စွယ်စုံရွာကို လေဆင်နှာမောင်းနဲ့ ပါသွားတဲ့အကြောင်း ပြောပြ၊ ကျိန်စာသင့်တဲ့ရွာအကြောင်း ပြောပြလည်း ယုံကြည်မှာ မဟုတ်ဘူး။ စိတ်မမှန်လို့ ပေါက်ကရ လျှောက်ပြောနေတာလို့ ထင်ကြမယ်။

"စပ်စုတာ မဟုတ်ပါဘူးကွာ။ ကူညီလို့ရရင်လည်း ကူညီရတာပေါ့။ ဘာလို့ မိန်းမက အိမ်က ဆင်းသွားရတာလဲ"

"အဲဒီအကြောင်း ကျွန်တော် သိချင်လို့ လိုက်ရှာနေတာဗျာ"

"မင်း ပြဿနာကလည်း တစ်မျိုးပဲကိုးကွ"

"နေပါဦး ... ကိုယ့်လူရာ၊ မိန်းမက ချောလို့လား"

ဒါနဲ့ လွယ်အိတ်ထဲက မှတ်စုစာအုပ်ထုတ်ပြီး ဓာတ်ပုံထုတ်ပြလိုက်ရော သူတို့က ဝိုင်းကြည့်ကြပါရော။

"ဟာ ... မိုက်တယ်ကွာ"

"ဟေ့လူ ... ရုပ်ရှင်မင်းသမီးလား ... ဟုတ်လား"

"မဟုတ်ပါဘူးဗျာ"

"ချောလိုက်တာကွာ ... ငါတို့တစ်နယ်လုံးမှာ ဒီလောက်ချောတဲ့ မိန်းမရှာလို့မတွေ့ဘူးကွ။ မင်း ကံကောင်းလှချေလား ဟင်"

"အခု ကံမကောင်းလို့ လိုက်ရှာနေတာပေါ့ဗျာ"

"အေး ... ဒါလည်း ဟုတ်တာပဲကွ။ ငါ့လူ စိတ်မဆိုးနဲ့နော် မေးချင်လို့ပါ"

"မေးပါ အစ်ကိုရာ မေးပါ"

"သူ ... သူ ... နောက် ... နောက်ယောက်ျားနောက်များ ..."

"သူက အဲဒီလိုအစား မဟုတ်ပါဘူးဗျာ"

"အေးကွာ ... ပြန်တွေ့ပါစေ ... ငါ့ညီရာ။ ဒါနဲ့ မင်းက ဘီလူးကုန်းရွာ ... ဟုတ်လား ... အဲဒီကို ဘယ်လိုရောက်ပြီး ဘာတွေဖြစ်ခဲ့လို့တုံး ... ပြောပါဦးကွ"

ဒါနဲ့ ချစ်သူပျောက်သွားတဲ့ နောက်ကို လိုက်ရှာရင်းကနေ ညဘက် ထမင်းဆာ ရေငတ်နဲ့ လဲကျအိပ်ပျော်သွားရာက ခွေးဟောင်သံကြားလို့ လန့်နိုး ပြီး ...

ခွေးဟောင်သံကြားရာအရပ်ကို လိုက်ရင်း သွားရင်း ...

ဂဝံဘီလူး ဘီလူးရုပ်တု ...





ရင်ဘတ်နဲ့ ကျောကုန်းမှာ ဘီလူးရုပ်တွေထိုးထားတဲ့ ရွာသားတွေ။ ပြီးတော့ ဒေါ်ရွာကြီးသူဆိုလား၊ ဒေါ်ရွာသူဆိုလား အဘွားကြီးနဲ့ တွေ့ရာက ...

ကျွန်တော့်ကို ဂဝံကျောက်ဘီလူး ဂူမှာန်ရဲ့ ဘဝဟောင်းက မယားပေါ့ ဆိုပြီး ...

နောက်ဆုံး ဂဝံကျောက်ဘီလူး အသက်ဝင်လာပြီး ကျွန်တော့်ရင်ဘတ်ကို သန်လျက်နဲ့ ထိုးခွဲလိုက်ရော ...

လန့်အော် သတိလစ်သွားတဲ့ အကြောင်းစုံကို ပြောပြလိုက်ရော ကိုသာဟန်တို့လူစု တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တွေနေကြတယ်။

ကျွန်တော့်ကိုလည်း အနုလုံ ပဋိလုံ ကြည့်နေကြတယ်။

"အစ်ကိုတို့ခင်ဗျာ ..."

"အေး ... ပြော ... ငါ့ညီ"

"ဟိုလေ ... ဘီလူးကုန်းရွာဆိုတာ ရှိလားဟင်"

"ရှိတယ်"

"ဗျာ ... ဟို ... ဟို ... ဂဝံကျောက်ဘီလူး ဂူမှာန်ရော တကယ်ရှိလားဗျာ ... ဟင်"

"ရှိတယ်"

"ဟို ... ဟို ... ဒေါ်ရွာသူဆိုတဲ့ အဘွားကြီးရော ... ရှိ ... ရှိတာပဲလား ဟင်"

"ရှိတယ်"

"ဗျာ ... ဒါဆို ကျွန်တော့်အသည်းနှလုံးကို ထုတ်ပြီး ကျွေးဖို့ ဘီလူးလိုလူကြီးက မြင်းနဲ့လိုက်တာရော အဲဒီလူရော တကယ်ရှိလားဟင်"

"မရှိဘူး"

"ဗျာ ..."

"မင်းပြောတဲ့ ဇာတ်လမ်းက အခု ရုပ်သေးပွဲမှာကတဲ့ တာနောသဏ္ဍာ ဘီလူးဇာတ်နဲ့တူသလို၊ မနေ့ညက ပြသွားတဲ့ ဝိဓူရဇာတ်လမ်းနဲ့လည်း တူနေတယ်။ မင်းများ ရုပ်သေးပွဲက ဘီလူးဇာတ်ကိုကြည့်ပြီး အိပ်ပျော်ရင်း အိပ်မက်တွေမက်၊ အဲဒီအိပ်မက်အကြောင်း ပြန်ပြောနေတယ်လို့ ထင်ရပေမင့် ..."

"ကျွန်တော် ..."

"မင်းပြောတာ အိပ်မက်မဟုတ်ဘူး။ တကယ်ဖြစ်ခဲ့တာ"

"ဗျာ ... ဒါဆို သူ ... သူတို့ ရှိနေတာပေါ့ ... ဟုတ်လား။ အဲဒီ ဘီလူးကုန်းရွာက ဘယ်လောက်ဝေးလဲဟင် ... အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဒီရွာကနေ သွားရင် သုံးနာရီလောက် လှည်းစီးသွားမှ ရောက်တယ်။ တောကျောက်စရစ်ကုန်းအရပ်ကွ။ ကျတ်တီးကုန်းလို့ ခေါ်တယ်။ အပင်စိုက်ရခက်တဲ့ အရပ်ပဲ။ မင်းမြင်ခဲ့သလို ဂုမ္ဘာန်ဆိုတဲ့ ဂဝံဘီလူး မရှိဘူး။

"ဗျာ ... ရှိတယ် ... အစ်ကိုရ။ ကျွန်တော့်ကို ... စတေး ..."

"ဂဝံဘီလူးရုပ်တုနေရာမှာ ပြုံကျနေတဲ့ ဘီလူးအကျိုးပုံပဲ ရှိတယ်"

"ဗျာ ..."

"မင်းတွေ့ခဲ့တဲ့ ဒေါ်ရွှာသူဆိုတာ ရှိတယ်"

"ရှိတယ် ... ဟုတ်"

"သူ့နာမည်က ဒေါ်ရွှာသူ မဟုတ်ဘူး။ သူ့နာမည်က ဒေါ်မြယာရိုးတဲ့။ သူက ..."

"သူက ဘာဖြစ်တုံး ... အစ်ကို ဟင်"

"သူက ပညာသည်"

"ဗျာ ..."

"ပညာသည်တောင် ဆယ့်နှစ်ကြိုးကဝေမကြီး"

"ဟင် ..."

"ဦးယက္ခဆိုတဲ့ မျက်နှာရှည်ကြီးက ဒေါ်မြယာရိုးရဲ့ ယောကျ်ားပဲ။ သူ့က ကိုးသချိုင်းမှော် အောင်ထားတာ။ သူက အာဋာဝကဆေး စီရင်ထိုးပေးတဲ့ နေရာမှာ ဆရာတစ်ဆူပဲ။ တစ်ရွာလုံး အာဋာဝကဆေး ထိုးပေးတယ်။ တစ်ရွာလုံး ရှိလူမှ အိမ်ခြေ ဆယ်အိမ်၊ ဆယ့်ငါးအိမ်နဲ့ လူသုံးဆယ်လောက်ပဲ ရှိတယ်။ အကုန်လူကြမ်း။ လူရမ်းတွေကွ။ မင်းကို လူစိမ်းမှန်းသိလို့ သူတို့ပညာနဲ့ မင်းကို ပြုစားလိုက်တာ။

ဒီကဝေမကြီးက အရမ်းကြောက်စရာကောင်းတယ်။ မာတ်သိတွေကိုတော့ သူ့ပညာနဲ့ လှည့်စားလေ့ မရှိဘူး။ လူစိမ်းဆိုရင်တော့ ရှုးအောင် ပညာနဲ့ ဖမ်းစားလေ့ရှိတယ်။ ဒီရွာကို ရောက်သွားတဲ့ အောက်လမ်းဆရာတစ်ယောက် သေသွားတယ်။ ယောကျ်ားနှစ်ယောက်နဲ့ မိန်းမသုံးယောက်လည်း ရူးသွပ်စိတ်နောက်သွားဖူးတယ်။

မာတ်သိတွေကတော့ အဲဒီအာဋာဝကရွာကို ခြေဦးတောင် မလှည့်ကြဘူး။ အဲဒီရွာက ဆေးမင်ကြောင် ဘီလူးရုပ်နဲ့ လူတွေနဲ့လည်း ဘယ်တော့မှ ရန်မဖြစ်ရဲကြဘူး။ အရမ်းမိုက်ကန်းတဲ့ ကောင်တွေရှိတယ်။ သူတို့ကို တို့ရွာက ယောကျ်ားတွေ အုပ်စုဖွဲ့ပြီး ဓားနဲ့လိုက်ခုတ်ဖူးတယ်"

"ခုတ်လို့ရလား"





"မီးနေသည်ရဲ့ ပထမဦးဆုံး မွေးထားတဲ့ဓားရင်းမှာချည်ပြီး လိုက်ခုတ်တာ ပြေးရောကွ။ ငါတို့ရွာသားတွေကိုတော့ အာဋာဝကတွေ နည်းနည်းရှိန်တယ်။ အဲ ... သူတို့ဆရာကြီး ကဝေမယောကျ်ား ဖျန်ဖြေလို့ ပြဿနာ သိပ်မကြီးတာ။ သူတို့က သူတို့ရွာထဲဝင်မှ ပြုစားတာ။ အဲဒီစည်းတော့ ရှိတယ်။ ခုချိန်ထိတော့ ဘယ်အရာမှ သူတို့ကို အပြတ်မရှင်းနိုင်ဘူး။ မင်းလည်း မသေ မရူးသွားတာ အရမ်းကံကောင်းတယ်။ မင်းမှာ ဘာကိုယ်ခံဆေးရှိလို့လဲ ... ငါ့ညီ"

"ငယ်ငယ်တုန်းကတော့ အဘိုးဘုန်းကြီးက ခေါင်းမှာ ဘုရားငါးဆူဆေးဆိုတာ ပေါက်ပေးခဲ့ဖူးတယ်"

"အဲဒါကြောင့် မင်း မရူးတာကွ။ မင်းကို လုပ်မရလို့ ဒီနေရာ လာစွန့်ပစ်တာ။ ဒီလိုအကြောင်း မင်းပဲ ပြန်ပြောနိုင်တာပဲ ... ငါ့ညီ။ နောင်ကို အဲဒီရွာဖက်ကို မသွားနဲ့။ အဲဒီရွာက မိန်းမတွေလည်း ရွာသူစုန်းမအဆင့် ရှိကြတာပဲ။

"အေးဗျာ ... အစ်ကိုတို့ ပြောလို့သာ ကျွန်တော် ယုံရတာဗျ။ မျက်စိထဲမှ ခုထိ သူတို့ပြောတာ၊ လုပ်တာတွေ မြင်နေရတုံးပဲ။ ဒါနဲ့ အစ်ကို ဆေးကြိတ်တောင်ဆိုတာရော တကယ်ရှိလား"

"ရှိတယ် ... ဟိုးအရှေ့မှာ"

"ကျောက်ပျဉ်ကြီးဆိုတာကရော"

"ရှိတယ် ... တောင်ပိုင်ကြီး မနန်းစိန်ဆိုသူ စောင့်တယ်လို့ ပြောကြတယ်။ လပြည့်ညမှာ အမေ မနန်းစိန် သနပ်ခါးနံ့သာ သွေးပြီး ဘုရားကို နံ့သာ သနပ်ခါးလှူတာ။ လပြည့်ကျော်တစ်ရက်နေ့ မိုးလင်းချိန် ရောက်အောင်သွားရင် သနပ်ခါးအနှစ်ကျန်တာ ယူလို့ရတယ်။ မိန်းမတွေ ပါးမှာလိမ်းရင် မျက်နှာပွင့်တယ်။ လူချစ်လူခင် များတယ်။ အောက်လမ်းဆရာတွေလည်း သနပ်ခါး လာယူတယ်။ မရဘူး။ တောင်ပေါ်ကနေ ချွေးပြေးဝက်ပြေး ပြေးရတယ်။ ကဝေမကြီး မြယာရိုးတို့လင်မယား အဲဒီ ဆေးကြိတ်တောင်ခေါ် ကျောက်ပျဉ်တောင်ခေါ် သနပ်ခါးသွေး တောင်ပေါ်အထိ တက်လို့မရဘူး။ တောင်တက်ကျောက်လှေကားထစ်ကို တက်လိုက်တာနဲ့ တစ်ကိုယ်လုံး မီးလောင်ဖုကြီးတွေ ထပြီး ယားတာ။ သွေးသံရဲရဲ အရေလန်အောင် ကုတ်ရသတဲ့။ ကိုယ်တိုင်မြင်ခဲ့တဲ့လူ ရှိတယ်ကွ။

သူတို့ အာဋာဝကရွာတစ်ရွာလုံး တက်လို့မရဘူး။ တက်လည်း မတက်ရဲဘူး။ သူတို့ မသန့်တဲ့သူတွေလေ။ ငရဲသွားမည့် အယုတ်တမာတွေလေ။ ဒီမိန်းမကြီးရော၊ သူ့လင်မှော်ဆရာရော၊ အမေနန်းစိန်ရဲ့ ကျောက်ပျဉ်တောင်ပေါ် သုံးဝ တက်မရတော့ တက်လို့ရတဲ့လူတွေဆီက ရလာတဲ့ သနပ်ခါးအနှစ် နံ့သာနှစ်ကို ပိုက်ဆံပေးပြီး ဝယ်ရတယ်။ ပိုက်ဆံရတော့ ရောင်းတဲ့လူက ရောင်းတာပဲ။ ရောင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မိန်းမ၊ ယောက်ျားဟာ နောက်တစ်ကြိမ် လပြည့်ကျော်တစ်ရက်နေ့ ဆေးသနပ်ခါးသွားယူရင် သနပ်ခါး နံ့သာ မရတော့ဘူး။ ရခဲ့လို့ သနပ်ခါးဆိုရင် သနပ်ခါးရနံ့မရှာဘဲ ချွေးစော်နံနေရော။ နောင်တော့ ဒေါ်မြယာရီးတို့လင်မယား ဘယ်သောက် ဈေးကောင်းပေးပေး မရောင်းတော့ဘူး''

''အဘွားကြီးက ဒီဆေးသနပ်ခါးကို လိမ်းတာလားဗျ''

''သူ့ရုပ်က ရှုံ့တွ ပိန်ခြောက်နေတာ မင်းမြင်ခဲ့ပြီးပြီလေ။ ဒီအသက်ဒီရွယ်ကို အမေနန်းစိန်သွေးတဲ့ ဆေးသနပ်ခါးမပြောနဲ့ ဘွိုင်လာထဲထည့်ပြီး မီးတိုးပေါင်းတင်ရင်တောင် မလှတဲ့ မဖွေးတဲ့အပြင် ကျက်သရေ ပိုယုတ်မှာ သေချာပြီသားပဲ။ သူ့ယောက်ျား အောက်လမ်းမှော်ဆရာက ပီယမှော်စီရင်ဖို့ ဝယ်တာကွ။ ငါတို့သိရသလောက်တော့ အာဋ္ဌာဝကရွာက ပြန်ထွက်လာရင် ရူးသွားတာချည်းပဲ။ မင်းကတော့ ဘုရားငါးဆူဆေး အုပ်ထားလို့ ရူးအောင် သေအောင် လုပ်မရလို့ ဒီနေရာ လှည်းနဲ့ လာစွန့်တာ။ နောင်ကို အဲဒီအရပ် ယောင်လို့တောင်သွားနဲ့။ အဲဒီအရပ်ကို ဘုန်းကြီးတောင် ဆွမ်းခံမကြွဘူးကွ''

ကိုသာဟန်တို့ ရုပ်သေးပွဲလာများ အကြောင်းစုံ ပြောပြမှ ကျွန်တော်ကြွက်သီးတွေထ ခေါင်းနားပန်းတွေ ကြီးသွားခဲ့တယ်။

ဒီနေရာက အာဋ္ဌာဝကရွာတဲ့။

ပညာသည် ဒေါ်ရွှာသူကြီး (ခေါ်) ဒေါ်မြယာရီးနဲ့ သူ့ယောက်ျား မှော်ဆရာအောက်လမ်းဆရာနေတဲ့ အိမ်စုတဲ့။

အိပ်မက် မက်ခဲ့သလို အံ့သြစရာပါဗျာ။

ဒါဆိုရင် သူတို့ လှည့်စားဖျားယောင်းတဲ့ မကောင်းဆိုးဝါး ပညာတွေဟာ အတော့်ကို တတ်တာပါလား။ ကျွန်တော် ကံကောင်းခြင်းကို အကြောင်းပြုပြီး ငယ်စဉ်က ဘုရားငါးဆူဆေးအုပ်ပေးခဲ့တဲ့ ဂိုဏ်းဆရာအဘိုးကို ကျေးဇူးတင်လွန်းလို့ လက်အုပ်ချီ အာရုံပြု ကန်တော့လိုက်တယ်ဗျာ။

ဒီညတော့ ကိုသာဟန်တို့လူစုနဲ့ အချိန်ကုန်ပစ်လိုက်တယ်။ စားသောက်လို့ ကုန်ကျတာကိုလည်း အကုန်ရှင်းပေးခဲ့လိုက်တယ်။

ကျွန်တော် ကြုံခဲ့ရတဲ့ ဘီလူးဂုမ္ဘာန်နဲ့ သူ့မယား ရှင်ရွှေမင်းစုန်ရဲ့အဖြစ်တွေက ...

အိပ်မက် (သို့မဟုတ်) ပညာသည် လှည့်စားခဲ့တာ အမှန်ပဲလား။ နောက်ဆုံး ကျွန်တော်သိလိုက်တာက ဂုမ္ဘာန်ဆိုတဲ့ ဘီလူးရုပ်တုက အသက်ဝင်ပြီး သူ့ခြေထောက်ကြားမှာ ပက်လက်ဖြစ်နေတဲ့ ကျွန်တော့်ရင်ဘတ်ကို သန်လျက်နဲ့ ထိုးခွဲလိုက်တာ။





ဘဝမေ့တဲ့ မယားမိုက်တဲ့ ရေကြည်တစ်ခွက်အစား နှလုံးသွေးတို့ သောက်ဖလို့ သန်လျက်နဲ့ ထိုးခွဲလိုက်တာ ...

သို့သော် ...

ကျွန်တော် သတိရလို့ အော်လိုက်ချိန်က ...

ရုပ်သေးပွဲက လှည်းတစ်စီးနဲ့ လှည်းဒေါက်ကြားမှ အိပ်ရင်း လှည်းဒေါက်ပြုတ်၊ လှည်းတံပိုးကြီး ရင်ဘတ်ပေါ် ပြုတ်ကျလို့ ရင်ဘတ်အရေပြားပြဲသွေးထွက်နေတာ။

အံ့သြစရာပါလား။

က,နေတဲ့ ရုပ်သေးပွဲကလည်း တာနောယက္ခဘီလူးဇာတ်ကို ကနေတာတဲ့။ မနေ့က ဝိဓူရနဲ့ ပုဏ္ဏကဘီလူးဇာတ်ကို ကခဲ့သတဲ့။

ဒီနေ့ညကနေတဲ့ တာနောယက္ခဘီလူးက သစ္စာမဲ့တဲ့ လူမိန်းမကို ရင်နာလို့ ပေါက်ကွဲနာကျည်း လွမ်းတဲ့ဇာတ်။ မနေ့ညက ဒီနေရာမှာပဲ ကခဲ့တဲ့ ဝိဓူရဇာတ်က နဂါးမိဖုရားက ဝိဓူရပညာရှိသူတော်ကောင်း အမတ်ကြီး၊ မယားနဲ့ သားသမီးတွေအပေါ် ချစ်မြတ်နိုး တာဝန်ကျေခဲ့တဲ့ အမတ်ကြီး။ တိုင်းပြည်က လေးစားတဲ့ ဝိဓူရအမတ်ကြီး အသည်းနှလုံးကို စားသောက်သုံးဆောင်မှသာ စိတ်ချမ်းသာရပါလိမ့်မယ်လို့ လင်တော်မောင် နဂါးမင်းကို ပြောလို့ ...

သားမက်လောင်းဖြစ်လာမည့် ...

ပုဏ္ဏကဘီလူးကိုလွှတ်ပြီး ဝိဓူရကို အရယူဆောင်နိုင်းတာ။ ပုဏ္ဏကဘီလူးက ရှင်ဘုရင်နဲ့ ကြွေအန်ကစားကြတယ်။ အရှင်မင်းကြီးနိုင်သော် ကျွန်ုပ်၏ မနောမယပတ္တမြားကို ယူပါ။ ကျွန်ုပ်နိုင်သော် အမတ်ကြီးဝိဓူရ ကျွန်ုပ်ဆောင်ရာသို့ လိုက်ခဲ့ရပါမည်လို့ လောင်းကြေးကတိ ထပ်ကြတယ်။

ကြွေအန်ကစားတော့ ရှင်ဘုရင် ရှုံးခဲ့တယ်။

ပုဏ္ဏကဘီလူးက နတ်မြင်းပျံအမြီးနဲ့ ဝိဓူရအမတ်ကို ချည်နှောင်ပြီး ဝိဓူရသူတော်ကောင်းအမတ်ကြီးသေဆုံးအောင် တောင်စဉ်ခုနစ်ထပ်နဲ့ တိုက်သတ်ခဲ့တယ်။

ဘုရားနှလုံးသွင်းနေတဲ့ ပညာရှိသူတော်ကောင်းအမတ်ကြီး ဝိဓူရကို တောင်စဉ်တောင်စောင်းတွေနဲ့ တိုက်သတ်လည်း မသေခဲ့ဘူး။ ဝိဓူရသေရင် အသည်းနှလုံးကို ထုတ်ယူပြီး ချစ်သူရဲ့မယ်တော် ယောက္ခမကြီးကို မျက်နှာအားရ ဆက်ချင်လို့ ...

ဘုရားရေ ...

ကျွန်တော့်ကိုလည်း လည်ပင်းကြိုးချည်ပြီး မြင်းနဲ့ တရွတ်တိုက်ဆွဲခဲ့တာ ...



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတွေက တိုက်ဆိုင်လှချည်လား။

ဟုတ်ကြရဲ့လား။

ကျွန်တော် ပင်ပန်းနွမ်းလျ အိပ်ပျော်ပြီး အိပ်မက်ဆိုးတွေ မက်ခဲ့တာလား။

သို့သော် လှည့်စားဖန်ဆင်းတတ်တဲ့ အတတ်ကို တတ်မြောက်ကျွမ်းကျင်တဲ့ ဆယ့်နှစ်ကြိုးကဝေမိန်းမကြီး အမှန်တကယ် ရှိနေတယ်လို့ အတိအကျ ပြောနေကြပြီ။

အံ့သြစရာကောင်းလိုက်တာ။

အကြောင်းတွေက တိုက်ဆိုင်လိုက်တာ။

ရှေ့ခရီးမှာ ကျွန်တော် တာနောယကဘီလူး ဖြစ်မှာလား။ ဝိဓူရအမတ် ဖြစ်မှာလား။ ပုဏ္ဏကဘီလူးနဲ့ရော ထပ်တွေ့ဦးမှာလား။

တာနောယက္ခရဲ့ ချစ်ဇနီး သမုခသီဂီမင်းသမီးရော၊ ဝိဓူရမိုရ်နောက်ကို လိုက်သွားမှာလား။

သူ့နေရပ် နေပြည်တော်ကို ပြန်သွားပြီး သူ့ငယ်ချစ်နဲ့ ဇာတ်ပြန်ပေါင်းမှာလား။

ကျွန်တော် တာနောယကဘီလူးလိုလည်း မလွမ်းချင်၊ စိတ်မနာချင်။ ပုဏ္ဏကဘီလူးလိုလည်း မိန်းမရဖို့ သူတော်ကောင်းကို မရက်စက်ချင်။

ကျွန်တော် ဝိဓူရအမတ်လိုလည်း ခန္တီပါရမီ မကျင့်နိုင်။

လရောင်စိုနဲ့ ပတ်သက်လာလျှင်မူ . . .

တာနောယက္ခနှင့် ပုဏ္ဏကတို့ကို ရင်ဆိုင်စီးချင်းထိုးဖို့ သတ္တိတွေ အသွေးအသားထဲမှာ လှိုင်းထနေဆဲပါဗျာ။

✿ ✿ ✿



[၃၆]

❑

ကျွန်တော် မြို့ရွာအတော်များများကို ရောက်ခဲ့ပြီးပြီ။

ကျွန်တော် ရှေ့ကို သွားရာကနေ နောက်ကို ပြန်စုန်ခဲ့လိုက်တယ်။ ဒီလိုနဲ့ မိကျောင်းပေါ်ချောင်းကို ပြန်ရောက်သွားခဲ့တယ်။

ကိုပေ၊ ကိုငွေ၊ မုဆိုးကိုကြိုင်နဲ့ လှေသမားသံခဲတို့ ဘကြီးတောင်ဗိုတို့ရွာကို ပြန်ရောက်သွားခဲ့တယ်။

သူတို့အတွက် ပုဆိုးအင်္ကျီ၊ စွပ်ကျယ် စတဲ့ လက်ဆောင်တွေ ဝယ်သွားပြီး ပေးလိုက်တော့ . . .

သူတို့ ပျော်လွန်းလို့ . . .

ခိုင်ပျားမိန်းမကို ပြန်တွေ့ပြီလားတဲ့။

ရွာကို အလည်ခေါ်ခဲ့ပါဦး . . . ကိုရွှေမင်းစုန်တဲ့။

ခေါ်ကြ၊ မေးကြ၊ ကျွေးကြ။

သူတို့ကျေးဇူးတွေ ကျွန်တော့်အပေါ် အများကြီး ရှိခဲ့ဖူးတယ်။

သူတို့ လှေနှစ်စီးနဲ့ မိကျောင်းပေါ်ချောင်းတစ်လျှောက် လရောင်စိုကို ရှာပေးကူညီခဲ့တယ်။ ကျွန်တော့်အသက်ကို ကယ်ခဲ့ကြတယ်။

ချစ်သူ လရောင်စိုကို မတွေ့သေးဘူး။

www.burmeseclassic.com



တွေ့ပြန်တော့လည်း လွဲခဲ့ရတဲ့ကောက်ကြောင်းတွေ ပြောကြတော့။ သူတို့ ဝမ်းနည်းသွားကြတယ်ဗျာ။ သူတို့ ကျွန်တော့်လိပ်စာကို ယူထားကြတယ်။

တွေ့ရင် ခေါ်ယူစောင့်ရှောက်ထားပါမယ်တဲ့။

ကျွန်တော် လရောင်စိုရဲ့ဓာတ်ပုံကို ထုတ်ပြခဲ့တယ်။ ပြီး သူမရဲ့ မျက်နှာမှာ ဓားခုတ်ရာလို ဒဏ်ရာအမာရွတ်တွေ ရှိနေတယ်လို့ ပြောပြတော့ . . .

သူတို့ စိတ်မကောင်းကြ။

ဒါနဲ့အတူ ဒီလို ရက်ရက်စက်စက် လုပ်ခဲ့တဲ့လူကို တွေ့ရင် သူတို့ ငြှိုးသိလိုက်မယ်လို့ ပြောကြရဲ့။

ကျေးဇူးပါပဲ။ ဘကြီးတောင်ပို့တို့၊ ကိုပေ၊ ကိုငွေတို့၊ ကိုကြိုင်တို့ရယ်။

ကျွန်တော် သူတို့နှုတ်ဆက်ပြီး ပြန်ထွက်ခဲ့တယ်။

သွားရင်း လေ့ဆိပ်၊ မော်တော်ဆိပ်၊ ကားဂိတ်၊ မြင်းလှည်းဂိတ်နဲ့ လူစည်ကားတဲ့ မြို့ဈေး၊ တောဈေးတွေမှာ လိုက်လံရှာဖွေ စုံစမ်းခဲ့တယ်။

ကျွန်တော့်စိတ် လျှော့ချရမလို ဖြစ်နေပြီ။

သည့်နောက် ခြေဦးတည့်ရာ လျှောက်သွားရင်း ဝါးခုတ်သမားကြီး ကိုသျှောင်ကြီးရှိရာ ဆင်အော်သံရွာကို လာခဲ့လိုက်တယ်။ သူ့ကျေးဇူးရှိတယ် လေး သူက လရောင်စိုကို ဝါးတောထဲမှာ ပထမဦးဆုံး တွေ့ခဲ့တာ။

လရောင်စိုမှာ အဝတ်အစားမရှိဘူးတဲ့။

ကိုသျှောင်ကြီးက သနားလို့ သူ့ပခုံးပေါ်က ပုဆိုးပိုင်းကို ပစ်ပေးလိုက်တော့ မိန်းကလေးက ခါးမှာပတ်ပြီး ပြန်ထွက်ပြေးတာတဲ့။

ကိုသျှောင်ကြီး ပြန်ပြောခဲ့တာဗျာ။

ပါးမှာ စပယ်တင်မှဲ့တစ်လုံးနဲ့တဲ့။

အဝတ်အစား မရှိတော့ဘူးဆိုကတည်းက ရေစီးနဲ့ မျောပါပြီး ကမ်းတင်နေတဲ့ လရောင်စိုဖြစ်မှာဗျာ။ လရောင်စိုဆိုတာ သေချာနိုင်လို့ ကျွန်တော်နဲ့ ကိုသျှောင်ကြီး တောနင်းရှာခဲ့ကြတယ်။

မိန်းကလေးကို မတွေ့ဘူး။

စုတ်ပြတ်နေတဲ့ ပုဆိုးပိုင်းအစတွေနဲ့ . . .

ကျားခြေရာ၊ လူခြေရာတွေပဲ တွေ့ခဲ့ရတယ်။

ဒီတုန်းက လရောင်စိုသေပြီလို့ ယူဆကြပေမင့် . . .

ကျွန်တော် မယုံခဲ့ဘူး။ မြေအနံ့ ခြေဆန့်ရှာခဲ့တယ်။ တွေ့ပြန်တော့ လရောင်စိုက ထွက်ပြေးရှောင်ပုန်း။

ကျွန်တော် ကိုသျှောင်ကြီးတို့ရွာထဲ ဝင်လာတော့ ဦးစွာ လှမ်းနှုတ်ဆက် သူက အသားမည်း၊ သွားခေါ် မဖြူဖွေးပဲဗျ။





"ဟော့ . . . ဟော့ . . . နေပါဦး . . . ရှင်က ဟိုအရင်တစ်ခါတုန်းက ဒီရွာကို လာတဲ့ ဟိုဒင်းမဟုတ်လား ဟင်"

"မဖြူဖွေး . . . ကျွန်တော်ပါပဲဗျာ"

"အမလေးတော် . . . တစ်ခါတည်း ပျောက်သွားလိုက်တာ ကိုအရှာ ရယ်။ ကျုပ်မှာ စားလည်းသတိရ၊ သွားလည်းသတိရ၊ အိပ်ရင် ပိုသတိရ . . . ပိုသတိရ . . ."

"ကျေးဇူးတင်ပါတယ်ဗျာ"

"အိမ်သာတက်ရင်လည်း . . ."

"ဟာ . . . မဖြူဖွေး ခင်ဗျား သတိရပုံက နံလိုက်တာဗျာ"

"အပေါ် . . . ဟုတ်ပတော် . . . အိမ်လိုက်ဦးလေ။ ရှင် ဘာကြိုက်လဲ ကြိုက်တဲ့ဟင်းကို ချက်ကျွေးမယ်တော်။ ကျွန်မအိမ်မှာ ရှင်ကြိုက်သလို နေတော့ ကျွန်မလေ ရှင့်ကို . . ."

"မဖြူဖွေး . . ."

"တကယ်ပြောတာပါတော်"

"မဖြူဖွေး . . . ကိုသျှောင်ကြီး ရှိသေးလား"

"သျှောင်ကြီး . . . ဟုတ်လား"

"ကျုပ် . . . ကျုပ်ကိုတော့ . . . သာ . . . သတိ . . . မရဘဲ . . . သျှောင် သျှောင်ကြီးကိုတော့ . . . ဟောတော့ . . . ညှော်သည် . . . ညှော်သည် . . ."

ပဲပြုတ်သည် မဖြူဖွေးရစ်နေလို့ စိတ်မရှည်တော့ဘဲ ကိုသျှောင်ကြီး ဝါးဒိုင်ရှိရာကို တန်းလာခဲ့လိုက်တယ်။

နောက်မှာတော့ ပဲပြုတ်သည် မဖြူဖွေးရဲ့ ခုနစ်သံချီ ကျွန်တော် ရွာထဲ ရောက်နေကြောင်း သတင်းလွှင့်သံကို ကြားနေရတယ်။

"ဗျို့ . . . ကိုသျှောင် . . . ကိုသျှောင်ရှိလားဗျို့"

"အိမ်ရှေ့က ဘယ်သူတုံးရှင့်"

အလို . . . အိမ်နောက်ဘက်က ပြန်မေးတဲ့ မိန်းမသံဗျ။

"ကျွန်တော် ကိုသျှောင်ကြီး မိတ်ဆွေပါ။ ကိုသျှောင်ရှိလားခင်ဗျ"

"ရေချိုးနေတယ်ရှင့်။ ဘယ်သူတုံးတဲ့"

"ကိုရွှေမင်းစုန်လို့ ပြောပါဗျာ"

စကားလည်း ဆုံးရော ရေစိုရွှဲနဲ့ ခေါင်းတုံးပြောင် ကိုသျှောင်ကြီး ရောက်လာပါရော။

"ကိုစုန် . . ."

"အစ်ကိုသျှောင်ကြီး . . . နေကောင်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့လူရာ … မျှော်လိုက်ရတာကွ … ချီးမှုပဲ။ ခုမှ ရောက်လာတယ်။ အိမ်ပေါ်တက်ကွာ … မချစ်ရေ …"

*"ရှင် … အစ်ကို"*

"ငါ့ညီ ရောက်လာတယ်။ ဟင်းရာ စီစဉ်ထား"

"ဟုတ်ကဲ့ရှင့်"

"ကိုသျှောင် …"

"အေး … ဘာတုံး"

သူက ပုဆိုးလဲရင်းက 'အေး … ဘာတုံး' တဲ့။

"နောက်ဖေးက ဟုတ်ကဲ့ရှင့်က ဘယ်သူတုံးဗျ"

"အဟီး …"

"အဟီးဆိုတာ အဲဒီအစ်မနာမည်လားဗျ"

"ခွီးမှုပဲ … ငါ့ကောင်ရာ။ 'အဟီး'က မိန်းမနာမည် ဖြစ်မလားကွ … မြို့သားရေ"

"ဒါဖြင့် နာမည်က ဘယ်လိုခေါ်တုံး"

"အဟေး … တဲ့ကွာ"

"ဟား ဟား ဟား ဟား ဟား ဟား … ကိုသျှောင် ခင်ဗျားပြောမှ နာမည်က ပိုလှနေပါလားဗျ ဟင်။ နေပါဦး … အဲဒီ 'အဟေး' … အဲ … အဲ … အဲဒီအစ်မက ခင်ဗျားနဲ့ ဘာတော်တုံးဗျ"

"အဟီး"

"လုပ်ပြန်ပြီ … အဟီးတဲ့။ နွားမကြီး မီးဖွားကာနီး ညှစ်တဲ့အသံမျိုးကြီး"

"ငါ့လူရ … မင်းပြောမှ ငါ ဗိုက်နာလာပြီဟေ့ … ဟား ဟား ဟား ဟား ဟား"

"ခင်ဗျား ညီမလား"

"ဟုတ်ဘူးကွ"

"ဒါဆို သူက"

"ငါ့မိန်းမကွ … အဟီး"

"ဗျာ … ခင်ဗျား မိန်းမရနေပြီ … ဟုတ်လား"

"အဟီး … အဟေး … အဟတ် … သူက ငါ့ကိုမှ မရရင် သတ်သေမယ်လုပ်လို့ပါကွ"

သူက ခပ်တိုးတိုးပြောတာ။





"ကိုသျှောင် … ခင်ဗျားပြောတော့ မိန်းမဆိုတာ မရှိမကောင်း ရှိမကောင်း … မပေါင်းလည်းခက်၊ ပေါင်းလည်းခက်တယ်ဆိုဗျာ"

"အဟီး … ဒါ … ဒါကတော့ကွာ … စာထဲမှာ ပြောတာပါကွ … အဟီး …"

"ခင်ဗျားပဲ ကျုပ်ကို ဆိုပြထားသေးတယ်လေဗျာ။ ဘာတဲ့ … အဲ … အဲ … မိန်းမဆိုတာ အတက်ရှည်လာရင် …"

"ဟေ့ကောင် … ဘာတွေ ဆိုနေတာလဲကွာ။ မိန်းမဆိုတာ ဆောင်းလေပမာ ညီပါကွာ။ မင်းနဲ့ကျမှ အတက်ရှည်တယ်လို့ကွာ။ အတက်ရှည်တာ မဟုတ်ဘူးကွ၊ အမောက်ထောင်တာဟေ့ … ဗွီ …"

"အဲ … အဲ … ဟုတ်တယ် … အဆိုတော် ချဉ်ပေါင်ပင်ဆိုတဲ့သီချင်း ဟုတ်တယ်နော်"

"ဟေ့ကောင် … မြို့သား၊ အဆိုတော်ချဉ်ပေါင်ပင် မဟုတ်ဘူးကွ။ ခင်မောင်ရင် … ခင်မောင်ရင် … မင်းသား ခင်မောင်ရင်ကွ။ သွားပါပြီကွာ … သွားပါပြီ"

"ဆောရီးဗျာ … ဘာတဲ့ … မိန်းမဆိုတာ ဆောင်းလေပမာညီ …
အတွင်းသဘော၊ မတည်ကြည်၊ ပြောင်းလဲတတ်သည်လို့ …
ဆိုပြတာ ဒီနေရာမှာလေဗျာ"

"အဲဒီတုန်းကွ မိန်းမ လင်နောက်လိုက်သွားလို့ စိတ်နာပြီး ဆိုပြတာဝါကွာ။ အခု မိန်းမအသစ်ပြန်ရတော့ သီချင်းပြောင်းသွားပြီ … ငါ့လူရ"

"ဟုတ်လား … ဘယ်လိုသီချင်း ပြောင်းဆိုတုံးဗျာ … လုပ်ပါဦး"

"ဖြူဖြူဖွေးဖွေး ရေဆေးငါးလို လှနိုင်ရှာသူရေ …"

ဒီအချိန်မှာ နောက်ဖေးဆောင်ဘက်က အသံထွက်လာပါရော။

"ကိုရင်သျှောင်တော့ …"

"အေ … မိန်းမ ဘာတုံးဟဲ့။ ပြောလေလို့ …"

"တော် … ညစာ ဝတ်ချင်လို့ ရေဆေးငါး လုပ်နေတာလား … ဘာတ်လား"

"ဟုတ်ပါဘူး … ညီမရယ်၊ ငါ့ညီက ငါးအတုံးကြီးကြီးပေါင်းတာ ကြိုက်တယ်လို့ ပြော … ပြောလို့ပါကွာ … အဟီး"

"ရှင် … ဝတ်သွားမယ်နော်"

"အေးပါ … အစ်ကိုညီမလေးက လိမ္မာရဲ့သားနဲ့ အဟီး …"

အတော်ကို အူရွှင်နေတာပါဗျာ။ ကိုသျှောင်ကြီး ဒီလိုပျော်နေတာ မြင်ရတော့ ကျွန်တော် ဝမ်းသာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုတွေ့တာတုံးဗျ ... အစ်ကိုသျှောင်ရ"

"အားကျလို့လား"

"အပ်ဟီး ..."

"အမ်မယ် ... မင်းတောင် ငါ့'အပ်ဟီး'ကို ကြိုက်နေပြီလား"

"ရော့ ... ဒါ အစ်ကိုသျှောင်ဖို့ လက်ဆောင်"

"ဘာတွေတုံး ... ငါ့ညီရ ဟင်"

"ဒါက ရခိုင်ပုဆိုး"

"ဟော ..."

"ဒါက ထက်ထရွှန်အင်္ကျီလက်ရှည်"

"ဟော ..."

"ဒါက မျက်နှာသုတ်ပဝါ၊ အစ်ကို့ဖို့ ယူဗျာ"

"ညီ ... လေး ..."

သူက ကျွန်တော့်ကို ကြည့်ပြီး တည်ငြိမ်တဲ့လေသံနဲ့ ခေါ်လိုက်တာ။

"အစ်ကိုသျှောင် ..."

"ဘာလို့ ဝယ်လာရတုံး ... ငါ့ညီရာ၊ ငါ့ညီဝတ်မှပေါ့။ ဟာ ... သတိ ပြီး လက်ဆောင်ဆိုလို့ ငါသတိရပြီဟေ့ ... ညီလေးရ"

"ဘာတုံး ... အစ်ကိုသျှောင်"

"သူ ... သူ ... လာသွားတယ်ကွ ... လာသွားတယ်"

"ဘယ်သူတုံး ... အစ်ကိုရ"

"မင်း ... မင်း ... ကောင် ... ကောင်မလေး"

"ဗျာ ... ဘယ် ... ဘယ်သူဗျ ... ဘယ်သူ"

"ဟို ... ဟို ... လ ... ရောင် ... စို ..."

"ဗျာ ... ကျွန်တော့် ... ချစ်သူ လရောင်စို"

"ဟုတ်တယ်ဗျာ"

"အ ... အစ်ကို ... ပြောစမ်းပါဗျာ ... သူ့ကို ကျွန်တော် လိုက်ရှာနေတာ နှံ့နေပြီဗျ။ သူ ... သူ ဘယ်တုန်းက လာခဲ့တာတုံး မြန်မြန်ပြောပါ ... အစ်ကိုသျှောင်ရာ"

"နားထောင်ကွာ"

"အဲဒီအချိန်တုန်းက ငါနဲ့ မချစ် မညားသေးဘူးကွ။ ဝါးအော်ဒါမှာထားလို့ တောထဲဝင် ဝါးခုတ်နေတာ။ လူငှားနှစ်ယောက်ပါ ငှားထားရတယ်။ ငါက ဝါးလုံးရေ နှစ်ထောင်တောင်မှာထားတော့ မိုးလင်းကသွား ညနေမှ အိမ်ပြန်ရောက်တယ်ဟေ့"





တစ်နေ့ ငါတို့ ဝါးအတော်များများ ခုတ်ပုံပြီးလို့ တောထဲကနေ စောစော ပြန်လာခဲ့ကြတယ်။

ငါလည်း အိမ်ရောက်တော့ ခြံတံခါးပွင့်နေတာ မြင်ရတယ်။

ဘယ်သူများ ရောက်နေလဲမသိ။

ဝါးကုန်သည်တွေများ ရောက်နေကြလို့လား။

ဝါးခုတ်ဓားမ ကိုင်ပြီး အိမ်ပေါ်တက်မလို့ လုပ်တော့ အိမ်ပေါ်မှာ အမျိုးသမီးတစ်ဦး ကျောတစောင်းနဲ့ ထိုင်နေတာ မြင်ရတယ်။ ဝတ်ကောင်းစားလှနဲ့ကွ။ အဝါရောင် ပိုးသားပဝါ ခေါင်းကနေအုပ်ပြီး မေးစေ့မှာ သိုင်းချည်ထားတယ်။

"ဧည့်သည်ရောက်နေတာလားခင်ဗျ"

"ဟုတ်ကဲ့ရှင့် ... အစ်ကိုကြီး မတွေ့တာနဲ့ ထိုင်စောင့်နေတာ ခွင့်လွှတ်ပါရှင်"

သူ့အနီးမှာ လွယ်အိတ်တစ်လုံးနဲ့ ပစ္စည်းထုပ်တွေလည်း ရှိသကွ။

"ခင်ဗျားက ... ဘယ်သူတုံး"

အမျိုးသမီးက ငါ့ဘက်ကို လှည့်လိုက်တယ်။

မြင်ဖူးသလိုလို စိတ်ထဲမှာ ခံစားရတယ်ကွ။

ဘယ်မှာ မြင်ဖူးသလဲမသိဘူး။ အရွယ်ကောင်းနုပျို၊ ကိုယ်လုံးကိုယ်ပေါက် ချောင်းကျကျ၊ အသားဖြူဖြူလေးဟေ့။

"အစ်ကိုကြီးကို လာကန်တော့တာပါ"

သူက ငါ့ရှေ့မှာ ပစ္စည်းထုပ်ကြီးချပြီး ကန်တော့ ငါရော၊ ငါ့လူရော မျက်နှာကို ပိုးပဝါသိုင်းပေါင်းထားတော့ ဘယ်သူမှန်း စဉ်းစားလို့မရဘူး။

ဒီလို အရွယ်ကောင်းမိန်းကလေးအသိ ငါ့မှာလည်း မရှိဘူး။ ငါ သူ့ကို ဆုတ်သမျှ မှတ်သမျှ ဆုတွေ ပေးနေတယ်။

အသက်ရှည်ပါစေ၊ ကျန်းမာပါစေ။

စီးပွားဥစ္စာတွေ ဒီရေအလား တိုးပွားပါစေ။

အလှူရေစက် လက်နဲ့မကွာ လှူဒါန်းနိုင်ပါစေ။

သူ အအိုလား၊ အပျိုလား မသိတော့ လင်နဲ့သားသမီးနဲ့ အသက်ထက် ဆုံး ကျန်းမာချမ်းသာစွာ နေရပါစေလို့ ဆုမွန်ပေးဖို့ ခက်နေတာပါ။

"နှမလေး ..."

"ရှင် ..."

"မင်း ငါ့ကို ကန်တော့ပစ္စည်းတွေနဲ့ ကန်တော့တာတော့ ဟုတ်ပါပြီ။ မင်းကို ငါလည်း မမြင်ဖူး၊ မသိဖူး ဖြစ်နေတယ်။ မင်းနာမည် ဘယ်လိုခေါ်တုံး



www.burmeseclassic.com

www.burmeseclassic.com



ခင်း ဘယ်မြို့ကလာတာတုံး။ ငါ့ကို ဘယ်လိုသိတာတုံး။ ငါ့နာမည်ရော မင်း သိ[illegible] လား''

''သိပါတယ် ... အစ်ကိုကြီး''

''ငါ့နာမည် ဘယ်သူတုံး''

''ဦးသျှောင်ကြီး ... ဝါးကုန်သည်ပါ''

''မင်းကရော''

''အစ်ကိုကြီးနဲ့ လွန်ခဲ့တဲ့ နှစ်လကျော် သုံးလလောက်တုန်းက ကျွန်[illegible] တို့ တွေ့ဆုံခဲ့ဖူးတယ်လေ''

''ဘယ်မှာ တွေ့ကြလို့တုံး ... နှမလေးရယ် ဟင်''

''ဝါးတောထဲမှာလေ''

''ဘာ ...''

''အစ်ကိုကြီးပေးခဲ့တဲ့ ပုဆိုးပိုင်းအစလေး ကျွန်မ သိမ်းထားတယ် ... ဒီမှာ ...''

''ဟော ...''

မိန်းကလေးက ပလတ်စတစ်အိတ်လေးနဲ့ ထည့်ထားတဲ့ ပုဆိုးစအပိုင်း တစ်တောင်ခန့်အရှည်ကို ထုတ်ပြတယ်။

မှတ်မိပြီကွာ ... ငါ ... မှတ်မိပြီ။

ငါတောထဲမှာ ဝါးသွားခုတ်တုန်းက ကျောက်တုံးတစ်တုံးကို မှီနိုင[illegible] တဲ့ မိန်းကလေး။ ခန္ဓာကိုယ်မှာ အဝတ်အစား လုံးမရှိဘူး။ သူ ငါ့ကိုမြင်တော့ အရမ်းကြောက်လန့်နေတယ်။ သူ့အရှက်ကို လက်ဝါးနဲ့အုပ်ပြီး ထရပ် ကြော[illegible] လန့်နေတာ။

ငါက ဥစ္စာစောင့်လား၊ တစ္ဆေမျှား ခြောက်လှန့်တာလား ထင်နေတာ[illegible] လူမှ လူအစစ်။ ဒီတုန်းက ငါက ပခုံးပေါ်မှာသိုင်းထားတဲ့ ပုဆိုးကို ပစ်ပေးလိုက် တာ။

သူ ပုဆိုးပိုင်းကို ခန္ဓာကိုယ်အောက်ပိုင်းမှာ ကပ်ပြီး ထွက်ပြေးသွားတာ[illegible] သူ့ညာဘက်ပါးပေါ်မှာ မှဲ့နက်လေးတစ်လုံးနဲ့။

''အဲဒါ ... မင်း ... မင်း ... ဟုတ်လား''

''ဟုတ်ပါတယ် ... အစ်ကိုကြီး ... ဒီတုန်းက ကျွန်မ ကြောက်လ[illegible] တုန်လှုပ်နေလို့။ အထူးသဖြင့် ယောကျ်ားသားတွေကို မယုံမကြည် ရွံ့မုန်းနေလို့ မို့ ထွက်ပြေးသွားခဲ့တာပါ။ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ နေကောင်းပြီး ကျန်းမာလာချိန်မှာ အစ်ကိုကြီးရဲ့ စေတနာကို သတိရခဲ့ပါတယ်။ အကြောင်း





ကြောင်းကြောင့် မလာနိုင်ခဲ့ပါဘူး။ အခု ကျေးဇူးတင် သတိရလို့ အစ်ကိုကြီးကို လာကန်တော့တာပါရှင့်''

''ဒါ ... ဒါဆို ... ညည်း ... ညည်း ... အဲလေ ... နှမလေး နာမည် က ... လ ... လ ... ရောင် ... စို ... မ ... မဟုတ်လား။ ဟုတ်တယ်မို့ လား ... နှမ''

''ရှင် ...''

သူ အံ့ဩနေတယ်။

''နှမလေးနာမည် လရောင်စို မဟုတ်လားဟင်''

သူ ငါ့ကိုကြည့်ပြီး အရမ်း အံ့ဩနေတာကွ။

''မင်း ... မင်း ... မိုးကြီးလေကြီးကျတဲ့နေ့က ရေစီးတွေနဲ့ မျောပါ သွားတယ် မဟုတ်လား''

''ရှင် ...''

''လရောင်စို ... နှမလေး''

''အစ် ... ကိုကြီး ... ကျွန်မနာမည်ကို ... သိ ... သိတယ်''

''သိတယ် ... နှမလေး မင်းနာမည် လရောင်စို။ မင်းနေတဲ့မြို့က ရွှေမင်းဝဏ်''

''ရှင် ... ရှင် ... အ ... အစ်ကို ... ဘယ်လိုလုပ်ပြီး ကျွန်မအကြောင်း တွေကို ... သိ ... သိနေတာလဲဟင် ... ဟင်''

''မင်းကို လိုက်ရှာတဲ့ လူတစ်ယောက်ရှိတယ်''

''အို ...''

ဒီလိုပြောလိုက်တော့ သူ အတော်လေး လန့်သွားပြီး မျက်စိမျက်နှာ လည်း ပျက်၊ ဘေးဘီကိုလည်း လှည့်ကြည့်လှည့်ကြည့် လုပ်ရင်းက ငါ့ကို ခပ် တိုးတိုးအသံနဲ့ မေးတယ်။

''ကျွန်မကို လိုက်ရှာတဲ့လူက ဘယ်သူလဲဟင်''

''ကိုရွှေမင်းစုန်''

''ဟင် ... အို ... ဖြစ်ရလေရှင်''

သူ ပြောရင်း မျက်ရည်တွေ စီးကျလာတယ်ကွာ။ ပြီးတော့ တသိမ့်သိမ့် ရှိုက်ငိုနေတယ်။ အဲဒါမှာ ခေါင်းအုပ်ပိုးပဝါ ပြုတ်သွားတော့ သူမမျက်နှာကို ငါ မြင်လိုက်ရရော လန့်သွားတယ်ကွာ။

သူ့နဖူး၊ ဦးခေါင်း၊ နားရွက်၊ လည်ပင်း၊ ပခုံးသားတွေဟာ ဓားလှီးခရာ မျိုးနဲ့ ခုတ်ခံထားတဲ့ အနာရွတ်ဒဏ်ရာတွေ ဖြစ်နေတာပဲကွာ။ မျက်ခုံးပေါ်မှာလည်း ပြတ်ချိုင့်လို့။ သနားစရာပါကွာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ငါက . . . ရွှေမင်းစုန်ဆိုတဲ့သူက လရောင်စိုဆိုတဲ့ မိန်းကလေးကို ခမြို့မြို့ အရွာရွာမှာ လိုက်ရှာစုံစမ်းတဲ့အကြောင်း . . .

သူ့ချစ်သူ လရောင်စို မင်္ဂလာဆောင်တဲ့နေ့က နှလုံးဆို့လဲကျသွားရာက နေ့ချင်းပြန် သင်္ဂြိုဟ်တဲ့အကြောင်း . . .

ခေါင်းထဲမှာ သူ့ချစ်သူ မသေသေးတာကို သူသိလို့ထားတာကို သူတို့က လက်မခံတဲ့အကြောင်းကနေ . . .

အုတ်ဂူလာဖောက်ပြီး ရွှေမင်းစုန် လရောင်စိုကို လာကယ်ပုံ။

ဂူထဲက ခေါင်းထဲမှာ လရောင်စို မရှိတော့တဲ့အကြောင်း . . .

သည့်နောက် ချစ်သူလရောင်စိုကို လိုက်ရှာရင်း မိုးကြီးလေကြီးတဲ့နေ့က ကြောက်လန့်တကြား ထွက်ပြေးနေတဲ့ ချစ်ဇနီးလရောင်စိုနောက်ကို ပြေးလိုက်ရင်း . . .

သူ့ချစ်သူက သူ့ကို အနားကပ်မခံဘဲ ရေစီးကြမ်းထဲ ခုန်ချသွား၊ သူကလည်း ရေစီးကြမ်းထဲ ခုန်ချပြီး လိုက်တယ်။

မိုးကြီးလေကြီး ရေစီးရေကြမ်း မိုးကြိုးလျှပ်စစ်နဲ့ လှိုင်းလေကြားမှာ လရောင်စိုလည်း သတိလစ်၊ သူလည်း သတိလစ်။

သူ မသေဘဲ ပြန်ရှင်သတိရတော့ . . .

ချစ်သူဇနီးသည် လရောင်စိုကို လိုက်ရှာတဲ့အကြောင်း . . .

ရွှေမင်းစုန် ငါ့အိမ်ကို စုံစမ်းရောက်ရှိလာပုံ။ တောထဲမှာ ညည်းကိုတွေ့တဲ့အကြောင်း အစုံပါ ပြောပြခဲ့တယ်။ တောထဲမှာ ရွှေမင်းစုန်နဲ့ငါ လိုက်ရှာသေးတယ်။

ဟောဒီ ငါပေးတဲ့ ပုဆိုးပိုင်းအစနဲ့ ကျားခြေရာတွေ တွေ့ပြီး မိန်းကလေး သေသွားပြီလို့ ယူဆခဲ့ပေမင့် . . .

ရွှေမင်းစုန်က သူ့ချစ်သူအလောင်း မတွေ့မချင်း သေဆုံးသွားပြီလို့ မယုံကြည်နိုင်ဘူးတဲ့။

သူ နှမလေးကို လိုက်ရှာနေတယ်။

ငါက မင်းအကြောင်းတွေ ပြောပြတော့ သူ ရှိုက်ငင် ငိုရှာတယ်ကွာ။ ငါ သူ့ကိုလည်း သနားလည်း၊ မင်းလည်း သနားပေါ့။

ငါ တောထဲမှာ တွေ့ခဲ့ရတဲ့ အရိုင်းမလေးမျက်နှာက ချောချောလှလှကလေး။ အခုမြင်ရတဲ့ မျက်နှာက ဘယ်လိုလုပ်ပြီး လူတောထဲ ဒီမျက်နှာနဲ့ သွားချင်မှာလဲကွာ။

ဒါကြောင့် မျက်နှာကို အုပ်ပဝါနဲ့ သိုင်းချည်ထားရှာတာကိုး။ ငါကလည်း ကျေးဖူးသိလွန်းတတ်တဲ့ မိန်းကလေးကို ကိုယ့်နှမလေးလို ကရုဏာဖြစ်သွားတော့ မေးတာပေါ့။





ညီမလေး အခု အစ်ကိုပြောပြတာတွေဟာ နှမလေးနဲ့ ကိုရွှေမင်းစုန်တို့ရဲ့ ဘဝဇာတ်လမ်း ဟုတ်ရဲ့လား . . . ဟုတ်သလား . . . နှမ။

"အင့် . . . ဟီး . . ."

"အမှန်အတိုင်း ပြောပါ . . . နှမ"

"ဟုတ် . . . ဟုတ်ပါတယ် . . . အစ်ကိုကြီးရယ်"

"နှမလေးနဲ့ အစ်ကိုကြီးတို့ တောထဲမှာ စတွေ့ပြီးနောက် နှမလေး ဘယ်လို အသက်ရှင်ခဲ့တာတုံး . . . ဟင် . . . နှမလေးကို ခုလို ပြန်တွေ့ရတာ အစ်ကိုကြီး ဝမ်းသာတယ်။ ကိုရွှေမင်းစုန် သိရင်လည်း ဝမ်းသာမှာပဲ။ ပြောပါဦး . . . ဘယ်လို အသက်ရှင်ခဲ့တာတုံး"

"ကျွန်မ လူတွေကို ကြောက်တယ်။ အထူးသဖြင့် ယောကျ်ားတွေကို အလွန်ကြောက်ခဲ့တယ် . . . အစ်ကိုကြီးရယ်။ ကျွန်မ ရေကြီးလှိုင်းထန်နဲ့ မျောပါပြီး တောစပ်မှာ တင်ခဲ့တယ်။ အဝတ်အစားတွေ မရှိတော့ဘူး။ ဘယ်ကိုရောက်နေမှန်းလည်း မသိဘူး။ ကြောက်တာရယ်၊ ရှက်တာရယ်၊ ဆာလောင်နေတာ ရယ် ရောပြီး ဝါးတောထဲမှာ ထိုင်ငိုနေတုန်း အစ်ကိုကြီးက ပုဆိုးပိုင်းလေး လာပေးလို့ ကျွန်မ အရှက်လုံခဲ့ရတယ်။ အစ်ကိုကြီးကို ကျေးဇူးတင်ပါတယ် အစ်ကိုကြီး။

ဒါပေမဲ့ ကျွန်မ အဲဒီအချိန်တုန်းက ယောကျ်ားတွေကို မုန်းတီးနာကျည်းလို့ အစ်ကိုကြီးကိုလည်း ငါ့များ ဗလက်ကာယလုပ်မလားဆိုပြီး ကြောက်ရွံ့ရန်တွေ့နဲ့ နှင်ထုတ်ခဲ့မိတယ်။ နောင်တော့ အစ်ကိုကြီးရဲ့ ဖြူစင်တဲ့စေတနာ အစစ်အမှန်ကို ယုံကြည်သိရှိသွားခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်မ ကြောက်ရွံ့ရိုင်းပျခဲ့တာတွေ တောင်းပန်ပါတယ် အစ်ကို။

ကျွန်မ တောထဲမှာ ပြေးရင်းလွှားရင်း ကျားဟိန်းသံကြားလို့ တောတိုးပြေးခဲ့ရတယ်။ ကျားကလည်း လူနံ့ရလို့ လိုက်တယ်။ ကျွန်မကိုယ်ပေါ်က အစ်ကိုကြီးပေးခဲ့တဲ့ ပုဆိုးပိုင်းလေး ဆူးတွေ၊ ချုံတွေနဲ့ ငြိပြီး စုတ်ပြတ်ကျန်ခဲ့တယ်။

ကန်တော့ပါရဲ့ . . . အစ်ကို။ ကျွန်မ အဝတ်အစားမပါဘဲ ပြေးနေတာ။ ပါးစပ်ကလည်း ဘုရား . . . ဘုရားတ။ တောပိုင် တောင်ပိုင်တွေလည်း တောင်းပန်ပြီး အော်ဟစ်ပြေးနေတုန်း . . .

ကျားက ဘာမြင်လို့လဲ၊ ဘာနံ့ရလို့လည်း မသိဘူး ပြန်လှည့်ပြေးပါရော။

လူတစ်ကိုယ်လုံးလည်း ဆူးတွေ အခြစ်ခံထားရလို့ သွေးသံရဲရဲ ဖြစ်နေပြီ။ ပြေးရင်းလွှားရင်း တောလမ်းလေးအတိုင်း ပြေးခဲ့တာ ရွာကလေးတစ်ရွာကို ရောက်ခဲ့တယ်။

တန်းတစ်ခုမှာ ထဘီနဲ့အင်္ကျီ လှမ်းထားတာတွေ့ရော . . .



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်မသိအောင် ခိုးယူဝတ်ပြီး တစ်ချိုးတည်း ပြေးခဲ့တာ။ တွေ့ရာအလှူမှာ ဝင်စား၊ တွေ့တဲ့မော်တော်ကားကို တောင်းပန်စီးပြီး ခြေဦးတည့်ရာ လျှောက်သွားခဲ့လိုက်တယ် ... အစ်ကို"

"အင်း ... မင်း တော်တော်သတ္တိကောင်း၊ ကံကောင်းတဲ့ မိန်းကလေး။ ဘဝဆိုးတဲ့ မိန်းကလေးပါလား ... နှမရယ်။ ဒါနဲ့ စိတ်မဆိုးပါနဲ့ ညီမ။ မင်းမျက်နှာပေါ်မှာ အစ်ကိုတွေ့တုန်းက ဒီဒဏ်ရာ အမာရွတ်တွေ မရှိပါဘူး။ ဒါတွေ နောက်ပိုင်းမှာ ဘယ်လိုရခဲ့တာလဲဟင် ... နှမ"

"ဟူး ... ဒီအကြောင်းတွေကို မပြောပါရစေနဲ့တော့ ... အစ်ကိုကြီးရယ်။ အစ်ကိုကြီးကို ကျေးဇူးလည်းတင်၊ ကန်တော့ချင်လို့ လာခဲ့တာပါ။ ကျွန်မ ပြန်တော့မယ်နော် ... အစ်ကိုကြီး"

"ဟေး ... မပြန်နဲ့ဦးလေ။ မင်းချစ်သူ ရွှေမင်းစုန်ကို အစ်ကိုကြီး လိုက်ရှာပေးမယ်လေ။ ညီမ မပြန်ပါနဲ့"

"မပြန်လို့ မဖြစ်ဘူး ... အစ်ကို"

"ဘာဖြစ်လို့ မဖြစ်ရတာလဲ ... နှမလေးရဲ့"

"အကြွေးဆပ်စရာ ရှိသေးလို့ပါ ... အစ်ကို"

"အကြွေး ... ဟုတ်လား ... ဘာအကြွေးမို့လဲ ... နှမရဲ့ ဟင်"

"ဘဝအကြွေး ... မျက်ရည်အကြွေးပေ့ါ ... အစ်ကိုရယ"

"ရွှေမင်းစုန်ကို မင်း နာကျည်းလို့လား ... ဟင် ... ဟင်"

"သူ့ကို မနာကျည်းပါဘူး။ ကျွန်မ သူ ... သူ့ကို ... သ ... သနားတယ် ... အင့် ... အင့် ... ဟီး"

"ရွှေမင်းစုန်က မင်းကို ချစ်မြတ်နိုးရှာပါတယ်ဗျာ။ သူလည်း မင်းကို လိုက်ရှာနေတာ အစ်ကိုကြီးသိတယ်။ သူ့ကို သနားရင် သူနဲ့တွေ့ရမှာပေ့ါ။ တွေ့ပြီးတော့မှ ..."

"ကျွန်မ ပြန်တော့မယ် ... အစ်ကိုကြီး"

"နှ ... မ ... လေး"

သူ ငါ့ကို ထိုင်ကန်တော့တယ်ကွာ။ ကန်တော့ရင်း ရှိုက်ငိုတယ်။ ငါ့ရင်ထဲမှာလည်း ဆို့နင့်နေပြီကွ။ ငါ့မှာလည်း မျက်ရည်စို့နေပြီ ... ရွှေမင်းစုန်ရ။

"သူ ကန်တော့ပြီးနောက် မျက်ရည်တွေကို ပဝါနဲ့သုတ်တယ်။ ပြီး တော့ သူ့မျက်နှာပေါ်က ဒဏ်ရာတွေကို ကွယ်သွားအောင် စည်းပြီး ငါ့အိမ်ပေါ်ကနေ ဆင်းသွားရှာတယ် ... ငါ့ညီရာ။ ဟောဒါ သူကန်တော့သွားတဲ့ ပစ္စည်းတွေပါ ကွာ"





ကိုသျှောင်ကြီးက ဝမ်းနည်းကြေကွဲသံနဲ့ပြောပြပြီး လရောင်စို ကန်တော့ သွားတဲ့ အဝတ်အစားတွေကို ထုတ်ပြတယ်ဗျာ။

"လိုက်လေ ဝေးလေပါလား ... အစ်ကိုရာ"

"ငါ ... တားပါတယ်ကွာ၊ တားလို့ မရဘူး"

"ဒါဖြင့် မျက်နှာက ဒဏ်ရာတွေအကြောင်း အစ်ကိုသျှောင့်ကို ပြော မသွားဘူးပေ့ါ"

"မပြောဘူးကွာ"

"အကြွေးဆပ်စရာရှိတယ်လို့ ပြောတယ်နော် အစ်ကို"

"ပြောတယ် ... ဘာကြွေးလဲမေးတော့ ဘဝအကြွေး၊ မျက်ရည်အကြွေး တဲ့။ အဲဒါ ဘာအဓိပ္ပာယ်လဲ ... ရွှေမင်းစုန်ရာ ဟင်"

"အကြောင်းရှိမှာပေ့ါဗျာ ... အကြောင်းရှိမှာပေ့ါ"

"မင်းကို သူ နာကျည်းလို့လား"

"ဟူး ... မပြောတတ်တော့ဘူး ... ကိုသျှောင်"

"ငါထင်တာတော့ သူ့မျက်နှာက ဒဏ်ရာတွေက တစ်စုံတစ်ဦးရဲ့ လက် ချက်ကြောင့်များလား ဟင်"

"ဖြစ်နိုင်ပါတယ်ဗျာ"

"ဘယ်သူ့လက်ချက်လို့ မင်းထင်လဲ ... ငါ့ညီ"

"မစဉ်းစားတတ်ဘူးဗျာ ... ဟော ... သိပြီဗျ ... သိပြီ"

"ဘာသိတာတုံးဟ ... ငါ့လူရ"

"သူသွားနိုင်တဲ့နေရာကို ကျွန်တော်ရိပ်မိပြီ ... ကိုသျှောင်ရေ။ လရောင် စိုကို ကူညီခဲ့တာရော၊ ကျွန်တော့်ကို ကူညီတာရော ကျေးဇူးတင်တယ်ဗျာ။ အစ်ကို့ဇနီးကိုလည်း နှုတ်ဆက်ပါတယ်လို့ ပြောပါ။ ကျွန်တော် ပြန်ပြီဗျို့"

"ဟေ့ ... ဟေ့ကောင် ... ရွှေ ... ရွှေ ... မင်းစုန် ... နေဦးလေ ကွာ"

ကျွန်တော် ကိုသျှောင်ကြီးအိမ်က အမြန်ထွက်ခဲ့လိုက်တယ်။ မြို့ပေါ် ရောက်တော့ အဝေးပြေးသွားသည့် ကားတစ်စီးကို တားပြီး စီးခဲ့လိုက်တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃၇]

❑

ဒါရိုက်တာ ငှက်ကြီးတောင်တို့ရဲ့ ရွှေမြရံခြယ်ဇာတ်အဖွဲ့ကို စုံစမ်းလိုက်တော့ ရွှေနတ်တောင်ဘုရားပွဲမှာ ဝင်နေတယ်ကြားလို့ ပြည်–ရွှေတောင်–ရွှေနတ်တောင် ဘုရားပွဲရှိရာကို လာခဲ့လိုက်တယ်။

ကျွန်တော် ရောက်သွားတဲ့အချိန်က ဒုတိယပွဲက ပြီးတဲ့နေ့။

"မန်နေဂျာကြီး ..."

"ဟာ ... ကိုရွှေမင်းစုန် ပျောက်သွားလိုက်တာဗျာ။ ခုမှပဲ တွေ့တော့တယ်။ မနေ့ညက ဆရာရဲ့ပြဇာတ် 'တောက်မခတ်နဲ့ နောက်ထပ်နာမယ်' ပြဇာတ်ကတယ်ဗျာ"

"ဟုတ်လား ... အခြေအနေကရော ... မန်နေဂျာကြီး"

"ဝက်ဝက်ကွဲပဲဗျာ ... ပြဇာတ်ထွက်နေတုန်း ဇာတ်ရုံဖွင့်ပေးလိုက်ရတယ်။ ပြဇာတ်ကို ပွဲတောင်းလို့ လပြည့်နေ့ညမှာ ပြန်က,ရမယ်ဗျာ"

"ကျေးဇူးပါပဲဗျာ ... ဒါနဲ့ ငှက်ကြီးရော ... မန်နေဂျာကြီး"

"ထုံးစံအတိုင်း အိပ်နေပြီလေ။ ကိုယ်တိုင် သွားနှိုးတော့"

ကျွန်တော် ဇာတ်ရုံနောက်ထဲကို ဝင်ခဲ့လိုက်တယ်။ ငှက်ကြီးက ဒရင်းဇာတ်ပေါ်မှာ အိပ်မောကျလို့။ မနေ့ညက ပွဲကတာဝန်ယူထားရတော့ အိပ်ပျက်နေတာပေါ့လေ။ မနှိုးတော့ပါဘူး"

"ဆရာစုန် ..."





"ဟာ ... ကိုတောင်ကြီးနဲ့ ကိုဆပ်ပြာပါလား"

လူရွှင်တော်နှစ်ဦးက ဝမ်းသာအားရ ခေါ်လိုက်တာ။

"ဆရာ့ပြဇာတ်ကတော့ ရောက်လေရာ ကတဲ့ပွဲတိုင်း နောက်ထပ်တောင်းဆိုခဲ့ရတဲ့ ပြဇာတ်ပဲ ... ဆရာရေ"

"ဟော့ကောင် ... ငစုန်"

"ဟ ... ငှက်ကြီး ... နိုးလာပလားကွ ဟေ"

"မင်းတို့ စကားပြောသံက မီးရထားခုတ်နေသလို ဖြစ်တော့ နိုးတာပေါ့ကွာ"

"ဟား ဟား ဟား ဟား ကျုပ်တို့ဆရာ နိုးသွားပြီ။ ဆရာ ကန်တော့နော် ... ကန်တော့"

လူရွှင်တော်ကိုဆယ်ပြားတို့က အိပ်ရာက ထလာတဲ့ ဒါရိုက်တာ မြို့လုလင်ရှာသား ငှက်ကြီးတောင်ကို လက်အုပ်ချီယို့ပြီး ထွက်သွားကြတယ်ခင်ဗျ။

ပြဇာတ်မင်းသား၊ မင်းသမီး၊ လူကြမ်းတွေပါ ဝမ်းသာအားရ လာနှုတ်ဆက်ကြတယ်။

"ဟော့ကောင် ... ငစုန်"

"ငှက်ကြီး ..."

"တွေ့ပြီမဟုတ်လားကွ ဟေ"

"ဘာကို တွေ့တာတုံးဟ ... ငှက်ကြီးရ ... လင်းတလား"

"ထို့ ... အိပ်ရာထမှာ ကျက်သရေမရှိတဲ့စကား စပြောတယ်။ မင်းကောင်မလေး လရောင်စိုကို တွေ့ပလားလို့ မေးတာကွ ... ငတုံးရ"

"အဲဒါ ငါလာမေးတာ ... ငှက်ကြီးရ"

"ဟော့ ... ခုချိန်ထိ မတွေ့သေးဘူးပေါ့"

"မတွေ့ပါဘူးကွာ ... ငါလည်း လိုက်ရှာနေတာပဲ။ တော့လွဲ လွဲနေတယ်။ ငါ အခု သိခဲ့ရတာက ဒီလိုကွ"

ကျွန်တော် ဆင်အော်သံရွာက ကိုသျှောင်ကြီးအိမ် လရောင်စိုသွားခဲ့တဲ့အကြောင်းစုံကို ပြောပြလိုက်တယ်။ စကားဆုံးတော့ ငှက်ကြီးက ခေါင်းကို ဖျင်းဖျင်းမြည်အောင် ကုတ်လိုက်ပြီး ...

"မင်း အမျိုးသမီးက လျှို့ဝှက်လွန်းတယ် ... ငစုန်"

"အေးကွာ ... ဘာတွေ ဖြစ်နေမှန်း မသိဘူး"

"ဟော့ ... မစောမြခင် ... စောမြခင် ..."

"ရှင် ... ဆရာ ... ဘာခိုင်းမလို့လဲ ဟင်"

"ထမင်းချက်ဒေါ်ကြည် ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ် ဆရာ"

"ငါ ခေါ်တယ်၊ လာခဲ့ပါဦးလို့ သွားပြော"

"ဟုတ်ကဲ့ပါ ဆရာ"

ယိမ်းသမလေး မစောမြခင် ဇာတ်ရုံနောက်ကနေ ပြေးထွက်သွားတယ်။ နှစ်မိနစ်ခန့်ကြာတော့ ဇာတ်ထမင်းချက်ကြီး အမေကြည် ရောက်လာပါရော။

"ဟင် . . . ဆရာစုန် . . . ရောက်နေတယ်"

"ဟုတ်ကဲ့ . . . အမေကြည်၊ အမေကြည် နေကောင်းတယ်နော်"

"ဟုတ်ကဲ့ . . . ကောင်းပါတယ်။ ဆရာငှက် ခေါ်တယ်ဆို ဆရာ"

ဒေါ်ကြည်က ငှက်ကြီးကို လေးလေးစားစား မေးလိုက်တယ်။

"ဒေါ်ကြည် . . ."

"ဟုတ်ကဲ့ပါ . . . ဆရာငှက်"

"ဟိုတစ်နေ့က ရတဲ့စာ ငစုန့်ကို ပြလိုက်ပါ"

"ဟုတ် . . . ဟုတ်ကဲ့ပါ . . . ဆရာ"

ဒေါ်ကြည် ရုံပြင်ကို ထွက်သွားတယ်။

"ငှက်ကြီး . . . ဘာစာတုံးကွ"

"ဖတ်ကြည့်ကွာ . . . မင်း သိရပါလိမ့်မယ်"

ဒေါ်ကြည် ပြန်ရောက်လာပြီး စာအိတ်တစ်အိတ် ပေးတယ်။ စာအိတ်ထဲက စာကို ကျွန်တော် ဖွင့်ဖတ်လိုက်တော့ . . .

ဒီလက်ရေးကို ကျွန်တော် သိတာပေါ့ဗျာ။

သို့

*အမေကြည် သမီးရှိသေစွာ စာရေးလိုက်ပါတယ်။*

*သမီးဇာတ်ထဲကနေ ရုတ်တရက် ထွက်သွားတာကို ခွင့်လွှတ်ပါလို့ အမေကြည်ကိုရော၊ ဆရာငှက်ကိုပါ ရှိသေစွာ တောင်းပန်ပါတယ် . . . အမေကြည်။ ဘာလို့ ရုတ်တရက် ထွက်သွားရလဲဆိုတော့ ရင်နာစရာကောင်းတဲ့ အတိတ်ဖြစ်ရပ်တွေ ပြန်နိုးထမှာစိုးလို့ပါ။*

*အမေကြည်တို့၊ ဆရာငှက်တို့ကို နေ့တိုင်း သတိရနေပါတယ်။ ကျွန်မအကြွေးတွေ လိုက်ဆပ်နေတယ် . . . အမေကြည်။ အကြွေးတွေ လိုက်ဆပ်နေတယ် . . . အကြွေးတွေကျေရင် မြင်းရိုင်းတစ်ကောင်လို ဒုန်းစိုင်းနေရတဲ့ဘဝကို အနားပေးတော့မှာပါ။*

*ဖြစ်နိုင်ရင် ချစ်ခင်ကြင်နာသူတွေရဲ့ လက်ပေါ်မှာ မျက်စိစုံမှိတ်ပြီး နားလိုက်ချင်ပါတယ်။ ကျေးဇူးရှင် အမေကြည်နဲ့ ကျေးဇူးရှင် ဆရာငှက်အတွက် ပစ္စည်းနည်းနည်း ပို့ပေးလိုက်ပါတယ်။*





*ကုသိုလ်လိုချင်လို့ ကန်တော့တာပါ အမေနဲ့ဆရာ။*

*အတိတ်ဘဝက ကံကြွေးတွေနဲ့ ပစ္စုပ္ပန်ကံကြွေးတွေ မြန်မြန် ကျေချင်တယ် အမေ။*

*သမီးလည်း ပင်ပန်းလှပါပြီ။ သူလာရင်လည်း ပြောလိုက်ပါ။ အတိတ်ကို မေ့ပိုက်ပြီး လွမ်းစရာတွေကို မြေမြှုပ်ဖို့ ထပ်မကျွေးပါနဲ့တော့လို့။*

*ဖြစ်နိုင်ရင် စိန်ကတ္တီပါ ပြည်ဖုံးကားချပြီး နောက်ထပ် ဘဝ ပြဇာတ်အသစ်တစ်ပုဒ် ရေးက,ပါလို့ ပြောလိုက်ပါ . . . အမေကြည်။*

*ကျွန်မရင်ထဲမှာ အမုန်းမရှင်သန်ပါဘူး အမေ။*

*ချစ်သူ့ရင်ခွင်ဟာ အမေ့ရင်ခွင်ပြီးရင် ဒုတိယမြောက် အနွေးဆုံးရင်ခွင်လို့ ဆိုပေမင့် ကျွန်မ အချမ်းလွန်သွားပြီ . . . အမေ . . .*

*ရိုသေစွာကန်တော့လျက်*

*စံပယ်တင်*

ကျွန်တော် စာရွက်ကို ကိုင်ပြီး လက်တွေ တုန်နေတယ်။ စာရွက်ရဲ့ တဖျတ်ဖျတ်ခတ်သံကိုလည်း ကြားနေရတယ်။ ရင်ထဲမှာလည်း တုန်ခါနေတယ်။

"ငစုန် . . . ငါ . . . ငါ . . . စံပယ်တင်ကို သနားတယ်ကွာ"

"ဟုတ်ပါတယ် . . . ဆရာစုန် . . . ကျွန် . . . မ . . . ကျွန်မ . . . စံပယ်တင်ကို အရမ်းသနားတယ်ရှင် . . . ဟီး ဟီး"

ဇာတ်ထမင်းချက်ကြီး အမေကြည် ချုံးပွဲချ ငိုတယ်။

ငိုရင်း မျက်ရည်တွေကို အင်္ကျီလက်သားနဲ့ သုတ်နေတယ်။

"ငါ မင်းကို မေးမယ် . . . ငစုန်၊ မင်း မှန်မှန်ဖြေပါ"

"မေးပါ . . . သူငယ်ချင်းရာ၊ မေးပါ"

"မင်းနဲ့ စံပယ်တင်ခေါ် လရောင်စိုတို့ကြားမှာ လျှို့ဝှက်ချက်ရှိသလား ငစုန်"

"လျှို့ဝှက်ချက်"

"ဟုတ်တယ် . . . မင်းတို့ချင်းပဲ သိတဲ့ လျှို့ဝှက်ချက်"

"ငါတို့နှစ်ဦးကြားမှာ ဘာလျှို့ဝှက်ချက်မှ မရှိပါဘူး . . . ငှက်ကြီးရာ။ ငါတို့နှစ်ဦးက အရမ်းချစ်ကြတဲ့ ချစ်သူတွေပါကွာ"

"ဟား . . . အကြောင်းတော့ ရှိနေပုံပဲကွ"

"အကြောင်းရှိရင်လည်း ငါ့ကို အတွေ့ခံပြီး ရှင်းရင် ရနိုင်တာပဲ . . . ငှက်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း မှန်ပါတယ်။ ငါ စဉ်းစားလို့ရတာ တစ်ချက်ရှိတယ်ကွ"

"ဘာလဲ . . . သူငယ်ချင်း"

"မင်းပြောခဲ့ဖူးတယ်လေ။ လူမျိုးထိန်ဆိုတဲ့ သူဌေးအကြောင်းလေ။ လူမျိုးထိန်နဲ့ တွေ့ရော လရောင်စို ရုတ်တရက် လဲကျသွားတာဆို။

"ဟုတ်တယ် . . . နှလုံးရပ်သွားတယ် ပြောတာပဲ"

"လူမျိုးထိန်နဲ့ မင်းချစ်သူ လရောင်စို ဘယ်လိုပတ်သက်မှု ရှိခဲ့သလဲ မင်းသိလား"

"မသိဘူး . . . သိတာတော့ ရှိတယ်"

"မင်း ဘာသိတာတုံး . . . ငစုန်"

"သူဌေးလူမျိုးထိန် သေသွားပြီ"

"သေသွားပြီ . . . ဘယ်တုန်းက သေသွားတာတုံး"

"တစ်ပတ်ကျော်ပဲ ရှိသေးတယ်"

"သူက ဘာရောဂါနဲ့ သေရတာတုံးကွ"

"လူသတ်ခံလိုက်ရတာ"

"ဘာ . . ."

"သူ့ကို ရက်ရက်စက်စက် ခုတ်ပြီး သတ်သွားတာ။ လူသတ်သမားက သူ့ရွှေနဲ့ငွေတွေကို လုံးဝ ယူမသွားဘူး"

"အို . . . ဖြစ်ရလေကွာ၊ လူသတ်သမားရော မိသွားလား"

"မမိသေးဘူး။ ပိုထူးဆန်းတာ ရှိသေးတယ် . . . ငှက်ကြီး"

"ထူးဆန်းတာ . . . ဘယ်လို ထူးဆန်းတာတုံး . . . ငစုန်"

"သူဌေးလူမျိုးထိန် ရက်ရက်စက်စက် အသတ်ခံရပြီး ရက်လည်တဲ့ နောက်နေ့မှာ သူ့ညာလက်ရုံးတပည့် မင်းကြီးဆိုတဲ့ကောင်လည်း ကားလမ်းမ တစ်နေရာမှာ သူ့ဆရာလိုပဲ ရုပ်ပျက်ဆင်းပျက် အသတ်ခံလိုက်ရတယ်"

"အိုဗျာ . . ."

"မြို့ပေါ်မှာ သတင်းကြီးတာက သူဌေးလူမျိုးထိန်တို့ ဆရာတပည့်ကို စီးပွားပြိုင်ဘက် တစ်ဦးက လူငှားပြီး သတ်ခိုင်းတာလို့ သတင်းထွက်နေတာပဲ။ သေသွားတဲ့ လူမိုက်လက်ရုံး မင်းကြီးရဲ့ညီ မင်းလေးကတော့ သူ့ဆရာနဲ့ သူ့အစ်ကိုကို သတ်သွားတဲ့ လူသတ်သမားတွေကို ပြန်ကလဲ့စားချေမယ်လို့ ကြိမ်းဝါး ထားတယ်"

"အေးလေ . . . ဘယ်တတ်နိုင်မှာလဲ။ လူမျိုးထိန်သာ အသက်ရှင်နေ သေးရင် လရောင်စိုအကြောင်း နောက်ကြောင်းလေးတွေ သိနိုင်တာပေါ့ကွာ"

"အဲဒီလိုသိချင်လို့ သူဌေးလူမျိုးထိန်တိုက်ကို သွားခဲ့တာပါ။ ငါရောက် တော့ သူက အသတ်ခံလိုက်ရလို့ သေနေပြီ"





"သဲလွန်စက ပျောက်သွားတယ်ကွာ။ ထားပါလေ . . . မင်း အခု ဘယ် လိုလုပ်မတုံး။ မင်းလရောင်စိုရဲ့ သဘောထားကတော့ သူရေးခဲ့တဲ့စာမှာ ရှင်းနေ တာပဲ။ ပြည်ဖုံးကားချပြီး နောက်ဇာတ်ထုပ်သစ် က,ပါတဲ့။ ဘယ်လိုလဲ . . . ပြော သူငယ်ချင်း"

"တောက်မခတ်နဲ့ နောက်ထပ်နာမည်ဆိုတဲ့ ပြဇာတ်ကို မင်းတို့ နှစ်ဦး က,မယ်ဆို . . . ငှက်ကြီး"

"ဟုတ်တယ်ကွ . . . မင်းပြဇာတ်ကို ပရိသတ်က ကြိုက်တယ်ပေါ့"

"ဒါပေါ့ . . . ငှက်ကြီးရာ၊ ပြဇာတ်ဟောင်းက ကောင်းနေရင် ပြန်က,ရ တာပေါ့။ အချစ်လည်း ဒီလိုပါပဲ။ မေ့လို့မရအောင် ချစ်ခဲ့ရတဲ့ပြဇာတ်ကို ငါ မွဲ တောင်းတုန်းပါ။ ဆက်ကခိုင်းမှာပါ။ မေတ္တာအရင်းခံပြဇာတ်ဟောင်းမှာ လက်ခုပ် သံတွေ ငါ ကြားနေတုန်းပါ . . . သူငယ်ချင်း"

"အေးပါ . . . အေးပါ . . . မင်း ယုံကြည်မျှော်လင့်ချက်ကို ငါ လေးစား ပါတယ်။ အချစ်မှာ ကိုယ်ကစပြီး သစ္စာဖောက် မဖြစ်စေနဲ့။ ကိုယ်က တရားလိုပဲ ဖြစ်ပစေ။ ကိုရွှေမင်းစုန်နှင့် မခင်လရောင်စိုတို့ အချစ်ဘဝ ဂမ္ဘီရပြဇာတ်ဆန်းကြယ် ကို ရွှေမြရုံခြယ်ဇာတ်ခုံပေါ်မှာ အားရပါးရ ကစမ်းပါ . . . သူငယ်ချင်းရာ"

✿ ✿ ✿

[ ၃၈ ]

❑

ကျွန်တော် ဇာတ်ထမင်းချက်ကြီး အမေကြည်ဆီကနေ လရောင်စိုနေ လိုက်တဲ့စာ တောင်းခဲ့လိုက်တယ်။ ကျွန်တော့်အင်္ကျီအိတ်ထဲမှာ သူ့ဓာတ်ပုံနဲ့ စာ လေးကို ထပ်ပူးပြီး သားရေပင်ချည် ထည့်သိမ်းထားတယ်။

ကျွန်တော် အချစ်မှာ သစ္စာမဖောက်ခဲ့ဘူး။

အချစ်မှာ ကျွန်တော် တရားခံမဟုတ်ဘူး။

လရောင်စိုလည်း တရားခံ မဟုတ်ပါဘူးဗျာ။

"ကျွန်မရင်ထဲမှာ အမုန်းမရှင်သန်ပါဘူးအမေ။ ချစ်သူ့ရင်ခွင်ဟာ အမေ့ ရင်ခွင်ပြီးရင် ဒုတိယမြောက် အနွေးဆုံး ရင်ခွင်လို့ ဆိုပေမင့် . . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အချမ်းလွန်သွားပြီ အမေ" ... တဲ့။

မောင် ယုံကြည်ပါတယ် လရောင်။

မင်းရင်ထဲမှာ အမုန်း နိုနားလို့မရဘူး။

မင်းရင်ထဲမှာ မေတ္တာလရောင်တွေ ထိန်ထိန်သာနေတာပါ။

မင်းရင်ကို ကွဲအောင်ခွဲနေတာ ဓားမဟုတ်ဘူး။

နေ ... နေ ...

မင်း ... နေမုန်းလဆိုတာ မောင်သိပါတယ်။

လရောင်ရေ ... မင်း ခိုက်ခိုက်တုန်အောင် ဘဝကြမ်း ချမ်းနေပါစေ ငါ့ရင်ငွေ့နဲ့ အချမ်းပြေစေရပါစေ့မယ်။ မင်းမှာရှိတဲ့ ဘဝအမောတွေ ငါ့ညာဘက် ပခုံးပေါ်မှာ တင်လိုက်ပါ ... လရောင်။

ကမ္ဘာကြီးက ကျဉ်းမြောင်းပါတယ် ... အချစ်ရယ်။

မျဉ်းပြိုင်နှစ်ကြောင်း မဆုံကြသည့်တိုင် အမုန်းမဲ့နှလုံးသားတွေ မျက်လုံးချင်း ဆုံကြမှာပါ။

အပြုံးတွေကို ရွေချပြီး စိန်စီရမှာပါ။

လွမ်းလို့ကျတဲ့ မျက်ရည်တွေကို ရွှေကြုတ်ထဲထည့်ပြီး ညာဘက်ရင်အုံထဲမှာ ထည့်သိမ်းထားရမှာပါ။

အဲဒီနေ့က နေကြွေတဲ့နေ့။

ငွေလကို ရေချိုးပြီး သနပ်ခါးရနံ့သင်းတဲ့ ရွှေပုဆိုးနဲ့ ထုပ်ပိုးတဲ့နေ့ ဖြစ်သွားမှာပါ။

ဒုက္ခတွေ ကြွေမှုပြီးရင် သုခတွေ ဖူးပွင့်မှာပါ။

အနတ္တ အမြဲမရှိတဲ့၊ မမြဲသောတရားကို ဥပေက္ခာမပြုဝံ့ပါသော်လည်း

ဆံဖြူ၊ သွားကြွေ၊ ပါးရေတွန့်ရှုံ့၊ နှုတ်ခမ်းလေး မပံ့တပံ့ ရှိနေသည့်တိုင်လည်း မေတ္တာစစ်တွေ ကကြိုးဝေနေဦးမှာပါ ... လရောင်စို။

ဩော် ... လရောင်စိုကတောင် သူ့ဘဝမှာ ကူညီစောင့်ရှောက်ခဲ့ကြတဲ့ ကျေးဇူးရှင်တွေကို ကျေးဇူးဆပ်တဲ့ သတိရတဲ့အနေနဲ့ သွားရောက်ကန်တော့ခဲ့တာပဲ။

ငါ့ဘဝမှာလည်း ကျေးဇူးရှိခဲ့ဖူးသူတွေ ရှိတာပဲ။

ကိုပေတို့၊ ကိုငွေတို့၊ ကိုကြိုင်တို့ကိုလည်း သွားတွေ့ပြီးပြီ။

ကိုသျှောင်ကြီးကိုလည်း သွားကန်တော့ခဲ့ပြီးပြီ။

ငါ ကန်တော့ရမည့်နေရာ ကျန်နေပါသေးကလား။

ငါ မေ့နေလိုက်တာ။





ငါ အချစ်ဇာတွေ စွဲကပ်ပြီး ငါ့ကျေးဇူးရှင်ကို မေ့နေလိုက်တာ။ ခုလောက်ဆို ငါ့ကို ကျေးဇူးကန်းတဲ့ကောင်လေးလို့ ပြောနေကြမှာလား။

အမေမြကြီးငွေ ...

ကျွန်တော့်ဘဝရဲ့ ဒုတိယမြောက် မွေးစားအမေ။

ပြီးတော့ ညီမလေးရှင်မီးတောက်။

သူတို့ ကျွန်တော့်ရဲ့ အတိတ်မေ့ဘဝမှာ မေတ္တာရေလောင်းပေးခဲ့ကြတယ်။

ကျွန်တော် အမေမြကြီးငွေတို့တောင်ယာက ထွက်တဲ့ သစ်သီးဝလံတွေ ရောင်းပြီး ရတဲ့ငွေတွေနဲ့ ...

အို ... ငါ့လောက် မိုက်မဲစုတ်ပွဲ့တဲ့လူ မရှိတော့ပါလား။

ငါ ကျိန်စာသင့်ရွာသူ အမေမြကြီးငွေရဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်ခဲ့၊ လိမ်ညာသွားခဲ့ပါလား။

ကျွန်တော် အမေမြကြီးငွေရဲ့ မွေးစားကောက်ရသမီး ရှင်မီးတောက်ကို ထမင်းဆိုင်မှာထားခဲ့ပြီး လရောင်စိုနောက်ကို လိုက်ခဲ့တာ။

ညီမလေး ရှင်မီးတောက် စွယ်စုံရွာကိုမှ ပြန်ရောက်ရဲ့လား။

ရှင်မီးတောက်ရဲ့ မောင်ကြီးလို့ ခေါ်တဲ့အသံ နားဝမှာ ခုန်ပျံတိုးဝင်နေတယ်။ ကျွန်တော် အတ္တသမားပါလားဗျာ ဟင်။

ကျေးဇူးရှင် လူရိုးလူကောင်းတွေကို လှည့်ပတ်လိမ်ညာသွားတဲ့လူ ဖြစ်နေပါလား။

အခု ကျွန်တော့်လက်ထဲမှာ ငွေရှိနေတယ်။

ပြဇာတ်ရေးလို့ရတဲ့ငွေ ရှိနေတယ်။

စွယ်စုံရွာကို ပြန်မယ်။

အမေမြကြီးငွေရဲ့ ခြေသလုံးကို ဖက်ပြီး မျက်ရည်နဲ့ တောင်းပန်မယ်။ ရွာက ကျိန်စာသင့်ရွာသူရွာသား လူရိုးကြီးတွေကို ကန်တော့ပွဲနဲ့ တောင်းပန်ရမယ်။

တစ်ကောင်ကြွက် ညီမလေးရှင်မီးတောက်ရဲ့ မျက်လုံးအိမ်က မျက်ရည်တွေကို အကြင်နာလက်နဲ့ တို့သုတ်ပေးပြီး ညီမလေးကို ချော့ရမယ်ဗျာ။

ညီမလေး ကျွန်တော့်ကို နာကျည်းသွားလေမလား။

ကျွန်တော် စွယ်စုံရွာရှိတဲ့အရပ်ကို အရင်လာလိုက်တယ်။ ကျွန်တော် စစ်ကျန်ဘတ်(စ်)ကားအိုကြီးနဲ့ လိုက်ပါလာရင်း စွယ်စုံရွာကို ထူးဆန်းစွာ ရောက်လာခဲ့တဲ့ဘဝကို ပြန်တွေးနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးနဲ့ ကျိုက်စာသင့်နတ်မင်းကြီး ပူဇော်တောင်းပန်ရာ ကျောက်ထရံကြီးကို သွားကြည့်ချင်တယ်။

ကျောက်နီတစ်လုံး မယ်တော်ကြီးရှေ့မှာ ချစ်တဲ့သူနဲ့ ညားရပါစေ။ ကူညီပေးပါ အမေမယ်တော်ကြီးလို့ သွားဆုတောင်းရမယ်ဗျာ။ ကျွန်တော် တွေးပြီးပျော်သလိုရှိလာတယ်။

ဒီအချိန်မှာ ကျွန်တော့်ရှေ့ခုံတန်းမှာ ထိုင်နေတဲ့ သားရေဂျာကင်နဲ့ ဦးထုပ်ဆောင်းထားတဲ့လူက ကျွန်တော့်ကို ခိုးခိုးကြည့်နေတယ်ဗျ။

ကျွန်တော့်ကို သိလို့များလား။

စွယ်စုံရွာကတော့ မဟုတ်ဘူး။ စွယ်စုံရွာက လူတွေက သားရေဂျာကင် ဝတ် မဝတ်ဘူး။ ဦးထုပ်မဆောင်းဘူး။ သူတို့က သျှောင်ထုံးတွေနဲ့။

သားရေဂျာကင်အင်္ကျီ ဝတ်ထားတဲ့လူနဲ့ ကျွန်တော် ကားပေါ်မှာ မကြာခဏ အကြည့်ချင်း ဆုံသွားတယ်။ အကြည့်ချင်းဆုံရင် သူက မျက်နှာအရင်လွှဲပြီး မသိသလို လုပ်နေတယ်။

ဒီလူကို မြင်ဖူးသလိုလို။

ဘယ်မှာ မြင်ဖူးပါလိမ့်။

အာဠာဝကရွာက လူကြမ်းလား၊ ဟုတ်သေးပါဘူး။

ရုပ်သေးပွဲညက ရင်းနှီးခဲ့တဲ့ ကိုသာဟန်တို့အုပ်စုကများလား။ ကိုပေ တို့၊ ကိုငွေတို့ မိကျောင်းပေါ်အရစ်ကများလား။ စဉ်းစားကြည့်တယ်။ စဉ်းစားလို့ မရဘူး။

နေပါစေလေ။

သူ့အနေနဲ့ ကျွန်တော့်ကိုသိရင် နှုတ်ဆက်ပေါ့။

သူလည်း ဇဝေဇဝါဖြစ်လို့လား။

ကားနှစ်နာရီကျော် စီးပြီးနောက် မြို့ထဲကို ရောက်လာတယ်။ မြို့ထဲက နေ ချမ်းသာကြီးရွာကို မြို့ပတ်ကားနဲ့ လာခဲ့လိုက်တယ်။

ချမ်းသာကြီးရွာကနေ ဒုံသန္တဲ့ချောင်းကို သွားရဦးမယ်။ ဒုံသန္တဲ့ချောင်းကို ဖြတ်ပြီးမှ ရှင်မီးတောက်တို့နေတဲ့ စွယ်စုံရွာကို ရောက်မှာ။

နောက်ထပ်နှစ်နာရီခန့် ကားစီးပြီးတော့ ချမ်းသာကြီးရွာကို ရောက်တယ်။ ဈေးကြီးထဲ ဝင်လိုက်တော့ ရွာတွေ၊ ရပ်တွေက ဈေးဝယ်တွေ ဈေးထဲမှာ အများကြီးပဲဗျာ။

အရင်တစ်ခါ ဒီဈေးကို ပထမဦးဆုံးအကြိမ် ရောက်တုန်းက ညီမလေး ရှင်မီးတောက်နဲ့ အတူဝယ်တဲ့ အထည်ဆိုင်ကို သွားခဲ့လိုက်တယ်။

ကျွန်တော်က ပါတိတ်ကောင်းကောင်း ပြပါလို့ဆိုတော့ ...





"အမေ့ဖို့လား၊ မိန်းမဖို့လားရှင့်"

"အမေ့အတွက်ပါဗျ ... လူကြီးဆင်ရွေးပေးပါ"

"ဟောဒီ အနက်နဲ့အဖြူခက်ပါတိတ်က လူကြီးကြိုက်ပဲ ... မောင်ဝယ်ရဲ့၊ ကြိုက်ရဲ့လား"

"ဟုတ်ကဲ့ ... ယူမယ်ဗျ။ ပြီးတော့လေ မိန်းကလေးအရွယ်တော်ဝတ်လို့ရမယ့် ထဘီတစ်ထည် ပြပါဦး"

"ဇနီးအတွက်လား"

"အဲ ... အဲ ... မ ... မဟုတ်ပါဘူး ခင်ဗျ။ ညီမလေးအတွက်ပါ"

"နေပါဦး ... ရှင် အရင်တစ်ခါတုန်းက ကျွန်မတို့ အထည်ဆိုင်မှာ ဝယ်ဖူးသလားလို့"

"ဟုတ်ကဲ့ ... လာဝယ်ခဲ့ဖူးပါတယ် ခင်ဗျ"

"ခပ်ရွယ်ရွယ် မိန်းကလေးလည်း ပါတယ်လေ။ ထဘီနဲ့ ဘော်လီဝယ်သွားတာ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဗျ ... အဲဒါ ကျွန်တော့်ညီမပါ"

"ကျေးဇူးပါပဲ ... ငါ့မောင်ရယ် ... ရော့ ... ရော့ ... ဟောဒီအဆင်လေးက အပွင့်သေးလေးတွေ ဖော်ထားလေ ... မောင်လေး ... ညီမ ကြိုက်မှာပါ"

"ဟုတ်ကဲ့"

"ဘော်ပြီလား ... ဘော်လီအင်္ကျီ ယူဦးမလား"

"ဗျာ ... ဗျာ ..."

"ဟိုလေ ... အစ်မက ဘော်လီအင်္ကျီဆိုဒ်ကို မှတ်မိလို့ ပြောတာပါ စိတ်မရှိပါနဲ့နော်"

"ကိစ္စမရှိပါဘူးဗျာ ... ပြီးတော့လေ ..."

"ပြော ... ဘာယူဦးမလဲ။ ကိုယ့်ဖောက်သည်တွေ လျှော့ပေးဦးမှာ ယောက်ျားဝတ်လုံချည်၊ ဟောဒါ ရခိုင်ကွက်။ ဒါက အင်းလေး။ ဒါက တက်တွန်လုံချည်။ ဒါက အမရပူရပိုးပုဆိုး၊ ဟောဒါက ကချင် အပြာ၊ အနက်၊ ဘယ်တာကြိုက်လဲ"

"ဟို ... ဟိုလေ ... ထ ... ထဘီ ... တစ်ထည်လောက်"

"ညီမလေးဖို့ပဲလား ... ငါ့မောင်က ညီမလေးကို ချစ်တာပဲကိုး။ ဒီလိုအစ်ကိုမျိုးရှိတာ ကံကောင်းပဲပေါ့။ ဒါလေး ... ကြည့်စမ်း။ အဝါမှာ အဖြူလုံး ဟောဒါက အနက်ပေါ်မှာ အဝါ၊ ယိုးဒယားပန်းခက်၊ ဒါလေးက ဝင်းဝယ်စိုး အစစ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဖင်းမယ်အနက်စက်အတန်းမှာ ပိုးအဖြူဖောက်ဆင်ထားတာလေးကို သဘောကျသွားတယ်။

ဒီအဆင်လေးက လရောင်စိုနဲ့ လိုက်တဲ့အဆင်။

လရောင်စိုက ပိုးသားကို ကြိုက်တယ်။

သူနဲ့တွေ့ရင် ဟောဒါ လရောင်အတွက် မောင် ဝယ်ပြီး သိမ်းထားတာ။ ဝတ်ကြည့်စမ်းလို့ ပြောမှာ။

မောင်က လရောင်အကြိုက် အဆင်လေးတွေ ရွေးတတ်လိုက်တာနော်။ ဒါကြောင့် လရောင်က မောင့်ကိုချစ်တာ။

ပြောမှာပါ။

လရောင် အနှစ်လူးထားတဲ့ အပြုံးနဲ့ ဝမ်းသာအားရပြောမှာ။ ပြီးရင် သူမရဲ့ကိုယ်မှာ ထဘီကိုကပ်ပြီး 'မောင် ... ကျွန်မနဲ့လိုက်တယ်မို့လားဟင်' ... မေးဦးမယ်။

လိုက်တယ်၊ လှတယ်၊ မိုးပေါ်က ကျလာတဲ့ ရွှေစင်နတ်သမီးကလေး တစ်ယောက် အမေ့အတိုင်းပဲလို့ ပြောလိုက်ရင် ဟက်ဟက်ပက်ပက်ရယ်ပြီး ကျွန်တော့်ကို ပြေးဖက်၊ ညှစ်ထားမှာဗျ။

သတိရလိုက်တာ။ အလွမ်းတွေ လှိုင်းထသွားသလို ...

"မောင်လေး ..."

"အာ ... ဗျာ ... ဗျာ ... ဘာတွေ စဉ်းစားနေတာလဲကွယ့်။ ဒီဖင်းမယ်လေး ကြိုက်ရဲ့လား"

"ကြိုက်တယ်ခင်ဗျ ... ဟို ရှမ်းဆင်လေးပါ ယူမယ်အစ်မ"

လရောင်စိုအတွက် ... ပြီးတော့ ရှင်ဖုန်းမိုအတွက်လည်း ဝယ်လိုက်တယ်။ ကျွန်တော် အထည်ဆိုင်ရှင်အစ်မ ထုပ်ပေးလိုက်တဲ့ အထည်တွေကို လက်ဆွဲအိတ်တစ်လုံး ဝယ်ထည့်လိုက်တယ်။

ပြီးတော့ သစ်သီးဝလံရောင်းတဲ့ ဆိုင်ဘက်ကို လာခဲ့ပြီး ...

လိမ္မော်သီး၊ ရှောက်ချိုသီး၊ စပျစ်သီးနဲ့ မုန့်ခြောက်ပုံးတစ်ပုံး ဝယ်လိုက်တယ်။ တစ်ခါ နို့ဆီသုံးဘူးနဲ့၊ သကြားတစ်ထုပ်၊ ကော်ဖီမှုန့်ထုပ်ပါ ဝယ်လိုက်တယ်။

အမေမြကြီးငွေတို့က လက်ဖက်ရည် မသောက်ဖူးဘူး။ ကိတ်မုန့် မစားဖူးဘူး။ ကော်ဖီ မသောက်ဖူးဘူးလေ။

တစ်ခါ စပျစ်သီးခြောက်၊ သံပရာယို၊ နာနတ်ယိုဘူးတွေ ထပ်ဝယ်လိုက်တယ်။ အမေမြကြီးငွေ စားချင်တဲ့အချိန် စားဖို့၊ သူ့အမျိုးတွေကို လက်ဆောင်ပေးချင်ပေးဖို့။





ကျွန်တော် လွယ်အိတ်ကိုလွယ်။

လက်ဆွဲအိတ်နှစ်လုံးကို ဘယ်ညာဆွဲပြီး ...

ဒုံသန္တဲ့ချောင်း ရေဆိပ်ကို ဆင်းလာခဲ့လိုက်တယ်။

ဒုံသန္တဲ့ချောင်းက အရင်လိုပဲ လှိုင်းလျှောလေးတွေနဲ့ တငြိမ့်ငြိမ့်၊ တသိမ့်သိမ့် စီးဆင်းနေတုန်းပါပဲဗျာ။

ချောင်းရေပြင်ပေါ်မှာ ငှက်သမ္ဗန်တွေ၊ လှေဝမ်းပြားတွေ၊ ကုန်တင်သမ္ဗန်ကြီးတွေ သွားလာနေတုန်းပဲ။

ရေဆိပ်ကို အထုပ်တွေနဲ့ ဆင်းလိုက်တယ်။

"ဘယ်လှေ ထွက်မလဲခင်ဗျာ"

"ဘယ်သွားမှာမို့တုံး"

"စွယ်စုံကုန်းရေဆိပ်ကိုဗျ"

"စွယ်စုံကုန်းရေဆိပ် ... ဟုတ်လား"

"ဟုတ်တယ်ဗျ"

"မောင်ရင်က အဲဒီကို သွားမလို့လား"

"ဟုတ်ပါတယ်ဗျ ... ဘယ်လောက် ပေးရမလဲ ဟင်"

"အရင် အဲဒီမှာ နေဖူးလား"

"နေဖူးတာပေါ့ဗျာ ... ကျွန်တော့်အမေရော၊ ညီမလေးရော၊ အသိတွေရော ရှိတယ်လေဗျာ"

"စွယ်စုံကို မရောက်တာ ကြာပြီလား"

"ကြာပြီပေါ့ဗျာ ... ခရီးသွားနေလို့ သုံးလေးလလောက် ကြာသွားတယ် ... သွားမလား"

"ရေဆိပ်ကိုနော်"

"ဟုတ်ကဲ့"

"ပစ္စည်းတွေ တင်လိုက်လေ"

ကျွန်တော် လှေပေါ်ကို အထုပ်တွေ တင်လိုက်တယ်။ ခဏနေကြာတော့ လှေက ရေဆိပ်ကနေ ထွက်တယ်။ လှေသမားကြီးက ကျွန်တော့်ကို ကြည့်ကြည့်နေတယ်ဗျ။ သူ့ပုံစံက ကျွန်တော့်ကို အကဲခတ်နေပုံပဲ။

"မောင်ရင့်ကို ခုမှ မြင်ဖူးတာပဲ"

"ဟုတ်ကဲ့"

"စွယ်စုံရွာက မွေးဇာတိပဲလား"

"မဟုတ်ဘူးခင်ဗျ ... မွေးစားအမေရှိလို့ လာတာပါ"

"ဒါကြောင့်ကိုး ... စွယ်စုံရွာက လူတွေနဲ့ မျက်နှာကျ မတူပါဘူးလို့ အခု အဲဒီကို သွားမှာပေါ့"



www.burmeseclassic.com

"ဟုတ်တယ်ဗျ ... အမေတို့နဲ့ မတွေ့တာ ကြာပြီဗျာ"

"စောစောတုန်းက လူတစ်ယောက်လည်း အဲဒီကို သွားချင်လို့ပြောတာနဲ့ ကျုပ် လိုက်ပို့ဖူးတယ်"

"စွယ်စုံက လူလားဗျ"

"ဟုတ်မယ်မထင်ဘူးကွ ... မင်းတို့အရွယ်ပဲ။ ဂျာကင်အင်္ကျီ၊ ဘောင်းဘီရှည်နဲ့ကွ"

"ဂျာကင်အင်္ကျီနဲ့"

"ဟုတ်တယ် ... စွယ်စုံရွာ သွားမလို့တဲ့"

"သားရေဂျာကင်နဲ့ မဟုတ်လား"

"ဟုတ်တယ် ... ဦးထုပ်အနက်ရောင် ဆောင်းထားတယ်ကွ"

"နာမည် မမေးလိုက်ဘူးလား ... ဦးကြီး"

"မမေးမိပါဘူးကွာ ... သူ့ကြည့်ရတာ တစ်ခုခုကို စိတ်စောနေသလိုပဲ။ မြန်မြန်လော့ပါချည်း ပြောနေတာပဲ။ မင်းနဲ့ အသိလားကွ"

"မဟုတ်ပါဘူးဗျာ"

ဒီလိုနဲ့ စွယ်စုံရွာရေဆိပ်ကို ရောက်ကာနီးမှာ ပြန်လာတဲ့ လှေသမားတစ်ဦးက ကျွန်တော်စီးလာတဲ့ လှေသမားကြီးကို လှမ်းအော်ပြောလိုက်တယ်။

"ငစိုးကြီး ... ခရီးသည် ရလာသလားဟေ့"

"အေးဟေ့"

"ဘယ်သွားကြမှာတုံး"

"စွယ်စုံရေဆိပ်တဲ့ဟေ့"

"မင်းလည်း အဲဒီရွာမှာ နေခဲ့မှာလားဟေ့။ အိမ်ကို ဘာပြောလိုက်ရမတုံး"

"ဟာ ... ဒီကောင်ကွာ။ အေး ... ပြောလိုက် ... မင်းမိန်းမကို ပြောလိုက်ဟေ့။ ငါပြန်ရောက်ရင် အဆင်သင့်လုပ်ထားလို့"

"ဟား ဟား ဟား ဟား ဟား ... စောင့်နေမယ်ဟေ့"

သူတို့ချင်း နောက်ပြောင်ပြောပြီး မကြာဘူး စွယ်စုံရွာရေဆိပ်ကို ရောက်လာတယ်။ လှေပေါ်က ပစ္စည်းတွေချပြီး လှေသမားကြီးကို လှေခပေးလိုက်တယ်။

"ပိုပေးလိုက်တယ်နော် ... ဦးလေး"

"အေး ... အေး ..."

လှေသမားကြီးက ကျွန်တော်ပေးတဲ့ ပိုက်ဆံကို အမြန်လှမ်းဆွဲယူပြီး လှေဦးကို လှည့်လို့ လော်ပြေးသွားပါရောဗျာ။





လှေသမားကြီးကြည့်ရတာလည်း တစ်မျိုးပဲ။

ကြောက်လန့်သလို ဖြစ်နေတာလား။ ဘာများ အရေးကြီးနေလဲ မသိပေါင်ဗျာ။ ရေဆိပ်မှာ ရွာကလူတွေ မတွေ့ဘူး။ ခွေးနက်တစ်ကောင်ကတော့ ကျွန်တော့်ကို မြင်ရော ထိုးဟောင်တယ်။ ဟောင်ရာကနေ အူနေပါရောဗျာ။ ခွေးအူသံက ဆွဲဆွဲငင်ငင် ရှည်ရှည်လျားလျား အူနေတာ။ ကျက်သရေမရှိဘူးဆိုတဲ့ အူသံမျိုးဗျ။

ရွာကိုသွားတဲ့ တောလမ်းအတိုင်း အထုပ်တွေဆွဲပြီး လာခဲ့လိုက်တယ်။ လာရင်းက နာခေါင်းထဲမှာ ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့ရလာလို့ ခပ်သုတ်သုတ် လျှောက်လိုက်တယ်။

"ဘုတ် ဘုတ် ဘုတ် ဘုတ်"

"ဘုတ် ဘုတ် ဘုတ် ဘုတ်"

ခြေသံပါလား။ လူသုံးလေးယောက် ပြေးလိုက်လာတဲ့ ခြေသံဗျ။ ကျွန်တော့်နောက်က ကြားရတာ။

လှည့်ကြည့်လိုက်တော့ ခြေသံလည်း ရပ်သွားတယ်။

ဘယ်သူမှလည်း မတွေ့ဘူး။ ဒါနဲ့ ဆက်သွားတယ်။

"ဟေ့ ဟေ့"

"ဟေ့ ဟေ့"

နောက်ကနေ လှမ်းခေါ်တာ အမည်မသိလို့ ဟေ့ဟေ့တဲ့။ ဘယ်သူများပါလိမ့်ဗျာ။ ကျွန်တော့်ရှေ့ကနေသွားတဲ့ လူစိမ်းများလား။

အသာရပ်ပြီး လှည့်ကြည့်တယ်။

"ဘယ်သူတုံးဟေ့"

"စောစောက ဟေ့ဟေ့က ဘယ်သူတုံး"

"ရှီ ..."

လေချွန်သံ ကြားရတယ်။ အနီးလေးကပဲ။

"ရှီ ..."

"ဟေ့ ... ဟေ့ ..."

ဟော ... လေချွန်သံပေးပြီး 'ဟေ့ ... ဟေ့' နေတာ။

"ဘယ်သူတွေတုံးဗျ ... ကျုပ်ကို ခေါ်နေတာလား။ ခင်ဗျားတို့ ဘယ်မှာတုံး။ လာရင်လည်း မြန်မြန်လာကြလေဗျာ"

ဘယ်သူမှ ထွက်မလာဘူးဗျာ။

တစ်ယောက်ယောက်များ နောက်ပြောင်နေရော့လား။

"သား ... လူလေး"

www.burmeseclassic.com



"ဟင် ..."

"မိုးကျရွှေကိုယ်"

အလို ... ဒါ ကျုပ်မွေးစားအမေ ဒေါ်မြကြီးငွေရဲ့ အသံပဲ။ ကျွန်တော့် နာမည်ကိုပါ ခေါ်လိုက်တာဗျ။

"အမေ ... အမေကြီးငွေ ... အမေ ... ဘယ်မှာတုံး။ ကျွန်တော် ပြန်လာပြီ ... အမေရေ ..."

"အစ်ကို ... မိုးရေ"

"ဟင် ... ညီမလေး ရှင်ဖုန်းမိုအသံရောဗျ"

ကြည့်ရတာ ကျွန်တော်လာတာကို ကြိုသိနေကြလို့ လာကြိုကြတာနဲ့ တူရဲ့။ ကျွန်တော် ဝမ်းသာလိုက်တာဗျာ။

"ညီမလေး ... ရှင်ဖုန်းမို ... အမေကြီးငွေ"

"သား ... လူလေး"

"အစ်ကိုမိုး ... အစ်ကိုမိုးရေ"

"မြန်မြန်လာဟေ့ ... အစ်ကို ပြန်လာပြီကွ"

မြန်မြန်လာကြ။ ပြေးလာနေတဲ့အသံတွေ လက်ယာဘက် သစ်ပင်တွေကြားက ကြားရတယ်။ ကျွန်တော့်အနီးရောက်တော့ ခြေသံတွေ ရပ်သွားတယ်။

ဟင် ... ဘယ်သူမှ မမြင်ရပါလား။

"အမေ ... အမေကြီးငွေ ... အမေ ဘယ်မှာတုံး"

"ရှင်ဖုန်းမို ... ညည်း ဘယ်မှာတုံး"

"အင့် ... ဟင့် ..."

"ဟင် ... ဘယ်သူ ရှိုက်နေ၊ ငိုနေတာတုံး"

"အင့် ... ဟင့် ... ဟီး ..."

"ဖုန်းမို ... ညီမလေး ... နင် ငိုနေတာလား။ အမေ ... အမေကြီးငွေ ... အမေတို့ ဘယ်မှာတုံးဗျ။ အမေတို့ ကျွန်တော့်ကို နောက်ပြောင်နေကြတာလား။ လာလေဗျာ ... အမေတို့၊ ညီမလေးတို့အတွက် အဝတ်အစားတွေ၊ စားစရာတွေ ပါတယ်ဗျ။ ရှင်မီးတောက်ရော ... ညီမလေး ရှင်မီးတောက်"

ပြန်ပြောသံ မကြားရဘူး။

ငိုရှိုက်သံ ကြားရတယ်။

အပုပ်နံ့လည်း ရနေတယ်။

ကျွန်တော် အထုပ်တွေပစ်ချပြီး အနီးဝန်းကျင်မှာ လိုက်ရှာတယ်။ သူတို့ နာမည်တွေကို အော်ခေါ်တယ်။

"အမေ ... ကြီးငွေ"





"ညီမလေး ... ဖုန်းမို ... နင်တို့ ဘယ်မှာတုံး"

ခြေသံတွေ ကြားရတယ်။ ခပ်သုတ်သုတ်ပြေးတဲ့ ခြေသံတွေ။

သူတို့ လုံးဝ ပြန်မထူးကြဘူးဗျာ။ ဘာတွေ ဖြစ်နေကြတာတုံး။ ကျွန်တော့်ကို စိတ်နာလို့များ အတွေ့မခံကြတာလား။ ကျွန်တော် အထုပ်တွေ ပြန်ယူဆွဲပြီး ဆက်လျှောက်သွားတယ်။

စကားပြောသံတွေ တောတန်းဝဲယာက ကြားရတယ်။

"ဖရုံသီးတွေက လေးလိုက်တာကွာ"

"ငါ့ကို စောင့်ပါဦးကွ"

"ငါ့နွားတွေ ဟိုကျောက်ဂူကို သွားသတဲ့ဟေ့"

အလို ... လူတွေ စကားပြောနေတဲ့ အသံပါဗျာ။ သို့သော် လူတွေကို မတွေ့ရဘူး။ သူတို့ရွာက လူတွေပဲလား။

"ဟော ... ပလွေမှုတ်သံဗျ"

ဒါ ... ဒါ ... ကိုသစ်ခေါင်းရဲ့ ပလွေမှုတ်သံ။

"ဗျို့ ... ကိုသစ်ခေါင်း၊ ကိုကွမ်းလုံ ... ကျုပ် ပြန်လာပြီဗျာ"

ပလွေသံက နွဲ့နွဲ့လေးလေး ပေါ်နေတာ။ သစ်ပင်ပေါ်က နွဲ့နေ တာမှနေတာ။ ကျွန်တော် ဝမ်းသာအားရ သစ်ပင်ပေါ် မော့ကြည့်လိုက်တယ်။ ကိုသစ်ခေါင်း မဟုတ်ဘူး။ ဘယ်သူမှလည်း မရှိဘူး။ သစ်ကိုင်းချင်း ပွတ်တိုက်နေတာ မြင်ရ ကြားရတယ်။

ငါ ဘာဖြစ်နေတာလဲ။

ဘာတွေ စဉ်းစားပြီး မြင်နေ ကြားနေရတာလဲ။

ငါ စိတ်ရောဂါကုဆရာဝန်ကြီးပြောသလို စကစ်ဇိုဖရီးနီးယား စိတ်ရောဂါများ ဖြစ်နေရော့လား။

ဒီရောဂါကလည်း အလွန်ထူးဆန်းသတဲ့။

ဆရာဝန်ပြောပုံအရဆိုရင် ...

Schizo (စကီဇို) နဲ့ Phrenia ဖရီးနီးယားကို ပေါင်းစပ်ပြီး စကီဇိုဖရီးနီးယားလို့ ခေါ်တာတဲ့။ စကီဇိုဖရီးနီးယားဆိုတာ စိတ်အဆောက်အအုံ အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲတာလို့ အဓိပ္ပာယ်ရသတဲ့။

ကျွန်တော် ဒီ စကီဇိုဖရီးနီးယားရောဂါ ဝင်နေရင် အာဥာဝကရွာကို ရောက်တုန်းက စိတ်ပြိုကွဲပြီး အထူးအဆန်းတွေ မြင်တဲ့အချိန် ဟုတ်ချင်ဟုတ်မှာပေါ့ဗျာ။

အဲဒီအချိန်မှာ ကိုယ်ရည်ကိုယ်သွေး ပျက်စီးယိုယွင်းနိုင်တယ်။

အတွေးအခေါ် ဖောက်ပြန်နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အာရုံသိမှု ဖောက်ပြန်နိုင်တယ်။

ခံစားမှု ဖောက်ပြန်နိုင်တယ်။

အပြုအမူ ဖောက်ပြန်နိုင်တယ်။

ဆက်ဆံရေး ဖောက်ပြန်နိုင်တယ်ဆိုတဲ့ ရောဂါလက္ခဏာ ဖြစ်ခဲ့ကောင်း ဖြစ်ခဲ့နိုင်တယ်။

အခု ကျွန်တော် ကြည်လင်တဲ့စိတ်နဲ့ ရွာကို သွားနေတာ။

ကောင်းမြတ်တဲ့ ရည်ရွယ်ချက်နဲ့ သွားနေတာ။

အခု ဘာတွေ ဖြစ်နေတာလဲဗျာ။

ခေါ်သံတွေ ကြားရတယ်။ စကားပြောသံတွေ ကြားရတယ်။ ခြေသံတွေ ကြားရတယ်။ ပလွေမှုတ်သံ ကြားရတယ်။ လူ မမြင်ရဘူး။

အမေကြီးငွေ၊ ရှင်ဖုန်းမို၊ ကိုကွမ်းလုံးနဲ့ ရွာသားတွေ တစ်ယောက်မှ မမြင်ရဘူး။ ကျွန်တော့်အာရုံသိမှုတွေများ ချို့ယွင်းလာရော့လား။

ဆရာဝန်ပြောပုံအရဆိုရင် ...

ကြမ်းတမ်းသောသူ (Aggressine Psychopath) တွေကတော့ အဆိုးဆုံးလူတွေပဲတဲ့။ သူတို့လက္ခဏာက ...

သူတစ်ပါးကို ရက်စက်ကြမ်းကြုတ်စွာ နှိပ်စက်တယ်။

ပစ္စည်းတွေကို ဖျက်ဆီးပစ်တယ်။

တဖွတ်ထိုးတွေ လုပ်တတ်တယ်။

သူတစ်ပါး ခံစားရမှုကို အလေးဂရုမပြု။

အကျိုးအကြောင်းပြောပြ၊ အသနားခံပေမင့်လည်း ...

ညှာတာမှုမရှိ၊ သွေးအေးအေးနှင့် ရက်စက်ကြမ်းကြုတ်တဲ့ အပြုအမူများ (လူသတ်မှု)များ ပြုလုပ်ခဲ့သော်လည်း နောင်တရခြင်း၊ စိတ်မကောင်းဖြစ်ခြင်း စတဲ့ ခံစားမှုတွေ သူတို့မှာ မရှိတဲ့။

ဒီလို ကြမ်းတမ်းသောသူ (A-P) လက္ခဏာနဲ့ ညီတဲ့လူတွေဟာ အာဠာဝတကျေးရွာက လူတွေနဲ့ မတူပေဘူးလားဗျာ။

ဒါ စိတ်ရောဂါပဲ။

သို့သော် သူတို့ပါဝါက အရမ်းမြင့်တယ်။

သူတို့လက္ခဏာတွေ မျိုးရိုက်လိုက်နေတော့ စကီဇိုဖရီးယားနဲ့ ဆင်ဆင်တူနေတယ်။ မတူတာက သူတို့အစွမ်းနဲ့ ပြုစားဖန်တီးနိုင်တာပဲဗျာ။ ဒါ ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ်ပဲ။

ကျွန်တော့်ကိုယ်ကျွန်တော် ပြောရဲတယ်။

ကျွန်တော့်စိတ်တွေ ဖောက်ပြန်လွဲမှား မရှိဘူး။





အစွန်းရောက် သံသယ မရှိသေးဘူး။

သို့သော် အခု အံ့ဩစရာကောင်းတဲ့ အသံကြားပြီး လူမမြင်ရတဲ့ကိစ္စ ဒါ စိတ်ရောဂါလား၊ ဂမ္ဘီရဖြစ်စဉ်လား။

ကျွန်တော် တစ်လမ်းလုံး တွေးလာခဲ့လိုက်တာ။

မနုဿသတ္တဘာဝေါ၊ ဥမ္မတကောလို့ ဆိုထားမဟုတ်လားဗျာ။ လူမှန်သမျှ အရူးကြီးပဲတဲ့။

စိတ်ရောဂါ ပညာရှင်တွေကလည်း ပြောတယ်ဗျာ။ လူတိုင်း စိတ်နဲ့ ပတ်သက်တဲ့ ဝေဒနာ ရှိကြတာပဲတဲ့။ နည်းနည်းနဲ့ များများပဲ ကွာတယ်တဲ့။

အရူးများစွာကို ခွဲလိုက်ရင် အချုပ် (၈)ပါးရတယ်လို့ (ဓမ္မသတ်)မှာ ဖော်ပြထားတာ ဖတ်ဖူးတယ်။

(၁) ရာဂုမ္မတ္တက – တဏှာရာဂရမ္မက်ကြောင့် ရူးသောအရူးမျိုး။
(၂) ဒေါသုမ္မတ္တက – အမျက်ဒေါသလွန်သဖြင့် ရူးသော အရူးမျိုး။
(၃) ဒိဋ္ဌုမ္မတ္တက – အရူးဖောက်ပြန် ကြံစည်လွန်း၍ ရူးသော အရူးမျိုး။
(၄) မောဟုမ္မတ္တက – မိုက်မဲတွေဝေသဖြင့် ရူးသော အရူးမျိုး။
(၅) ယက္ခုမ္မတ္တက – ဘီလူးသရဲ၊ စုန်းနတ် ဖမ်းစား၍ ရူးသော အရူးမျိုး။
(၆) ပိတ္တုမ္မတ္တက – သည်းခြေပျက်၍ ရူးသော အရူးမျိုး။
(၇) သုရုမ္မတ္တက – သေရည်သောက်လွန်း၍ ရူးသော အရူးမျိုး။
(၈) ဗျသနုမ္မတ္တက – စည်းစိမ်ဥစ္စာပျက်၍ ရူးသော အရူးမျိုးတဲ့..

ရှိသေးတယ်။ အရူးရောဂါအကြောင်း အသေးစိတ်ပြောရရင် အများကြီး။ ဟုတ်မှာပါ ... ကျွန်တော်လည်း ရူးနေမှာပါ။ ဘာလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ဝေဖန်ရလည်းဆိုတော့ ကျွန်တော်က အချစ်ကြောင့် စိတ်တွေလှုပ်ရှားနေတဲ့ လူလေ အချစ်ရူး။

✿ ✿ ✿

www.burmeseclassic.com

[၃၉]

❑

ဟော ... စဉ်းစားကောင်းနေလိုက်တယ်။

အလို ... ခွေးတွေက ရွာဝင်လမ်းရှေ့ကနေ ကြိုနေကြရဲ့။

"အူး ... ဝူး ဝူး ဝူး"

"ဝူး ဝူး ... အူ ဝူး"

"အိန် အိန် ... ဂိန် ဂိန် ... ဝူး"

အမ်မယ် ... သူတို့ကြိုဆိုပုံက ဝမ်းနည်းနေပုံမျိုးပါလား။ အေးလေ .. ကိုယ်ကလည်း ဒီစွယ်စုံရွာလေးက ရှတ်တရက်ဆိုသလို ထွက်သွားခဲ့တော့ လူပြောနဲ့ တိရစ္ဆာန်ခွေးတွေတောင် မြင်လည်းမြင်ရော ဝမ်းနည်းကြသနဲ့ တူရဲ့။

[အဲဒီလို ခွေးတွေအူတော့ အဖေ့သူငယ်ချင်းများဖြစ်ကြတဲ့ ... ထောင်မှူးကြီးသိန်းဝင်းနဲ့ စာရေးဆရာ ဝင်းနိုင်(ရွှေပြည်သာ)ကို သွားသတိရတယ်ဗျာ။ ထောင်မှူးကြီးသိန်းဝင်းက သူ့ကို ခွေးကြည့်ပြီးအူရင် လာဘ်ကောင်းတယ်ဆိုပြီး နှစ်လုံး၊ သုံးလုံး ထိုးလေ့ရှိတယ်။ အခု ယောက္ခမ အမွေပေးခဲ့တဲ့ အိမ်နဲ့ခြံ ရောင်းလိုက်ရပြီ။ ဝင်းနိုင်(ရွှေပြည်သာ)ဆိုတဲ့သူကတော့ တစ်မျိုးပဲတဲ့။ သူ့ကို ခွေးတွေကြည့်ပြီး အူရင် ဝမ်းနည်းပမ်းနည်းငိုတာတဲ့ အဖေက မေးသတဲ့။ မင်း ဘာလို့ဝမ်းပမ်း





တနဲ့ငိုရတာလဲ မောင်ဝင်းနိုင်လို့ မေးတော့၊ ရှိက်ရင်းက ပြောသတဲ့ဗျာ။ ရှမ်းပြည်လောက်ကိုင်ကို ပြောင်းသွားတဲ့ သူ့ယောက္ခမကြီးကို သတိရလို့တဲ့။ အဲဒီလို လူထူးလူဆန်းတွေ။ ရန်ကုန်မှာ ခုထက်ထိ ရှိသေးတယ်ဗျာ။ စကားချပ်]

ခုလည်း ကျွန်တော့်ကိုမြင်ရော ခွေးတွေ ထွက်ထွက်လာပြီး အူနေတာ။ အဲဒါ ပါလာတဲ့ မုန့်တွေ ပစ်ကျွေးတော့မှ ခွေးတွေ စားသောက်ပြီး မအူကြတော့တာ။

အလို ... ရွာက လူတွေလည်း မတွေ့ပါလား။

တစ်ရွာလုံး တိတ်နေတာပဲ။

အရင်တုန်းက ဒီနေရာမှာ ခြေတံရှည်အိမ်တွေ ရှိပါတယ်။

အိမ်တွေ ဘယ်ရောက်သွားကြပါလိမ့်။

ဟင် ... အိမ်တွေ မီးလောင်သွားတယ်နဲ့ တူတယ်ဗျာ။

ပြာပုံတွေ ဖြစ်နေပါလား။ မြေပြင်မှာ မီးလောင်ထားတဲ့ တိုင်ငုတ်တွေ တွေ့နေရတယ်။ ဟာ ... အရိုးတွေ၊ လူခေါင်းခွံတွေ။ ဘုရားရေ ... စွယ်စုံရွာက ဘာဖြစ်သွားလို့တုံး။

မီးလောင်ကျွမ်းပြီး မည်းတူးလိမ်နေတဲ့ ဒန်အိုးတွေ နေရာအနှံ့မှာပါလား။ မြေအိုးတွေ၊ ရေအိုးတွေလည်း ကွဲလို့။

နွားတင်းကုပ်တွေလည်း မရှိတော့ဘူး။

သစ်ပင်ဝါးပင်တွေလည်း မီးလောင်ငုတ်တို။

ဘယ်လို ဖြစ်ကြတာတုံး။ ကျွန်တော် အမေကြီးမြကြီးငွေတို့ အိမ်ရှိရာကို ပြေးသွားလိုက်တယ်။

"အမေ ... အမေမြကြီးငွေ ... အမေငွေ"

"ရှင်မီးတောက်ရေ ... ရှင်ဖုန်းမိုရေ ..."

အမေငွေတို့ အိမ်နေရာမှာ ပြာပုံ၊ နေရာတိုင်းမှာ ပြာပုံ၊ အိုးကွဲ၊ ပန်းကန်ကွဲ၊ နွားရိုး၊ လူရိုးနဲ့ လူဦးခေါင်းခွံအချို့။

ကိုကွမ်းလုံတို့၏အိမ်၊ ကိုလုံးတို့အိမ် မရှိတော့ဘူး။

ဒေါ်ဒွန်းနက်တို့အိမ်လည်း ပြာပုံဖြစ်လို့။

ဘာလို့ ရွာမီးလောင် ပြာဖြစ်သွားရတာလဲ။

ဟိုတစ်ခါ လာတိုက်တဲ့ ဓားပြတွေ မကြေပွဲ နွဲ့သွားတာလား။ ဘကြီးမောက်ရော ... ဘကြီးမောက်တို့ရော ...

"အမေကြီးငွေ ..."

"ညီမလေး ... ရှင်မီးတောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းမို ... နင်တို့ ဘယ်မှာလဲ"

"ကိုရိုင်း၊ ဘကြီးမောက်တို့ ... ဘယ်မှာတုံးဗျာ"

ကျွန်တော် သူတို့နာမည်တွေကို အော်ခေါ်နေတယ်။

"လှလေးရေ ..."

"ဟော ... ဒါ ... ဒါ ... အမေမြကြီးငွေရဲ့ အသံဗျ"

"အမေ ... အမေငွေ ... အမေ ဘယ်မှာတုံး။ အမေ ဘယ်မှာတုံး ... ကျွန်တော် ပြန်ရောက်လာပြီ အမေ"

အမေမြကြီးငွေရဲ့အသံ အစစ်ပါဗျာ။

မတွေ့ပါလား ... အမေ ဒီနားလေးက ခေါ်လိုက်တာ။ အမေ ဘယ်မှာတုံး။ အမေ ... အမေ ... အမေ ...

"အစ်ကိုကြီးရေ ..."

"ဟင် ... ညီမ ... ဖုန်းမို ... ရှင်ဖုန်းမို ... နင် ဘယ်မှာတုံး"

"သားရေ ..."

"အစ်ကိုကြီးရေ ..."

"အမေ ... အမေ ဘယ်မှာတုံး"

"သားရေ ... လှလေး"

"အ ... မေ ..."

"အစ်ကိုကြီးရေ ..."

"ညီ ... မ ... လေး ... နင် ... နင်တို့ ဘယ်မှာတုံး"

ခေါ်သံတွေက ကျွန်တော့်အနီးကဗျာ။ အမေ့လည်း မတွေ့၊ ညီမလေးလည်း မတွေ့။ ကျွန်တော် ဘာဖြစ်နေတာလဲ။

"ဝေါ ..."

"ဝုန်း ... ဝုန်း ... ဖရပ် ... ဖရပ်"

ဟိုးရှေ့ ဝါးပင်အုပ်ကနေ ကျီးကန်းတွေ လန့်ပျံကုန်တယ်။

"အမေတို့ ရွာမီးလောင်လို့ ပြောင်းသွားကြပြီလား"

ကျွန်တော် ဟိုးရှေ့က ရွာတွေမှာ စုံစမ်းဖို့ ထွက်လာခဲ့လိုက်တယ်။ ဒီမှာ နွားကျောင်းသားလေးတစ်ဦး မြင်သွားပြီး ရွာရှိရာကို ပြေးသွားတယ်။

ကျွန်တော် လှမ်းခေါ်ပေမင့် သူက ရွာထဲကို ပြေးနေတုန်း။

ရှေ့ရွာက ဝဲပြန်ကုန်းနဲ့ မျောက်ပုတီးရွာ။

အဲဒီမှာ ဆေးဆရာကြီး အဘငြိမ်းရှိတယ်။ အဘငြိမ်းကို မေးရမယ်ဗျ။ အမေတို့ စွယ်စုံရွာ ဘာဖြစ်သွားလို့လဲ။ ဘယ်အရပ်ကို ပြောင်းသွားကြလဲ။ ရှင်မီးတောက် တစ်ယောက်ရော။





ဒီအချိန်မှာ နွားအုပ်ကြီးတစ်အုပ် ကဆုန်ချပြီး ပြေးနေတာ မြင်လိုက်ရတယ်။ သူတို့နောက်မှာ ကျွဲအုပ်ကြီးကလည်း အော်ပြီး ပြေးလိုက်နေတာ။

ဖုန်တွေ လေထဲမှာ လွင့်နေတယ်။

နွားအုပ်၊ ကျွဲအုပ်ကြီးက ဟိုးကျောက်တစ်ရာကုန်းရှိရာကို ဦးတည်ပြေးနေကြတာ။ မကြာဘူးဗျာ ... လူအချို့ ပြေးထွက်လာတာ မြင်လိုက်ရပါရော။ သူတို့က ကျောက်တစ်ရာကုန်းရှိရာ လက်ညှိုးထိုးပြီး ပြောနေကြတာ။

ဒီအချိန်မှာ မိန်းကလေးတစ်ယောက် ပြေးလာနေတယ်။ သူ့ဆံပင်ရှည်တွေ လေထဲမှာ လွင့်လို့။

"မောင်ကြီး ..."

"ဟင် ..."

"မောင်ကြီး ... မိုးကျ ... ရွှေ ... ကိုယ် ..."

"ဟာ ... ဒါ ... ဒါ ... ညီမလေး ... ရှင်မီးတောက်"

ကျွန်တော် ဝမ်းသာလွန်းလို့ အမြန်ပြေးသွားလိုက်တယ်။ ရှင်မီးတောက်ကလည်း ဝမ်းသာအားရ ပြေးလာနေတာ မောဟိုက်နေပြီ။

"မောင် ... မောင်ကြီး ..."

"ညီမလေး"

"မောင်ကြီး ..."

ကျွန်တော် ရှင်မီးတောက်ကို ပြေးဖက်ထားလိုက်တယ်။ ရှင်မီးတောက်ကလည်း ကျွန်တော့်ခါးကို ဖက်ပြီး ငိုတယ်။

အို ... ချွေးတွေ စိုရွှဲနေပါကလား။

"ညီမလေး ... အမေ ... အမေမြကြီးငွေတို့ရော ... ဟင် ဟင်"

ဒီအချိန်မှာ လူငယ်အချို့ အော်ပြီး ပြေးလာနေတာ။

"အစ်မရေ ... အစ်မမီးတောက်ရေ"

"အစ် ... မ ... အစ်မမီး ..."

"ဟဲ့ ... ကျောက်တံတို့၊ ချွေးပုတို့ ဘာဖြစ်လာတာတုံး"

"မှို ... ဟိုထဲမှာ ... ဟိုထဲမှာ ..."

သူတို့ မောနေလို့ စကားဆုံးအောင် မပြောနိုင်ကြဘူး။

"မောင်လေး ... ငကျောက် ဘာဖြစ်လို့တုံး ... ပြောစမ်း"

"မ ... မနက်တုန်းက ... က ... ရွာထဲကို ဝင်လာတဲ့ ... လူ ... လူဗျ ... သူ ... သူ ..."

"သူ ဘာဖြစ်လို့တုံး ... ငကျောက်"

"သူ ... သူ ... နို ... နို့တစ်လုံး ... ဂူ ... ဂူထဲကို ဝင်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ဂူ ... ဂူထဲမှာ ... မိန်း ... မိန်းမ ... တစ်ယောက်လည်း ရှိ ... ရှိတယ်။ သူ ... သူတို့ ရန်ဖြစ်နေကြတယ်ဗျ ... ရန်ဖြစ်နေကြတယ်"

"ဟင် ... မိန်းမတစ်ယောက်ပါ မယ်တော်ဂူထဲမှာ ရှိတယ် ... ဟုတ်ရဲ့လား ... ငကျောက်"

"ဟုတ် ... ဟုတ်တယ်။ သားတို့က အမေကြီးကျောက်နံ့ဆီက စားစရာ စွန့်ယူမယ်ဆိုပြီး ဝင်သွားမလို့ လုပ်တုံး ..."

ဒီမှာ ကျွန်တော် ဟိုဂျာကင်နဲ့လူကို ပြေးသတိရလိုက်တယ်။ ဂျာကင်နဲ့လူ ဒီရွာကို ကျွန်တော့်ရှေ့က ကြိုရောက်သွားတယ်။ ဒီလူများလား ..."

"ရှင်မီးတောက် ... ညီမလေး ..."

"ရှင် ... ရှင် ..."

"မနက်ကလာတဲ့လူဆိုတာ သားရေဂျာကင်နဲ့၊ ဘောင်းဘီရှည်နဲ့လူ တော့တ်လား ... ညီမ ဟင်"

"ဟုတ်တယ် ... မောင်ကြီး၊ လူစိမ်းပဲ။ သားရေဂျာကင်နဲ့"

"သူ့နာမည် ဘယ်သူတဲ့တုံး"

"နာမည်ကို မဖြေဘူး ... မောင်ကြီး။ သူက လူတစ်ယောက်ကို လိုက်ရှာနေတာတဲ့"

"ဘာ ...။ နေ ... နေဦး ... သူလိုက်ရှာနေတဲ့ လူက မိန်းမလား၊ ယောက်ျားလား ... ညီမလေး ... မြန်မြန်ပြောစမ်းပါဟာ"

"အမျိုးသမီးတစ်ဦးတဲ့ ... သူ ... သူ ..."

"ပြောလေ ... ပြောပါ ... သူ ... ဘာဖြစ်တုံး"

"သူရှာနေတဲ့ အမျိုးသမီးက မျက်နှာပေါ်မှာ ဓားခုတ်ရာ ဒဏ်ရာတွေနဲ့ အမျိုးသမီးတဲ့။ ဒီဘက်ကို ရောက်နေတယ်လို့ ကြားလို့တဲ။ သူ့ ... သူ့ ... ညီမလို့ ပြောတယ်"

မျက်နှာမှာ ဓားခုတ်ရာ အမာရွတ်တွေနဲ့၊

သူ ဒီရွာကို ရောက်နေတယ်။

သူ့ညီမ ... ဒါ ... ဒါဆို ... အဲဒါ ... အဲဒါ ...

"ညီလေး ... ညီလေး ... မောင်ကျောက်တံ ..."

"ဗျာ ..."

"ညီလေး ... ကျောက်နံ့ဂူထဲမှာ သတ်ပုတ်နေတာ မြင်ခဲ့လား ... ညီလေး။ မြန်မြန်ပြောပါ ... ညီလေးရ"

သိပ်အရေးကြီးနေပြီဗျာ။





"တွေ့တယ် ... မိန်းမနဲ့ယောက်ျား ထိုးခုတ်နေတာဗျ"

"မိန်းမရဲ့မျက်နှာကို ငါ့ညီ မြင်လိုက်လား ဟင် ဟင်"

"မြင်တယ်ဗျ ... ခွေးပုလည်း မြင်တယ်။ မိန်းမတစ်ဦးက မယ်တော်ကြီး ကျောက်စားပွဲပေါ်ကစားစရာတွေ ယူစားနေတုန်း ဂျာကင်၊ ဘောင်းဘီရှည်နဲ့ လူဝင်လာပြီး စကားများရန်ဖြစ်ချကြတာဗျ။ ဘောင်းဘီရှည်နဲ့လူ လက်ထဲမှာ ပုဆိန်လိုဟာ ပါတယ်ဗျ"

"ညီလေး ... အမျိုးသမီးရဲ့မျက်နှာမှာ ... ဘာ ... ဘာ မြင်ရသေးလဲ ဟင်"

"နေဦး ... အဲ ... အဲ ... မိန်းမမျက်နှာမှာ ဒဏ်ရာတွေ အများကြီးပဲ။ ရုပ် တော်တော်ဆိုးတယ်။ ဟုတ်တယ်နော် ... ခွေးပု"

"ဟုတ်တယ်ဗျ ... ကျွန်တော်တို့ ကြောက်လို့ လာပြောတာဗျ"

"ကျေးဇူးပဲ ... ညီလေး"

ကျွန်တော် လက်ဆောင်ပေးဖို့ ယူလာတဲ့ ပစ္စည်းတွေကို ရှင်မီးတောက် လက်ထဲ ထည့်လိုက်တယ်။

"ညီမ ... ဒီပစ္စည်းတွေ ယူထား"

"မောင်ကြီး ... ဘယ်သွားမလို့လဲ"

"အရေးကြီးလို့ပါ။ မောင်ကြီး ဟိုနံ့တစ်လုံးကျောက်ဂူထဲ သွားမလို့။ ညီမ ပြန်တော့"

ကျွန်တော် အထုပ်တွေထားခဲ့ပြီး လွယ်အိတ်စလွယ်သိုင်း ပြေးခဲ့တယ်။

"မောင်ကြီး ... နေဦးလေ ... မောင်ကြီး"

"မောင်ကြီး ... ဘာဖြစ်လို့လဲ ... မောင်ကြီး ... ကျွန်မကို စောင့်ပါဦး မောင်ကြီး"

ကျွန်တော် ကျောက်တစ်ရာကုန်းကို ပြေးသွားခဲ့လိုက်တယ်။

နွားအုပ်၊ ကျွဲအုပ်ကလည်း အသံတွေ ဆူညံစွာနဲ့ နံ့တစ်လုံးဂူရှိရာကို ပြေးသွားနေတာ။

ကျောက်တိုင်တွေကို ကျော်တော့ ကျောက်တံတိုင်းလမ်းထဲကို ရောက်ခဲ့တယ်။ ရှေ့မှာ ကျွဲနဲ့နွားတွေက ဂူထဲကို တိုးနေကြတာ ညံနေတယ်။

နွားတွေ၊ ကျွဲတွေ ဘာဖြစ်ကုန်တာလဲ မသိ။

ကျွန်တော် ကျောက်နံ့တစ်လုံးဂူထဲကို ရောက်တော့ ကျွဲအုပ်၊ နွားအုပ်ကြီးရဲ့ နောက်မှာ ရှိနေပြီဗျ။

"အွမ်း ..."

"ညွှမ့် ... ညွှမ့် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်ထိန်း"

"အွမ်း ..."

ကျွဲတွေ၊ နွားသိုးတွေရဲ့ အော်သံ၊ လှုပ်ရှားသံတွေ ဂူထဲမှာ ပဲ့တင်ညံနေတာ နားကို အူနေတာပဲ။ ကျွဲအုပ်၊ နွားအုပ်ကို ကွေ့ပြီး ရှေ့ကို သွားတာ သွားလို့ မရဘူး။

ရှေ့မှာ တိုက်နိုက်သံသဲ့သဲ့ ကြားနေရတယ်။

ဂူနံရံမှာ မီးတိုင်တွေ ထွန်းထားလို့ ရှေ့က လှုပ်ရှားသံကို မြင်နေရတယ်။

"နင့်ကို ငါ ဒီနေ့ သတ်မှာဟ"

"နင် ငါ့အသားကို မထိနဲ့"

"ကိုင်းဟာ ..."

"ဂုန်း ..."

"ခွမ်း ..."

"သေစမ်း ... မိန်းမယုတ်"

"နင်လားဟ ... မင်းလေး၊ ဒီတစ်ခါ နင့်အလှည့်ပဲ ... မင်းလေးရေ"

"ထန် ... ဒေါက်"

"ကျွား ..."

"ဟိတ် ..."

အို ... ဒါ ... ဒါ ... လရောင်စို ... လရောင်စိုပါလား။ သူ့မျက်နှာပေါ်မှာ ရုပ်ပျက်ဆင်းပျက် အမာရွတ်တွေနဲ့။

ဘာတဲ့ ... မင်းလေး ... ဆိုလား။

အဲဒီလူက ရဲတင်းနဲ့ လရောင်စိုကို ခုတ်တယ်။

လရောင်စိုက ငုံ့ရှောင်ပြီး ခြေနဲ့ကန်လိုက်တယ်။ ဟိုလူ ချာလည် လည်သွားပြီး ရဲတင်းနဲ့ ပြန်တွက်လိုက်တယ်။

"ဟိတ် ..."

အလို ... လရောင်စို ခုန်လိုက်တာ ကျောက်နို့တစ်လုံးထိုင်နေတဲ့ ကျောက်ပြားတုံးပေါ် ရောက်သွားပါလား။

"လရောင်စို ..."

"လရောင်စို ... လရောင်စို"

ကျွန်တော့်ခေါ်သံ ဂူထဲမှာ ပဲ့တင်ညံသွားတယ်။

"ဟော့ကောင် ... ရပ်လိုက် ... ရပ်နော်"

"လရောင်စို ... မောင်ပါ ... ရွှေမင်းစုန်ပါ"





လရောင်စို ကျွန်တော့်အသံကြောင့် လှည့်ကြည့်လိုက်ချိန်မှာပဲ တိုက်နေတဲ့လူရဲ့ ရဲတင်းက လရောင်စိုပခုံးကို ထိသွားတယ်။

"သေဟ"

"အား ..."

"လ ... ရောင် ... စို ..."

"မောင် ... မလာနဲ့ ... အနားကို မလာနဲ့"

"လရောင် ..."

"ကျွား ..."

"ဂုစ် ..."

လရောင်စို ပခုံးဒဏ်ရာကို လက်နဲ့ဖိလိုက်တုန်းမှာ ရန်သူက လရောင်ရဲ့ လည်ပင်းကို စလွယ်ခုတ်ချလိုက်တာဗျာ။

"လ ... ရောင် ..."

"ဒုတ် ..."

"ကဲဟာ ... ကဲဟာ ..."

"ဒုတ် ... ထန် ထန် ထန်"

လရောင် ငုံ့လိုက်တော့ ရန်သူရဲ့ရဲတင်းအသွားက အမေကျောက်နို့တစ်လုံးရဲ့ ခြေသလုံးကို ခုတ်မိသွားတယ်။ သူက ဆက်တိုက်လိုက်ခုတ်၊ လရောင်က ရှောင်။

ရဲတင်းအသွားက ကျောက်နို့တစ်လုံးရဲ့ ညာခြေကို ခုတ်မိပြီး ကျောက်သားတွေ ဖွာထွက်၊ မီးပွင့် ...

"လရောင် ... ဟော့ကောင် ... ရပ် ... ရပ် ..."

"မောင် ... မလာခဲ့နဲ့ ... မလာနဲ့ ... ကဲဟာ ..."

သူ ကျွန်တော့်ကို လှမ်းအော်ရင်းက ရန်သူကောင်ရဲ့ ရဲတင်းကို ဝင်လုပြီး ခုတ်ချလိုက်တာ ...

"ရွပ် ..."

"အား ..."

"သေစမ်းဟာ ... နင်လိုကောင် ... ကဲဟာ ..."

"ရွပ် ..."

"ကဲဟာ ..."

"ဒုတ် ..."

"အား ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကျွဲအုပ်၊ နွားအုပ်ကို တိုးပြီး လရောင်စိုရှိရာကို သွားနေတာ။ ကျွဲတွေရဲ့အော်သံ၊ နွားတွေရဲ့ အော်သံ ...

ပြီးတော့ ကလေးငိုသံ။

ကလေးငိုသံ ကြားရတယ်။

ပြီးတော့ ကျယ်လောင်တဲ့ တောက်ခတ်သံ ကြားရတယ်။

လရောင်ရဲ့အသံတွေ မဟုတ်ဘူး။

နာနာကျည်းကျည်း တောက်ခတ်သံ။

ကျွန်တော် ကျွဲတွေရဲ့ကျောပေါ် ခုန်တက်ပြီး ခုန်ရင်းခုန်ရင်း လရောင်တို့ သတ်ပုတ်နေတဲ့အနီးကို ရောက်သွားတယ်။

သားရေဂျာကင်နဲ့ ရန်သူက လရောင်ကို ဝင်လုံးပြီး ရဲတင်းကို လုတယ်။ ရဲတင်းလည်းရရော လရောင်ရဲ့ပေါင်ကို ခုတ်လိုက်တာ ...

လရောင်က ခုန်ပြီးရှောင်။

ရဲတင်းသွားက ကျောက်နို့တစ်လုံးမယ်တော်ရဲ့ ခြေထောက်ကို ခုတ်မိပြီး ကျောက်သားတွေ ပဲ့ထွက်။ ရန်သူကောင်က လရောင်ရဲ့ ငုံ့နေတဲ့ဇက်ကို ခုတ်ချလိုက်တာ ...

"လရောင် ... ရှောင် ... ရှောင် ..."

"ခွမ်း ..."

လရောင် ပတ်ပြီး ရှောင်လိုက်လို့ ရန်သူရဲ့ ပုဆိန်သွားက ကျောက်နို့တစ်လုံးရဲ့ ခြေထောက်ကို ထပ်ခုတ်မိပြီး ခြေထောက်ပိုင်း ပြတ်ထွက်လွင့်စဉ်သွားပါရော။

လွင့်စင်သွားတဲ့ ခြေထောက်အပြတ်က ကျွန်တော့်ရှေ့ကို လွင့်စင်ကျလာတယ်။ အလို ... ကျောက်ခြေပြတ်က ခုန်နေပါလား။

ရန်သူကောင်က ခြေချော်လဲကျသွားတဲ့ လရောင်ရဲ့ ရင်ဘတ်ကို ရဲတင်းနဲ့ ခုတ်ချလိုက်တယ်။

"စွပ် ..."

"အား ..."

"သေစမ်း ... ဒါ ... ငါ့အစ်ကို မင်းကြီးအတွက်ကွ ... ကိုင်း ..."

လရောင် ကျောက်နို့တစ်လုံးမယ်တော် ခြေရင်းမှာ လူးလွန့်နေတယ်။ ကျွန်တော် ကျောက်နို့တစ်လုံး ကျောက်ခြေပြတ်ကို ကောက်ယူပြီး အသေခုတ်ဖို့ လက် မြှောက်နေတဲ့ ရန်သူရှိရာကို အားနဲ့ လွှဲပစ်လိုက်တယ်။

"ဖောင်း ..."

"အား ..."





"လရောင် ... မောင်လာပြီ ... လရောင်"

ရန်သူကောင်ရဲ့ နားထင်ကို ကျွန်တော်ပစ်လိုက်တဲ့ ကျောက်ခြေပြတ် ထိပြီး ရဲခနဲ သွေးတွေထွက်လို့ ရန်သူကောင်လက်ထဲက ရဲတင်း -လွတ်ကျသွားတယ်။

ကျွန်တော် ကျောက်နို့တစ်လုံးထိုင်နေတဲ့ ကျောက်ပျဉ်တုံးပေါ် လွှားခနဲ ခုန်တက်လိုက်ချိန် ...

သွေးတွေ ရင်ဝကနေ စီးကျနေတဲ့ လရောင်စိုရယ်ဗျာ။

လွတ်ကျသွားတဲ့ ရဲတင်းကို ကောက်ယူပြီး ရန်သူကောင်ရဲ့ မျက်နှာကို ခုတ်လိုက်တာ။

"ခွမ်း ..."

"အား ..."

"ငါ့ဘဝအတွက် အကြွေးဆပ်တာ ... ရော့"

"ဒိုး ..."

"စွပ် ..."

"အား ... သေ ... ပါ ... ပြီ ... ဗျ ... အား ... အား ..."

ပထမခုတ်ချက်က ရန်သူကောင်ရဲ့ မျက်နှာတည့်တည့်ကို စိုက်ဝင်သွားတယ်။ ဒုတိယခုတ်ချက်ကြောင့် ဒီကောင်ရဲ့နားရွက် ပြတ်ကျပြီး လူးလိမ့်အော်တစ်နေတယ်။

"လရောင် ... မောင်လာခဲ့မယ် ... ရပ်ပါ ... ရပ်ပါ"

လရောင်ရဲတင်းကိုင်ပြီး ဘီလူးစီးနေသလို မျက်လုံးပြူးလို့ ကျွန်တော့် ကို လှမ်းကြည့်နေတယ်။ ကြည့်ရင်းက ရဲတင်းလွတ်ကျပြီး လွယ်အိတ်ကို ကောက်ယူလွယ်တုံးမှာပဲ သူမပါ ဝုန်းခနဲ ပြိုလဲသွားတယ်။

ကျွန်တော် လရောင်စိုကို ထိုးပွေ့ပြီး ကျောက်ခုံပျဉ်ပေါ်ကနေ ခုန်ချလိုက်တယ်ဗျာ။ သူ့ဗိုက်မှာ သွေးတွေ စိုရွှဲလို့။

"လရောင် ..."

"မောင် ... မောင် ... မြန်မြန်ထွက်"

"ဂျွတ် ... ဂျွတ် ..."

"မောင် ... မြန်မြန် ... ထွက် ... ကြတော့"

တဂျွတ်ဂျွတ်အသံဗျ။ အလို ... ဒီအသံက ကျောက်နို့တစ်လုံးမယ်တော် ကျောက်ရုပ်တု အောက်ခြေအက်ကွဲလာတဲ့ အသံ။

"ကျုပ် ... ကျုပ်ကို ... မထားခဲ့ပါနဲ့ ... အား ... အား ..."

"ကျုပ်ကို ... ကယ် ... ကြပါဗျ ... အား ... အား ..."



www.burmeseclassic.com

www.burmeseclassic.com



ရန်သူကောင် သွေးသံရဲရဲနဲ့ အားယူကုန်းထပြီး အော်နေတယ်။ ကျွန်တော် လရောင်ကို ပွေ့ပြီး ကျွဲတွေနံဘေးက ထွက်ချိန်မှာပဲ ...

"ဂျွတ် ... ဂျွတ် ... အဲ့ ... အဲ့ ... ဂျွတ် ..."

"ကျူပ် ... ကို ... မ ... မထား ... ခဲ့ပါနဲ့"

"ဝေါ ..."

"ဝုန်း ..."

"အောင်မလေး ... သေပါပြီဗျ ... အား ..."

"ဟင် ..."

အမေကျောက်နို့တစ်လုံး ရုပ်တုကြီးဟာ တဂျွတ်ဂျွတ်နဲ့ အက်သံပေးပြီး ကျိုးကျသွားတာ။ ကံဆိုးချင်တော့ ရန်သူကောင်ရဲ့ ပေါင်နှစ်ချောင်းပေါ် အရှိန်နဲ့ ပြုတ်ကျပြီး ပေါင်တစ်ချောင်း ပြတ်ထွက်သွားတယ်။

"မောင် ... အား ... ကျွတ် ကျွတ် ... ထွက်ပါ ... မြန်မြန်ထွက်ပါ အား"

"အားတင်းထားနော် ... လရောင်"

ကျွန်တော် ကျွဲအုပ်နံဘေး ကျောက်နံရံကို ကပ်ပြီး တိုးထွက်ချိန် ...

"အွမ့် ... အွမ့် ..."

"ညွှမ့် ... ညွှမ့် ... ဖူး ... ဖူး ..."

"ဝေါ ..."

"အွမ့် ..."

"ဝပ်ထိန်း ..."

နောက်ပြန်လှည့်လိုက်တော့ ... ရန်သူကောင်ဟာ ပေါင်ပြတ်လျက်နဲ့ လေးဘက်ထောက်သလို ထောက်ပြီး သွေးသံရဲရဲ ဆင်းလာနေတယ်။

ဒီမှာပဲ ဒေါသကြီးနေတဲ့ ကျွဲအုပ်၊ နွားအုပ်ကြီးက သင်းရှိရာကို ပြေးဝင်ပြီး ချိုတွေနဲ့ ခတ်ကြ၊ ဝှေ့ကြတာဗျ။

ဒီကောင် ငယ်သံပါအောင် အော်ပြီး ကျွဲချိုဖျားမှာ ကားခနဲ ပါသွားတယ်။ အူတွေက တန်းလန်းထွက်လို့။

သူ့ ကျွဲချိုဖျားက ပြန်ကျရော နွားအုပ်ကြီးက ပိုင်းဝှေ့နေတာဗျာ။ အငြိုးကြီးကြီးနဲ့ ပိုင်းဝှေ့နင်းကြတာ။

ကျွန်တော် ဂူပေါက်ဝရှိရာ လရောင်ကိုပွေ့ပြီး လာခဲ့လိုက်တယ်။

"မောင်ကြီး ... မောင်ကြီး ..."

"ညီမလေး ... ရှင်မီးတောက်"





"မောင်ကြီး ... လာ ... လာ ... ကျွန်မတို့ အားလုံးမြင်တယ်။ အထဲကို ဝင်မရလို့ ... မောင်ကြီးရဲ့"

အပြင်မှာ ဓားလှံတွေနဲ့ လူအုပ်ကြီးကို တွေ့လိုက်ရတယ်ဗျာ။ အချို့တွေ ဂူထဲကို ဝင်သွားကြတယ်။ ဂူထဲမှာလည်း ဆူညံနေတယ်ဗျ။

"ကိုစုန် ..."

"ကိုလုံး ... ကိုလုံး ..."

"ဟာ ... အမျိုးသမီးက ဒဏ်ရာတွေ အများကြီးနဲ့ပါလား"

"ဟေ့ ... ဟေ့ ... မင်းတို့ပုဆိုးတွေကို ဝါးလုံးထိုးပြီး ထမ်းစင်လုပ်ကြစမ်းဟေ့။ ရွာကို သယ်မယ်ကွ"

"အား ... ကျွတ် ကျွတ် ... မောင် ... မောင် ..."

"လရောင် ... အားတင်းထားပါ ... မိန်းမရယ်။ မောင်တို့ မြို့သေးရဲ့ကို အရောက်သွားရမယ်လေ"

ရှင်မီးတောက်နဲ့ ကိုလုံးတို့၊ ကိုကွမ်းတို့ ရွာသားတွေက သွေးအလူးလူးနဲ့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ လရောင်စိုကိုကြည့်ပြီး အံ့သြကြ၊ စိတ်မကောင်းကြ။

"မောင် ... ကျွန် ... မ ... မ ... မလိုက်တော့ဘူး"

"အို ... မင်း အသက်ရှင်ရမှာ လရောင်ရဲ့ မောင်ရှိပါတယ်"

"မောင် ... ခဏလေး ... ချပေးပါ ... ပြော ... ပြောစရာရှိလို့"

သူမကို ကျောက်မြေပေါ်မှာ အသာချပြီး ခေါင်းထူပွေ့ထားလိုက်တယ်။

"မောင် ... ကျွန်မ ... ကို ... လိုက် ... ရှာ ... တယ်နော်"

"အင်း ... အင်း ..."

"ကျွန် ... မ ... မောင့်ကို ... ချစ် ... ချစ်ပါတယ်"

"လရောင် ... မပြောနဲ့"

"သူတို့ ... ကျွန်မကို ... လိုက် ... လိုက် ... သတ်တာ"

"ဘာ ... ဘာ ... ပြောတယ် ... ဘာပြောတယ်"

"ကျွန်မ ... ကို ... လိုက်သတ်တဲ့လူ ... က ... မင်းလေး ... မင်းလေး ..."

"မင်းကြီးရဲ့ညီ မင်းလေးလား ... မင်းလေးလား"

"ဟုတ်တယ် ... သူ့ ... သူ့ ... အစ်ကို ... မင်းကြီးနဲ့ ... လူ ... လူမျိုးထိန်အတွက် ... လိုက် ... က ... ကလဲ့စားချေ ... ချေတာ။ ကျွန်မ အ ... အ ... ကြွေးတွေ ... ဆပ် ... ဆပ်ပြီးပါပြီ ... မောင် ... အား ... ကျွတ် ... ကျွတ် ... ကျွန်မ ... ဒီအကြောင်းတွေ ... ရေး ... ရေး ...



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့စာအုပ် ... လွယ် ... လွယ်အိတ်ထဲမှာ ... ရှိတယ် ... မောလိုက်တာ ... မောင်ရယ် ...''

''ပုခက်ပြီးပလားဗျ ဟင်''

''ပြီးပြီဟေ့''

ဒီအချိန်မှာ နို့တစ်လုံးကျောက်ဂူထဲကနေ ကျွဲတွေ၊ နွားတွေ ဂူပြင် ထွက်ပြေးထွက်လာပြီး ရွာရှိရာကို ကဆုန်ပေါက် အမြီးထောင် ပြေးကြတယ်ဗျ။ သူတို့ဦးချိမှာ သွေးနီရဲရဲ ပေကျံလို့ဗျာ။

''မောင် ...''

''လရောင်''

''မောင့်ကို ဖက်ထားပါရစေ နော်''

''လရောင်ရယ် ...''

လရောင် သွေးအလူးလူးလက်နဲ့ ကျွန်တော့်ကို ဖက်ပြီး ရင်ခွင်ထဲမှာ ခေါင်းကို ဝှက်ထားတယ်။ သူ ဒဏ်ရာကြောင့် တဟင်းဟင်းနဲ့၊ ခဏနေတော့ ဇက်လည်ကျသွားတယ်ဗျာ။

''လ ... ရောင် ... လရောင် ...''

''လရောင်စို ... လရောင် ... ဟီး ...''

လရောင် အသက်မရှိတော့ဘူးဗျာ။ လရောင် အသက်မရှိတော့ဘူး။ ကျွန်တော် သွေးလူးနေတဲ့ လရောင်စိုရဲ့မျက်နှာကို ကြည့်ရင်း မျက်ရည်တွေ ထလိမ့်လိမ့် ကျလာတယ်။

''လရောင်စို ... လရောင်စို ...''

အနီးမှာ ရှိုက်သံတွေ ကြားနေရတယ်။

သူ ကျွန်တော့်ကို မြဲမြဲစွာ ဖက်ထားတုန်းပါဗျာ။

လရောင်ရေ ... ဒုတိယမြောက် အနွေးဆုံးရင်က ချစ်ရသူရဲ့ရင်ခွင်ဆို။ ဘာလို့ မိနစ်ပိုင်းမျှပဲ ခိုနားရတာလဲ ... လရောင်။

✿ ✿ ✿

[၄၀]

❑

ကျွန်မကိုယ် ကျွန်မ အရမ်းအံ့ဩနေတယ် မောင်။ ကျွန်မ အသက်ရှူကျပ်သလို ဖြစ်နေတယ်။ ကျွန်မ မျက်လုံးဖွင့်ကြည့်တော့ မှောင်မည်းနေပါလား။

ကျွန်မ ဘယ်ကို ရောက်နေတာလဲ။

လှုပ်လို့လည်း မရဘူး။ အော်လို့လည်း အသံက မထွက်။

ကျွန်မ ကြောက်လိုက်တာ။ ကျွန်မ ဘာဖြစ်နေတာလဲ။

ဟော ... အပြင်ကနေ တစ်ခုခုနဲ့ ထုရိုက်နေကြတာ။

''ဒုတ် ... ဒုတ် ... ဒုတ် ... ဒုတ်''

''ဪရော ...''

ကျွန်မ ကြောက်လို့ လက်နဲ့စမ်းမယ်လုပ်တော့ ကျွန်မရဲ့ လက်မနှစ်ဖက်ကို ပူးပြီး အပ်ချည်ကြိုးနဲ့ ချည်ထားတာပဲ။ ခြေမနှစ်ခုကိုလည်း ပူးပြီး ချည်နှောင်ထားတယ်။

ကျွန်မ အသက်ကို ကြိုးစားရှူပြီး လက်ကို ဖြည်းဖြည်းချင်း လှုပ်ကြည့်တယ်။ မာကျောတဲ့ သစ်သားနံရံကို ဘယ်ညာမှာ ထိမိတယ်။

ကျွန်မအပေါ်မှာ သစ်သားလိုလို၊ သံပြားလိုလိုအရာက အုပ်မိုးထားတယ် ... မောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကြောက်တယ်၊ အရမ်းကြောက်နေပြီ။

"မောင် ... မောင်ရေ ..."

"မောင် ... ကျွန်မကို ကယ်ပါဦး ... မောင်ရဲ့"

စိတ်ထဲကနေ အော်နေတာ။ ဟစ်ပြီး အော်ခေါ်နေတာ။ ကျွန်မ မောင့် အသံလည်း မကြားရ၊ ဖေဖေ့အသံလည်း မကြားရ၊ သူငယ်ချင်းတွေရဲ့ အသံလည်း မကြားရ။

"ဒိုး ... ဒိုး ... ဒိုး ..."

"ဒုတ် ... ဒုတ် ... ဒုတ်"

"ပွင့်တော့မယ်ဟေ့"

"အထဲကို ကျိုးမကျစေနဲ့။ အပြင်ကို အုတ်ခဲတွေဖယ်၊ မြန်မြန်လုပ်ကြ"

အပြင်က ထုသံရိုက်သံတွေနဲ့အတူ စကားပြောသံတွေ ကြားနေရတယ်။ သူတို့ပြောသံက အလျင်စလို ဖြစ်နေတဲ့အသံ။ မောင်တို့များလား မသိဘူး ... ဘုရား ... ဘုရား ... ဘုရား ...

"ဝုန်း ..."

"ပွင့်သွားပြီဟေ့"

"ခေါင်းကို မြန်မြန်ဆွဲထုတ်ကြ"

"ဝရော ... ကျွိ ... ကျွိ ... ကျွိ"

အလို ... ကျွန်မ ရွေ့သွားပါကလား။ ဘာလို့ ကျွန်မ ရွေ့သွားရတာလဲ။ ဘယ်ထဲမှာ ... တဲ့။ ခေါင်း ... ခေါင်းကို မြန်မြန်ဆွဲထုတ်ကြ ... တဲ့။ ဘုရားရေ ... ဒါ ... ဒါဆို ... ကျွန်မ ... ကျွန်မ ...

အပေါ်အမိုးကို ကလန့်ဖွင့်နေတဲ့အသံ ကြားရတယ်။

"ကျွိ ... ကျွိ ... ကစ် ဂျစ် အစ်"

"ပွင့်သွားပြီ"

"ဝုန်း"

ပစ္စည်းတစ်ခုကို ဖွင့်ပြီး ပစ်ချလိုက်တဲ့အသံကြောင့် ကျွန်မ အသက်ကို မြှင်းပြင်းရှူလို့ ရလာတယ်။ မျက်နှာကို လေစိမ်းတွေ ဝင်တိုးထိတဲ့ အေးမြမြ အရသာကို ခံစားရတယ်။

"ဟေ့ကောင် ... အသက်ရှိသေးရဲ့လားဟ ... ကြည့်စမ်း"

"ရှိတယ် ... ဆရာ ... ရင်ဘတ်လှုပ်နေတယ်"

"ဟော ... ဟော ... မျက်လုံး ... မျက်လုံးပွင့်နေပြီ ဆရာ"

"ဟေ ... တော်ပါသေးရဲ့ကွာ ... မြန်မြန်မ,ထုတ်ကြစမ်း"





အမိန့်ပေးနေတဲ့လူရဲ့ အသံကို ကြားဖူးသလိုပဲ။ ကျွန်မ မျက်လုံးဖွင့် ကြည့်တယ်။ လက်နှိပ်မီးနဲ့ ထိုးထားလို့ မျက်စိကို ပြန်မှိတ်ထားလိုက်တယ်။

သူတို့ လက်မနှစ်ခုနဲ့ ခြေမနှစ်ခု ပူးချည်ထားတဲ့ ကြိုးတွေကို ဖြတ် ဖြုတ်ကြတာ သိတယ်။ ပြီးတော့ ကျွန်မခန္ဓာကိုယ်ကို မ,ယူပြီး ကားပေါ်ကို တင် လိုက်ကြတယ်။ ပြီးတော့ ကားစက်နှိုးသံလည်း ကြားရတယ်။

"ရေ ... ရေ ... ပေး ... ပေး ..."

"ရေတဲ့ဟေ့ ... ရေပုလင်းပေးစမ်း"

ပါးစပ်ထဲကို ရေနည်းနည်း ကျလာတယ်။ ကျွန်မ အငမ်းမရ မျိုချလိုက် တယ်။ ရေဝင်သွားလို့ ရင်ပူမောဟိုက်နေတာ သက်သာသွားတယ်။ ကျွန်မ စကား ပြောချင်တယ်။ ပြောလို့မရဘူး။

"ဟိုကောင် စဏ္ဍာလကို သေချာအောင် လုပ်ခဲ့လား"

"လုပ်ခဲ့ပါတယ် ဆရာ။ လင်မယားနှစ်ယောက်လုံးကို ဒီအကြောင်းပြော ရင် သတ်ပစ်မယ်လို့ ပြောခဲ့ပါတယ်။ ပြီးတော့ ပိုက်ဆံလည်း ထိုက်ထိုက်တန်တန် ပေးခဲ့လိုက်တယ်"

"ဒါဆို ပြီးရော ..."

"အုတ်ဂူ ပြန်ပိတ်ဖို့ရော"

"သူ့ကို ဒီညအပြီးလုပ်လို့ ပြောခဲ့တယ်။ မူလအတိုင်းဖြစ်အောင်လုပ်။ မနက်ကိုလာကြည့်လို့ မူလပုံစံအတိုင်းမဖြစ်ရင် သေဖို့ပြင်ထားလို့ ပြောခဲ့တယ်"

"ဒါဆို သွားကြစို့"

ဘုရား ... ဘုရား ... သူတို့ပြောတဲ့စကားတွေကို စဉ်းစားရင် သူတို့ ကျွန်မကို အုတ်ဂူထဲက ထုတ်ခဲ့တာ။

အုတ်ဂူကိုဖောက်ပြီး ခေါင်းထဲကနေ ကျွန်မကို ထုတ်ယူခဲ့တာ။ ဒါ ... ဒါဆို ... ကျွန် ... မ ... ကျွန်မ ... သေခဲ့တာနဲ့တူရဲ့။ ဂူသွင်းခဲ့တာနဲ့ တူရဲ့။ အို ... ဘုရား ... ဘုရား ...

ကျွန်မ ဘာကိုမှ သတိမရတော့ဘူး။

ကျွန်မ တကယ်သေသွားခဲ့ပြီနဲ့ တူပါရဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

|၄၁|

❑

ကျွန်မမျက်နှာပေါ်ကို ရေပတ်နဲ့ သုတ်ပေးနေကြတယ်။ ကျွန်မ လန့်ပြီး မျက်စိဖွင့်ကြည့်လိုက်တော့ ဦးစွာ မြင်ရတာက လင်းထိန်နေတဲ့ မီးရောင်။

ပြီးတော့ ငုံ့လုနီးပါး ကြည့်နေတဲ့ လူတစ်ဦး။

''သတိရပြီလား . . . မိန်းကလေး''

''ရှင် . . . ရှင် . . . ကျွန်မ . . . ဘယ် . . . ဘယ်ကို . . . ရောက်နေတာလဲ ဟင် . . . မောင်ရော . . . မောင် ဘယ်မှာလဲ . . . အဖေ . . . အဖေ . . . အဖေ''

''စိတ် မလှုပ်ရှားနဲ့ မိန်းကလေး။ မင်း အရမ်းကံကောင်းလို့ အသက်ရှင်ခွင့်ရလိုက်တာ။ အခု မင်းမသေတော့ဘူး။ ဆရာ အားဆေးထိုးပေးထားတယ်။ ဒီဆေးကို သောက်လိုက်ပါ။ မင်း အားရှိပြီး နေကောင်းသွားမှ မင်းသိချင်တာကို မေးပါနော်''

ဆရာဝန်နဲ့တူရဲ့ လည်ပင်းမှာ နားကျပ်တွဲလောင်းနဲ့။

သူက ဆေးလုံးဆေးပြားတွေကို တိုက်တယ်။

နေကောင်းမှ သိချင်တာမေးပါတဲ့။

ကျွန်မ မသေတော့ဘူးတဲ့။ ဒါဆို ကျွန်မက သေခဲ့ဖူးလို့လားဟင်။ ကျွန်မ ဘာဖြစ်တာလဲ ဒေါက်တာလို့ မေးချင်တယ်။ ပါးစပ် လှုပ်လို့မရဘူး။ မျက်လုံးတွေ လေးလာတယ်။ ကျွန်မ အိပ်ပျော်သွားခဲ့တယ်။





အို . . . မောင်က ကျွန်မကို တအားဖက်ပြီး ငိုနေတာပါလား။ သူ့မျက်ရည်တွေ ကျွန်မပါးပြင်မှာ စိုရွှဲနေတယ်။ ကျွန်မက ပျော်လွန်းလို့ ရယ်ခဲ့တာပေါ့။

မောင် ဘာဖြစ်လို့ မျက်ရည်တွေကျလဲ မသိ။

ချစ်လို့ မျက်ရည်ကျတာလား။

ယောက်ျားတွေဟာ ချစ်ရင်လည်း မျက်ရည်ကျတာပဲ။ မုန်းရင်လည်း မျက်ရည်ကျတာပဲ။ ပျော်လွန်းရင်လည်း ဝမ်းသာမျက်ရည်တွေကျ။

ဝမ်းနည်းလွန်းရင်လည်း မျက်ရည်ကျတာပဲနော်။

ကျွန်မ ခံစားလို့ရပါတယ်ရှင်။

ဒါ ကျွန်မကို အသက်တမျှ ချစ်လွန်းလို့ကျတဲ့ မျက်ရည်။ ဒီမျက်ရည်တွေကို ပတ္တမြားစီရွှေကြုတ်မှာထည့်ပြီး ကျွန်မ နှလုံးအိမ်မှာ မြှုပ်နှံသိမ်းဆည်းထားရမှာပေါ့။

သားတွေ၊ သမီးတွေ၊ မြေးတွေ ရလာခဲ့ရင် . . .

ဒီ ပတ္တမြားစီရွှေကြုတ်ကို ဖွင့်ပြရမယ်။

အေးခဲပြီး . . . မေတ္တာအရောင်နဲ့ ဝင်းဝင်းလက်နေတဲ့ မျက်ရည်ခဲတွေကို ထုတ်ပြပြီး . . .

''အင်း . . . ဒါ မင်းတို့ဖေဖေရဲ့ မျက်ရည်ခဲတွေပဲ သားတို့၊ သမီးတို့။

အဲဒါ မင်းတို့အဘိုးရဲ့ မျက်ရည်ခဲတွေပဲ။ ဒီမျက်ရည်ခဲတွေက အမေ့ကို ချစ်မြတ်နိုးလွန်း၊ ကြင်နာသနားလွန်းလို့ ကျတဲ့ မျက်ရည်တွေပေါ့။ မေတ္တာသက်တမ်းရင့်ညောင်းလာတော့ အေးခဲသွားတာ။ ဒီမျက်ရည်ခဲတွေမှာ သစ္စာတရား မေတ္တာတရားနဲ့ သံယောဇဉ်တွေ ရစ်ပတ်ဖွဲ့နှောင် ခိုင်မာနေတယ်။ သားတို့၊ သမီးတို့၊ မြေးတို့ ဒီမေတ္တာမျက်ရည်ခဲတွေကို ရင်ထဲမှာ ဆွဲထားကြ။ မေတ္တာဆိုတာ အမုန်းမဟုတ်ဘူး။ ချစ်ခြင်း၊ ကြင်နာခြင်း၊ ယုယခြင်း၊ ခွင့်လွှတ်ခြင်း စတာတွေနဲ့ တည်ဆောက်ထားတာ။ လူသေရင် သေသွားမယ်။ အရိုးဆွေးချင် ဆွေးသွားမယ်။ မေတ္တာအရိုး မဆွေးဘူး။ အသွေး မခမ်းဘူး။ ကမ္ဘာတစ်သက်လုံး အေးမြမွှေးထုံ့တောက်ပ လင်းလက်နေမှာပါကွယ်''

ကျွန်မ မောင့်ကိုဖက်ရင်း အတွေးတွေ ဖြန့်ကျက်နေတာ။

မောင်က ကျွန်မကို ပွေ့ချီပြီး မျက်ရည်ပြုံးတွေနဲ့ ထရပ်လိုက်တယ်။ ပြီးတော့ ပန်းရောင်စုံပွင့်နေတဲ့ ရန့်သင်းထုံပန်းတောထဲကို ခေါ်သွားနေတာ။

ဒီမှာပဲ ခက်ထန်ကြမ်းကြုတ်တဲ့ လူဘီလူးကြီးတစ်ကောင်က စောင့်နေတားဆီးပြီး ကျွန်မကို လုယူကာ . . .

မောင်နဲ့ လူဘီလူးကြီးတို့ ကျွန်မကို ပြိုင်ဆွဲလုနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... မောင် ..."

"လရောင် ... လရောင်"

"အား ..."

အားကောင်းမောင်းသန် လူဘီလူးကြီးလက်ထဲကို ဆွဲပါသွားတယ်။ ကျွန်မက ရုန်းကန်တယ်။ မောင်က ပြေးလိုက်ဆွဲခေါ်တယ်။ ဒီမှာ လူဘီလူးကြီးက ကျွန်မကိုယ်လုံးကို ပွေ့ထမ်းပြီး ပန်းတောကို ဖြတ်ပြေးတယ်။ ပြီးတော့ ဆူးခရောင်းတောထဲကို ဖြတ်ပြေးတယ်။

"မောင် ... မောင် ..."

"မောင် ... ကျွန်မ ... ကို ... ကယ်ပါဦး ... မောင်ရေ ..."

✿ ✿ ✿

(၄၂)

❑

"နိုးလာပြီလား ... လရောင်စို"

"ဟင် ..."

"မင်း ယောင်ပြီး အော်နေတာပါ။ နေကောင်းပြီနော်"

"ရှင် ... ရှင် ..."

"လူမျိုးထိန်ပါ ... မင်း မှတ်မိတယ်မဟုတ်လား။ ကိုယ် မင်းအတွက် စိုးရိမ်လိုက်ရတာ။ တစ်ညလုံး မင်းအနားမှာ ငုတ်တုတ် မိုးလင်းခဲ့ရတယ်"

အလို ... ဒါ ... ဒါ ... သူဌေး ကိုလူမျိုးထိန်ပါလား။

ကျွန်မအိမ် မဟုတ်ပါလား။

"ကျွန် ... မ ... ဘယ်လိုဖြစ်ပြီး ဒီနေရာကို ရောက်နေတာလဲ ... ကိုလူမျိုးထိန် ... မောင်ရော ... မောင်ဘယ်မှာလဲ"

"လရောင်စို ... မမှတ်မိတော့ဘူးကိုး"

"ကျွန် ... မ ... ဘာဖြစ်ခဲ့လို့တုံး ... ဘာဖြစ်ခဲ့လို့တုံး"





"မင်းမှတ်မိအောင် ပြောပြမယ် ... လရောင်စို။ မင်းနဲ့ ရွှေမင်းစုန်တို့ မင်္ဂလာညစာစားပွဲမှာ မင်း ရုတ်တရက် ရှော့ခ်ဖြစ်ပြီး လဲကျသွားတယ်။ အတွေ့အကြုံ မရင့်ကျက်တဲ့ ဆရာဝန်တစ်ဦးက မင်း အသက်မရှိတော့ဘူးလို့ ဆုံးဖြတ်ချက် ချတယ်"

"ရှင် ..."

"မင်းကို နေ့ချင်းပြန်ပဲ သင်္ဂြိုဟ်ခဲ့ကြတယ်။ ဒါကလည်း သေခြင်းတရားကို ရှုပြီး ဝမ်းနည်းနေကြမှာကို မလိုလားတဲ့ မင်းအဖေ ဦးရွှေမြို့တော်ရဲ့ အနိစ္စအမြဲမရှိ အမြင်ကြောင့်ပါ။ မင်းကို နေ့ချင်းပြီး သင်္ဂြိုဟ်တဲ့နေ့က သုသာန်မှာ အသုဘချတာတွေ များနေလို့ ညနေစောင်း နေမဝင်တဝင်မှာ ဂူသွင်းသင်္ဂြိုဟ်နိုင်ခဲ့တယ်။ ကိုယ်လည်း မင်း အသုဘကို လိုက်ပို့ခဲ့တယ်လေ။ ဘာလို့လဲဆိုတော့ ကိုယ်က မင်းကို စွဲလမ်းကြီးစွာ သည်းခံချစ်နေရလို့ပဲပေါ့။ မင်းသိပါတယ်ကွာ။

သချိုင်းမှာ ခေါင်းဖုံးကို ဖွင့်ပြီး စဏ္ဍာလက အုန်းသီးခွဲ၊ အုန်းရည်နဲ့ မျက်နှာသစ်လောင်းချလိုက်တော့ အံ့သြစရာပဲ ... လရောင်စို။

မင်း အုန်းရည်စိုရွှဲပြီး မျက်တောင်ခတ်လိုက်တယ်။

ပြီး မင်းရဲ့နှုတ်ခမ်းလေး တွန့်သွားတာ ကိုယ် မြင်လိုက်တယ်။ ကိုယ် အရမ်း အံ့သြသွားတယ်။ ကိုယ် သတိပေးမလို့ လုပ်ချိန်မှာပဲ အသုဘပို့လာတဲ့ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေကြပါရော။

မင်းအမျိုးတွေ ငိုကြတာ။

မင်းသူငယ်ချင်းတွေ ငိုကြ၊ တက်ကြ၊ သတိလစ်သွားကြ ဖြစ်ကုန်တယ်။ ငါ သူတို့ကို လှမ်းကြည့်တုန်းမှာပဲ ခေါင်းဖုံးပိတ်သံရိုက်ပြီး ဂူသွင်းလိုက်ကြတယ်။

ပြောရင် ငါ့ကို အရူးလို့ ပြောကြမယ်။

အဲဒီအချိန်မှာ ငါ့ရင် ဗလောင်ဆူနေပြီ။

ငါ့တပည့် မင်းကြီးနဲ့ မင်းလေးလည်း သတိထားမိကြတယ်။ ဒီလိုနဲ့ အသုဘပို့လာတဲ့လူတွေ အသီးသီး ပြန်သွားကြတယ်။ အချိန်က မှောင်ရီသန်းစပြုလာပြီ။

ကိုယ် အကြွင်းမဲ့ ယုံကြည်တယ်။

မင်း မသေသေးဘူး။ မသေဘဲနဲ့ သေပြီဆိုတဲ့ကောက်ချက်နဲ့ ဂူသွင်းသင်္ဂြိုဟ်ခဲ့တာ။ မင်းအဖေကို ကျေးဇူးတင်လိုက်ပါ ... လရောင်။

သူ နေ့ချင်းပြန် သင်္ဂြိုဟ်ခိုင်းတာကိုက မင်း ကံကောင်းဖို့ပဲ။ မှောင်စပြုတဲ့အချိန်မှာ ငါတို့သုံးဦး မင်းအုတ်ဂူကို လာဖောက်ကြတယ်။

စဏ္ဍာလလုပ်တဲ့ကောင်က ဝင်ရှုပ်လို့ သူ့ကို သတိလစ်အောင်လုပ်ပြီး ဂူကို အမြန်ဖောက်၊ မင်းကိုဆွဲထုတ်ပြီး ငါ့အိမ်ကို ကားနဲ့ သယ်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



စဏ္ဍာလကတော် မယားအပိုင်းကိုတော့ ငါ့တပည့် မင်းကြီးနဲ့မင်းလေးက ကိစ္စပြီးငြိမ်းအောင် ခြိမ်းခြောက်ငွေပေး နှုတ်ပိတ်ခဲ့တယ်။ မင်းမြင်တဲ့အတိုင်းပဲ ငါ ဆရာဝန်နဲ့ ဆေးကုပေးလိုက်လို့ မင်း ကံကြီးစွာ အသက်ရှင်ခဲ့ပါပြီကွာ။

အရေးကြီးဆုံးအချက်က ...

မင်းနဲ့ ရွှေမင်းစုန် သေကွဲ ကွဲခဲ့ပါပြီ။

အခု မင်း အသက်ရှင်ခဲ့တာ ကိုယ့်ကြောင့်ပါ။

မင်းကို အသက်ရှင်အောင် ကယ်တင်ခွင့်ရတာကိုလည်း ကိုယ် ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူး ... လရောင်စို။

မင်းကို ကိုယ်ဘယ်လောက် ချစ်မြတ်နိုးခဲ့တယ်ဆိုတာ မင်းသိပါတယ်။ မင်းက ရွှေမင်းစုန်ကို လက်ထပ်ခဲ့တယ်။

အခု မင်းနဲ့ရွှေမင်းစုန် ဘာမှ မပတ်သက်တော့ဘူး။ မင်း ကိုယ့်ကို လက်ထပ်ပါ။ ကိုယ် မင်းကို အကောင်းဆုံးနဲ့ စိတ်အချမ်းသာဆုံးဖြစ်အောင် စောင့်ရှောက်သွားပါမယ်။

ကိုယ်တို့နှစ်ဦး သဘောတူလက်ထပ်ပြီး ဂျပန်ဖြစ်ဖြစ်၊ စင်ကာပူဖြစ်ဖြစ် အတူသွားနေကြမယ်နော်''

''ဟင့်အင်း ... ဟင့်အင်း ... မဖြစ်နိုင်ဘူး ... မဖြစ်ဘူး''

''ဘာလို့ မဖြစ်ရမှာလဲ။ မင်းလက်ခံရင် ပြီးပြီလေ''

''ရှင် ... ရှင် ... ကျွန်မအသက်ကို ကယ်တင်ခဲ့တာ ... ကျွန် ... မ ... ကျေးဇူးတင်ပါတယ် ... ကိုလူမျိုးထိန်။ ဒီကျေးဇူးကို ... ကျွန်မ ... မမေ့ပါဘူး ... ဒါ ... ဒါပေမင့် ... ကျွန်မ ... ကိုရွှေမင်းစုန်ကိုပဲ ... ချစ်တယ် သူက ... ကျွန်မရဲ့ ... တရားဝင် ...''

''တော် ... မပြောနဲ့''

သူက ဒေါသကြီးစွာနဲ့ အော်လိုက်တယ်။

''ကျွန် ... မ ... ပြန်မယ်''

ကျွန်မ ဖြုန်းခနဲ ထလိုက်တယ်။ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားတယ်။ ဒါပေမင့် အံကြိတ်ပြီး ဒယီးဒယိုင်နဲ့ ထွက်ခဲ့လိုက်တယ်။

''လရောင်စို ... မသွားနဲ့နော်''

သူ အသံဟိန်းဟိန်းနဲ့ အော်လိုက်ပြန်တယ်။

ကျွန်မ အခန်းကျဉ်းထဲကနေ အိမ်ရှေ့ခန်းရှိရာကို ထွက်ခဲ့လိုက်တယ်။ နောက်က လိုက်လာတဲ့အသံ မကြားရဘူး။ ကျွန်မ အိမ်ရှေ့ကို ပြေးခဲ့တယ်။

''ဟင် ...''





အိမ်ရှေ့ သံဘာဂျာတံခါးက သော့ခတ်ထားလို့ ကျွန်မ သော့ခလောက်ကို ကိုင်လှုပ်တယ်။ မပွင့်ဘူး။ အကြိမ်ကြိမ် လှုပ်တယ်။

''ဖွင့်ပေး ... တံခါးဖွင့်ပေး ... ဖွင့်ပေးကြပါ''

''ဟား ဟား ဟား ဟား ဟား ... ဟား ဟား ဟား ဟား ဟား ... လရောင်စို ... ထွက်လေ ... ရအောင်ထွက်လေ ... ဟား ဟား ဟား ဟား ဟား''

အလွန်ကြောက်စရာကောင်းတဲ့ ရယ်သံကြီး။

ငှက်ဆိုးအကောင်တစ်ရာ ထိုးလိုက်တဲ့အသံမျိုးကြီး။

သူ ကျွန်မရှေ့ကို ရယ်ရင်း တိုးလာတယ်။ ကျွန်မ သူ့ကို အော်လွှတ်တယ်။ မရဘူး။ သူ ကျွန်မလက်ကို ဆောင့်ဆွဲပြီး ခေါ်သွားတယ်။ ကျွန်မ အားကုန်ရုန်းပြီး သူ့လက်ကို သွားနဲ့ ကိုက်လိုက်တယ်။ ဒီမှာ သူက ကျွန်မမျက်နှာကို လက်ဝါးနဲ့ရိုက်ချလိုက်တာ ကျွန်မမျက်လုံးထဲမှာ မီးတွေပွင့်သွားပြီး ...

ပုံလျက်လဲကျ သတိလစ်သွားခဲ့တယ်။

✿ ✿ ✿

## |၄၃|

❑

ကျွန်မ သတိရလို့ နိုးလာတော့ ခုတင်တစ်လုံးပေါ်မှာ။ အိုး ... ကျွန်မ ခန္ဓာကိုယ်ပေါ်မှာ အဝတ်အစားတွေ မရှိပါလား။ ကျွန်မ ကြောက်လန့်ကြီးစွာ ထထိုင်ပြီး စောင်နဲ့ ခန္ဓာကိုယ်ကို ပတ်ထားလိုက်တယ်။

''နိုးပြီလား ... အချစ်''

''ရှင် ... ရှင် ... လူယုတ်မာ ... လူယုတ်မာ ...''

''ဟား ဟား ဟား ဟား ဟား ... မယုတ်မာပါဘူးကွာ ... မင်းက အချစ်ကြမ်းလို့ ရမ်းတယ်ထင်နေတာပါ ... ဟား ဟား ဟား ဟား ဟား''

သူ ... သူ ... ကျွန်မ ခန္ဓာကိုယ်ကို ... ဟိုဒင်း ...

သူ ကျွန်မဘဝကို ဖျက်ဆီးလိုက်ပြီ။

ကျွန်မ ဝမ်းနည်းကြီးစွာ ရှိုက်ငိုလိုက်တယ်။ ကျွန်မရဲ့ပန်းဦးကို ကျွန်မ ချစ်သူ ကိုရွှေမင်းစုန်တောင် မင်္ဂလာဦးညအဖြစ် မရယူရသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်မကို အမဲ့မွကျင့်လိုက်ပြီ။

ကျွန်မ ရှိုက်ကြီးတငင် ငိုချလိုက်တယ်။

လူမျိုးထိန်က အရက်ကို ငှဲ့သောက်ပြီး စီးကရက်ဖွာရင်း ကျွန်မကို အရသာခံကြည့်နေရဲ့။

"စောင်ကိုဖယ်လိုက် ... အချစ်ကလေးရာ"

"မ ... မဖယ်ဘူး ... ရှင် ... ရှင် ... လူယုတ်မာ ... ရှင် ... မိကောင်းဖခင် သားသမီးမဟုတ်ဘူး ... ဟီး ..."

"စောစောက အလှအတိုင်းက ကြည့်ကောင်းတယ်"

"ထွီ ..."

"ဟား ဟား ဟား ဟား ဟား ... ဒုတိယအကြိမ် ပြန်ချစ်ကြမယ်နော် ... ဟင်း ဟင်း ဟင်း ဟင်း ဟင်း"

သူ အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်တယ်။ သောက်လို့ဝတော့ အယီးအယိုင်နဲ့ ကျွန်မရှိရာကို လှမ်းလာပြီး ခန္ဓာကိုယ်ပေါ်က စောင်ကို ဆွဲခွာချလိုက်တယ်။

ကျွန်မ သူ့ကို အားရှိပါးရှိ တွန်းလိုက်ရော သူ ပက်လက်လန်ပြီး ခုတင်နောက်ခံကာဗာ သစ်သားစောင်းနဲ့ ခေါင်းထိပြီး သွေးတွေ ထွက်သွားရော။

သူ အရက်လည်းမူးနေတော့ ထဖို့ မနည်းကြိုးစားနေတယ်။ ကျွန်မ ခုတင်ပေါ်က ခုန်ဆင်းလိုက်ပြီး သူသောက်တဲ့ လေးထောင့်အရက်ပုလင်းနဲ့ သူ့မျက်နှာရိုက်ချလိုက်တယ်။

"ခွမ်း ..."

"အား ..."

"ဖောင်း ..."

"အား ... လား လား"

သူ့မျက်နှာကို ပုလင်းထိပြီး ကွဲသွားတယ်။ နဖူးက သွေးတွေ ဖြာခနဲ ကျလာတယ်။ သူ ဒေါသတကြီး ဆဲရေးပြီး ပြန်ထဖို့ ကြိုးစားတယ်။

ကျွန်မ ကွဲသွားတဲ့ ပုလင်းနဲ့ ထပ်ရိုက်တယ်။

နားရွက်ကိုထိပြီး နားရွက်ကွဲသွားတယ်။

နီရဲရဲသွေးတွေ နားထင်ကို စီးကျလာနေတယ်။

သူ ကျွန်မကို ဝင်လုံးပြန်ရော။ ဝင်အလုံးမှာ ကျွန်မ သူ့ဝမ်းဗိုက်ကို ပုလင်းကွဲအချွန်နဲ့ ထိုးလိုက်တာ ပုလင်းကွဲအချွန် သူ့ဗိုက်မှာ စိုက်ပြီး သူ အော်ဟစ်လဲကျသွားရော ...

ကျွန်မ ကြောက်လည်းကြောက်၊ လန့်လည်း လန့်နေပြီ။





ထဘီ၊ ဘော်လီနဲ့ အကျီကို အမြန်ကောက်ဝတ်ပြီး စားပွဲခုံပေါ်မှာရှိနေတဲ့ သော့ကို လှမ်းယူပြီး ထွက်ခဲ့လိုက်တယ်။

ပြီး အမြန်သော့ဖွင့်လို့ အပြင်ကို ထွက်ခဲ့လိုက်တယ်။

အပြင်မှာ မှောင်မည်းနေတာပဲကိုး။ လေတွေလည်း တိုက်၊ မိုးတွေလည်း တဝေါဝေါရွာနေတယ်။ သော့တွေ တစ်ချောင်းပြီးတစ်ချောင်းနဲ့ ဖွင့်လိုက်တော့ ခြံတံခါးသော့ ပွင့်သွားတယ်။

ကျွန်မ သော့တန်းလန်းထားခဲ့ပြီး မိုးတွေလေထဲမှာ ပြေးခဲ့လိုက်တယ်။ ကျွန်မ ဘယ်လိုသွားရမလဲ။

ကျွန်မ မိုးလေထဲမှာ လမ်းမသိတော့ဘူး။ မီးတွေပျက်ပြီး မှောင်ကြီးကျနေပြီ။ သူ့လူတွေများ လိုက်လာမလား။ ကျွန်မ မိုးကြီးလေကြီး မိုးကြိုးတွေပစ်၊ လျှပ်စီးတွေ တဝင်းဝင်းလက်တဲ့ကြားမှာ အားသွန်ပြေးနေတာ။

လဲကျလိုက်၊ ပြန်ထလိုက်၊ ပြေးလိုက်။

ခြေဦးတည့်ရာပြေးရင်း သစ်ပင်တွေအုပ်နေတဲ့နေရာကို ရောက်လာတယ်။

"ဂျိမ်း ..."

"အမလေး ..."

"ဂျိုင်း ..."

"အမေ့ ..."

ကျွန်မ ပြေးရင်းလွှားရင်း ရေစီးသန်တဲ့ ချောင်းစပ်ကို ရောက်လာခဲ့တယ်။ ကောင်းကင်မှာ မိုးကြိုးနဲ့ လျှပ်စစ်တွေက အဆက်မပြတ်ဘူး။

ဒီမှာ လူတစ်ယောက်က ကျွန်မနာမည်ကို မိုးလေကြားကနေ လှမ်းခေါ်လိုက်တာ။

"လရောင်စို ... လရောင်စို ..."

"ဟင် ..."

လျှပ်စစ်မိုးကြိုးရောင်နဲ့ ကျွန်မ မြင်လိုက်တာက ...

ကိုရွှေမင်းစုန်နဲ့ တူသလိုပဲ။

"လရောင်စို ... ရပ်ပါ ... မောင်ပါ"

"အို ... မဟုတ်ဘူး။ ကျွန်မ ယောကျာ်းတွေကို မယုံဘူး။ ဒါ ... ဒါ ... လူမျိုးထိန်ရဲ့ တပည့်တွေဖြစ်မှာ။

ကျွန်မ ပြေးစရာ မရှိတော့ဘူး။

အဲဒီလူကလည်း အော်ရင်း ပြေးလာနေတာ။

ကျွန်မ မိုးမှောင်သည်းထဲ ရေစီးတဝေါဝေါမြည်နေတဲ့ ချောင်းထဲကို ခုန်ချလိုက်တယ်။ ရေစီးလှိုင်းတွေက ကျွန်မကို တွန်းထိုးသယ်ဆောင်သွားခဲ့လိုက်။



www.burmeseclassic.com

www.burmeseclassic.com



ရေစီးလှိုင်းလုံးကြားမှာ မြုပ်လိုက် ပေါ်လိုက်။

အနီးကို ပစ္စည်းတစ်ခု မျောလာနေတယ်။ ကျွန်မ အဲဒီပစ္စည်း (ငှက်ပျောတုံး)ကို ဖက်တွယ်ပြီး ရေစီးကြမ်းတဲ့ ရှည်လျားမြစ်ထဲမှာ မျောပါသွားခဲ့တယ်။

✿ ✿ ✿

[ ၄၄ ]

❑

ကျွန်မ သတိရတော့ ရေကမ်းစပ်သဲပြင်ပေါ်မှာ ခန္ဓာကိုယ်ပေါ် အဝတ်အစားတွေ မရှိတော့ဘူး။

ငါ မသေသေးဘူးပေါ့။

အားယူထတယ်။ မိုးမလင်းသေးပါဘူး။

လူသံလည်း မကြားရ၊ ကျွန်မ ဝါးပင်တွေ၊ သစ်ပင်ကြီးတွေ ပေါက်နေတဲ့ တောထဲကို အားယူဝင်ခဲ့လိုက်တယ်။

ဒီမှာ ဝါးခုတ်တဲ့ လူတစ်ယောက်နဲ့ တွေ့ခဲ့တာ။

(နောင် သိရတာက သူ့နာမည်ကို သျှောင်ကြီးတဲ့။)

ကျွန်မ လူယောကျ်ားတွေကို ကြောက်တယ်။ မျက်လုံးထဲမှာ ရာဂလူးနေတဲ့ အဓမ္မသား လူမျိုးထိန်ရဲ့မျက်နှာ၊ ပြီးတော့ သွေးသံရဲရဲ မိုးကြီးလေကြီး မိုးကြိုးနဲ့ လျှပ်စစ် တဝေါဝေါမြည်နေတဲ့ ရေစီးသံ။

ဝါးခုတ်တဲ့လူက ကျွန်မကို အံ့အံ့သြသြ ကြည့်နေတာ။

သူ့လက်ထဲမှာ ဓားမကြီးနဲ့။ ကျွန်မ အော်ဟစ်နှင်လွှတ်တယ်။ သူက ပခုံးပေါ်က ပုဆိုးပိုင်းကို ကျွန်မထံ ပစ်ပေးလိုက်တယ်။ ကျွန်မ ခန္ဓာကိုယ်မှာ ပတ်ပြီး တောနက်ထဲကို ထွက်ပြေးခဲ့လိုက်တယ်။

✿ ✿ ✿

[ ၄၅ ]

❑

ကျွန်မ ရွာလေးတစ်ရွာရဲ့ အခြေကို ကပ်မိခဲ့ပါပြီ။ ရွာထဲကို မဝင်ရဲဘူး။ ကျွန်မ ခန္ဓာကိုယ်မှာလည်း ခြစ်ရာ၊ ဒဏ်ရာတွေနဲ့။ ပြီးတော့ ကျွန်မမှာ အင်္ကျီမပါဘူး။ ပုဆိုးပိုင်း မလုံ့တလုံကို ရင်လျားလုပ်ထားရတယ်။

ဒီမှာ လှမ်းထားတဲ့ အင်္ကျီ၊ ထဘီ၊ ဘော်လီတွေကို မြင်ပြီး ဝမ်းသာသွားတယ်။ ကျွန်မ အဲဒီအဝတ်တွေ ခိုးဝတ်ပြီး ခြေဦးတည့်ရာကို လျှောက်သွားခဲ့တယ်။

ကျွန်မ ကံဆိုးခဲ့ပါပြီ။

ကျွန်မကို သူတို့ တွေ့သွားကြတယ်။

အဲဒီလူနှစ်ဦးက သူဌေးကိုလူမျိုးထိန်ရဲ့တပည့် မင်းကြီးနဲ့ မင်းလေး။ သူတို့က ကျွန်မကို ထိုးကြိတ်ကန်ကြောက်ပြီး နှိပ်စက်ကြတယ်။ ကျွန်မ ရှိုးတောင်းပန်ပေမင့် မရဘူး။

သူတို့ဆရာ သူဌေးရဲ့ တစ်ချက်လွှတ်အမိန့်ဆိုပြီး ကျွန်မကို ဓားရှည်နဲ့ ပိုင်းခုတ်ကြတယ်။ ကျွန်မ ဦးခေါင်း၊ မျက်နှာ၊ နားရွက်၊ ကျောကုန်း၊ ပခုံးမှာ သွေးတွေ ပေလူးနေပြီ။

ဓားချက်တွေက ပေါင်ပေါ်ကို ထပ်ကြလာတယ်။

ကျွန်မ မအော်နိုင်တော့ဘူး။ သွေးလူးလူးနဲ့ ငြိမ်ကျသွားခဲ့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄၆]

❑

ကျွန်မ ပြန်သတိရတော့ မြို့ငယ်တစ်ခုရဲ့ ဆေးရုံပေါ်မှာ ...

တစ်ကိုယ်လုံး စပ်စပ်စူးစူးနဲ့ နာနေတယ်။

ကျွန်မ ဦးခေါင်းမျက်နှာ ပတ်တီးတွေနဲ့ ခြေထောက်နဲ့ လက်မှာလည်း ပတ်တီးတွေနဲ့။

"သတိရပြီနော်"

"ကျွန် ... ကျွန်မ ... ဘာဖြစ်လို့လဲ ဟင်"

ဆရာဝန်နဲ့ ဆရာမတွေပါလား။ ရဲအဖွဲ့ဝင်တွေလည်း ရှိနေရဲ့။ ဆရာဝန်က ကျွန်မကို ပြောပြတယ်။

"သမီးကို (          ) လမ်းဘေးမှာ သွေးသံရဲရဲ ဒဏ်ရာတွေနဲ့ သတိလစ်နေတာ တွေ့လို့ ဆေးရုံကို လာပို့ကြတယ်။ သမီး ဆေးရုံမှာ သတိလစ်နေတာ သုံးရက်ရှိသွားပြီ"

"ဟင် ..."

"အခု သတိရပြီနော်"

"ဟုတ် ... ဟုတ် ..."





"မင်း တောင်ကျော်သွားပါပြီ ... သမီး။ မင်းကို ဟောဒီရဲအရာရှိက မေးခွန်းလေးတွေ မေးချင်လို့တဲ့။ ပြောနိုင်ရဲ့လား ... သမီး"

"ဟုတ် ... ဟုတ် ..."

ရဲအရာရှိက ကျွန်မကို ကြင်နာတဲ့မျက်လုံးနဲ့ ကြည့်ပြီး မေးတယ်။

"သမီး ... ကို ... နည်းနည်းပေးချင်လို့ပါ သမီး"

"ဟုတ် ... ကဲ့ ..."

"သမီးနာမည် ဘယ်လိုခေါ်ပါသလဲ"

"ကျွန် ... မ ... နာမည် ..."

"ဟုတ်ပါတယ် ... ဘယ်လိုခေါ်ပါသလဲ သမီး"

"မ ... မ ... သိဘူး"

"စဉ်းစားပါဦး ... သမီးနာမည် ဘယ်လိုခေါ်လဲ"

"မ ... မသိဘူး"

"နေရပ်ကရော ဘယ်မြို့ကလဲကွယ့်"

"မ ... မသိဘူး"

"မသိတာက မမှတ်မိလို့လား"

"အင်း ... အင်း ..."

"နည်းနည်း ကြိုးစားကြည့်ပါဦး။ သမီးကို လုပ်ကြံတဲ့သူ မှတ်မိလား"

"ဟင့်အင်း ..."

ကျွန်မ တကယ်မမှတ်မိတာပါ။ စဉ်းစားလို့ မရတာပါ။

"သမီး ဘယ်နေရာက လာခဲ့တာတုံး"

"မ ... မသိဘူး"

"ဘယ်ကို သွားမလို့တုံး ... သမီး"

"မ ... မမှတ်မိဘူး ... အား ကျွတ် ကျွတ်"

"နာလို့လား"

"ခေါင်း ... ခေါင်းကိုက်လို့ ... အား ကျွတ် ကျွတ်"

ဗိုက်ခေါင်းထဲက ကျဉ်ကျဉ်စူးစူး နာလာတယ်။ ခေါင်းထဲမှာ စာတ်လိုက်နေသလိုပဲ။

"အရာရှိမင်း ..."

"ဟုတ်ကဲ့ ... ဒေါက်တာ ပြောပါခင်ဗျာ"

"သူ့ အကြောက်လွန်ပြီး မှတ်ဉာဏ်အား နည်းသွားလို့ပါ။ အာရုံကြော အားနည်းလို့ပါ။ အစားအသောက် စားနိုင်လာရင် ပြန်မှတ်မိမှာပါ။ ဒီနေ့တော့ မေးခွန်းမေးတာ ရပ်ပေးပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျေးဇူးပါပဲဆရာ။ ဪ ... သမီး ..."

"ရှင် ..."

"နေကောင်းအောင် ကြိုးစား။ အစားကိုလည်းစား၊ သမီးနေကောင်းမှ ဦးဦး လာတွေ့မယ်။ ဟောဒါ သမီးစားချင်တာ စားဖို့ ဦးဦးတို့ကူညီတာ လက်ခံပါနော်"

"ဟုတ် ..."

ရဲအရာရှိက ငွေစက္ကူအချို့ကို ကျွန်မလက်ထဲ ထည့်ပေးတယ်။ ကျေးဇူးတင်လိုက်တာ။ ကျွန်မ ခန္ဓာကိုယ်ပေါ်မှာ ဘာကြောင့် ဒဏ်ရာတွေ များရတာလဲ။

ကျွန်မကို ဆရာဝန်နဲ့ သူနာပြုဆရာမတွေက အထူးဂရုစိုက်ကြပါတယ်။ ဆေး မှန်မှန်လာတိုက်တယ်။ အစားအစာ ခွံ့ကျွေးကြတယ်။ ရယ်စရာတွေ ပြောကြတယ်။

ကျေးဇူးကြီးပါပေတယ်ရှင်။

နောက်တစ်ပတ်ခန့်ကြာတော့ ကျွန်မဒဏ်ရာတွေ ကျက်စပြုလာပြီ။ ချုပ်ရိုးတွေ ဖြုတ်ပြီးသွားပြီ။ ကျွန်မ အနီးရှိ အမျိုးသမီးလူနာစောင့်ထံကနေ မှန်တစ်ချပ် ငှားပြီး ကိုယ့်မျက်နှာကိုယ် မှန်ထဲမှာ ကြည့်လိုက်ရော သတိလစ်ချင်သလို ဖြစ်သွားခဲ့ရတယ် ... မောင်ရယ်။

မျက်နှာပေါ်မှာ ဒဏ်ရာအချိုင့်တွေက ကျွန်မရဲ့မျက်နှာကို အလွန် အရုပ်ဆိုးသွားစေပြီ မောင်။ မောင်ရော၊ သူငယ်ချင်းတွေကရော လှလိုက်တာ၊ ချစ်စရာကောင်းလိုက်တာလို့ ပြောခဲ့တဲ့ မျက်နှာ။

အခု ရုပ်ဆိုးအကျည်းတန်ခဲ့ပါပြီ။

ကျွန်မ ဝမ်းနည်းလွန်းလို့ မျက်ရည်ကျခဲ့တယ်။

ပြီး ... အံကို တင်းတင်းကြိတ်လိုက်တယ်။ ကျွန်မဘဝကို ဖျက်ဆီးတဲ့လူတွေ ရှိတယ်။ ကျွန်မသိအောင် ပြန်ကြိုးစားမယ်။ သူတို့ကို တူညီတဲ့ အကျိုးပေး ပြန်ပေးရမယ်လို့ သန္နိဋ္ဌာန်ချခဲ့လိုက်တယ်။

တစ်ည မောင်စပျိုးချိန်မှာ ကျွန်မ ဆေးရုံကနေ တိတ်တိတ်လေး ထွက်လာခဲ့လိုက်တယ်။ အနီးက လူတွေကိုတော့ လက်ဖက်ရည်သွားသောက်မလို့လို့ ပြောခဲ့လိုက်တယ်။

✿ ✿ ✿

[၄၇]

❑

ကျွန်မ ကိုယ့်ကိုယ်ကိုယ် ထူထူထောင်ထောင် ကျန်းမာအောင် ကြိုးစားခဲ့တယ်။ ဆေးရုံက ဆရာဝန်တွေ၊ ကျွန်မရဲ့ ခေါင်းအုံးကို လှန်ကြည့်ရင် ကျွန်မ ကျေးဇူးတင်ကြောင်း အားလုံးကို ကန်တော့ခဲ့ပါကြောင်း ရေးထားတဲ့စာကို တွေ့ကြမှာပါ။

ကျွန်မ ဇာတိမြေကို ပြန်လို့ မဖြစ်သေးဘူး။

ဒဏ်ရာတွေ အမြင်ဆိုးလွန်းလှတယ်။

ကျွန်မ ဂူထဲကနေ အသက်ရှင်လျက် ပြန်ထွက်လာခဲ့ပါပြီလို့ ပြောလည်း ဘယ်သူမှ ယုံကြမှာ မဟုတ်ဘူး။

သူ့ တစ္ဆေသရဲမှတ်ပြီး အဝင်လည်း ခံကြမှာမဟုတ်ဘူး။

ကျွန်မလည်း မောင့်ကိုရော၊ အမျိုးတွေကိုရော၊ သူငယ်ချင်းတွေရော အတွေ့မခံချင်တော့ပါဘူး ... မောင်။

မောင့်ကို အတွေ့မခံချင်တာက ကျွန်မဘဝ လုံးဝ မသန့်ရှင်းတော့ဘူး။ ကျွန်မဘဝကို ကယ်တင်ရှင်ကြီး ဟိုလူယုတ်မာ လူမျိုးထိန် အဓမ္မဖျက်ဆီးခဲ့တယ်။

ပန်းဦးကို ယုတ်ယုတ်မာမာ လက်ဦးမှု ရယူခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်မဘဝကို လူသတ်သမားတွေနဲ့ အဆုံးစီရင်ခဲ့တာ။ သူတို့ကတော့ ကျွန်မ ဒုတိယအကြိမ်မှာတော့ အမှန်တကယ်သေပြီလို့ ယုံကြည်နေကြမှာပေါ့။

ကျွန်မ ဒုတိယအကြိမ် သေရွာက ပြန်ခဲ့ပါပြီ။

ကျွန်မ ဖတ်ခဲ့ဖူးတဲ့ သေရွာငါးကြိမ်ပြန်ခင်ဒေါင်းဖံ ဝတ္ထုထဲက ခင်ဒေါင်းဖံလို ဖြစ်ခဲ့ရပြီပေါ့။ အသက်ပြင်းလိုက်တာလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ချီးမွမ်းလိုက်ပါရဲ့။

ကျွန်မ အခု နောက်ကြောင်းတွေ ပြန်သတိရပါပြီ။

ဘဝအကြွေးတွေ အကျေ ပြန်ဆပ်မှာပါ။

ကျွန်မ တစ်နေ့ . . . ညအချိန် . . .

ဆိုးနေတဲ့ရုပ်ကို အကာအကွယ်အုပ်ပြီး ကျွန်မဇာတိကို တိတ်တိတ်ပြန်ခဲ့တယ်။ ဘယ်သူမှမမြင်အောင် ပုန်းကွယ်လာခဲ့ပြီး ကျွန်မအိမ်ပေါ်ကို တက်ခဲ့တယ်။ ကျွန်မဓာတ်ပုံနဲ့ မောင်နဲ့တွဲရိုက်ထားတဲ့ ဓာတ်ပုံကိုယူ၊ လိုချင်တဲ့ အဝတ်အစားတွေထည့်ပြီး ညတွင်းချင်း ဇာတိမြို့က ထွက်ခဲ့လိုက်တယ်။

ဇာတိမြို့နဲ့ ဝေးကွာလွန်းတဲ့နေရာကို ထွက်ခဲ့တယ်။

ကြုံရာကျပန်းလုပ်ပြီး အသက်မွေးခဲ့တယ်။

ဒီမှာ ပြေးရင်းရှောင်ရင်း ကျွန်မဓာတ်ပုံနဲ့ အင်္ကျီတစ်ထည် လမ်းမှာ ကျခဲ့တယ်။ ပြန်မကောက်နိုင်ဘူး။

ကျွန်မမှာ ရည်ရွယ်ချက်ရှိတယ်လေ။

မောင်နဲ့ ပြန်ဆုံချင်တဲ့ ရည်ရွယ်ချက်မဟုတ်ဘူး။

မောင့်ကို မုန်းတီးနာကျည်းလို့လည်း မဟုတ်ဘူး။

ကျွန်မဘဝကို ဖျက်ဆီးခဲ့တဲ့ သူဌေးလူယုတ်မာနဲ့ သူ့တပည့် လူ့ဘီလူးတွေကို ပြန် အကြွေးဆပ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်။ သူတို့မှာ ငွေဓနဂုဏ် ကြီးမားတယ်။ အာဏာရှိတယ်။ တပည့်တပန်းတွေ များတယ်။

ကျွန်မက တစ်ယောက်တည်း။

ဒါပေမင့် ကျွန်မ ကျားရိုင်းမပါ။

ကံကောင်းချင်တော့ ထောင်ထွက်ကြီး ဘကြီးကံရှိန်နဲ့ သွားတွေ့ရင်းရင်းနှီးသွားခဲ့တယ်။ သူက ကျွန်မကို သမီးလေးလိုချစ်တယ်။ ကျွန်မဘဝကို ပြောပြတော့ သူကိုယ်တိုင် လူမျိုးထိန်ကို သွားသတ်မယ်လို့ ပေါက်ကွဲပါရော။

အဘကံရှိန်ကို တားရတယ်။

သမီးရဲ့ရန်သူတွေကို သမီးလက်နဲ့ ဇာတ်သိမ်းပါရစေလို့။





ထောင်ထွက်လူသတ်သမား အဘကံရှိန်ကလည်း ပြောတယ်။ ရာဇဝင်ကြွေးဆိုတာ ကိုယ့်လက်နဲ့ ကိုယ်တိုင်ဆပ်မှ အရသာရှိတာ။ မြိန်တာတဲ့။

ခွင့်လွှတ်နိုင်တယ်ဆိုရင်တော့ ကိုယ်အမုန်းဆုံးရန်သူဖြစ်လည်း မေတ္တာထားပြီး ခွင့်လွှတ်။

ဒီလိုမှ မေတ္တာမထားနိုင်ရင်တော့ . . .

ရာဇဝင်ကြွေး အတိုးရော၊ အရင်းပါ ပေါင်းဆပ်။

အရေးအကြောင်းရှိလို့ အင်အားလိုရင် အဘကို လာခေါ်။ ငါက သေမထူး၊ နေမထူးလူ။ ငါ လူသတ်မှုတွေ ကျူးလွန်ခဲ့တာ၊ အနိုင့်အထက်လုပ်ခဲ့တာ မဟုတ်ဘူး။ ငါ့ဘဝ၊ ငါ့မိသားစုဘဝကို မျက်ရည်ပေါက်ကြီးငယ်ကျအောင် လုပ်ခဲ့ကြလို့ မခံနိုင်လွန်းလို့ ရှင်းပစ်လိုက်တာ။

ဒီတော့မှ ကံရှိန်ဘာလဲ သိသွားကြတာ။

အဘကံရှိန်အိမ်မှာ အတန်ကြာခဲ့တယ်။ အဘက ကိုယ်ခံပညာ ဖန်တီးသင်ပေးတယ်။ ကျေးဇူးတင်လိုက်တာ . . . အဘရယ်။

အဘက ကျွန်မအဖေ ဘုန်းကြီးပြီးရင် ဘဝမှာ ဒုတိယအဖေပါပဲ။

✿ ✿ ✿

[ ၄၈ ]

❑

ကျွန်မ ကျေးဇူးရှင် အဘိုးကံရှိန်ကို ကန်တော့ပြီး ထွက်လာခဲ့လိုက်တယ်။ ကျွန်မ လူမျိုးထိန်တို့သတင်းကို အဝေးအနီးကနေ စောင့်နားထောင်တယ်။

မောင် . . . လိုက်ရှာနေတဲ့ သတင်းကိုလည်း ကြားတယ်။

မောင့်ကို ကျွန်မ မတွေ့ချင်ဘူး။

မုန်းလို့မဟုတ်ဘူး မောင်။ ရင်ကွဲအောင် ချစ်လွန်းလို့ပါ။

ဒါပေမင့် ချမ်းသာကြီးရွာက ထမင်းဆိုင်မှာ မောင့်ကို ကျွန်မ တွေ့ခဲ့တယ်။ မောင်လည်း သိသွားတယ်။ ပါးပေါ်က စံပယ်တင်မှဲ့က မောင့်အသည်းနှလုံးသကော်တကိုး။



www.burmeseclassic.com

www.burmeseclassic.com



မောင် … ကျွန်မ နာမည်ခေါ်ပြီး ပြေးလိုက်ခေါ်တယ်။

ကျွန်မ ထွက်ပြေးခဲ့တယ်။ ခွင့်လွှတ်ပါ … မောင်ရယ်။

နောက်တစ်ကြိမ်က အမေကြည်တို့ရဲ့ ရွှေမြရုံခြယ်ဇာတ်က ထမင်းရုံထဲမှာ …

အမေကြည်က ပြေးရလွှားရ ရှောင်ရဖြစ်ပြီး အဖျားတက်နေတဲ့ ကျွန်မဘဝကို ကယ်တင်စောင့်ရှောက်ခဲ့တာ။

စံပယ်လို့ နာမည်ပေးခဲ့တယ်။

ဆရာငှက်က စံပယ်တင်လို့ အမည်တပ်ပေးတယ်။

မဆုံဆည်းချင်တော့ဘဲ ကျွန်မနဲ့မောင် မမျှော်လင့်ဘဲ ဇာတ်ရုံနောက်က ထမင်းစားရုံမှာ ပြန်ဆုံရော။ ကျွန်မ ဒုတိယအကြိမ်မြောက် ထွက်ပြေးခဲ့တယ်။ ဒီအတိုင်းသာဆိုရင် မောင် ကျွန်မအကြောင်းကို သိနေမှာပဲ။

မောင်ခွင့်လွှတ်မယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်ပါတယ် မောင်။ ဒါပေမင့် ကျွန်မဘဝ မသန့်ရှင်းတော့ဘူးလေ။

မောင် တရှိုက်မက်မက် နမ်းခဲ့တဲ့ ပါးပြင်နဲ့ နဖူးမှာ ကျွန်မ အမုန်းဆုံးလူတွေ တံဆိပ်ခတ်ခဲ့တဲ့ ဓားဒဏ်ရာအမာရွတ်နဲ့ ပျက်နေတဲ့ရုပ်။

ကျွန်မ ဆုံးဖြတ်လိုက်တယ်။

မောင် … ကျွန်မကို မတွေ့တွေ့အောင် ရှာမှာပဲ။

ကျွန်မ ရည်ရွယ်ချက် မောင့်ကြောင့် မအောင်မမြင်ဖြစ်မှာလည်း စိုးရိမ်မိတယ်။ ဒါကြောင့် ကျွန်မတို့ ဇာတိမြို့ကို လျှို့ဝှက်စွာ ပြန်ခဲ့ပြီး လူမျိုးထိန်ရဲ့ တိုက်ထဲကို ဝင်ခဲ့လိုက်တယ်။ ကျွန်မလက်ထဲမှာ အသွားထက်တဲ့ ရဲတင်းတစ်ထတ်လည်း ပါတယ်။

တိုက်ခန်းထဲမှာ သူ့တပည့်နှစ်ဦး မရှိဘူး။

လူမျိုးထိန် မကောင်းတဲ့ ဗီဒီယိုခွေကို ကြည့်ပြီး အရက်နဲ့ အရသာခံစားနေတယ်။ သူ့နံဘေးမှာ ငွေစက္ကူပုံကြီးနဲ့ နိုင်ငံခြားကိုယ်တုံးလုံး ဓာတ်ပုံတွေလည်း ရှိနေရဲ့။

သူ အပြာကားထဲမှာ နစ်မွန်းနေတာ။

ကျွန်မ သူ့နောက်ကနေ သူ့ခေါင်းကို ရဲတင်းနဲ့ ခုတ်ချလိုက်တယ်။ သူ ရူးရူးဝါးဝါးအော်ပြီး သွေးသံရဲရဲနဲ့ ကျွန်မကို …

“မင်း … မင်း … ဘယ်သူလဲ … အား …”

ကျွန်မ ခေါင်းစွပ်ကို ချွတ်ပြလိုက်တယ်။

“ကျွန်မက ရှင်ဖျက်ဆီးလိုက်တဲ့ လရောင်စိုလေ”

“ဘာ …”





“ကဲဟာ …”

“ခွပ် …”

“အား …”

“ဒုတ် …”

“အမလေးဗျ …”

“ရှင့်တပည့်တွေနဲ့ အဆုံးစီရင်နိုင်းပေမယ့် အသက်ပြင်းတဲ့ လရောင်စိုလေ။ ကိုင်း … တမလွန်ကို သွားတော့”

ကျွန်မ အငြိုးကြီးကြီးနဲ့ သူ့ကို ခုတ်ပစ်ခဲ့တယ်။

သူ သွေးအိုင်ထဲမှာ ငြိမ်သွားပြီ။ ပြီးတော့မှ သူ ငွေစက္ကူတွေ၊ ရွှေတွေ၊ ကိုယ်လုံးတီးဓာတ်ပုံတွေကို သူ့ကိုယ်ပေါ်မှာ ကြဲဖြန့်ခဲ့လိုက်တယ်။

✿ ✿ ✿

|၄၉|

❑

ကျွန်မ ပျော်လိုက်တာ … မောင်ရယ်။ ကျွန်မကိုယ်ထဲမှာ ရက်စက်တဲ့ သွေးနဲ့ နာကျည်းတဲ့သွေးတွေ ပေါင်းစပ်လှိုင်းထနေတယ် သိလား။

လူမျိုးထိန်ရဲ့ အသုဘရက်လည်ပြီးနောက်နေ့မှာ ကျွန်မကို ရက်ရက်စက်စက် လုပ်ကြံခဲ့တဲ့ လူမျိုးထိန်တပည့်လက်ရုံး မင်းကြီးဆိုတဲ့ကောင်ကို သူ့မယားငယ်အိမ်မှာ ကျွန်မ သတ်ပစ်ခဲ့တယ်။

ကျွန်မကို ခုတ်ခဲ့သလို ပြန်လုပ်ခဲ့တာ။

တစ်ခါတစ်ခါ ပြန်စဉ်းစားပါတယ် မောင်။

ငါ့ခန္ဓာကိုယ်ထဲမှာ ဘီလူးသရဲစီးနေရော့လား။

ငါလုပ်တာ မှန်လား၊ မှန်လား … ငါ သွေးဆာနေသလား။ လူမျိုးထိန်က ကျွန်မကို ဝူထဲက ပြန်ကယ်ထုတ်ခဲ့တာပါ။ အသက်သခင် ကျေးဇူးရှင်ပါ။

သူသာ ကျွန်မကို မောင့်ထံ ပြန်ပေးအပ်ပို့ပေးမယ်ဆိုရင် ဟောဒီကမ္ဘာမှာ ကျေးဇူးအကြီးဆုံးပုဂ္ဂိုလ်က ကိုလူမျိုးထိန်ပါပဲ မောင်။ ဒါပေမယ့် …

သူ ကျွန်မကို ကယ်ခဲ့တာ စေတနာအမှန်မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အုတ်ဂူထဲမှာ မသေသေးဘူးလို့ ယုံကြည်တာ သူတစ်ယောက်တည်းပဲလား။ ဘယ်သူရှိသေးလဲ ကျွန်မ မသိဘူးမောင်။ သူ ကျွန်မကို ကယ်တင်ပြီး ကျွန်မကို သူ့မယားလုပ်စေချင်တာ သိရတော့ အရမ်းအံ့သြတယ်။ ကျွန်မ မြတ်နိုးတာ မောင်တစ်ယောက်တည်းကိုလေ။

သူ ကျွန်မကို မင်္ဂလာမဆောင်ခင် ကာလတစ်လျှောက်လုံး ခြိမ်းခြောက်ခဲ့တာ။ စီးပွားရေးအဆင်မပြေတဲ့ အဖေ့ကို မက်လုံးတွေနဲ့ နားချခဲ့တာ။ သူများ နဲ့ ညားတဲ့နေ့ဟာ မင်းသေသည့်နေ့ပဲလို့ ပြောခဲ့တာ လူမျိုးထိန်ပဲ။ ဒီလူက ပြောရင် ပြောသလို လုပ်တဲ့လူ။

မင်္ဂလာဆောင်တဲ့နေ့ကလည်း သူ ကျွန်မကို တိုးတိုးကပ်ကပ် ပြောခဲ့တယ်။ ဒီမင်္ဂလာဦးညမှာ မင်း သေရမှာတဲ့။

ဒီမှာ ကျွန်မ နှလုံးလန့်ပြီး လဲကျသွားခဲ့တာ။ ကျွန်မမှာ ရောဂါအခံလည်း ရှိခဲ့တာကိုး။

အားလုံးက သေပြီတဲ့။

ထားတော့ . . . လူမျိုးထိန် ကျွန်မတို့ရဲ့ချစ်ခြင်းကို စေတနာ ယုတ်ညံ့စွာနဲ့ ခွဲခဲ့ပြီး ကျွန်မဘဝကို ဖျက်ဆီးခဲ့တာကို နာကျည်းလွန်းလို့ ကလဲ့စားချေခဲ့တာပါ။ သူတို့က ကျွန်မနဲ့မောင်ရဲ့ ချစ်ခြင်းကို ကွဲအက်သွားအောင် ရက်စက်တာကို နာကြည်းလွန်းလို့ပါ မောင်။

အခု မင်းကြီး သေသွားပြီ။

သူ့ညီ မင်းလေးက သဘောပေါက်ခဲ့တယ်။

ဒါ သူ့ဒွေးလူမျိုးထိန်ရဲ့ စီးပွားပြိုင်ဘက်တွေသတ်တဲ့ လက်ရာမဟုတ်ဘူး။ ကျွန်မကို သူတို့ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်ခဲ့တဲ့အတိုင်း ပြန်လုပ်တဲ့ လက်ရာ။

မင်းလေး လိုက်စုံစမ်းတယ်။

ကျွန်မတက်ခဲ့တဲ့ ဆေးရုံကို သူ လာစုံစမ်းတာ ကျွန်မသိရတယ်။ ကျွန်မ နောက်ထပ် လူသတ်ရဦးမှာလား။

မသတ်ချင်ဘူး . . .

လူသတ် ကလဲ့စားချေတဲ့အလုပ်ကို ရွံ့ရှာမုန်းတီးပြီး နောင်တရတဲ့နေ့၊ စိတ်တည်ငြိမ်လာတဲ့နေ့ရောက်ရင် ကျွန်မ ရဲစခန်းမှာ ရဲရဲရင့်ရင့် အဖမ်းခံပြီး ဒီအာတ်ကြောင်းအမှန်ကို ရှင်းပြဖို့ အစီအစဉ်ရှိပြီးသားပါ။

သို့သော် မင်းလေးက သူ့အစ်ကိုနဲ့ သူ့ဆရာသူ့ဒွေးအတွက် သံသယဖြစ်ပြီး လိုက်စုံစမ်းရာက သူ ကျွန်မ မသေမှန်းသိပြီး ကျွန်မကိုသတ်ဖို့ တရကြမ်း လိုက်ရှာခဲ့တယ်။





ကျွန်မ ဘယ်ကိုပြေးရမလဲ။ ပုန်းရမလဲ။

နောက်ဆုံး ကျွန်မ ပြေးရင်း၊ ရှောင်ရင်း ဒုံသနွဲ့ချောင်းဘေးက စွယ်စုံရွာကို ရောက်သွားတယ်။ ရွာထဲမှာ လူမရှိဘူး။ မီးလောင်ပြင် ဖြစ်နေတယ်။ ခြောက်ချားစရာအသံတွေ နေ့ခင်းမှာတောင် ကြားရတယ်။

ဒီလိုနဲ့ ကျွန်မ လူမြင်လည်း မခံဝံ့။

နောက်ဆုံး နို့တစ်လုံးနဲ့ သားနို့တိုက်နေတဲ့ ကျောက်ရုပ်ဂူထဲကို ရောက်သွားခဲ့တယ်။ ကျွန်မ ပင်ပန်းပြီး ဆာလောင်နေပြီ။ ကျွန်မ ဒီဂူထဲဝင်လာတာကို ကလေးနှစ်ယောက် မြင်သွားတယ် မောင်။ ကျွန်မ ဆာလွန်းလို့ ကျောက်စားပွဲခုံပေါ်က စားစရာတွေ၊ နို့တွေကို အားရပါးရ စားပစ်ပြီး နားလိုက်တယ် မောင်။

✿ ✿ ✿

[၅၀]

❑

လရောင်စိုရေးခဲ့တဲ့ မှတ်တမ်းစာစုက ဒီနေရာမှာ ဆုံးသွားခဲ့ဗျာ။ ကျွန်တော့်ရင်တစ်ခုလုံး တုန်ခါနေတယ်။

ဒါ . . . လရောင်စိုရေးခဲ့တဲ့ နောက်ဆုံးစာမျက်နှာပဲ။

"မောင်ကြီး . . . ဟို . . . ဟို . . . အစ်မ ဘာတွေ ရေးထားခဲ့တာလဲ ဟင်"

ကျွန်တော် ရှင်မီးတောက်နဲ့ ကိုလုံးတို့ရွာသားတွေကို ပြောလိုရသမျှ ပြောပြလိုက်ရော အားလုံး မျက်နှာတွေ ညှိုးပြီး ဝမ်းနည်းသွားကြတယ်။

ကျွန်တော် လရောင်စိုရေးခဲ့တဲ့ မှတ်စုစာအုပ်ကို ညီမလေး ရှင်မီးတောက်ဘက် ကမ်းလိုက်တယ်။

ညီမလေး ရှင်မီးတောက်က မှတ်စုစာအုပ်ကို စိတ်ဝင်တစား ဖတ်ပြီး နောက် မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ငိုပါရောဗျာ။ သူငိုတော့ သတင်းလာမေးကြတဲ့ မိန်းမကြီးတွေလည်း ငိုကြပေါ့။

လရောင်စို သူမရဲ့ ကြေကွဲထိတ်လန့်ဖွယ်ရာ နောက်ဆုံး မိနစ်၊ စက္ကန့်တွေ အကြောင်းကို မရေးနိုင်ခဲ့ပေမင့် ကျွန်တော့်ရင်ခွင်ထဲမှာ သူ ပြောသွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



*သူ နောင်ဘဝသစ်မှာ ကြေကွဲနေဦးမှာလား။*

မျက်ရည်တွေ တလိမ့်လိမ့်စီးကျပြီး ငိုနေမှာလား။

နာကျည်းဒေါသတွေနဲ့ တောက်ခတ်ကြိမ်းဝါး ပေါက်ကွဲနေလေမလား။

ကံဆိုးလှတဲ့ ဘဝဇာတ်ကို ကျေနပ်စွာနဲ့ ပြည်ဖုံးကားချလိုက်ပါတော့ လရောင်စို။ နောက်ဘဝသစ်မှာ ဒီဇာတ်လမ်းကို ဆက်မက,ပါနဲ့တော့ကွာ။ မင်းရဲ့ အချစ်၊ မေတ္တာ၊ စေတနာတွေကို မောင် နားလည်ခံစားရပါပြီ ... လရောင်စို။

အမုန်းတွေကို ခြေချလိုက်ပါတော့။

မင်းနှလုံးသားကို ထက်ခြမ်းကွဲအောင် ရက်စက်တဲ့ နေမင်းလည်း လောင်မီးကျသွားပါပြီ။ တို့နှစ်ဦးချစ်ခြင်းကို မကွဲကွဲအောင် ခွဲခဲ့တဲ့နေလည်း နေဝင်သွားခဲ့ပါပြီ ... လရောင်။

✿ ✿ ✿

[၅၁]

❑

ကျွန်တော်တို့ လရောင်စိုရဲ့အသုဘ မီးသင်္ဂြိုဟ်အခမ်းအနားက ပြန်လာခဲ့ကြတယ်။ အသားနဲ့အရိုး တစ်စစီဖြစ်သွားတဲ့ လှုမိုက်မင်းလေးရဲ့ အလောင်းကိုတော့ ရဲလက်ကို အပ်ပြီး အကြောင်းစုံ ရှင်းပြလိုက်တယ်။

မင်းကို ဒီတစ်ခါ ဂူမသွင်းပါဘူး ... လရောင်စို။

မင်းရဲ့အလောင်းကို ပြာကျတဲ့အထိ မောင်စောင့်ကြည့်ပါတယ်။ မင်းရဲ့ အရိုးပြာတွေကို ဒုံသန္တိချောင်းရေမှာ မျှောခဲ့မှာပါ။ မင်း အေးအေးချမ်းချမ်း သွားပေဦးပေါ့။

ဒုံသန္တိချောင်းက လှိုင်းမထန်ပါဘူး ... လရောင်။

တငြိမ့်ငြိမ့်စီးနေတဲ့ ဒုံသန္တိချောင်းရေက မင်းရဲ့ဘဝပြာတွေ၊ မေတ္တာပြာတွေ၊ သစ္စာပြာမှုန်တွေ၊ မျက်ရည်ပြာမှုန်တွေကို တယုတယ ပွေ့ပိုက်ပြီး အေးမြတဲ့ ရေအောက်မှာ မြှုပ်နှံပေးမှာပါ။

အလွှမ်းမရှိတဲ့ ခရီးသည်အဖြစ် မင်းသွားလိုရာကို လွတ်လပ်စွာ သွားပါတော့ ... အချစ်ရေ။

✿ ✿ ✿

[၅၂]

❑

"ညီမလေး ... ရှင်မီးတောက်"

"ရှင် ... မောင်ကြီး"

"ညီမလေးကို မေးစရာရှိသေးတယ်"

"မေးလေ ... မောင်ကြီး ... မောင်ကြီး ... ဘာမေးမလို့လဲ"

"အစ်ကို စွယ်စုံရွာကို ပြန်လာတာ ညီမလေးနဲ့ အမေမြကြီးငွေတို့ကို သတိလည်းရ၊ တောင်းပန်ချင်လွန်းလို့ ပြန်လာခဲ့တာပါ"

"ကျွန်မ မောင်ကြီးရဲ့ဘဝကို နားလည်နေပါပြီ ... မောင်ကြီးရယ်။ မတောင်းပန်ပါနဲ့ နော်"

"အစ်ကို စွယ်စုံရွာကို ခြေချမိတော့ တစ်ရွာလုံး မီးလောင်ပြင်ဖြစ်ပြီး အရိုးစုတွေပဲ တွေ့ရတယ်။ အမေမြကြီးငွေတို့၊ ရှင်ဖုန်းမိုတို့ ဘယ်မှာလဲဟင်"

ညီမလေးရှင်မီးတောက် ကျွန်တော့်ကို ငေးကြည့်နေတယ်ဗျာ။ ကြည့်နေရင်းက မျက်ရည်တွေ ပေါက်ပေါက်ကျလာတယ်။

ပြီးတော့ ရှိုက်ငိုတယ်။

"အမေငွေတို့ ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီးရယ် ... ရွာကို မောင်ကြီးမပါဘဲ ကျွန်မ ပြန်လာတာ မြင်တော့ အမေ စိုးရိမ်နေတယ်။ အကျိုးအကြောင်း ပြောပြတော့ သူ မောင်ကြီးကို ခွင့်လွှတ်ခဲ့ပါတယ်"

"အို ..."

"အမေရော၊ ကျွန်မရော၊ ရှင်ဖုန်းမိုရော ဟောဟို ဒုံသန္တဲ့ချောင်းထိပ်ကနေ ရပ်ပြီး နေ့တိုင်း မျှော်ကြတယ်။ တွေ့သမျှ လှေသမ္ဗန်တွေမှာ မောင်ကြီးပါမလားလို့ အမေက အော်အော်မေးတယ်။ လှေတစ်စီးမှ မရှိတော့မှ ရွာကိုပြန်လာခဲ့ကြတယ်။

ရက်တွေကြာတော့ မောင်ကြီး မလာတော့ဘူးနဲ့တူရဲ့လို့ ပြောပြီး ညတိုင်း ငိုတယ်။ ကျွန်မနဲ့ ရှင်ဖုန်းမိုလည်း နေ့ရောညရော၊ သတိရတိုင်း ငိုရတာပေါ့ ... မောင်ကြီးရယ်။

တစ်နေ့ ကျွန်မတို့ရွာသားတစ်ဦး ခရီးသွားရာက ပြန်လာပြီး ရုတ်တရက် အဖျားတွေတက်၊ ဝမ်းတွေသွား၊ အော့အန်ပြီး တစ်ရက်ပဲခံလို့ သေဆုံးသွားခဲ့တယ်။ သူ့အလောင်းကို သင်္ဂြိုဟ်တဲ့နေ့မှာပဲ သူ့အိမ်သားတွေ ဖျားပြီး ဝမ်းတွေလျှောလို့ နောက်နေ့ သေသွားပြန်ပါရော။

ရွာထဲကလူတွေ တစ်ယောက်ပြီးတစ်ယောက်ဖြစ်ပြီး ကွယ်လွန်ကြတော့ နေ့တိုင်း သုသာန်မှာ သင်္ဂြိုဟ်နေရတယ်။ သင်္ဂြိုဟ်ပြီးပြန်လာရင် ရောဂါဝင်လာပြီး ဖျားတယ်။ ပြီးရင် ဝမ်းရေကြည်တွေ မရပ်မနားသွားပြီး အားပြတ်ချက်ချင်းသေတာပဲ။ ဆရာငြိမ်းလည်း မတတ်နိုင်တော့ဘူး။ ဒီရောဂါက ကာလဝမ်းရောဂါကြီးတဲ့။

နေကောင်းတဲ့လူတွေ အမြန်ပြောင်းကြ၊ ငါလည်း မတတ်နိုင်ဘူးတဲ့။ ညဘက်ရောက်ရင် ကျီးတွေ တဝေါဝေါနဲ့ ပြုတယ်။ ခွေးတွေ အူတယ်။ ငှက်ဆိုးတွေ တစ်ရွာလုံးပေါ် ပျံပြီး ထိုးကြတယ်။ ရွာထဲမှာ လူ သုံးပုံနှစ်ပုံလောက် ဝမ်းရောဂါနဲ့ သေကုန်ပြီ။ လူမမာ သတင်းမေးပြန်လာရင် ချက်ချင်း ရောဂါကူးပြီး ကွယ်လွန်တာပဲ။

တစ်နေ့တော့ အမေမြကြီးငွေ အသုဘပို့ကပြန်လာပြီး ဖျားပါရော။ တစ်ကိုယ်လုံး ကိုက်ခဲပြီး ဝမ်းတစ်ခါသွားတယ်။ ဝမ်းသွားပြီးရော မျက်ကွင်းနဲ့ နားထင်တွေ ချိုင့်ဝင်ပြီး အရေပြားတွေ ပဲကြီးရေစိမ်အခွံလို တွန့်ပြီး အသံကျယ်ကျယ် မပြောနိုင်တော့ဘူး။

"သမီး ... ရှင် ... မီးတောက်"

"အမေ ... အမေ ... ကွမ်းရွက်နဲ့ ချင်းရည် သောက်ပါနော် အမေ"





"သမီး ... ညီမလေးကိုခေါ်ပြီး အဝေးကိုသွားတော့ .. မြန်မြန်သွား"

"အမေ့ကို ... သမီး ... မထားခဲ့နိုင်ဘူး ... အမေရဲ့ ... ဟီး"

"အ ... မေ့ကို ... ချစ် ... ရင် ... အမြန် ... ထွက် ... သွားတော့"

"မသွားဘူး ... သမီးပါ ... အမေနဲ့ အတူသေမယ်"

"နင် ... မ ... မိုက် ... မဲ ... နဲ့ ... သွား ... သွား ... သွား"

အမေ ကျွန်မကို မအော်ဖေါက်စဖူး အော်ပြီး နှင်လွှတ်တယ်။ ဒီမှာ အစ်ကိုကွမ်းလုံ့နဲ့ ကိုလုံးတို့ ကျွန်မကို လာဆွဲခေါ်ကြတယ်။

"မလိုက်ဘူး ... မလိုက်ဘူး ..."

"မီးတောက်လိုက်ခဲ့ ... မြန်မြန်လာ"

"မလိုက်ဘူး ... ကျွန်မ ... အမေနဲ့ နေခဲ့မယ်။ ညီမလေး ရှင်ဖုန်းမို ဖုန်းမိုရေ ... ဖုန်းမို ..."

"နင့်ညီမ ဖုန်းမိုကို မခေါ်နဲ့တော့ ... ညီမ"

"ရှင် ... ရှင် ... ဘာ ... ဘာဖြစ်လို့လဲ ... ဟင် ဟင်လို့"

"ရှင် ... ဖုန်းမို ... ရွာရေကန်မှာ ... မထနိုင်တော့ဘူး"

"ဟင် ... ညီမလေး ... ဖုန်း ... မို ..."

ကျွန်မ အသံကုန်ဟစ်ပြီး ခေါ်လိုက်တယ်။

"ငလုံး ... သူ့ ... ကို ... ခေါ် ... သွား ... တော့"

"လာ ... ရှင်မီးတောက် ... လာ ..."

"ဟင့်အင်း ... မလိုက်ဘူး ... မလိုက်ဘူး ..."

ကိုလုံးက ရုန်းကန်အော်ဟစ်နေတဲ့ ကျွန်မကို ပခုံးပေါ်ထမ်းပြီး အိမ်ပေါ်ကနေ ဆင်းတယ်။

"အမေ ... အမေ ... အမေ ... ကျွန်မ ... မလိုက်ဘူး"

"ကျွန်မ ... အမေ့ဆီကို ... ပြန်လာခဲ့မယ် ... အမေ ... အမေ"

ကိုလုံးက ရုန်းကန်အော်ဟစ်နေတဲ့ ကျွန်မကို ပင်ပန်းကြီးစွာ ထမ်းပြီး ဆရာငြိမ်းတို့ရွာကို ခေါ်သွားခဲ့တယ်။

ဆရာငြိမ်းတို့က ရွာကပြေးလာတဲ့ လူတွေကို ရွာပြင်မှာ မတ္တာပ်ဆိုးပြီး ဆေးတိုက်၊ ဆေးကျွေး၊ ထမင်းကျွေးနေတယ်။

ကျွန်မက အမေ့ဆီကို ပြန်ဖို့ပဲ ပြောတော့ ...

"သမီး ... ညည်းအမေကိုချစ်တာ အဘငြိမ်းတို့ သိတယ်။ ဒီရောဂါက ကူးစက်မြန်တယ်။ အချို့အရပ်မှာ ရွာလုံးကျွတ် ရောဂါကူးပြီး သေကြတယ်။ သမီးအမေက သမီးကိုချစ်လို့ တို့များရွာကို သွားခိုင်းရတာ။ အဲဒါကြောင့် ညည်း



www.burmeseclassic.com

www.burmeseclassic.com



အမေ မသေရင် တစ်နေ့ ပြန်တွေ့ရမှာပေါ့။ သမီးလည်း စာတတ်တာပဲ စဉ်းစားပါ။ အဘငြိမ်းတို့ကို ဝိုင်းကူညီပေးပေါ့ . . . ဟုတ်လား''

နောက်ဆုံးတော့ ဆရာငြိမ်းရဲ့စကားကို နားထောင်ပြီး ရွာပြောင်းလာတဲ့ လူတွေရဲ့ ကျန်းမာရေးကိစ္စတွေကို ဝိုင်းကူလုပ်ပေးခဲ့လိုက်တယ်။

နောင်နှစ်ရက်နေတော့ ရွာထဲက နတ်ကတော်ကြီး ဒေါ်နားကြီး အိပ်မက်မက်သတဲ့။ ကျောက်နီတစ်လုံးမယ်တော်က အိပ်မက်ပေးပြီး ပြောတယ်ဆိုတယ်ပဲ။ စွယ်စုံရွာက လူတွေ ကျိန်စာပြယ်တော့မယ်။ ငါလည်း ဒီအရပ်က ပြောင်းတော့မယ်လို့ ပြောပြီး သူ့ကလေးပိုက်လို့ ကျောက်ဂူဘက်ကို ပြေးသွားသတဲ့။

နတ်ကတော် အမေနားကြီးပြောပြီး ညနေမှာပဲ ကျွန်မတို့ စွယ်စုံရွာကို မီးလောင်တော့တာပဲ . . . မောင်ကြီးရယ်။

မီးတောက်ကြီးတွေ ကောင်းကင်မှာ ထိုးတက်နေတယ်။

လေကပါပင့်တော့ အင်ရွက်အမိုးတွေ လေထဲမှာ လေလွင့်နေတာပဲ။ ကျွန်မ အမေ့ကို စိုးရိမ်လို့ ရွာကို ပြေးတော့ ကိုလုံးတို့က ဝိုင်းဆွဲထားကြ၊ တားကြ။

ကျွန်မရဲ့ အမေခေါ်သံ အော်သံက အရှိန်ကြီးနေတဲ့ မီးညွန့်တွေနဲ့ အပြိုင်ပါပဲ . . . မောင်ကြီးရယ်။

တစ်ညနေနဲ့တစ်ည မီးလောင်လိုက်တာ ရွာဟာ ပြာပုံဖြစ်သွားခဲ့တယ်။ လူသေကောင်တွေ၊ ရောဂါသည်းနေတဲ့ လူမမာတွေ၊ အိုးအိမ်၊ တိရစ္ဆာန်တွေ မီးလောင်ပြာကျသွားခဲ့တယ်။

အဲဒီနေ့ကစပြီး မီးလောင်ပြင်ရွာကို ဘယ်သူမှ အသွားမခံဘူး။ ဘာလို့လဲဆိုတော့ တစ္ဆေခြောက်လို့ပဲ။

ညဘက်မှာ လူတွေရဲ့အော်သံ ကြားရတယ်။

အမေရေ . . . အဖေရေ ခေါ်သံ ကြားရတယ်။

လူတွေ ပြေးလွှားနေတာ မြင်ရတယ်။

လူစွမ်း ကိုကွမ်းလုံတို့၊ ကိုလုံးတို့က မီးတုတ်တွေနဲ့ စွယ်စုံရွာခြေကို ကပ်ကြည့်ရော ပြေးလွှားနေတဲ့လူတွေလည်း ပျောက်သွားရောတဲ့။

ဒီတော့မှာ ဝမ်းကြီး (ကာလဝမ်း) ရောဂါနဲ့ ကွယ်လွန်သွားတဲ့ လူတွေ မကျွတ်မလွတ်ဘဲ တစ္ဆေဖြစ်ပြီး လျှောက်သွားနေတာဖြစ်မှန်းသိလို့ ပြန်ခဲ့ကြတယ်။

သူတို့ပြန်ရော နောက်ကနေ သူတို့နာမည်ကို လှမ်းခေါ်လို့ ပြန်ပြေးခဲ့ရတယ် ဒေါ်နားကြီးပြောတာ မှန်နေပြီပေါ့။

အခု အမေကျောက်နီတစ်လုံးလည်း မသမာသူလက်ချက်နဲ့ ကျိုးကျကွဲကြေ ပျက်စီးသွားခဲ့ပြီ . . . မောင်ကြီး။





အမေ မြကြီးငွေနဲ့ ညီမလေးဖုန်းမိုလည်း မီးထဲကို . . . အင့် ဟီး ဟီး''

ငိုလိုက်ပါ ညီမလေးရယ်။

ငါလည်း ငိုနေပါတယ်။

ငါ့မျက်လုံးထဲမှာ ဒုံသန္တဲ့ချောင်းရေဆိပ်ကနေ ရပ်မျှော်နေတဲ့ အမေတို့ကို မြင်နေဆဲပါ . . . ညီမလေး။

ညီမလေးရယ် . . . အစ်ကိုတို့၊ ညီမလေးတို့ဘဝမှာ အလွမ်းပင်တွေ ရှင်သန်ကြီးထွား ဖြစ်ထွန်းလိုက်တာကွယ်။

✿ ✿ ✿

## [ ၅၃ ]

❑

ကျွန်တော် အထုပ်အပိုးတွေ ပြင်ပြီး မြို့ကို ပြန်မယ်လုပ်တော့ ရွှင်မီးတောက် မျက်ရည်စီးကျပြီး ကြည့်နေတယ်။

''မောင်ကြီး . . .''

''ညီမလေး . . .''

''မောင်ကြီး . . . တကယ် . . . ပြန် . . . ပြန်တော့မှာလား ဟင်''

''ပြန်ရမှာပေါ့ ညီမလေး။ ညီမလေးရော အစ်ကိုနဲ့လိုက်ခဲ့ပါလား ဟင်''

''အင့် အင့် . . . ဟီး ဟီး . . . ကျွန်မ . . . ကျွန်မ . . . ဟီး''

ကျွန်တော် ငိုရှိုက်နေတဲ့ ရွှင်မီးတောက်ရဲ့ ပါးပေါ်က မျက်ရည်တွေကို တယုတယ သုတ်ပေးပြီး သူ့ နဖူးပြင်လေးကို သာသာဖွဖွ နမ်းလိုက်တယ်။

ပြီးတော့ တင်းကျပ်စွာ ဖက်ထားလိုက်တယ်။

''ညီမလေး အစ်ကိုနဲ့ လိုက်ခဲ့ပါနော်''

သူ ရုန်းထွက်ပြီး အိမ်အတွင်းခန်းထဲကို ပြေးဝင်သွားတယ်ဗျာ။ သူ့ရှိုက်ငိုသံကို ကျွန်တော် ကြားပြီး ရင်နင့်နေမိတယ်။

သူ အတန်ကြာသည့်တိုင် ထွက်မလာဘူး။

ကျွန်တော် အဘငြိမ်းတို့၊ ကိုကွမ်းလုံ၊ ကိုလုံးတို့ကို ကန်တော့နှုတ်ဆက်လို့ လေးကန်စွာနဲ့ လွယ်အိတ်လွယ်ပြီး ထွက်ခဲ့လိုက်တယ်။

www.burmeseclassic.com



ဩော် ... စွယ်စုံရွာကို ဖြတ်ခဲ့ရပြန်ပါပကော။

အမေမြကြီးငွေရဲ့အိမ်က ထမင်းကို ကျွန်တော်စားတယ်။ ဒီရွာကရေကို သောက်ခဲ့တယ်။ ဟောဟိုရှေ့က တောင်ယာထဲမှာ ကျွန်တော် ဖရုံသီးတွေထမ်းပြီး ပျော်ခဲ့လိုက်ရတာ။

ဒါ ... ကျေးဇူးရှင်ရွာ ...

မွေးစားအမေရဲ့ရွာ။

သူတို့ ယုံကြည်နေတဲ့ ကျိန်စာသင့်ရွာက အမေ။

အမေတို့ ရုပ်ဆိုး၊ အကျည်းတန်ပေမင့် အမေတို့နှလုံးသားက လှပတယ်။ အပြုံးတွေက အေးချမ်းတယ်။

အခု အမေရဲ့အပြုံးကို မမြင်ရ။

ညီမလေးရှင်ဖုန်းမိုရဲ့ ရယ်သံကို မကြားရ။

ကိုသစ်ခေါင်းရဲ့ သာသာလွင်လွင် ပလွေမှုတ်သံလည်း မကြားရတော့ဘူး။

ကျွန်တော် မီးလောင်ပြင်ကို ကြေကွဲဝမ်းနည်းစွာ ကြည့်ပြီးနောက် မြေပြင်မှာ ထိုင်ချပြီး လက်အုပ်ချီလိုက်တယ်။

"အမေ ... ကျွန်တော် အမေ့သား မိုးကျရွှေကိုယ် အမေ့ရွာကို အမေ့ဆီကို ပြန်လာခဲ့ပါပြီ ... အမေရယ်။ သား ရောက်ခဲ့ပြန်တော့ အမေရော၊ ညီမလေးရော မရှိတော့ဘူး။ အမေ့ကို သားချစ်ပါတယ်။ အမေ သားကို မမုန်းပါနဲ့ အမေရယ်။ မိုးကျရွှေကိုယ် အမေ့ကို ရှိသေစွာ ကန်တော့ခဲ့ပါတယ် အမေ"

ကျွန်တော် အမေ့အိမ်လေးရှိရာကို မှန်းဆပြီး မျက်ရည်နဲ့ ကန်တော့ခဲ့လိုက်တယ်ဗျာ။

မိုးပေါ်က ကျလာတဲ့ ဘဝဟောင်းက သားကြီးမို့ ...

မိုးကျရွှေကိုယ်တဲ့ နာမည်ပေးခဲ့တယ်။

အမေ့သားကြီး မိုးကျရွှေကိုယ် ချစ်ရတဲ့သူတွေကို နှုတ်ဆက်ကျောခိုင်းပြီး ပြန်ပြီ အမေ။

ကျွန်တော် မီးလောင်ပြင်ရွာကလေးကို ကျောခိုင်းပြီး တောလမ်းအတိုင်း တစ်ယောက်တည်း ပြန်ခဲ့လိုက်တယ်။

"သားလို့ခေါ်သံ မပေးတော့ပါလား"

ဒီလိုနဲ့ ဗုံသန္တိရေဆိပ်ကို ရောက်ခဲ့တယ်။

လှေတစ်စီးကို တွေ့လို့ လက်ယပ်လှမ်းခေါ်လိုက်တော့ လှေသမားက ကြောက်ပြီး လှေလှော်ပြေးပါရောဗျာ။ နောက်လှေတစ်စီးကို လှမ်းခေါ်လည်း တအားလှော်ပြေးပါရော။





ဩော် ... လှေသမားတွေတောင် ဒီရေဆိပ်ကို အရမ်းကြောက်နေကြပါလား။

ကျွန်တော့်ကို တစ္ဆေလူယောင် ဖန်ဆင်းပြီး ခေါ်နေတယ် ထင်ကြရဲ့။ ဒီမှာ လှေတစ်စီးမြင်လို့ လှမ်းခေါ်လိုက်တယ်။

"ဗျို့ ... ဆရာ၊ ကျွန်တော် လိုက်ချင်လို့ပါ ... လှေကပ်ပေးပါဦးဗျ"

လှေသမားက ကျွန်တော့်ကို ကြည့်နေတယ်။

ပြီးနောက် လှေကို ရေဆိပ်မှာ ကပ်လိုက်တယ်။

"ပြန်တော့မှာလား"

"ဟာ ... ဦးကြီး ... ဝမ်းသာလိုက်တာဗျာ"

လှေသမားကြီးက ကျွန်တော် ဒီကိုလာတုန်းက စီးခဲ့တဲ့လှေ ဖြစ်နေတယ်ဗျာ။

"ရှေ့ကလှေတွေက မင်းကို တင်မသွားဘူးလား"

"မတင်ဘူးဗျ ... သူတို့ကြည့်ရတာ ကြောက်လန့်နေသလိုပဲ"

"ဒါပေါ့ ... မင်းကို စွယ်စုံရွာက လူယောင်ဖန်ဆင်းပြီး လှေခေါ်တဲ့ တစ္ဆေ ထင်ကြတာကိုး"

"ဟုတ်လား ... အရင်က အဲဒီလို ခေါ်လို့လားဗျာ"

"ခေါ်တာပေါ့ကွာ ... အနီးရောက်ရင် ပျောက်သွားရောကွ။ ကိုင်း ... မြန်မြန်တက်ဟေ့"

ကျွန်တော် လှေပေါ်ကို တက်လိုက်ပြီး နေရာယူလိုက်တယ်။ လှေက တရွေ့ရွေ့ ကမ်းကခွာတုန်းမှာပဲ ...

"မောင်ကြီး ... မောင်ကြီး ..."

"ကိုမိုးကျရွှေကိုယ် ... လှေရပ်ပါဦးဗျ"

"ဟင် ..."

"မောင်ကြီး ... မောင်ကြီး ... လှေပြန်ကပ်ပါဦး"

"ရှင်မီးတောက် ..."

"မောင်ကြီးရေ ..."

ရှင်မီးတောက်ရယ်ဗျာ ... ထန်းခေါက်ဖာလေးပိုက်လို့ ပြေးလာရင်း ကျွန်တော့်ကို အသံစာစာနဲ့ အော်ခေါ်နေတာ။ သူ့နောက်မှာ ကိုကွမ်းနဲ့ ကိုထွေ တို့လည်း ပါရဲ့။

"ဦးကြီး ... လှေ ... လှေကပ်ပေးပါဗျာ"

"ဟော့ကောင် ... အဲဒါ ... အဲဒါ ... လူ ... လူတွေ ... ဟုတ်ရဲ့လားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျ . . . ကျွန်တော့်မိတ်ဆွေတွေပါ။ ကပ်ပေးပါ"

လှေသမားကြီးက လှေကို ရေဆိပ်မှာ ပြန်ကပ်ပေးတယ်။

"ရှင်မီးတောက် . . . ညီမလေး . . . ဘာပြောချင်လို့လဲ ဟင် ဟင်"

"ကျွန်မ . . . ကျွန်မ . . . ဟို . . . ဟို . . ."

"ကျွန်မ ဘာဖြစ်လို့တုံး . . . ညီမလေးရဲ့"

"ကျွန် . . . မ . . . မောင်ကြီးနဲ့ . . . လိုက်မလို့"

"ဟော . . ."

"ဟား ဟား ဟား ဟား ဟား . . . ကိုရွှေကိုယ်ရေ . . . ငိုနေတာဗျ။ ပြီးတော့ သူ မနေနိုင်ဘူး။ ခင်ဗျားနောက်ကို လိုက်မယ်ဆိုပြီး ဖာတောင်းနဲ့ ပြေးလိုက်တာဗျ။ အဲဒါစိတ်ချရအောင် ကျုပ်တို့ လိုက်ပို့တာဗျို့ . . . ခေါ်သွား . . . ခေါ်သွားဗျ . . . တော်ကြာ လွမ်းပြီး မစားနိုင် မသောက်နိုင်ဖြစ်ပြီး . . ."

"ဟွန့် . . . အစ်ကိုကွမ်းနော် . . . ဟင်း . . . ငိုလိုက်မယ် နော်"

"မငိုပါနဲ့ဗျာ . . ကျုပ်တို့ရွာလေး မျက်ရည်နဲ့ မျောပါသွားပါဦးမယ်ဗျာ"

"ဟား ဟား ဟား ဟား ဟား"

"ကဲ . . . ကိုမိုးကျရွှေကိုယ်ရေ . . . ဟောဒီ အငိုသန်တဲ့ ကောင်မဆိုးလေးကို ခေါ်သွားမှာလား။ ထားခဲ့မှာလားဗျို့"

ကျွန်တော် ညီမလေးမျက်နှာကို လှမ်းကြည့်လိုက်တယ်။

ထန်းခေါက်ဖာလေးကိုပိုက်ပြီး ငံ့လင့်တဲ့မျက်လုံးအစုံနဲ့ ကြည့်နေလို့ဗျာ။

"ပြောလေ . . . ကိုမိုး"

"သူ့ကို ခေါ်သွားမှာပေါ့ဗျာ"

"ဟေး . . . ဒါမှ ကျုပ်မောင်ကြီးတော့"

ညီမလေး ဝမ်းသာအားရ ရေဆိပ်ကို ပြေးဆင်းလာတယ်။ ကျွန်တော် လှေပေါ်မှာရပ်ပြီး လက်ကမ်းလိုက်တော့ လက်ကိုဆွဲပြီး လှမ်းတက်ရော။ လှေလှုပ်ပြီး ညီမလေး ကျွန်တော့်ရင်ခွင်ထဲအကျ ကျွန်တော် စိုးရိမ်ကြီးစွာ လှမ်းဖက်ထားလိုက်တယ်ဗျာ။

"ဝေး . . . ဟေး ဟေး"

"ဝေး . . . ဟေး ဟေး . . . ရှင်မီးတောက်ရေ . . . ငါတို့လည်း မေ့မသွားနဲ့နော် . . . ကောင်မလေး"

ရှင်မီးတောက်က ရှက်ရွံ့ဟန်နဲ့ လှမ်းပြောလိုက်တယ်။

"မေ့မှာပဲတော့"

"ဟား ဟား ဟား ဟား . . . ဟို မိုးကျရွှေကိုယ်ရေ . . . ခပ်တင်းတင်းလေး ဖက်ထားဗျို့ . . . ရေထဲ ခုန်ချမှာစိုးလို့"

"ဟွန်း . . . အစ်ကိုကြီးတို့နော်"





ညီမလေး ရှင်မီးတောက်ကို ကျွန်တော့်နံဘေးမှာ ထိုင်ခိုင်းရတယ်။ လှေကအလှည့်မှာ လူးသွားတော့ ရှင်မီးတောက်က ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ပြီး မျက်လုံးလေးတွေ ဝိုင်းလို့။

လှေက စွယ်စုံကုန်းရေဆိပ်က ဒုံသန္တဲ့ချောင်းအတိုင်း တရွေ့ရွေ့ တွယ်တက်လာတယ်။ ကိုကွမ်းတို့၊ ကိုလုံးတို့က မြစ်ကမ်းပေါ်ကနေ လက်တပြပြနဲ့။ ကျွန်တော်တို့ကလည်း ပြန်လည်နှုတ်ဆက် လက်တပြပြ။

ဒီအချိန်မှာ လှေသမားဦးကြီးက စကားလှမ်းပြောတယ်။

"ညှိသည် . . ."

"ဗျာ . . . ဦးကြီး"

"လူအစစ်တွေပဲကွ"

"ဟုတ်လား . . . ကျွန်တော်တို့ကတော့ တရွှေနော်"

"ဟော . . ."

"ဟား ဟား ဟား ဟား ဟား"

"အေး . . . ဟေး ဟေး ဟေး . . . ငါ ပျော်လွန်းလို့ သီချင်းဆိုပြီး လှေလှော်မယ်ဟေ့"

"ဆိုဗျာ . . . ဦးကြီး . . . သီချင်းကောင်းကောင်းလေးဆိုနော်"

"အေးကွ . . . နေဦးဟေ့ . . . ငါ ဘာသီချင်းဆိုရပ့ါ . . . အဲ . . . အဲ . . . ရပြီကွ . . . ရပြီ"

"ရရင် ကျယ်ကျယ်လေး ဆိုပါဗျ။ ကျွန်တော်က နားနည်းနည်းလေးလို့ဗျ"

လှေသမားဦးကြီးက အသံဝါဝါကြီးနဲ့ သီချင်းကို အော်ဆိုလိုက်တယ်ဗျ။

"ရပ်ကြီးသူတို့ . . . ဟန်မူပိုမို . . .

နေညိုညချမ်း . . . လှေကလေးပေါ်မှာ . . .

"ဗျို့ . . . ဦးကြီး . . . နေညိုညချမ်း . . . ဆင်မြန်းဆာပါ . . . ပါဗျ။ ဘယ့်နှယ် လှေကလေးပေါ်မှာတုံးဗျ . . . မှားနေပြီ . . . မှားနေပြီ"

"မှားဘူး . . . မြို့သားညှိသည်ရာ၊ အခု လှေပေါ်ကို ရောက်နေပြီကွ . . . ဟား ဟား ဟား ဟား ဟား"

"ဒါလည်း ဟုတ်လားဗျ . . . ဟား ဟား ဟား ဟား ဟား"

ကျွန်တော်နဲ့ လှေသမားဦးကြီးတို့က ညီမလေး ရှင်မီးတောက်ကို ကြည့်ပြီး ရယ်ကြရော။

ရှင်မီးတောက်ရယ် . . .

ရှက်ရောင်တွေ သမ်းရင်း ရယ်ရင်းက ကျွန်တော် ခါးကို ဆွဲလိမ်ပါရောဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ လှေသမားကြီးက ရပ်ပြီး သူ့ သီချင်းကို အားရပါးရ ဟစ်နေပြန်ရောခင်ဗျ။

"ဆင်အပ်တန်ဆာ ... ဒီလှေကလေးမှာလ"

အသော့နှင်ပြန် ... ပိုးပဝါစ,ပါတောင် ..."

လှေသမားဦးကြီးက ရပ်ကြီးသူ့လှည်းယာဉ်သီချင်းကို လှေသီချင်းလုပ်ပြီး ဟစ်လို့ လှော်နေရဲ့။

ဒုံသန္တဲ့ချောင်းကို ဖြတ်ဝင်လာတဲ့ တောလေ၊ ချောင်းလေက ညီမလေးရဲ့ ဆံပင်တွေကို တို့ထိလွင့်လူးစေလို့။

ကျွန်တော် ဒုံသန္တဲ့ချောင်းရေကို လက်ခုပ်နဲ့ လှမ်းခပ်လိုက်တယ်။ ဒီချောင်းရေထဲမှာ ချစ်သူ့လရောင်စိုရဲ့ ဘဝပြောမှုန်တွေ စီးပျော်နေတယ်။

လရောင်စို တမလွန်ဘဝသစ်ကနေ ကျွန်တော်တို့ လှေကလေးကို ကြည့်များနေမလား။ လှေကလေးကို ရှေ့တိုးမရအောင် ဆွဲထားလေမလား။

လှေကလေးကတော့ တရွေ့ရွေ့ ရှေ့ကို တိုးသွားနေဆဲ။

လှေသမားဦးကြီးရဲ့ သီချင်းသံကလည်း ဒုံသန္တဲ့ချောင်းပေါ်မှာ ကဆုန်မြူးကြွနေဆဲ။

ညီမလေးရှင်မီးတောက်ကတော့ ကျွန်တော့်ပခုံးကို မှီပြီး အိပ်ပျော်လို့။

✿ ✿ ✿

## |၃၄|

❑

ကျွန်တော်တို့နှစ်ဦး ရွှေမင်းဝဏ်မြို့သို့ ပြန်ရောက်ခဲ့ကြပါသည်။ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေသင်္ဂဟများကလည်း ကျွန်တော်တို့ကို လှိုက်လှဲဝမ်းသာကြိုဆိုခဲ့ကြသည်။

ကျွန်တော်က ရန်ကုန်မြို့ကို သွားပြီး သတင်းစာထဲမှာ ညီမလေးဓာတ်ပုံနှင့် လေဆင်နှာမောင်းဖြင့် လွင့်ပါသွားခဲ့သည့် သတင်းကို ရေးသားခဲ့ရာ ...

သုံးရက်ခန့်ကြာပြီးနောက် ကားအကောင်းစားတစ်စီးနှင့် ဂုဏ်ရည်သန့်အမျိုးသား၊ အမျိုးသမီးကြီးနှစ်ဦးတို့ ကျွန်တော်နေသည့် အိမ်သို့ စုံစမ်းရောက်ရှိလာခဲ့ကြသည်။





သတင်းစာထဲမှာ တွေ့ဖတ်ခဲ့ရသည့် ဓာတ်ပုံရှင်သည် သူတို့ရဲ့သမီးဖြစ်ပါကြောင်း ...

ရှေးဟောင်းဘုရားသမိုင်းတစ်ခုအကြောင်း မိသားစုနှင့် လာရောက်လေ့လာနေစဉ် ကြီးမားပြင်းထန်သည့် လေဆင်နှာမောင်းနှင့် ကြုံခဲ့ပြီး သူ့ လမ်းဘေးလေထဲမှာ အော်ဟစ်ပါသွားခဲ့ပါသည်တဲ့။

နေရာအနှံ့ ရှာဖွေခဲ့၊ စုံစမ်းခဲ့ပါသော်လည်း မတွေ့၊ မသိရတော့သဖြင့် ကွယ်လွန်သွားပြီဟု ယုံကြည်ကြောင်း၊ သူတို့လည်း လုပ်ငန်းကိစ္စကြောင့် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ပြောင်းသွားခဲ့ကြကြောင်း ...

သမီးရဲ့ဓာတ်ပုံ သတင်းကို ဆွေမျိုးများက သူတို့နေသည့် အိုဆာကာသို့ ပေးပို့ခဲ့ရာမှာ သူတို့သမီးမှန်း မှန်နေသဖြင့် လာတွေ့ရသည်ဟု ဝမ်းသန်းတစ်နည်း ရှင်းပြကြလေသည်။

"ကျွန်တော့်သမီး ဒီမှာရှိပါသလားခင်ဗျာ ဟင်"

"ရှိပါတယ် အန်ကယ်"

"ကျွန်မ သမီးကို တွေ့ချင်လှပါပြီ ... ငါ့တူရယ်"

"အန်ကယ် ... ခုချိန်မှာတော့ ညီမလေးနာမည်က ရှင်မီးတောက်လို့ ခေါ်ပါတယ်"

"ဟင် ... ရှင်မီးတောက်"

"မဟုတ်ဘူး ... ကျွန်မသမီးနာမည် ရှင်မီးတောက် မဟုတ်ဘူး"

"ဒါဆိုရင် အန်ကယ်တို့သမီးရဲ့ နာမည်အမှန်က ဘယ်လိုခေါ်ပါသလဲ အန်ကယ်နဲ့ အန်တီတို့ခင်ဗျာ"

"သမီးရဲ့ မှတ်ပုံတင်နာမည်က မမေတ္တာရွှန်းချိုလို့ ခေါ်ပါတယ် ... ငါ့တူရယ်"

"ဗျာ ... မေတ္တာရွှန်းချို ... ဟုတ်လား ... ဟုတ်လားဟင်"

"ဟုတ်ပါတယ် ... ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်နေတာ။ ကျောင်းပြီးတော့မယ် ... ငါ့တူရယ်"

မေတ္တာရွှန်းချို ...

မေတ္တာရွှန်းချို ...

လှလိုက်တဲ့နာမည်။ စွဲချစ်ဖွယ် နာမည်။ နာမည်ခေါ်တာနဲ့တင် ရင်ထဲမှာ အေးမြလိုက်တဲ့နာမည်။

မေတ္တာရွှန်းချိုတဲ့လား ... ရှင်မီးတောက်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရှင်မီးတောက်ကို နာမည်ပေးခဲ့ရတဲ့ ဘဝဇာတ်ကြောင်း မိုးကျရွှေကိုယ် ဖြစ်ခဲ့ရတဲ့ စွယ်စုံရွာကလေးရဲ့ ဇာတ်ကြောင်းကို ပြောပြတော့ သူတို့ မျက်ရည်တွေ စီးလိမ့်ကျလာကြတယ်။

ကျွန်တော့်ကိုလည်း ကျေးဇူးတင်လွန်းလို့ ပြောမဆုံး။

"ငါ့တူနာမည် မိုးကျရွှေကိုယ် ... ဟုတ်လား"

"မိုးကျရွှေကိုယ်တို့၊ ရှင်မီးတောက်တို့ဆိုတဲ့ နာမည်တွေက စွယ်စုံရွာက ပေးတဲ့နာမည်တွေ ... အန်တီ။ ကျွန်တော် အတိတ်ဟောင်းပြန်မှတ်မိတော့ ကျွန်တော့် နာမည်အမှန်ကို ပြန်သိခဲ့ရပါတယ်။ ကျွန်တော့်နာမည်အမှန်က ... ကိုရွှေမင်းစုန်ပါတဲ့ခင်ဗျာ"

"ကိုရွှေမင်းစုန် ... လှလိုက်တဲ့ နာမည်လေးကွယ်။ ငါ့တူပြောပြမှ မင်းတို့နှစ်ဦးရဲ့ ဆန်းကြယ်အံ့ဩရတဲ့ အကြောင်းတွေကို သိပြီး ရင်တုန်လိုက်တာကွယ် ... သမီး ... သမီး ... အခု ... ဘယ်မှာလဲဟင်"

"သူ အပြင်ခဏသွားပါတယ် ... လာပါလိမ့်မယ်။ တစ်ခုပဲ စိုးရိမ်မိတယ်။ ... အန်တီရယ်"

"ဘာ ... ဘာများပါလိမ့် ... သားရယ် ဟင် ဟင်"

"ရှင်မီးတောက်လည်း လေဆင်နှာမောင်းရဲ့ ကြောက်စိတ်ကြောင့် သူ့နောက်ကြောင်းတွေ မေ့သွားခဲ့ပါတယ်။ ကျွန်တော်လည်း သူ့လိုပဲ နောက်ကြောင်းတွေ မေ့ခဲ့ဖူးတယ်။ အလွန်ရင်းနှီးတဲ့သူတစ်ဦးကို ဖြုန်းခနဲ မြင်လိုက်တော့မှ အတိတ်နောက်ကြောင်းတွေ ပြန်မှတ်မိခဲ့ပါတယ်။ ရှင်မီးတောက်လည်း အန်ကယ်နဲ့ အန်တီတို့ကို မြင်တွေ့ပြီး မမေတ္တာရွှန်းချို ပြန်ဖြစ်ပါစေလို့ ဆုတောင်းပါတယ် အန်တီ"

"မောင်ကြီးရေ ... မောင်ကြီး ..."

"ဟော ... ညီမလေး ပြန်လာပြီ ... အန်ကယ်။ ညီမလေး အစ်ကိုရှိတယ်။ အိမ်ပေါ်တက်တော့"

ရှင်မီးတောက် အိမ်ပေါ်ကို တက်လာနေတယ်။

အန်ကယ်ဦးခင်မောင်ဆွေနဲ့ အန်တီဒေါ်သစ္စာချိုတို့က ရှင်မီးတောက်ကို ငေးကြည့်ပြီး ကြက်သေသေ၊ မျက်ရည်တွေ ဝိုင်းလို့ ဆို့နင့်နေကြရဲ့ဗျာ။

"မောင်ကြီး ... ဒေသြသည်တွေ ရောက်နေတယ်။ ဘာမှလည်း ချကျွေးဧည့်ခံ မလုပ်ပါလား။ နေဦး ... ကျွန်မ ..."

"ညီမလေး ..."

"ရှင် ... မောင်ကြီး"

"ဒီမှာ ခဏ ထိုင်ပါဦး ညီမ"

သူ ကျွန်တော့်အပါးမှာ ယို့ယို့လေး ထိုင်နေတယ်။

"ညီမလေး ..."

"ရှင် ..."

"ဒီအန်ကယ်နဲ့ အန်တီတို့ကို သေသေချာချာ ကြည့်စမ်း ... အဲဒါ ဘယ်သူတွေလဲ ... ကြည့် ကြည့်"

"ရှင် ..."

ရှင်မီးတောက် ဦးခင်မောင်ဆွေတို့ ဇနီးမောင်နှံကို ကြည့်နေတယ်။ ဦးခင်မောင်ဆွေတို့ကလည်း မျက်ရည်ဝိုင်းဝိုင်းနဲ့ ကြည့်နေကြ။

အကြည့်တွေ ဆုံနေကြတယ်။

ရှင်မီးတောက်ရဲ့ မျက်လုံးအိမ်က မျက်တောင်တဖျတ်ဖျတ် ခတ်လို့ ပြီးတော့ နှုတ်ခမ်းလေးတွေ တုန်လို့။

"သ ... မီး ... ဖေဖေလေ ... ဖေဖေလေ ... သမီးရဲ့"

"မေတ္တာ ... သမီးလေး ... မေမေ့ကို မမှတ်မိတော့ဘူးလား ... သမီးရယ်။ ဟင် ... မေမေ သစ္စာချိုလေ ... သမီးရဲ့"

ရှင်မီးတောက် သူတို့ကိုကြည့်ပြီး တုန်ယင်နေတယ်။ မျက်လုံးအိမ်က မျက်ရည်တွေ စီးလိမ့်ကျလာနေတယ်။

"မေမေ ..."

"သမီး ... မေတ္တာ"

"ဖေဖေ ... ဖေဖေ ..."

"ရွှန်းချို ... သမီး ... သမီး ... ငါ့သမီးလေး"

မိဘနှစ်ဦးက ရှင်မီးတောက်ခေါ် မေတ္တာရွှန်းချိုကို အားရပါးရဖက်ပြီး နမ်းကြ၊ ပွေ့ကြ၊ မျက်ရည်တွေ လူးပေစီးကူးကြ။

ကျွန်တော် ပျော်လိုက်တာဗျာ။

အခု ညီမလေးရှင်မီးတောက် မေတ္တာရွှန်းစိုဘဝကို ပြန်မှတ်မိသွားပါပြီ။

မျက်ရည် ...

အချို့သော မျက်ရည်က မီးနဲ့သွန်းထားတဲ့မျက်ရည်။

အချို့သော မျက်ရည်က လရောင်နဲ့ စေးပိုင်နေအောင် နယ်ထားတဲ့ မျက်ရည်။

မိဘမေတ္တာနဲ့ ထုပ်ပိုးထားတဲ့ မျက်ရည်ကတော့ ရေစင်နဲ့ထုဆစ်နယ်ဖတ်ထားတဲ့မျက်ရည်၊ မိဘမေတ္တာရေစင်လောက် အေးမြတဲ့ရေ ဟောဒီကမ္ဘာမြေပြင်မှာ လုံးဝမရှိပါဘူးလေ။

✿ ✿ ✿

စိတ်ကူးသစ်စာပေ



www.burmeseclassic.com

www.burmeseclassic.com

[ ၁၅ ]

❑

ယခု ကျွန်တော်တို့ ဂျပန်နိုင်ငံ၊ အိုဆာကာမြို့မှာ ရောက်ရှိနေပါတယ်။ ကျွန်တော်နဲ့ မေတ္တာရွှန်းစိုတို့ မိဘများရဲ့ သဘောတူ ခွင့်ပြုချက်နဲ့ လက်ထပ်ခဲ့ကြပါတယ်။

ကျွန်တော်က ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်သလို၊ ညီမလေး မေတ္တာရွှန်းချိုကလည်း ကလေးကစားစရာ အရုပ်တွေ ဖြန့်ချိတဲ့ ကုမ္ပဏီမှာ အလုပ်နေပါတယ်။

မကြာမီမှာ ကျွန်တော်တို့ ရင်သွေးတစ်ဦး ရရှိတော့မှာမို့ အရမ်းပျော်နေကြတယ်ဗျာ။

ကျွန်တော်တို့နှစ်ဦး တိုင်ပင်ထားတာကတော့ . . .
သားယောကျ်ားလေး မွေးခဲ့ရင် . . .
'ရွှေမေတ္တာလှိုင်' လို့ နာမည်ပေးပါမယ်။
သမီးလေးမွေးဖွားခဲ့ရင်တော့ . . .
မခင်လရောင်စိုလို့ အမည်ပေးမှာ ဖြစ်ပါတယ်ခင်ဗျာ။

မောင်ညိုမိုင်း(သန်လျင်)

BURMESE CLASSIC

www.burmeseclassic.com